
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆမင်းမိုမို

## ကမ္ဘာတစ်ခြမ်းကနေ့ ကမ္ဘာတစ်ခြမ်းကည

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၉၀၀၆၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၂၀၀၀၇

၂၀၀၇ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇)

အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊

ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်
ရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကမ္ဘာကြီးမှာ တစ်ခြမ်းက လင်းနေရင် တစ်ခြမ်းက မှောင်နေရမှာ သဘာဝတရားပဲ...။ ကမ္ဘာတစ်ခြမ်းမှာနေ... နောက်ကမ္ဘာတစ်ခြမ်းမှာ ညဖြစ်နေရမှာ ထုံးစံပေါ့...။ ကမ္ဘာ နှစ်ခြမ်းစလုံး တစ်ပြိုင်နက် လင်းနေတယ်ဆိုတာ မရှိသလို ... ကမ္ဘာနှစ်ခြမ်းစလုံးမှာ တစ်ပြိုင်နက် နေ့ဖြစ်နေလို့မရဘူး...။


ကျွန်တော်တို့ နှစ်ယောက်စလုံးကိုလည်း တစ်ပြိုင်နက် မ, စိတ်ချမ်းသာစေချင်လို့ မရဘူး။

ကျော်ဒေဝ။ သုခတင့်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# ၁

အလွန်သိမ်မွေ့ ပျော့ပျောင်း၍ ကြင်နာလွယ် ညှာတာလွယ် သံယောဇဉ်ကြီးမားတတ်တဲ့ စိတ်ထားနူးနူးညံ့ညံ့က လေးကို "ခင်ခင်ယော" ပိုင်ဆိုင်နေခဲ့သည်မှာ သူ့ရဲ့ ကြီးပြင်းခဲ့ရတဲ့ ဘဝပေးပုံစံကြောင့်လည်း ဖြစ်ပေမည်။

ခင်ခင်ယော တစ်နှစ်သမီး အရွယ်မှာ ဖေဖေနှင့် မေမေ ကွဲသည်။ ထိုအခါ ခင်ခင်ယောသည် မေမေ့ရဲ့အမေ အဘွားနှင့် နေထိုင်ခဲ့ရလေသည်။ ဖေဖေနှင့် မေမေဟာ လက်ထပ်ကြစဉ်ကတည်းက ချစ်သူကိုယ်စီ ရှိကြတဲ့သူတွေဖြစ်ပြီး နှစ်ဖက်လူကြီးမိဘတွေ စီစဉ်ပေးစားမှုကြောင့်သာ လက်ထပ်ဖြစ်ခဲ့ကြတာ။ ကွဲကွာချိန်မှာ မေမေ့အမေ ဘွားဘွားငြိမ်းကတော့ မန္တလေးမှာ ရှိနေပြီး ဖေဖေ့အမေ ဘွားဘွားမြိုင်က နိုင်ငံခြားမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့အလုပ်ရှိရာ မြိတ်ကိုထွက်သွား၊ မေမေကလည်း သူ့ဘဝကို အသစ်ပြန်စဖို့ ရန်ကုန် ထွက်သွားခဲ့လေရာ ယောရဲ့ တာဝန်ကို ဘွားဘွားငြိမ်းက ယူထားလိုက်ရတာ ဖြစ်သည်။ ယောဟာ ဘာမှနားမလည်သည့် အရွယ်မှာပင် အဖေကို ကောင်းကောင်း မမှတ်မိ၊ အမေကိုလည်း မမှတ်မိ။ ဘွားဘွားငြိမ်း တစ်ယောက်ကို အတွယ်ကြီးတွယ် အချစ်ကြီးချစ်ကာ ယော လူလား မြောက်ခဲ့ရသည်။

ယော နှစ်နှစ်သမီးအရွယ်မှာ မေမေဟာ သူ့ရဲ့ငယ်ရည်းစား (သူလက်ထပ်သွားသော်လည်း အချစ်မပြယ် အသစ်မရှာပဲ လုပျိုဘဝသာ ရှိနေသေးသည့်) အန်ကယ်ထွန်းနှင့် နောက်အိမ်ထောင် ပြုသွားပါသည်။ အဲဒီတုန်းကလည်း ယောဟာ သိတတ်တဲ့ နားလည်တဲ့အရွယ် မဟုတ်သေးရာ ဘာမှမသိ။ ဇာတ်ကြောင်းတွေကို ယောကြီးမှ ဘွားဘွားငြိမ်းထံက ဟိုတစ်စ ဒီတစ်စ ဆက်စပ်သိရတာ ဖြစ်သည်။

ယော သုံးနှစ်သမီးအရွယ်ကျတော့ ဖေဖေ လက်ထပ်သွားပြန်သည်။ ဖေဖေကလည်း သူ့ငယ်ရည်းစားနှင့်ပင် ပြန်ယူတာ ဖြစ်သည်။ ဖေဖေ့ ငယ်ချစ် အန်တီခိုင်ကတော့ ဖေဖေနှင့် မေမေ လက်ထပ်ပြီး မကြာခင် (သူ့အိမ်က စီစဉ်မှုအရ) အိမ်





ထောင်ပြုခဲ့ရသူဖြစ်ကာ အိမ်ထောင်သက် သုံးနှစ်ခွဲ လေးနှစ်မှာ သူ့ခင်ပွန်းက မမျှော်လင့်ဘဲ အရက်မူးပြီး ကားမှောက်ကွယ်လွန်ဘာလို့ သိရသည်။

ကွယ်လွန်ပြီး ဘာမှ မကြာခင် ဖေဖေနှင့် ပြန်ယူလိုက်ကြတာမို့ မိဘဆွေမျိုး အသိုင်းအဝိုင်းကပင် မကြည်လင်ကြဘူးဟု သိရသည်။ ဖေဖေတို့ လက်ထပ်တာကို ယော မသိပေမဲ့ လက်ထပ်ပြီးတဲ့နောက် အန်တီခိုင် မွေးဖွားဖို့ မန္တလေးကို ခဏလာကြတော့ (အန်တီခိုင့် ဆွေမျိုးဇာတိက မန္တလေးမြို့ပင်) ဖေဖေနှင့် အန်တီခိုင် ယောကို လာတွေ့ကြတာ ယော ခပ်ရေးရေး မှတ်မိနိုင်သေးသည်။ အဲဒီကျတော့ ယောအသက် သုံးနှစ်ခွဲကျော် လေးနှစ်နား နီးပြီကိုး။

ဖေဖေ ဆိုတာကိုလည်း ပထမဦးဆုံး စတင်မြင်ဖူးတာ ဖြစ်သည်။ ဘွားဘွားငြိမ်းက ဖေဖေနှင့် မေမေ ကွဲကွာတာနှင့်ပတ်သက်ပြီး ဖေဖေ့ အပေါ် အာဃာတ မထားပါ။ သူ့သမီးက မကြာခင် အရင်အိမ်ထောင်သစ် ထူသွားတာကိုပင် မျက်နှာပူနေခဲ့သေးသည်။

"သမီးကိုလည်း ဝင်တွေ့ရင်း အမေ့ကိုလည်း ဝင်ကန်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မေမေနှင့် မပတ်သက်ခင်တွေကတည်းက ခင်မင်ရင်းနှီးခဲ့တာဖြစ်သော ယောကျ်ားမပေါင်းကို ကန်တော့လျှင် အန်တီခိုင်ကလည်း အတူဝင်ကန်တော့ခဲ့ပါသည်။ ယောသည် ဗိုက်ကြီးတအားအားအောင် ပူနေတဲ့ အမျိုးသမီးမျိုး နီးနီးကပ်ကပ် တွေ့ဖူးသေး၍ အန်တီခိုင့်ကို တအံ့တဩ ငေးမောကြည့်နေမိဆဲ — ဘွားဘွားက ...

"သမီး ... အဲဒါ သမီးရဲ့ဖေဖေ၊ ဒါက သမီးဖေဖေရဲ့ မိန်းမ"

ဘွားဘွား မိတ်ဆက်ပေးလျှင် အဖေ အမေ ဆိုတဲ့ ဝေါဟာရနှင့် ပတ်သက်ပုံ တော်စပ်ပုံတို့ကို ရုပ်ရှင်ဗီဒီယိုများက တစ်ဆင့် ပတ်ဝန်းကျင်ကတစ်ဆင့် နည်းနည်းပါးပါးတော့ သဘောပေါက် နားလည်နေပြီဖြစ်သည့် ယောက ချက်ချင်းပင် ဖေဖေ့ ဆင်ဆေါ် ရွှေ့ပြောင်းထိုင်လိုက်တော့ကာ ဖေဖေ့ကို ပြုံးပြုံးကလေး ကြည့်ပြီး ချက်ချင်း နှစ်လိုရင်းနှီး ချစ်ခင်စိတ်တွေ တဖွားဖွားပေါ် ပေါက်လာခဲ့သည်။

ဖေဖေ့ကိုတော့ သွေးက စကားပြောတာမို့ ချက်ချင်း ချစ်ခင်လက်ခံနိုင်တာဆိုလျှင် အန်တီခိုင့်ကိုတော့ ယော ဘာကြောင့် ဖေဖေ့လိုပဲ တန်းတူချစ်ခင်နှစ်လိုမိပါလိမ့်။ မှတ်မိတာကတော့ အန်တီခိုင်ဟာ အင့်မတန်ချောပြီး အင်မတန် သဘောကောင်းကာ အမြဲ ပြုံးချိုရွှင်မျနေတဲ့ မျက်နှာကို ပိုင်ဆိုင်တာပင်။





ယောသည် အဘွားနှင့် နှစ်ယောက်တည်း တစ်ကမ္ဘာ ဖြစ်နေရတဲ့ ဘဝမှာ မည်သူ့ကိုမဆို ရင်းနှီးဖို့ ချစ်ခင်ဖို့ သံယောဇဉ် ကြီးဖို့ အသင့်ဖြစ်နေသည်။ ပတ်ဝန်းကျင်၌ ရှိရှိသမျှ သူငယ်ချင်း မိတ်ဆွေတို့ကိုလည်း သူ့အတိုင်းအတာနှင့်သူ အားလုံးကို ယော ချစ်သည်၊ ခင်သည်။ ခုလည်း ဖေဖေ့ကိုလည်း ချစ်သည်။ အန်တီ ခိုင့်ကိုလည်း ချစ်သည်။ နောက်တစ်ပတ်လောက်မှာ အန်တီခိုင် မွေးဖွားလိုက်တဲ့ ယောရဲ့မောင်ကလေးကိုလည်း ချစ်ပေသည်။

သို့သော်လည်း ခဏတစ်ဖြုတ် ရောက်လာတဲ့ ယော ချစ်ခင်သံယောဇဉ် တွယ်ရသူတို့က မကြာခင်ပဲ ပြန်ကြပါသည်။ စာရေးတတ်စ, ယောက ဖေဖေ၊ အန်တီခိုင်နှင့် မောင်လေးရှိရာ မြိတ်မြို့သို့ စိတ်ကူးပေါက်ရင် ပေါက်သလို စာရေးပါသေးသည်။ လက်ရေးစာလုံး ကြီးကြီးဝိုင်းဝိုင်းကြီးတွေနှင့် အားလုံးနေကောင်း ပါစေဆိုတဲ့ ဆုတောင်းစာမျိုးပင်။ ဘွားဘွားငြိမ်းက စာတိုက်က ထည့်ပေးသည်။

အန်တီခိုင့်ဆီကလည်း မောင်လေးရဲ့ ချစ်စရာလသား ဓာတ်ပုံလေးပါတတ်တဲ့ စာလေးတစ်စောင် ပြန်စာရလေ့ ရှိပါသည်။ ဘယ်လောက်မှ မတွေ့လိုက်ရတဲ့ မောင်လေးကို တခုတ်တရ အောက်မေ့နေတတ်စဉ် မကြာခင်မှာ မေမေတို့ မိသားစု လာလည် ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားငြိမ်းက မေမေ့ကိုတော့ အနည်းငယ်စိတ် ဆိုးနေခဲ့၍ မေမေ ငိုလိုကန်တော့ ချော့မော့တာတွေ မှတ်မိသည်။ အန်ထယ်ထွန်းကလည်း အင်မတန် သဘောကောင်းသူပင်။ အေးဆေး၍ စကားနည်းသည်။ မေမေတို့နှင့်အတူ ပါလာတာက မောင်လေးနှင့် မတိမ်းမယိမ်း အရွယ်ရှိတဲ့ ညီမလေးတစ်ယောက် ဝင်း

ထိုအခါ ယောမှာ ပျော်ရမြူးရ ကြည်နူးရပြန်သည်။ သူ့မှာ ဟိုမှာလည်း ဖေဖေနဲ့ မိသားစု၊ ဒီမှာလည်း မေမေနဲ့ မိသားစု။ ပျော်စရာကြီးပေါ့။ မောင်တွေနဲ့ ညီမတွေနဲ့။ အားလုံးကို ယော ချစ်သည်။ ဘယ်လိုပင်ချစ်ချစ် မေမေတို့ကလည်း ယောတို့ထံမှာ တစ်လနီးပါးပဲနေ၍ ပြန်ပါသည်။ ယောမှာ မေမေတို့ကိုလည်း လွမ်းရ ဆွေးရ စာရေးရ။

အဲဒီရဲ့နောက်မှာတော့ ကျောင်းနေတဲ့အရွယ် ရောက်လာတဲ့ ယောဟာ သူငယ်ချင်းတွေကိုသာ ချစ်ခင်သံယောဇဉ်တွယ်ရပြန်သည်။ ဘယ်သူ့ကိုမဆို အနှံ့တာခံပြီး လိုက်လျောအလျှော့ပေးပြီး ပေါင်းသင်းဆက်ဆံတာဟာ ယောရဲ့အကျင့်ဖြစ်သည်။ မေမေတို့က နှစ်နှစ်ကို တစ်ကြိမ် မန္တလေးကို လာလည်သည်။ အဲဒီအခါတွေမှာ ညီမလေး "နေနေ"နှင့် ဆော့ရ ကစားရသည်။ ညီမလေး နာမည်က"နေခြည်"။ အားလုံးက နေနေလို့ ခေါ်သည်။





နေနေက အဆိုးလေး။ စိတ်ကြီးလေး။ သူ့ဒဏ် ဘယ်သူမှ မခံနိုင်။ မေမေတောင် မခံနိုင်။ ယောတစ်ယောက်ပဲ ဒူပေဒါပေ အနှံ့တာခံ သည်းညည်းခံနိုင်ပေသည်။ ဒါကြောင့် ညီမလေးကလည်း ယောကို သိပ်ချစ်သည်။

ယော လေးတန်းဖြေပြီး ကျောင်းကြီးပိတ်၊ မတ်လ ထဲမှာ မေမေတို့ မိသားစု လာသည်။ ရက်နှစ်ဆယ်လောက် နေပြီး ပြန်သွားကြ၍ သကြ်ာန်မတိုင်ခင် ယော ပျင်းရိစွာ လွမ်းဆွတ် ကျန်ရစ်တုန်း ဖေဖေ ရောက်လာပါသည်။

"အမေ … သမီးကြီးကို ကျောင်းပိတ်ရက် အလည်ခေါ် သွားချင်တယ်၊ ကျွန်တော်က ဒီမှာ ရက်ကြာကြာနေနိုင်ပဲ အလုပ်က ပစ်ထားလို့ မရတော့ ခိုင်က လာလည်ချင်တာတောင် လာမလည်နိုင်တာ။ သမီးကိုပဲ အလည်ခေါ်သွားချင်လို့၊ ဟိုမှာ ခိုင်တို့ သားတို့နဲ့ သူလည်းပျော်မှာပါ"

ဘွားဘွားငြိမ်းက မတားသာ၍ ယောကို ထည့်လိုက်ရပါသည်။ ယောမှာ ပျော်မဆုံးတော့။ ဖေဖေနှင့်အတူ မရောက်ဖူးတဲ့မြို့ကို ပါလာရပါသည်။ မြိတ်ကအိမ်မှာ ဖေဖေရယ်၊ အန်တီခိုင်ရယ်၊ မောင်လေးရယ် အပြင် ခင်ပွန်းသည်ဆုံးပြီး သားသမီးတွေ ရန်ကုန်ရောက်၊ နိုင်ငံခြားရောက်နှင့် တစ်ကိုယ်တည်းကျန်



www.burmeseclassic.com

www.burmeseclassic.com



သည့် အန်တီခိုင်အမေလည်း ရှိနေသည်။ အလုပ်သမား အဖော်ကလည်း နှစ်ယောက်ရှိသေးရာ လူအများကြီး မနေဖူးတဲ့ ယောတစ်ယောက် ပျော်လို့ မြူးလို့ မဆုံးတော့။

မောင်လေး ဖိုးသုက နေနေ့လိုပဲ သူငယ်တန်း ဖြေအောင်ပါသည်။ ယောရဲ့ ကုသိုလ်ကံကလည်း ကိုယ်က သူများကို ချစ်ခင်လွယ်သလို သူများရဲ့ အချစ်ကို ခံရဖို့လည်း ကုသိုလ်ပါသည်ထင်ပါရဲ့။ မောင်လေးဟာလည်း ယောကို အင်မတန်ပင် ချစ်ခင်လေသည်။ မျက်စိအောက်က အပျောက်မခံ။ မိုးလင်းသည်နှင့် "မမ" "မမယော"နှင့် တတွတ်တွတ်ခေါ်ကာ တတွဲတွဲကပ်နေတတ်သည်။

အန်တီခိုင်ကလည်း ယောကို ချစ်သည်။ အန်တီခိုင့်အမေကလည်း ယောကိုချစ်သည်။ ယောကလည်း အားလုံးကို ချစ်သည်။ နှစ်ပတ်လောက်ပေါ့ဟု ဘွားဘွားကို ပြောခဲ့သည့် ဖေဖေဟာ ယောကို ပြန်မပို့နိုင်တော့။ ပြန်စကားစ,တိုင်း အာခေါင်ခြဲကာ အော်ငိုသည့် မောင်လေးကြောင့် ယောကလည်း မပြန်ချင်။

နောက်ဆုံးတွင်မူ ...

"အမေ ... ယောကို ကျွန်တော်နဲ့ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် သုံးနှစ်တန်သည် အပျော်ထားပေးပါ။





ကျွန်တော့်ဆီ ခေါ်ထားခွင့်ပြုပါ၊ ကျောင်းပါ ပြောင်းရအောင် ကျောင်းထွက်လက်မှတ် တစ်ခါတည်း လာယူတာပါ"

ဘွားဘွားငြိမ်းကို ဖေဖေ တစ်ယောက်တည်း သွားတောင်းပန်တော့သည် အထိပင်။ ဘွားဘွားက မျက်ရည်တွေကျကာ လက်သင့်မခံချင်။ သို့သော် နောက်ဆုံးတော့ ယောကပါ ဆန္ဒရှိနေတာ ဖုန်းအခါခါ စကားပြောရင်း ဘွားဘွား နားလည်လက်ခံလိုက်ရကာ ယောဟာ ဖေဖေတို့နှင့် မြို့တော်မှာ သောင်တင်ပါတော့သည်။

ဖေဖေ ခေါ်သွားသည် ဆိုကာမှ မေမေက ...

"အို ... သူချည်းပဲ ခေါ်ထားလို့ကတော့ ဘယ်ရမလဲ၊ တင်တင်လည်း ခေါ်ထားချင်တာပဲပေါ့၊ သမီးက မလိုက်ချင်မှာစိုးလို့သာ စကားမစဘဲနေတာ၊ မေမေ တစ်ယောက်တည်း ကျန်မှာစိုးလို့၊ သူကတော့ အမေမှ မဟုတ်တာ ယောကွမဟောင်းပဲဆိုတော့ မေမေ့ကို ဘယ်ငဲ့မလဲ၊ ခေါ်ချသွားလိုက်တာ မတိုင်မပင်။ သမီးကြီးကတော့ ကလေးပဲ၊ ဟိုမှာ မောင်တစ်ယောက်လည်းရှိတော့ ပျော်ရင်လည်း ပျော်မှာပေါ့၊ ဘယ်အတွန့်တက်တတ်မှာလဲ၊ သူက ဘာလိုလိုနဲ့ တစ်သက်လုံး အပြီးခေါ်ထားလိုက်ဦးမယ်၊ မရဘူးနော်၊ တစ်နှစ် နှစ်နှစ်ပြီးရင် တင်တင့်ဆီပဲ ခေါ်ထားတော့မယ်၊ ခေါ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဝင်ခြစ်စေ ယော ငါးတန်းနှစ် တစ်နှစ်ကို ပြီးဆုံးမှာ တက်လိုက်ရပါသည်။ ဖေဖေနှင့်အန်တီခိုင်က “ဒီမှာ ကျောင်းတက်လို့ နေလား သမီး”လို့ မေးတော့လည်း လောလောဆယ် ဒီမှာ ရောက်နေ ပျော်နေ၍ “နေမယ်”လို့ ယောက ခေါင်းညိတ်လိုက်တာပင်။ ယောနှင့် တစ်ကျောင်းတည်း တစ်တန်းတက်နေရတဲ့ ဖိုးသုကလည်း ယောကို ချစ်သလားမမေးနှင့်။

“သားတို့နဲ့ပဲ နေနော်” “မမယော … မပြန်နဲ့နော်” ဆိုတာကို နှစ်ရက်တစ်ခါလောက် ပြောနေတတ်ခဲ့သည်။ သို့ပေမဲ့ သဘာဝက ရွက်ဝါကလေးနှယ် ဟိုဟိုဒီဒီ လွင့်နေဖို့ ဇာတာပါခဲ့ပုံ ရပါသည်။

ယော ရောက်ပြီး မကြာခင်ပင် ဖေဖေ့ရဲ့လုပ်ငန်းတွေ သိပ်မကောင်းလှပဲ ကျဆင်းခဲ့သည်။ ထိုအခါ ဖေဖေက နိုင်ငံခြားထွက်ဖို့ ကြိုးစားခဲ့ပါသည်။ ဖေဖေ့အမေ၊ ညီအစ်ကိုမောင်နှမအများစုက ဂျပန်မှာ စင်ကာပူမှာ အမေရိကားမှာ စသဖြင့် အခြေကျ အဆင်ပြေနေကြလေရာ ဖေဖေက စင်ကာပူကို ထွက်ဖို့ ကြိုးစားခဲ့ပါသည်။

ဖေဖေက မိသားစုလိုက် ထွက်ချင်တာဖြစ်ရာ ယောကိုပါ ခေါ်သွားဖို့ စိတ်ကူးခဲ့သည်။ အဲဒီမှာ ဖေဖေ မေမေ ဘွားဘွားတို့ သုံးဦးသုံးဖလှယ် စကားတွေများကြ ငြင်းကြခုန်





ကြ ဖြစ်ကုန်ကြပါသည်။ ဘွားဘွားရော မေမေရောက ယောကို ထုံးဝ နိုင်ငံရပ်ခြားသို့ မထည့်လိုက်နိုင်။ ယောကတော့ ဘယ်လို သဘောထားရမည် ဘယ်လိုဆန္ဒရှိရမည်ပင် မသိတတ်တော့ပါ။ အကယ်ဆိုတော့ ငါးတန်းကျောင်းသူတစ်ယောက် အရွယ်ဟာ ဘာကိုမှ အခိုင်အမာ ဆုံးဖြတ်တတ်သေးတာလည်း မဟုတ်။

အတိုချုပ်တော့ ဖေဖေ၊ အန်တီခိုင်၊ မောင်လေးတို့ မိသားစုနှင့် တစ်နှစ်ကြာ အတူနေရဖူးပြီးတဲ့နောက် မျက်ရည်စက်လက်နှင့် ယောတို့ လမ်းခွဲခဲ့ကြရပါသည်။ ယောင်ချာချာ ဟာတာတာ ဖြစ်နေတဲ့ ယောကို မေမေက ရန်ကုန် ခေါ်သွားခဲ့ပြန်ပါသည်။ ဒီတစ်ကြိမ် မေမေ့အိမ်မှာတော့ ခြောက်တန်းနှစ်ကနေ ဆယ်တန်းဖြေပြီးတဲ့အထိ ငါးနှစ်လုံးလုံး ယော နေဖြစ်ခဲ့သည်။ ဘွားဘွားထံကို မေမေတို့ ရောက်သလို နှစ်နှစ်နေမှ တစ်ခေါက် နွေရာသီမှာ အလည်ရောက်ရပါသည်။

ယော ဆယ်တန်းဖြေပြီးတော့ ဘွားဘွားက ယောကို ပြန်လည်အလိုရှိလာပြန်သည်။ ဘွားဘွားက သူ့ အသက်လည်း ကြီးလာပြီ၊ သူနှင့်အတူနေကာ ကူညီလုပ်ကိုင်ပေးနေတဲ့ တူမဝမ်းကွဲအပျိုကြီးကလည်း အသက်ကြီးမှ ဖူးစာရှင်တွေ့ကာ အိမ်ထောင်ပြုသွားပြီမို့ ယောကို ပြန်လာနေပေးဖို့ မန္တလေးမှာပဲ ကျောင်းတက်ဖို့ ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန် ဘယ်အခါ ဘယ်သူခေါ်ခေါ် သနား ငဲ့ညှာစိတ်နှင့် လိုက်လျောချင်စိတ် ပေါက်တတ်သော ယောက နုလည်းခဲ ဘွားဘွားကို သနားကာ မန္တလေးကို တစ်လှည့်ပြန်နေ ပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။ မန္တလေးမှာပဲ အင်္ဂလိပ်စာအဓိက နှင့် ဘွဲ့တစ်ခုရတဲ့အထိ ဘွားဘွားနှင့် နေသည်။ ပြီးတော့ ဘွားဘွားရဲ့ ရွှေဆိုင်အလုပ်မှာ ကူညီသည်။

ယော အသက်နှစ်ဆယ်မှာ ဘွဲ့ရတော့ ကိုယ့်ဘဝ ရှေ့ရေးကို ကိုယ်စဉ်းစားမိပါသည်။ အသက်မွေးဝမ်းကြောင်း အတွက်တော့ မဟုတ်။ ရှေ့ဆက် ဘယ်သူနှင့်အတူ နေဖို့ဆိုတာ ကိုပင်။ မေမေ့အိမ်မှာ နေကတည်းက အဆက်အသွယ် ပြတ်ခဲ့ ရတဲ့ ဖေဖေနှင့်လည်း တစ်လှည့် နေချင်ပြန်တာပင်။ ယောကို သူနှင့်ပဲ ထားလိုတဲ့ မေမေ့ထံလည်း စိတ်ကမပြတ်။ အသက် အရွယ် အိုမင်းလာကာ အားကိုးအားထား အဖော်အလျော့်လိုအပ် တဲ့ ဘွားဘွားကိုလည်း ယောပဲ ကြည့်ရှုစောင့်ရှောက် ပြုစုပေးနေ ရတာမို့ ခွဲမသွားရက်။

မတွေ့ရတာကြာပြီး အဆက်ပြတ်နေတဲ့ ဖေဖေ့ဆီ ကိုတော့ ပိုသွားချင်ပါသည်။ တစ်သက်လုံး မဟုတ်တောင် အလည်အပတ်ပဲဖြစ်ဖြစ်။





"သမီးအဖေက စင်ကာပူမှာ မဟုတ်တော့ဘူးကွယ့်၊ ဂျပန် ကို ရောက်နေတယ် သတင်းကြားတယ်"

"ဟုတ်လား ဘွားဘွား၊ ဘွားဘွား ဖေဖေ့လိပ်စာ သိလား ဟင်"

"မသိဘူး သမီးရဲ့၊ စုံစမ်းပြီး လိုက်ယူရင်တော့ ရနိုင်ပါ တယ်၊ ဒါပေမဲ့ မစုံစမ်းမိတော့ မသိဘူးပေါ့၊ သူတို့သွား ကြတာကလည်း ကြာပဲ ကြာလှပြီပဲ"

"ဖေဖေက ဆက်လည်း မဆက်သွယ်ဘူးနော်"

"ညည်းအမေက မဆက်သွယ်စိုင်းတာလေ၊ သူ့သဘောက လည်း သမီးဘဝကို ဟိုလွင့်လိုက် ဒီရောက်လိုက် မဖြစ် စေချင်တဲ့ စေတနာပါ၊ သမီးကို ပညာရေး လူမှုရေးကအစ ရှေ့တစ်သက်လုံး အပြီးတာဝန်ယူမယ် ဆိုရင်တော့ အဲဒီ အချိန်မှာ ဆက်သွယ်ပြီး တစ်ခါတည်း ခေါ်ယူလိုက်၊ ကြားထဲမှာတော့ ဟိုမရောက် ဒီမရောက် အလည်ခေါ်တာ မျိုး၊ တစ်နှစ် နှစ်နှစ် ခေါ်ထားတာမျိုးတွေ လုပ်မနေနဲ့လို့ သမီးအမေက ပြောလိုက်တယ်၊ သမီးမှာ အဘွားဆီရောက် လိုက်ရ၊ အဖေဆီ ရောက်လိုက်ရ၊ အမေ့ဆီ ရောက်လိုက် ရ၊ မငြိမ်မသက် ဖြစ်နေရမှာမျိုးကို မဖြစ်စေချင်ဘူးဆိုတဲ့ ညည်းအမေစကားကို ညည်းအဖေကလည်း သဘောပေါက် လို့ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ညည်းအမေက တစ်သက်လုံး သူနဲ့ပဲ ထားတော့မှာ လို့ ရည်ရွယ်တာ၊ အခုသာ ဘွားဘွားမှာ အဖော်သဟဲ တကယ်လိုတယ်မှန်းသိလို့ ပြန်လွှတ်ပေးတာ သမီးရဲ့"

ဘွားဘွားပြောမှ ယောသည် သူ့ဘဝသူ သတိတရ ဝမ်းနည်းရပါသည်။

"ယောဘဝက ဘယ်လိုလဲ မသိဘူးနော် ဘွားဘွား၊ ယောမှာ ပတ်သက်သူတွေတော့ အများကြီးနော်၊ ဒါပေမဲ့ ဘယ်သူကမှ ယောရဲ့ ကိုယ်ပိုင်မိသားစု မဟုတ်ဘူး၊ တကယ်တော့ ယောက တစ်ယောက်တည်း"

"သမီးမှာ ချစ်စရာ ဆွေတွေ မျိုးတွေ အများကြီးဖြစ်နေတာ အားရှိစရာပေါ့ သမီးရဲ့၊ နေစရာအိမ်တွေမှ ပေါလွန်းလို့၊ ပျော်စရာကြီး၊ ဒီအိမ်ကြီးလည်း ဘွားဘွားသေရင် ငါ့မြေးကို ပေးခဲ့မှာ၊ ဘွားဘွားမှာ အမွေပေးစရာ နှစ်ယောက်၊ ညည်းအမေရယ် ... ညည်းရယ်၊ ညည်းက ဘွားဘွားရဲ့ မြေးသမီးပဲ၊ ခုကတည်းက ညည်းအမေကိုပါ ပြောဆိုဝေခြမ်းထားဦးမှပဲ"

အဲဒီစကားကို မေမေတို့ အလည်လာတုန်းတစ်ခေါက် ဘွားဘွားက ပြောတော့ မေမေက ...





"အို ... မေမေ့ပစ္စည်း မေမေ လုပ်ချင်တာလုပ်၊ တင်တင်လည်း စိတ်မဝင်စားဘူး၊ နေနေ့ဖို့လည်း မပူနဲ့ မေမေရဲ့၊ သူ့အဖေဘက်က အမွေရမှာတွေ၊ သူ့အဖေက ပေးနိုင်တာတွေ တစ်ပုံကြီးရယ်၊ မေမေ စိတ်ချမ်းသာသလိုသာ လုပ်ပါ မေမေရယ်၊ တင်တင့် အတွက်လည်း အရေးမကြီးပါဘူး"

ဤစကားတွေ ဘာရယ်မဟုတ် ပြောဆိုဖြစ်ကြတဲ့ နှစ်မှာပင် ဘွားဘွား ကွယ်လွန်ခဲ့တာ ဖြစ်ပါသည်။ သွေးတိုးရှိတဲ့ ဘွားဘွားဟာ ဝေဒနာ သိပ်မခံစားရပဲ ရုတ်တရက် ခေါက်ခနဲ ကွယ်လွန်နည်းမျိုးနှင့် ကွယ်လွန်ခဲ့ပါသည်။

မေမေပင် ဘွားဘွား အနား အနီးကပ် မပြုစုလိုက်ရ။ ဘွားဘွား ဆုံးမှပဲ ရောက်လာရပါတော့သည်။ ဘွားဘွား အသုဘအပြီး ရက်လည်အပြီး မေမေတို့ မိသားစု ပြန်ခါနီးတွင် ...

"သမီး ... မေမေနဲ့ပဲ အပြီးလာနေရတော့မယ်နော်၊ အခုတော့ ကြည်ကြည် (ဘွားဘွားတူမဝမ်းကွဲ)တို့နှင့် ဒီရွှေဆိုင်ကို ဖြုတ်ပစ်ဖို့ စာရင်းရှင်းရလင်းရ ကိစ္စတွေရှိသေးလို့ ခဏထားခဲ့သေးတာ၊ ကြည်ကြည်ကလည်း နောက်ဆိုယောကျ်ားတာဝန်ကျတဲ့ဆီ လိုက်ပြောင်းရွှေ့ရမှာ၊ မန္တလေးမှာပဲ ရှိတော့မှာ မဟုတ်ဘူး၊ ဒီအိမ်ကြီးတော့ ပိတ်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခဲ့ရုံပဲ၊ လူမှာချင့်ရင်လည်း သမီးသဘော၊ ဆိုင်ဖြုတ်ဖို့ ဆိုင်ရောင်းဖို့ ကိစ္စတွေ အကုန်ရှင်းလင်းပြီးတာနဲ့ ရန်ကုန်ထို လာခဲ့တော့နော် သမီး၊ လာခေါ်ဆိုရင်လည်း လာခေါ်မယ်"

ဘွားဘွား ကွယ်လွန်ပြီးတဲ့နောက် မန္တလေးမှာ ယောက လေး,ငါးလ ဆက်ရှိနေခဲ့ပါသေးသည်။ အန်တီကြည်တို့လည်း နယ်မပြောင်းရွှေ့ရသေးတာမို့ လည်စရာ ဆွေမျိုးအိမ်ရှိနေသေးတာကိုး။ ရွှေဆိုင်ခန်းကလည်း ချက်ချင်း ရောင်းမထွက်တာပါသည်။ ရွှေဆိုင်လည်း ရောင်းထွက်၊ အန်တီကြည့် ခင်ပွန်းလည်း ပြောင်းမိန့်ထွက်၊ ဘွားဘွားရဲ့အိမ်လည်း တရုတ်မိသားစုတစ်စုထံ ငှားထွက်၊ အားလုံး အဆင်ပြေပြီးစီးမှ ရန်ကုန်ကို ယောထွက်လာတာ ဖြစ်သည်။

မေမေ့ကိုလည်း လာမခေါ်နိုင်းတော့။ ယော အစီအစဉ်နှင့် ယောပဲ ရန်ကုန်ကို တစ်ယောက်တည်း ထွက်လာခဲ့သည်။ မငယ်တော့ဘူးလေ။ ခင်ခင်ယော ဆိုတာ နှစ်ဆယ့်လေးနှစ်ပြည့်ဖို့ နှစ်လပဲ လိုတော့သည်။





## ၂

"ဟော့ကောင် ... ဒေဒေ၊ ဟိုမှာ ဟိုကောင်"

ကျော်ဒေဝက အောင်ဇေရဲ့ စကားကြောင့် လှည့်ကြည့်လိုက်လျှင် ညှိသည်ကြိုဖို့စောင့်တဲ့ ခုံတွေမှာ စပ်ငုငု ထိုင်နေတဲ့ သုခတင့်ကို တွေ့လိုက်ရ၍ နှုတ်ခမ်းမဲ့ပစ်လိုက်မိပါသည်။ ဒီကောင်နဲ့များ ရေစက်လာဆုံနေရသေးသည်။ တစ်စက်မှ မျက်နှာကြော မတည့်ပဲ မျက်နှာမြင် ရိုက်ချင်နေကြတဲ့ ရေစက်မျိုး သူတို့ အကြားမှာ ရှိသည်။

"ဒီကောင် ခုတလော နည်းနည်းငြိမ်သက်နေပါလား ဇေဇေ"

"ငြိမ်ဆို သူ့ဘော်ဒါနှစ်ယောက်စလုံး စင်ကာပူက နန့်ယန်ကျောင်း သွားတက်ကြပြီလေကွာ၊ သူ့မှာ ခပ်လှမ်းလှမ်း ဘော်ဒါတွေပဲ ကျန်တယ်၊ အရင်းထဲက မကျန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါခြင့် တစ်ကိုယ်တည်း အထီးကျန်နေတာပေါ့"

"ဖျင်းပါတယ်ကွာ၊ မောင်ရှိန်တို့ဖို့ ချန်ထားလိုက်၊ ဟို အသောတ စတိတ်ရှိုးမှာ မောင်ရှိန်တို့ ခံထားရတာ"

"အေးကွ၊ ဟိုက တစ်အုပ်ကြီး သူက တစ်ယောက်တည်း ဆို ..."

"သေပေါ့ကွာ၊ ဟား ဟား"

ကျော်ဒေဝက အသံမြင့် ရယ်မောလိုက်မိ၍ သိပ်မှော်းလှတဲ့ခုံက သုခတင့်က ဖျတ်ခနဲ လှည့်ကြည့်ပါသည်။ ကျော်ဒေဝတို့ကို နဂိုကတည်းက မြင်ပြီးသား ဖြစ်ပုံရသည်။ ကျော်ဒေဝက ခပ်တင်းတင်းပဲ မျက်လုံးချင်း ပြန်ဆိုင်ကာ ကြည့်နေလိုက်သည်။

ကျော်ဒေဝဟာ နဂိုနေရင်းကမှ သွေးရင့်ရောင်ရဲနေတဲ့ နှုတ်ခမ်းထူထူက အလကားနေရင်း စူပုပ်ပုပ်မို့ မျက်နှာတင်းထားရင် ပိုဆိုးသည်။ ထူမည်းဖြောင့်တန်းသော မျက်ခုံးနက်တို့အောက်က မျက်လုံးနက်နက် တစ်စုံဟာလည်း အမြဲပဲ တင်းမာအားစက်တတ်သည်။ ဒေါသဖြစ်လာရင် ဖြူဖွေးသော ပါးပြင်တို့က သွေးရောင် ချက်ချင်းသမ်းလာတတ်သည်။ အမေမွေးတဲ့ရုပ်ကိုက အားလုံးကို သိပ်မကျေနပ်တဲ့ရုပ် ဖြစ်သည်။

သုခတင့်က ဒီလိုမဟုတ်။





ညိုလဲ့သော်လည်း ဘာတွေ ဝါဝင်းနေတယ် မသိတဲ့ အသားရောင်က အင်မတန် ဆန်းကြယ်ပြီး စိုပြည်သည်။ သူ့မျက်လုံးဝိုင်းများက ဘယ်တော့မှ fighter တစ်ယောက်လို့ မထင်ရ။ နဂိုနေတွင် နုံးညံ့သည်။ ဒေါသထွက်လာတဲ့အခါ သူ့မျက်လုံးက အရည်တွေ ရစ်လဲ့လာတတ်သည်။ ပါးလျကျယ်ပြန့်သော နှုတ်ခမ်းတို့ကတော့ (ရန်ပွဲဆင်နွှဲနေချိန်မျိုးမှာ အပါအဝင်) ကော့တော့တော့ သရော်တော်တော် အမြဲပြုံးနေတတ်ပါသည်။

ခုလည်း ကျော်ဒေဝကို လည်ပင်းလိမ်ငဲ့ကြည့်တဲ့ သုခတင့်ရဲ့ နှုတ်ခမ်းက ညွတ်ကော့ကော့ ပြုံးရိပ်သမ်းသမ်း။

လက်ပတ်နာရီကို မြှောက်ကြည့်ရင်း ...

"ဟော့ကောင် ဇေဇေ ... မင်းအဒေါ် လေယာဉ်ကလည်း မဆိုက်သေးဘူးလား"

"မဆိုက်သေးလို့ပေါ့ကွ၊ မင်းကလည်း"

"နောက်တစ်ခါကျ ဟိုကြိုရ ဒီပို့ရ တာဝန်တွေ သိပ်သိပ် မယူနဲ့ကွာ၊ မင်းပဲ အလုပ်ရှုပ်လွန်းတယ်"

"ဟ ... ငဒေရ၊ မင်းအဖေလို ခိုင်းစရာ တပည့်တွေ အများကြီးရှိတဲ့အိမ် မဟုတ်ဘူး၊ မင်းက မင်းအိမ်မှာ ပိုက်ဆံဖြုန်းဖို့ကလွဲပြီး တခြား ဘာတာဝန်မှ မယူရပေမဲ့ ငါက အစ်မတွေ ညီမတွေ တစ်ပြုံကြီးကြားက တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



သော နိုင်ငံခြား သားယောကျ်ားကွ၊ ဒါတောင် ငြင်းတန်တော ငြင်းထားလို့ ဒီလောက် ...”

“တီ _ တီ ... တီ”

ကျော်ဒေဝက ဖုန်းကို သက်ပြင်းတစ်ချက်နှင့် မွှင်းချင်း _

“ဟဲလို”

“ကျော်ဒေဝလားဟင်”

“ဖုန်းမှားနေပါတယ်”

ဖျတ်ခနဲ ဆလိုက်ဖုန်းကို လျှောပိတ်လိုက်ကာ ...

“ပြဿနာပဲ”

“ဘယ်သူလဲ”

“မြယမင်း”

“ဘာတဲ့လဲ”

“ဟာကွာ ... နည်းနည်း ခပ်တန်းတန်းလေး နေရအောင်လို့ ပြောမိတာ၊ တစ်နေ့ကို အကြိမ်တစ်သန်း ဖုန်းဆက်နေတယ်”

“ဖုန်းပိတ်ထားပေါ့”

“ဟ ... ဖုန်းကို ပိတ်ထားဖို့ ကိုင်တာမဟုတ်ဘူးလေ”

“မင်းပဲ အိတ္တုန်းက အိပြီးတော့”





“ဟာ ... အခု မအိတော့ဘူးလေ”

အောင်ဇေက ကျော်ဒေဝကို ချစ်စနိုး မျက်စောင်းထိုးလိုက်ပါသည်။ သူတို့မှာ အချစ်ဆုံးသူငယ်ချင်း သုံးယောက်ရှိသည်။ ကာရန်ညီတဲ့ အမည်စာလုံးတွေ ပါတာမို့ အချင်းချင်း “နေနေ” “ဒေဒေ” “ဇေဇေ”လို့ နောက်ပြောင်ခေါ်ရင်း နှုတ်ကျိုးခဲ့ပြီ။

နေနေက နေခြည်။ ပြောရရင် ဟိုမရောက် ဒီမရောက်။ ယောကျ်ားမဟုတ် မိန်းမ မဟုတ်။ မိန်းမ မဟုတ်လို့ ပြောလို့မရ။ မိန်းမ ဟုတ်သည်။ ဒါပေမဲ့ သူ့ကိုယ်သူ ယောကျ်ားလို ဝတ်ဆင်ခြင်းမှ တစ်ပြားမှ မလျှော့။ ဒေဒေ၊ ဇေဇေတို့ သွားလေရာ ကပ်လိုက်ချင်သည်။ ရန်ဖြစ်ဖို့ ရှိရင်တောင် မနည်းဖြုတ်ချချန်ရစ်ရသည်။

နှစ်ပိုင်း တစ်ပိုင်း။ ဒါပေမဲ့ သူတို့နှစ်ယောက်လုံး အဲဒီ နေနေ့ကို အလွန်ပင် ရင်းချာခင်မင်ရပါသည်။

“ဓာတ်လမ်း စ,တာလည်း ငနေ ဖုန်းနံပါတ် သွားပေးသိလို့လေ၊ ခုတော့ တန်းတန်းစွဲနေပြီ၊ တွေ့ဦးမယ် အဲဒီငနေ၊ နှစ်ချက်လောက်တော့ နဘာန်ကျင်းပေးထားရဦးမယ်၊ ငါ့ဖုန်းကို ဟိုလူ့ပေး ဒီလူ့ပေး၊ သူပဲ ဒိုင်ခံဖြန့်ချိနေတာ”

“တီ ... တီ ... တီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော –"

အောင်ဇော လက်ညှိုးထိုးတုန်း ကျော်ဒေဝက စုန်ပြိန်ပြိန်ဖွင့်ပြီး ...

"ရှုန်းများနေပါတယ် ခင်ဗျာ"

ပြန်ဝိတ်ချလိုက်ရာ အောင်ဇော တဟိဟိ ရယ်ရင်း ...

"သူရော ဟုတ်ရဲ့လားကွာ"

"ဟုတ်တယ်လေ ... ဒီမှာ"

ကျော်ဒေဝက နံပါတ်ပြလိုက်ပါသည်။

"ညကတော့ ငါက ဝိတ်လိုက်၊ သူက ခေါ်လိုက်၊ ဝိတ်ချလိုက် ထပ်ခေါ်လိုက်၊ အိပ်ကို မအိပ်ရတော့ဘူး၊ ခြော် ... ဒီလိုလား ဆိုပြီး ငါ မဝိတ်ဘဲ ဖွင့်ပေးထားလိုက်တယ်၊ ပြောချင်ရာ ပြောနေ၊ ငါကတော့ အိပ်ပြီ"

"ဟော ... ဟော ... ဟော့ကောင် ... လေယာဉ်ဆိုက်ပြီတဲ့၊ ဝမ်းသာတော့"

"ဝမ်းသာပါတယ် ... ဝမ်းသာပါတယ်"

"ဟိုမှာ ... ဟိုကောင်လည်း ထ,ပြီ"

"သွားကြည့်မနေစမ်းပါနဲ့ကွာ"

"ရုပ်ကိုကကွာ ... ပြုံးစိစိနဲ့"





"အေး ... အဲဒီပြုံးစိစိနဲ့ပဲ စန်းပွင့်နေတာပဲ၊ ငါတို့အတန်းထဲက ကောင်မလေးတွေ လေးပုံသုံးပုံက ဒီကောင့်ကို ကြည့်ချင်နေကြတာလေ၊ ဒီကောင့်ကိုတွေ့ရင် တုန်တက်ကျွေးကောက်နေကြတာပဲ"

"အေးကွ"

"ပြုံးစိစိနဲ့ ဘယ်သူ့လာကြိုနေလဲ မသိဘူး"

"ဘယ်သူ့ကြိုကြိုကွာ သူ့ဟာသူ၊ ငါ့အဒေါ် ကူရာဦး"

"မင်းဘဘ၊ ကူရာရအောင် ငါက မင်းအဒေါ်ကို မြင်ဖူးလို့လား"

"အေး ... ဟုတ်သားပဲ"

လေဆိပ်ထဲက ပြည်တွင်းဆိုက်ရောက် ခန်းမတွင် ကြိုဆိုဖို့ ရောက်နေသူများမှာ အစုတော်ကြာ ထွက်လာတော့မည့်သူများကို မတ်တတ် မတ်တတ် လတ်လျားလတ်လျား မျှော်စောင့်နေကြပါသည်။

သုစတင်သည် ထွက်လာမည့် အပေါက်ဝနားတွင် လက်နှစ်ဖက် နောက်ပစ်ရပ်ရင်း လည်ပင်းကိုရှည်၍ စောင့်နေသည်။ သူ ကြိုရမည့်သူကို သူက ရုပ်မမှတ်မိတာမိ ဖြစ်နေရသည်။ မတွေ့တာလည်းကြာ ... ကြာလှပြီ။ သူ ပေါက်စနလောက်တုန်းက မြင်ဖူးတာ။ အဘွားကတော့ အရုပ်ပုပု၊ ကုပ်တိုတိုနဲ့ ပါးပေါ်မှာ မှဲ့သီးကြီး ပဲပြုတ်တစ်စေ့စာ ရှိနေ၍ လူမမှားနိုင်ဘူးလို့ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ထွက်လာသူတွေရဲ့ ပါးပေါ်က ပဲပြုတ်ဆီ သူ မြင်အောင် ကြည့်ဖို့လိုသည်။ တစ်အချက် ပဲပြုတ်ပါမပါ။ နှစ်အချို့ ပဲပြုတ်လောက် တကယ်ရှိမရှိ။ နေပါဦး ... ပဲပြုတ်ဆို အာ ဘယ်အရွယ်လောက် ရှိပါလိမ့်။ လက်မတင်လေး မေ့နေပြန်ပြီ။

မေ့ဆို ... ပဲပြုတ်မှ သိပ်မကြိုက်တာ။ သိပ်မကြိုက်တော့ သိပ်မစား။ သိပ်မစားတော့ သိပ်မမြင်ဖူးတာ ကြာပြီ။

နောက်တစ်ချက် ရှိတာက အကယ်၍ လူနှစ်ယောက်လောက်ရဲ့ ပါးပေါ်မှာ ပဲပြုတ်ကိုယ်စီ ပါလာပြီး အရွယ်မတူဘူး ဆိုရင် ဘယ်ဟာက ပဲပြုတ်လောက်ရှိတဲ့ဟာလဲ ဆိုတာ ခပ်သွက်သွက် ဆုံးဖြတ်နိုင်ဖို့ လိုသည်။ ဒါမှ ကိုယ့်အတွက် လူကြုံပစ္စည်း ပါလာတဲ့လူကို အုပ်မိနိုင်မည်။

ကိုယ့်ဟာကိုယ် စိတ်ကြည်ကြည်လင်လင်ကလေး (ရှားရှားပါးပါး)နေနေပါတယ်ဆိုမှ ဟိုအသုဘနှစ်ကောင်က ကြိုဆိုခန်းမထဲ ရောက်လို့နေရသေးသည်။ ဒီနှစ်ကောင်လောက်တော့ အေးဆေးပါ။

အဲဒီနှစ်ကောင်ထဲမှာ ကျော်ဒေဝ ဆိုတဲ့ ဘိုရုပ်ပေါက်ပေါက် အကောင်က နည်းနည်းပိုပြီး Fighting စွမ်းရည်ပိုသည်။ ဟို ... အောင်ဇေ ဆိုတဲ့ကောင်ကတော့ ဖွတ်ကျားပါ။ ချပြီဆိုရင် လေထိုး၊ လေကန်ပြီး ချာလပတ်လန်နေတဲ့ ကောင်မျိုးပါ။





ဟော ...။

လာပြီ ... ပဲပြုတ်။ ဟာ ... အဲဒါ ပဲပြုတ်မဟုတ်ဘူး။ အဲဒါ ငရုတ်ကောင်းစေ့။ သွားပစေ ... သွားမစေ။ အဘွား ပြောလိုက်တာက ပဲပြုတ်နဲ့ အရောင်ပါတူတယ်လို့ ပြောလိုက်တယ်။ ပဲပြုတ်ထဲမှာ တစ်ခါတစ်ခါ စုန်းပြူးအမည်းရောင်အစေ့ ပါတတ်သေမဲ့ ယေဘုယျများရာစုကို ယူရမှာပဲ။ အခုက အရွယ်လည်း သေးတယ်။

သုခတင့်သည် သူ့ ကပေါက်တိ ကပေါက်ချာ အတွေးတွေနှင့်သူ ပြုံးစိစိ ဖြစ်နေဆဲ သူ့ရှေ့ကို တလှုပ်လှုပ် လျှောက်လာနေတဲ့ အစ်မကြီးတစ်ယောက်ကို ဖြန်းခနဲ သွားတွေ့ပါသည်။ ဖြန်းခနဲအတွေ့မှာ ဒုန်းခနဲ ရင်ခုန်သွားပြီး ဝုန်းခနဲ သူ တုန်လှုပ်သွားခဲ့ရသည်။

အဲဒီ အစ်မကြီးသည် သုခတင့်ထက် ခေါင်းတစ်လုံးစာထက် ပိုနိမ့်တဲ့ အရပ်ပြတ်ပြတ်ကလေး ရှိပြီး မည်းနက်လက်ဖြာသော ဆံပင်ဖြောင့်စင်းစင်း တဖွေးကြီး ပခုံးတစ်ဝိုက်ကို ကျော်ဖြာကာ ခါးနားထိ တလှုပ်လှုပ် အိထွေးနေလျက် အလွန်လှပချစ်စရာကောင်းသော မျက်နှာကလေးက မြင်ရသူကို ကြက်သေ,သေ ငိုင်တွေ ယိုင်ခွေစေလောက်သည်။

အား ... အရမ်းလှတာပဲ။ ပြီးတော့ သုခတင့်ရဲ့ အာရုံအလုံးစုံတွင် ဤမျက်နှာကလေးကို ရှင်းနှီးသည်။ ထိုအခါ ကြီးသည် သူမရဲ့ ရှေ့တည့်တည့်မှာ သူမကို ပြူးစိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



(ခုနက တလက်စတည်းဆိုကြောင့်) ပြုံးစိစိ ဖြစ်နေတဲ့ သုခတင့်ကို အခြင်တွင် အိုးတိုးအမ်းတမ်း ဖြစ်သွားပါသည်။

ဖြစ်သွားဆို သုခတင့်က သူမကို ပြုံးပြနေမိသလို ဖြစ်နေတာကိုး။ အစ်မကြီးက အူကြောင်ကြောင် ရုပ်လေးနှင့် သုခတင့်ကို သဘောကောင်းစွာ တုံ့ပြန်ပြုံးပြလိုက်ပါသည်။ ဟင်... သူ့ကို ပြုံးပြတာလို့ ထင်သွားပြီ။ သုခတင့်က သူ့အမှားအတွက် အစ်မကြီးကို အားနာသွားပြီး ပြုံးနေတဲ့ နှုတ်ခမ်းပါးကို မပြုံးတော့ပဲ ဆွဲစေ့လိုက်ပါသည်။

ပိုပြီး အူကြောင်ကြောင် ဖြစ်သွားတဲ့ အဲဒီအစ်မကြီးခမျာ မျက်ခုံးလေး ချစ်စဖွယ်တွန့်ပြီး ဘယ်သူ့ကိုမှ မဟုတ်တဲ့ မျက်စောင်းမျိုးလေးနှင့် သုခတင့် အနားက ဖြတ်ကျော်ဖို့ ကြိုးစားသည်။ ပြန်တည်လိုက်မိတဲ့အတွက် တစ်မျိုးပြန်ပြီး အားနာသွားမိတဲ့ သုခတင့်က ကမန်းကတန်း ပြန်ပြုံးလိုက်ကာ ယောင်ယောင်ကန်းကန်းနှင့် ...

"မမ ... ရလား ... မမ၊ သယ်ပေးရမလား"

ဘီးနဲ့ တွန်းလာတဲ့ သေတ္တာတစ်လုံး၊ လက်ဆွဲအိတ်အလတ်တစ်လုံးနှင့် မနိုင်လောက်အောင်လည်း မဟုတ်၊ နည်းနည်းတော့လည်း လေးနေပုံရတဲ့ ခင်ခင်ယောသည် ပြုံးလိုက်တည်လိုက် ပြန်ပြုံးလိုက်လုပ်ပြီး ဖြုန်းခနဲ စကားဆိုလာတဲ့ ဆံပင်ဘုတ်သိုက် ကောင်လေးကြောင့် ခြေလှမ်းတုံ့သွားပါသည်။





ကိုယ့်ကို ပြုံးပြတယ်ထင်ပြီး ပြန်ပြုံးပြမိတာ သူက တည်လိုက်တော့ ကိုယ်က ရှက်စရာ ဖြစ်သွားတာပေါ့။ စိတ်တိုချင်သလို ရှိသော်လည်း နဂိုသဘောကောင်းကလေး ခင်ခင်ယောက မှုန်တွန့်တွန့်နှင့် ...

"ရတယ် ... နေပါစေ"

"ဟို ... ဟို ... ကျွန်တော် ကူသယ်ပေးရမလား"

"ရပါတယ်ဆို"

မာနမကြီးပဲ အဖြေပြန်ပေးဖော်ရတဲ့ အမ်မကြီးကို သုခတင့်က ရင်တခုန်ခုန်နှင့် ကပ်ဖားရပ်ဖား လုပ်ချင်သွားကာ...

"ပေးပါ၊ ကျွန်တော် ကူသယ်ပေးမယ်၊ လာကြိုတဲ့လူတွေ့လား"

ခပ်သွက်သွက်နှင့် အစ်မကြီးလက်ထဲက အိတ်ကိုဆွဲလုမတတ် ကမ်းလင့်လိုက်လျှင် အစ်မကြီးက အလန့်တကြားနှင့် အိတ်ကို လက်လွှတ်ပေးလိုက်သည်။

"လာကြိုမဲ့သူ မရှိပါဘူး"

"ဟင် ... ဟုတ်လား၊ ဒါဖြင့် ဘာနဲ့သွားမလဲ"

"ကားငှားလို့ ရမှာပေါ့"

"ပါကင်အထိ အဝေးမှာ သွားငှားရမှာ"

"ငှားရမှာပေါ့၊ ဘယ်တတ်နိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ဝါလား"

"ဘယ်လိုလဲ"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဟင် ... ၊ မဟုတ်တာ၊ နေပစေပါ၊ ကားငှားသွားမှာပေါ့၊ သူ့ဟာသူလည်း လာကြိုတဲ့သူ ရှိနေဦးမှာဥစ္စာ"

"ဟင့်အင်း ... မကြိုဘူး"

ယောသည် ကောင်ကလေးကို သက်ာမကင်းတော့သလို ကြည့်မိရင်း ...

"ဒါဖြင့် ဒီကို ဘာလို့ လာသေးလဲ"

"လူကြုံပစ္စည်း လာစောင့်ယူတာ၊ ခဏပဲ၊ မမကို သွားမဲ့နေရာ လိုက်ပို့ပေးမယ်လေ"

ယောက ခေါင်းလေးသွက်သွက်ခါရင်း ...

"ဟင့်အင်းပါ၊ ရတယ်၊ အသိမိတ်ဆွေလည်း မဟုတ်ဘဲနဲ့"

"ကျွန်တော် လူကောင်းပါ၊ ကူညီပေးချင်တာ သက်သက်ပါ"

"အင်းပါ၊ မယုံကြည်တာလည်း မဟုတ်ပါဘူး၊ အားနာစရာကြီးမို့ပါ။ ပေး ... ပေး ... မမ သွားတော့မယ်"

ယောက သူ့အိတ်သူ လက်ကမ်းပြန်တောင်းပေမဲ့ သူခတင့်က လက်လွှတ်မပေးဘဲ ခန်းမအပြင်ဘက်ထိ အိတ်ကို ဆွဲကာ ပါလာပါသည်။





"ဟော့ ... ဒေဒေ"

"အင်း"

"ဟိုလဲဒ လာကြိုတာ ဘယ်သူလဲ မသိဘူး၊ အပုံစားပါလား"

"လာကြိုတာ မဟုတ်ဘူး။ မင်း မမြင်ဘူးလား၊ ဟိုက ငြင်းနေတာ၊ ခုမှတွေ့ပြီး ဒီကောင် ဝင်ရောနေတာ ဖြစ်ရမယ်"

"တအားမိတယ်ကွ၊ ဒီကောင် ဘာလုပ်မလဲ လိုက်ကြည့်ရအောင်၊ လာကွာ"

"မင်းဘာဘာ၊ မင်းမှာ မင်းကိစ္စနဲ့ မင်းကွ"

"အေး ... ဟုတ်သားပဲ"

"ဒါကြောင့် ငါပဲ လိုက်ကြည့်လိုက်မယ်"

"ဟွန်း"

ကျော်ဒေဝသည် အဝေးက လှမ်းမြင်ကတည်းကပင် အစ်မကြီးရဲ့ အလှအပမှာ အလူးအလဲ ကျဆုံးနေတာ ဖြစ်သည်။ ဘယ်လိုလှမှန်း မသိလှနိုင်အားလိုက်တာ။ စူးစိုက်ကြည့်နေမိတာမို့ အစအဆုံး မြင်လေရာ ဟိုကောင် ပြုံးပြနေတယ်မှတ်ပြီး အစ်မကြီး ခုကြောင်ကြောင်လေး ပြန်ပြုံးပြတာက အစမြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဂရိတ်လေး၊ ဒိတ်လေးကို ဟိုကောင်မ, သွားဘာကို မကြည်ဖြူတဲ့အပြင် ထိုအစ်မကြီးကို တစ်ထိုင်တည်း စိတ်ဝင်စားသွားတာမို့လည်း မနာလို သဝန်တို ဖြစ်ရတာပါသေးသည်။ ကျော်ဒေဝက သုခတင့်တို့နောက်က မယောင်မလည်ပါ လာသည်။

"အိတ်ပေးပါ၊ ရတယ် ... မ,ဟာ မ,ပြန်မယ်"

"ကားသွားငှားရမှာ ဝေးတယ်ဗျ"

"ရပါတယ်"

"မဟုတ်သေးပါဘူး၊ ကိုယ့်ဟာကိုယ် ပြန်ချင်ရင်လည်း ခဏလေးစောင့်ပါ၊ ကျွန်တော် ကားငှားပြီး တင်ပေးလိုက်ပါမယ်"

"ရပါတယ်ဆိုမှ"

ယောက အင်မတန် ကပ်နေသော ကောင်လေးကို စိတ်ညစ်လာပါသည်။ မယုံကြည်တာ မလိုလားတာချည်းလည်း မဟုတ်။ ခုမှတွေ့တဲ့ သူ့ရဲ့ အကူအညီကို ယူရမှာ ခက်တဲ့အပြင် သူက ကောင်ကလေး။ အမျိုးသမီးချင်း ဆိုရင်တော့ အရေးမကြီးဘူးပေါ့။

"ကျွန်တော့်လူကြုံကို ခဏပဲစောင့်ပါ၊ မမ,ဟိုးအထိ ထွက်လျှောက်နေရမှာ"





"ရတယ်ဆို"

ကျော်ဒေဝသည် ကြားရသောစကားတွေကြောင့် အခြေအနေကို ရိပ်မိသွားကာ သုခတင့်ကိုလည်း အမြင်တွေကတ်လာပြီးလျှင် မဆီမဆိုင်နှင့် ...

"ဟော့ကောင်"

သုခတင့်က ဖျတ်ခနဲ လှည့်ကြည့်ကာ ကျော်ဒေဝကို မြင်လျှင် မျက်ခုံးတွန့်၍ ရိတ်ိတိ ပြုံးလိုက်ပါသည်။

"မင်း ဘာလိုက်ရှုပ်နေတာလဲ၊ သူ့ဟာသူ သွားပါစေလား၊ မင်းကိစ္စ မင်းလုပ်ပါလား"

သုခတင့်က စိတ်ပျက်သလို သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"ဟော့ကောင်ကွာ ... မင်းကွာ၊ ကျွတ်"

ယောသည် အသစ်ရောက်လာတဲ့ ဖြူစင်ချောမောတဲ့ ကောင်ကလေးကို တအံ့တသြ ကြည့်လိုက်မိပြန်ပါသည်။ ပြီးတော့ တစ်ယောက်ချင်း အပြန်ပြန် အလှန်လှန် ကြည့်မိပြန်ပါသည်။ တစ်ယောက်က ဖြူဖြူသန့်သန့်ချောချော။ တစ်ယောက်က စွဲမက်စရာ စတိုင်ကျကျ အမူအရာ။ နှစ်ယောက်လုံးဟာ အရပ်ခြောက်ပေလောက် အမြင့်ကြီးတွေနှင့် ကျစ်လျစ်ကြံ့ခိုင်သော ကိုယ်နေဟန်ထားကိုယ်စီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဂျဲလ်ရောင်လက်တဲ့ ဆံပင်တိုတို ဆောင်ဆောင်လေးတွေ။ တစ်ယောက်က ဆံပင်ဖွာဆန်ကြဲ ဘုတ်သိုက်လေးနှင့်။ တစ်ယောက်မျက်နှာက ရှုပုပ်နေကာ တစ်ယောက်မျက်နှာက ရီသွဲ့သွဲ့ ပြုံးစိစိ။ ဝတ်ဆားဆင်ဆင်ပုံတွေက ခေတ်ဆန်ဆန် ခေတ်မီမီ ပေါ်လွင်ထင်ရှားသော စတိုင်တွေ။

ကျော်ဒေဝသည် လှပသော ယော မျက်နှာကို စိုက်ကြည့်ရင်း ...

"မ,ကို ဒီကောင် နှောင့်ယှက်နေတာ မဟုတ်လား"

"ဟော့ကောင် ... မင်းနဲ့ ဘာဆိုင်တာလဲ၊ မင်း သိပ်အားနေလား"

ယောသည် ရန်လိုနေပုံရတဲ့ နှစ်ယောက်ကို အထိတ်တလန့် ဖြစ်လာသည်။ ခုမှသိကြပုံ မရဘူး။ အစကတည်းက ရန်စ ရန်ဖက်တွေ ထင်တယ်ဟု ရိပ်မိရင်း ...

"ဟို ... မဟုတ်ပါဘူး၊ သူက ကူညီမလို့ပါ၊ မ, ကိုယ့်ဘာသာ သွားမှာမို့ပါ၊ သူ မနှောင့်ယှက်ပါဘူး"

"ဟော့ကောင် ... ကြားလား"

"ကြားနေပါတယ်၊ ဒါပေမဲ့ မ,က ရိုးရိုးလေးမို့ မင်း ဖန်နေတာကို မရိပ်မိတာ၊ မင်း သက်သက်လိုက်ရှုပ်နေတာ ငါသိတယ်"





"ဟိတ် ... ကျော်ဒေဝ၊ မင်း နာချင်တယ် ထင်တယ်၊ မင်း ဝေးဝေးကို လွှင့်စမ်းပါ ကျော်ဒေဝ"

"မလွှင့်နိုင်ဘူးကွာ"

"မင်းနဲ့ ဆိုင်လား"

"မင်းနဲ့ ဆိုင်သလောက်တော့ ဆိုင်တယ်လေ၊ ဒီက မ,က ခုမှ ရန်ကုန်ကို ရောက်လာတဲ့ အစိမ်းပဲ"

ယောသည် စိတ်ရှုပ်ရှုပ်လေးနှင့် ...

"ရန်ကုန်မှာ အစိမ်းမဟုတ်ပါဘူး၊ မ, ရန်ကုန်မှာ နေဖူးတဲ့သူပါ၊ ဒါကြောင့် အကူအညီ မလိုတာပါ၊ ကဲ ... သွားမယ်နော်"

ယောက သုခတင့် လက်ထဲက အိတ်ကို တောင်းသော်လည်း သုခတင့်က လွှတ်မပေး။

"ဟော့ကောင် ... ပေးလိုက်လေ၊ မင်း ဘာလုပ်နေတာလဲ၊ အလစ်သုတ်ချင်လို့လား"

"ကျွတ် ... ဒီကောင်ကွာ"

သုခတင့်နှင့် ကျော်ဒေဝ တစ်ယောက်ကို တစ်ယောက် ဒေါသတညီးညီးနှင့် ရှုးရှုးရဲရဲ စိုက်ကြည့်နေကြပါသည်။ စိတ်ကူးထဲမှာတော့ တစ်ယောက်ကို တစ်ယောက် အသေထိုးကြိတ် ပိတ်ကန်ပစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်း ဒီမှာ မွှန်နေတာနဲ့ မင်းလူကြို လွှတ်တော့မယ်"

"ဟာ"

ကျော်ဒေဝ စကားကြောင့် သုခတင့်က ဆတ်ခနဲ သတိရသွားပြီး ဘေးဘီကို ဝေ့ဝဲငဲ့ကြည့်လိုက်လျှင် ...

"ဟာ ...၊ ဟာ ... ဟိုမှာ ပဲပြုတ်၊ အား ... နေဦး"

သုခတင့်သည် ဘာလုပ်ရမှန်းမသိ ဟိုငဲ့ဒီတိမ်း ထိုင်မလို ထမလို တစ်ယောက်တည်း ဝရုန်းသုန်းကား ဖြစ်နေပြီးလျှင် ...

"ခဏနော် ... ခဏနော် မမ"

မလှမ်းမကမ်းမှာ တစ်စုံတစ်ယောက်ကို ရှာဖွေနေဟန်နှင့် လူပုပု ဂင်တိုတို ပါးပေါ် ပဲပြုတ်တစ်ခုနှင့် လူကြီးကို တွေ့နေရပြီလေ။ သူ့ကို လာကြိုနေပုံရတဲ့ သူ့မိသားစုနဲ့လည်း တွေ့နေပြီ။ သုခတင့် ရောက်လာမှာကို သိနေ၍ သုခတင့်ကို ရှာနေပုံပင်။

သုခတင့်သည် သူ့လူကြို သူလွှတ်သွားမှာစိုး၍ အာရုံများသွားရကာ အိတ်ကြီးဆွဲရက်သား ဟိုလူကြီးဘက် တလွှားလွှား အပြေးလှမ်းလျှင် ကျော်ဒေဝက သုခတင့် လက်ထဲက အိတ်ကို ဖြတ်၍ လုဆွဲထားလိုက်ပါသည်။

"တောက် ... ဟော့ကောင်၊ အေး ... ပြီးမှ မင်းတွေ့မယ်"





သုခတင့်သည် ဒေါပွသွားသော်လည်း ဟိုလူကြီးက သူ့မိသားစုရဲ့ ကားပေါ်ကို လှမ်းတက်တော့မလို ပြင်နေပြီမို့ အချိန်က မရတော့။ ဒီအနားမှာလည်း ကားက ကြာကြာရပ်ထားလို့ရတာ မဟုတ်ရာ သူတို့က ထွက်သွားကြတော့မည့်ပုံ ပေါ်နေပြီ။ ဒီတော့ ထိုလူကြီးရှိရာကို အရင်ပြေးရသည်။

ကျော်ဒေဝသည် လှပသော အစ်မကြီးကို စိုက်စိုက်ကြည့်ပြီး ...

"မ, လာကြိုမဲ့သူ မရှိဘူးလား"

လာပြန်ပြီ တစ်ယောက် ... လို့ ယောက တွေးမိသော်လည်း စိတ်ရှည်သည်းခံ လိုက်လျောတတ်သူကလေးမို့ပင် ...

"ဟုတ်တယ်၊ ဒါပေမဲ့ ရတယ်၊ လာကြိုဖို့အိမ်ကို မှာမထားတာပါ၊ မ,ဟာ မ, ကားငှားသွားမှာပါ"

"ဘယ်ကို သွားရမှာလဲ မ,"

"အင်းယားမြိုင်ကိုပါ"

"ဟာ ... ကျွန်တော်တို့လည်း အဲဒီကို သွားမှာ"

ကျော်ဒေဝက တမင်တကာ ကြံဖန်ပြီးပြောတာ မဟုတ်ပါ။ ကျော်ဒေဝ အိမ်က သံလွင်လမ်းထဲမှာ။ အောင်ဇေ့ အိမ်က အင်းယားမြိုင်ထဲမှာ။ အောင်ဇေ့ အခေါ်ကို ကြိုပြီး အောင်ဇေ့ အိမ်ကိုပဲ သွားရမှာမို့ လမ်းက တကယ်ပဲ တိုက်ဆိုင်တူညီနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါလား မ,၊ လမ်းကြုံတယ်"

ရန်ကုန်က ကောင်ကလေးတွေ ဘယ်လိုပါလိမ့်လို့ သော တွေးမိရသည်။ ခုမှတွေ့တဲ့လူကို အတင်းပဲ ကားကြုံခေါ် လိုက်ကြတာ။ ခုမှ တွေ့ရတဲ့ကောင်ကလေးတွေနဲ့ မိန်းမတစ် ယောက်က ကားကြုံလိုက်ပါ့မလား။

"နေပါစေ၊ ရပါတယ်၊ မင်းတို့တွေနဲ့လည်း ဘယ်သူနဲ့မှ မ,က သိတာမဟုတ်ဘူး၊ မလိုက်ပါဘူး၊ ကားငှားသွား မလို့ပါ"

"ဒါဖြင့်လည်း ... လာ သွားမယ်၊ ကားပါကင်က ဟိုး အပြင်မှာ၊ အဲဒီမှာ သွားငှားရမှာ၊ မ,ဒါတွေဆွဲပြီး အဲဒီအထိ လျှောက်ရမှာ မလွယ်ဘူး၊ လာပါ၊ ကျွန်တော် နှောင့်ယှက် နေတာ မဟုတ်ဘူး၊ ကူညီနေတာ၊ ကူညီတာလည်း မျက်နှာရွေးလုပ်ပြီး ကူညီတာ မဟုတ်ဘူး၊ အမျိုးသမီးတစ် ယောက်တည်း အရပ်ကပုပုလေး အိတ်ကြီးက နှစ်လုံးနဲ့"

ယောက ကျော်ဒေဝကို မျက်စောင်းထိုးလိုက်မိပါ သည်။ အရပ်ပုပုလေးက ဘာကိစ္စထည့်ပြောနေရတာတုန်း။ သူ တို့အရပ်တွေ မိုးထိုးနေတော့ ပြောအားရှိနေတာပေါ့။ ပုတော့ ဘာဖြစ်လဲ။ ပုတော့ အိတ်ကမလွတ်ဘူးပေါ့။ မြေမှာတိုက်နေမှာ စိုးပြီး လက်ကိုတန်းလန်းချ ဆွဲမရပဲ နည်းနည်းမြှောက်ဆွဲရတော့ ပိုလေးတာပေါ့။



ကဲဟယ် ... ဒီလောက် ကူသယ်ချင်လည်း သယ်။ သက်သာတယ်။

"လာလေ ... မ,၊ လာ"

ကျော်ဒေဝကတော့ နောက်ကြောင်းအေးသူမို့ ဘာမှ စောင့်နေဖို့ မလို။ အောင်ဖေဟာလည်း သူ့အဒေါ်ကြီးပြီးရင် ပါကင်ဆီပဲ လာရမှာ။ သူခတင့် တစ်ယောက်တော့ နောက်ကြောင်း မအေးရှာ။ လူကြီးတစ်ယောက်နှင့် စကားပြောဆိုနေရရင်း အဲဒီ လူကြီးက ဟိုအိတ်ထဲနှိုက် ဒီအိတ်ထဲနှိုက် ဘာတွေ ဖွေရှာနေတယ် မသိ ကိစ္စမပြတ်။

ဒီတော့ သူခတင့် ဆိုတဲ့ လဒခများ ဆန့်တငင်ငင် နဲ့ပဲ ကျန်ရစ်ခဲ့ရှာပြီ။ ကိုယ်ကတော့ ဟဲ ဟဲ။ တစ်ခါမှ မိန်းမလှ တစ်ယောက်ကို မျက်နှာလုပ်ပြီး သူ့ရဲ့အလေးအပင်တွေ သယ် ပိုးမပေးဖူးခဲ့ပါ။ ကျော်ဒေဝကိုသာ မိန်းမလှတို့က မျက်နှာလုပ် ဘာကို ခံရတာ။ ခုတော့ ...။ ရှိပါစေ၊ ဘောဒီ မ,က အင်မတန် မှလှပတဲ့အပြင် သူ့မျက်နှာလေးက ရိုးသားထုံအ,၍ အေးချမ်း အပြစ်ကင်းလှသည်။

အိတ်တစ်လုံး သယ်ပေးဖို့တန်တဲ့ ချစ်စရာအစ်မ ကြီးလေး။ အခုတော့ ကျော်ဒေဝရဲ့ ခြေလှမ်းကျဲနောက်က သေတ္တာ ဘစ်လုံးကို ဘီးလှိမ့်တွန်းကာ မနည်းမီအောင် တုတ်တုတ် တုတ်တုတ်နှင့် လိုက်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မ,ဟာ ရန်ကုန်မှာနေပြီး မန္တလေးကို သွားလည်ရာက ပြန်လာတာလား၊ မန္တလေးမှာနေပြီး ရန်ကုန်ကို လာလည်တာလား"

ယောက စဉ်းစဉ်းစားစားနှင့် ...

"အင်း ... ဘယ်လိုပြောရမလဲတောင် မသိဘူး၊ မ,က ဘယ်မှာနေတာဆိုတာ ကိုယ့်ဟာကိုယ်တောင် ... အင်း ...၊ မ,က မန္တလေးမှာ နေတာလို့ ပြောရမှာ ထင်ပါရဲ့"

"ရှုပ်နေတာပဲ မ,ဟာကလည်း၊ ကိုယ်ဘယ်နေလဲ ကိုယ် မသိဘူးလား"

"ပြောရခက်နေတာ"

"ဒါဖြင့် အခု ရန်ကုန်မှာ ဘယ်သူ့ဆီ လာတာလဲ"

"မ,အမေနဲ့ ညီမဆီကိုပါ"

"ဘယ်လောက်ကြာကြာ နေမှာလဲ"

"အင်း ... တစ်သက်လုံးလည်း ဖြစ်ရင် ဖြစ်မှာပေါ့"

"မရေမရာနဲ့"

ကျော်ဒေဝက သူ့ဝသီအတိုင်း စကားပြောရင် ဂျစ်ကပ်ကပ် ကြွပ်ဆတ်ဆတ်။ ဒီအစ်မကြီးကို ချစ်စနိုး အရောဝင်ချင်တာတောင်မှ လေသံတွေက အချိုးမပြေပဲ ထောင့်နေသည်။ ပြီးတော့ သူသည် အင်မတန်မှ စိတ်မရှည်တတ်တဲ့သူ ဖြစ်နေပေသေးသည်။





"အင်းယားမြိုင် ဘယ်နားလဲ"

ယောက ကျော်ဒေဝကို မျက်လုံးထောင့်ကပ်ကြည့်သည်။ ဥပါယ်တံမျဉ်နဲ့ သူများလိပ်စာ အစ်ထုတ်နေတာလို့ ယူဆပြီး မဖြေ။

"အင်းယားမြိုင် ဘယ်နားလဲလို့ မေးနေတာလေ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ"

ကျော်ဒေဝက မရိပ်မိပဲ တကယ် တအံ့တသြမေးသည်။ သူက ရိုးရိုးမေးမိတာပါ။

"အို ... လိပ်စာ မပြောပြပါဘူး"

"ဩော် ... ဟား ဟား ၊ ဒီလိုလား ဟား ဟား"

ယောက ကျော်ဒေဝကို မျက်စောင်းထိုးမိပြန်သည်။ ဒီကောင်လေးဟာ ရုပ်ပုပ်ပုပ် ကြွပ်ဆတ်ဆတ်နဲ့။ ကျိုးတိုးကြမ်းတမ်းနိုင်သည်။ ခုနကောင်ကလေးက တစ်မျိုးကလေး နူးညံ့သည်။ မျက်လုံးလေးတွေက တစ်မျိုးပဲ။ လူချင်းရင်းနှီးပြီးသလို သူ့အကြည့်က အပေါ်ယံမက,ပဲ ဟိုးရင်ထဲ အတွင်းထဲအထိ နက်ရှိုင်းဖောက်ခင်သည်။

အဲဒီကောင်လေးတော့ သနားပါတယ်။ သူ့ညှော်သည်ကြောင့် ကျန်ခဲ့ရရှာပြီ။ အို ... ကျန်ခဲ့တာ ဘာလို့သနားနေစရာလိုလဲ။ ဘာမှမဆိုင်တဲ့ဟာ။ ဒီကောင်လေး နှစ်ယောက်စလုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောကို သိချင် မိတ်ဖွဲ့ချင် ရောချင်တဲ့ ယောက်ျားလေးတို့ ဗီဇ သဘာဝနှင့် ချော်ကာင်တာချည်းပဲ။ သူတို့ချင်းကလည်း ရန်ဖက် ဆင်ဝါရဲ့။

"ဒီမှာ မ, ..."

ကျော်ဒေဝက လမ်းလျှောက်နေရင်း သူ့ကိုယ်ကို တိုင်းချကာ သူ့မျက်နှာနှင့် ယောမျက်နှာ နီးကပ်တပြေးညီအောင် အတင်းတိုးကပ်လိုက်၍ ယောက အလန့်တကြား ခေါင်းကိုယိမ်း လိုက်ရသည်။

"အင်းယားမြိုင် ဆိုတာ ... ဟဲ ဟဲ ... ငဒွေ အိတ်ထဲမှာ ပါ"

"ဘယ်သူ့အိတ်ထဲမှာ !! ... "

"ဒီကောင် ... ငဒေ၊ ကျော်ဒေဝ၊ မှတ်ထားနော် မ,၊ ကျွန်တော့်နာမည် ကျော်ဒေဝ၊ မ,နာမည်ရော"

"ဟင့်အင်း"

"အိုကေ ... ကိစ္စမရှိဘူး၊ မနက်ဖြန်ဆိုရင် မ,အမေအိမ် ဆိုတာ ဘယ်မှာ၊ မ,အမေ ဘယ်သူ၊ မ,ညီမ ဘယ်သူ သိပြီးပြီ၊ သဘောပေါက်တယ်နော် မ၊ အင်းယားမြိုင်ထဲ မှာ ကျွန်တော် မသိတဲ့အိမ် မရှိဘူး၊ ကျွန်တော့် သူငယ်ချင်း နှစ်ယောက်အိမ် ရှိတယ်၊ ငဖေ၊ ငနေ၊ သူတို့မသိတာ အင်းယားမြိုင်ထဲမှာ ဘာမှမရှိဘူး"





"ဩော် ... အင်း ... အင်း"

ယောက ဘာလေးမှန်းမသိတဲ့ ကောင်လေးကို စိတ်ရှုပ်လာကာ အနားက တက္ကစီတစ်စင်းကို လှမ်းပြီး ...

"ကားအားလား"

ကားသမားက ခေါင်းညိတ်ပြလျှင် ယောက ကျော် ဒေဝကို မျက်လုံးနဲ့ပဲ နှင်တဲ့အကြည့် ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

နေနေကတော့ ယော ရောက်လာ၍ ကျွမ်းတွေပစ်ကာ ထိုးနေသည်။ နေနေက ယောကို အလွန်ချစ်ပါသည်။ ယောကလည်း နေနေ့ကို ချစ်သည်ပင်။ အိမ်မှာ အခန်းပိုတွေရှိပေမဲ့ ယော ရန်ကုန်မှာ နေတိုင်း နေနေ့ ဆန္ဒအရ နေနေနှင့် တစ်ခန်းထဲမှာ ခုတင်ထိုး၍ အိပ်ရသည်။

"မမ, ဖယ်၊ ဖယ်၊ နေနေ လုပ်မယ်"

ယော ရောက်မည့်အကြောင်း အကြောင်းကြားမထား၍ လူအကောင်လိုက် အိမ်ရှေ့ရပ်မှ အားလုံး သိကြပါတော့သည်။ အခန်းကြိုတင်ပြင်မထားရ၍ အခုမှ နေနေ့ အခန်းကျယ်ထဲ ခုတင်ထိုးရသည်။ နေနေကား ယောကို တွန်းထုတ်၊ အိမ်ဖော်ကောင်မလေး မိနော်ကို တွန်းထုတ်၊ သူပဲ အားသွန်ခွန်စိုက် ခုတင်ကို တာဝန်ယူ ဆင်နေသည်။





သူပဲလုပ်ရမှ သူမဲလုပ်နိုင်သည်လို့ သူက ထင်တာ[illegible] ယောရဲ့ညီမလေး နေခြည်ခေါ် နေနေကား ငယ်ကတည်းက [illegible]ဖြည်းဖြည်း ယောကျ်ားလေးစိတ် ပေါက်လာခဲ့သော ယောကျ်ား[illegible]လေး တစ်ဦးတည်း။ အသက်နှစ်ဆယ် အရွယ်ရောက်တော့[illegible]ကိုယ်သူ တကယ့်ယောကျ်ားပျို တစ်ယောက်အလား ထင်မှတ်[illegible]နေပြီ။

ရုပ်ကလေးက ချစ်စဖွယ် ဖွေးဖွေးဥဥ။ ဆံပင်လေးက [illegible]ဝင်းလှုပ်ခါသော ယောကျ်ားဆံပင်ရှည်ပုံမျိုးနှင့် မျိုးခနဲ ဖျတ်[illegible] ဝုန်းကနဲ လွှားခနဲ အမြဲသွက်လက်တက်ကြွနေတတ်လေသည်။

"သမီးကြီးဟာလေ လာမယ်ဆိုတာ ကြိုမပြောဘူး၊ လေဆိပ် လာကြိုရမှာပေါ့၊ ဘာအပန်းကြီးလဲ၊ နေနေ့ လွှတ်အကြိုခိုင်းရုံပဲ"

"တကူးတကတောင် သွားကြိုနေစရာ မလိုဘူး မေမေ၊ ဖေဖေတို့ ဒေဒေတို့ ဒီမနက် ဖေဖေ့အဒေါ်ကို လေဆိပ်သွားကြိုကြတာ၊ မန္တလေးက လာတာပဲ၊ နေနေ ပျင်းလို့လိုက်မသွားတာ၊ သူတို့နဲ့အတူ လိုက်ကြိုရုံပဲ၊ အဆင်ကိုသင့်လို့၊ ဖေ့ကားကြီး တစ်စီးတည်းနဲ့ ကိစ္စပြီးသွားမှာ၊ မမက ပြောတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငေး ! _ ငအေ ! ၊ ဟုတ်လား"

ယော မျက်လုံးများ ဝိုင်းရသည်။ တစ်ယောက်နဲ့ တစ်ယောက် ဒီလို ချစ်စနိုးခေါ်ကြပုံများကို တခြားမှာ ဆင်တူ ကြား ရှိနိုင်မည် မထင်။ ဟိုကောင်ကလေး စကားထဲမှာလည်း "ငေး" ဆိုတာ ပါတာလေ။

နေနေက အိပ်ရာကို အကြမ်းပတမ်းခင်းနေရင်း _

"ဟား ... ဟား၊ အဲဒါ နေနေ့ ဘော်ဒါတွေလေ၊ ငေး ငအေတဲ့၊ ဘယ်လောက် ချစ်ဖွယ်ကောင်းလိုက်တဲ့ နာမည် လေးတွေလဲ ... ကဲ"

ယောက မျက်ခုံးကလေးပင့်ကာ အံ့အားသင့်နေမိ သည်။ နေနေက ခုထိ ယောကျ်ားလေးတွေနဲ့ပဲ ပေါင်းနေတာကိုး။ ယော ဆယ်တန်းအောင်တဲ့အထိ ရန်ကုန်မှာ ရှိနေခဲ့တုန်းက နေနေက ငယ်သေးသည်။ လေး,ငါး,ခြောက်တန်း။ အဲဒီတုန်းက လည်း ယောကျ်ားလေးတွေနဲ့ပဲ ပေါင်းတာပင်။ ငယ်တုန်းတော့ ဘာအရေးလဲ။ ကြီးမှ ယောကျ်ားလေးတွေနဲ့ပဲ တွဲရတယ်ရယ်လို့။ မေမေက ဘာမှ မပြောဘူးလား။

အတွေးနှင့် ယောက မေမေ့ဘက် မျက်ခနဲ ကြည့်မိ လျှင် မေမေက ယောစိတ်ထဲက အတွေးကို အတတ်သိသလို _





"သူ့သူငယ်ချင်း ကောင်လေးတွေက သူ့ကိုလည်း ယောကျ်ားလေးတစ်ယောက်လိုပဲ ဆက်ဆံကြတာ သမီး ကြီးရေ၊ တကယ် ဖြူဖြူစင်စင် ခင်ကြတဲ့ သူငယ်ချင်းတွေ၊ နေနေက မိန်းကလေးတွေနဲ့ ပေါင်းရင် အပေါက်အလမ်းကို မတည့်ဘူး၊ ပြဿနာချည်း တက်နေတာပဲ၊ ဒီကောင်လေး တွေနဲ့ပဲ ဖြစ်တယ်"

ဟုတ်လည်း ဟုတ်ပါရဲ့။ နေနေဟာ မျက်နှာချော ချောလေး တစ်ကွက်ကလွဲရင် မဖွံ့ဖြိုးတဲ့ ခန္ဓာကိုယ်ကလည်း ယောကျ်ားလိုပင်။ အမူအရာနှင့် လှုပ်ရှားသွားလာ နေထိုင်ပုံတို့ က ပိုတောင် ယောကျ်ားနဲ့ တူသေးသည်။ ယောကျ်ားအစစ် ချော ချောကလေး တစ်ယောက်နှင့် တူနေတာ။

"သူတို့ အခု ယူအက်ဖ်အယ်လ်မှာ အင်္ဂလိပ်စာဖိုင်နယ်လ် တွေပေါ့၊ အိမ်ချင်းလည်း နီးကြတယ်၊ ကျောင်းလည်းတူတူ သွားရတာဆိုတော့"

"ဩော် ... ယူအက်ဖ်အယ်လ် ဆိုလို့ သမီးလည်း ယူအက်ဖ် အယ်လ် ဆက်တက်မလားလို့ စုံစမ်းရဦးမယ်"

မေမေက ယောကိုကြည့်ရင်း ...

"ဘာဆက်တက်မှာလဲ သမီးက"

"သမီး ဂျပန်စာ တက်ချင်တာ"



www.burmeseclassic.com

**မေမေက** မျက်မှောင်တွန့်သွားရင်း ...

"**ဘာလုပ်ဖို့**လဲ၊ မြန်မာပြည်မှာနေပြီး ဂျပန်စာ ဘာအတွက် **သင်နေဦး**မှာလဲ၊ ကိုယ်က Tourist Guide လုပ်မှာလည်း **မဟုတ်**။ ဘယ်မှာသွားသုံးလို့ ရမှာမို့လို့လဲ"

ယောက အသံတိမ်တိမ်နှင့် ...

"သမီး တက်ချင်တာပါ"

မေမေ့မျက်နှာက တင်းသွားရင်း ...

"ညည်းဘာလို့ ဂျပန်စာ တတ်ချင်လဲ ငါသိပါတယ်နော်"

ယော မျက်နှာလေးက ငယ်သွားကာ မေမေ့ကို သွားဖြဲဖြဲပေါ်အောင် မျက်နှာချိုသွေး ပြုံးကြည့်နေမိသည်။ ဘယ်သူ ဘာပဲပြောပြော စိတ်ဆိုး စိတ်ကောက်ခြင်း မကျေနပ်ခြင်းတို့ အလွယ်တကူ မဖြစ်တတ်တာ ယော ထုံးစံ ဖြစ်သည်။

ယောသည် စိတ်ထဲမကောင်းရင်တောင် တစ်ဖက်သားသိမှာ အားနာကာ ပြုံးနေမည်။ ဘာအတွက်မှ ဘယ်သူ့အတွက်မှ အပြုံးမပျက်။

ဖေဖေက ဂျပန်မှာဆိုလို့ တစ်နေ့သော် သွားရလေသွားရနိုး ဂျပန်စာ ဂျပန်စကားကို တတ်ချင်တဲ့ စိတ်ရူးပေါက်နေတာပင်။ စကားမတတ် အမတတ်ပဲ ခဏတစ်ဖြုတ်သွားလည်း ဘာမှမဖြစ်ပါ။ တတ်ဖို့လိုတယ်လို့ မဟုတ်။ ဒါပေမဲ့ ဖေဖေ





ဂျပန်မှာဆိုတာ သိရပြီးကတည်းက အဲဒီ "ဂျပန်" တစ်လုံးတည်းနှင့် ဂျပန်စာ တတ်ချင်စိတ် ပေါက်နေသည်။ ဂျပန် ဆိုတာဟာ ကိုယ်နဲ့ပဲ သက်ဆိုင်သလိုလို စိတ်ကူးက ယဉ်ချင်နေသည်။

"အခု အဆက်အသွယ် ရှိလို့လား"

"မရှိပါဘူး၊ မေမေ လိပ်စာသိလားဟင်"

"မသိပါဘူး၊ ငါဟာငါနေတာ သူ့လိပ်စာလည်း စုံစမ်းမနေဘူး၊ အဲဒီမှာဆိုတာတောင် သူများပြောတာကြားလို့ အမှတ်တမဲ့ သိနေတာ"

"ဘွားဘွားလည်း လိပ်စာမသိဘူး"

"လိပ်စာသိတော့ ဘာလုပ်မလို့လဲ"

"သိချင်တာပါပဲ မေမေရယ်၊ ဘာရယ်တော့ မဟုတ်ပါဘူး"

"မေမေနဲ့ အေးအေးချမ်းချမ်း နေစမ်းပါ သမီးရယ်၊ မေမေနဲ့နေ အလုပ်လေး ဘာလေး လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်းနေ၊ အချိန်တန်ရင် အိမ်ထောင်လေး ဘာလေးပြု၊ သမီးမှာ ချစ်သူရှိရင် မေမေက သဘောတူမှာ၊ မေမေ ဘာမှ မကန့်ကွက်ဘူး၊ တကယ်ချစ်ရင် ပေးစားမယ် သိလား"

ယောမျက်နှာ နီစွေးစွေး ဖြစ်လာ၍ မေမေက တဟားဟား သဘောကျနေပါသည်။

www.burmeseclassic.com



"ပြောလေ မမ ... ရည်းစားရှိလား"

"မရှိပါဘူးနော်"

"ဘွားဘွား ရှိတုန်းက ပိုးထည် ဒေါ်အေးကျင်ရဲ့မြေးက သမီးဆီ ဝင်ထွက်တယ် မဟုတ်လား၊ သမီးတို့ ဘယ်လို လဲ"

ယောမှာ ရှက်ရှက်နှင့် ခေါင်းကြီးပေပြီး ငုံ့နေကာ ...

"သူက ကြိုက်နေတာ"

"သမီးက မကြိုက်ဘူးလား"

"မသိပါဘူး ... သမီးက"

"ဟင် ... ညည်းဟာကလည်း"

"သမီးမှ မသိတာ"

"သူက ဖွင့်ပြောလား"

"ဟုတ်ကဲ့"

"သမီးက အဖြေမပေးဘူးပေါ့"

"မပေးဘူး"

"ဘာဖြစ်လို့လဲ"

"မပေးချင်လို့"

"ဩော် ... ညည်းနဲ့ စကားပြောရတာလည်း လက်ဝင် လိုက်တာ ငါ့သမီးရယ်"





"ယောလည်း ဘာပြောရမှန်း မသိဘူးလေ၊ သူ့ကို လား မချစ်လားလည်း ယော မစဉ်းစားတတ်ဘူး"

"ဘွားဘွားက ဘာပြောသေးလဲ"

"ဘွားဘွားက သဘောတူတယ်တဲ့"

"အေးလေ၊ ဒေါ်အေးကျင် မြေးဆို ဘယ်ဆိုးမလဲ၊ မျိုးရိုး စဉ်ဆက် သူဌေးသူကြွယ်တွေ၊ မြေးထဲမှာလည်း မြေးမတွေ ချည်းပဲတဲ့၊ မြေးထီးက အဲဒီတစ်ယောက်ပဲရှိတော့ အဘွား ကြီးက သိပ်ချစ် သိပ်သည်းတာလို့ ကြားတယ်၊ အခု ဒီ ကောင်လေးက ဘယ်မှာလဲ"

"သူ ရန်ကုန်မှာ"

"ဟုတ်လား"

"အမ်အက်စ်စီ ဆက်တက်နေတယ် မေမေ၊ ရန်ကုန်ရောက် နေတာ ကြာပြီ"

"အဆက်အသွယ် ရှိလား"

"သူသွားကာစကတော့ ဆက်သွယ်တယ်"

"ဟင် ... ညည်းတို့ဟာက ဘာလဲ"

"အို ... မေမေရာ၊ မေမေ့သမီးကြီး ကြည့်ရတာ ကြိုက်ပုံ မရပါဘူး၊ မေမေက စိတ်ကူးထဲ ထည့်ကြည့်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို … ညည်းအစ်မက သူ့ဟာသူကို ကြိုက်တယ် ကြိုက်ဘူး မသိတာ၊ ထုံအအနဲ့၊ တော်ကြာ နောက်မှ တွေးဆွေးနေရမယ်၊ ဒေါ်အေးကျင် မြေးကို ရွေးချင်တဲ့သူ တွေက ပြည့်လို့ ကျပ်လို့"

"ဒေါ်အေးကျင်မြေး ဖြစ်တော့ ဘာလုပ်ရမှာလဲ၊ မေမေပဲ ပြောတော့ မမချစ်တဲ့သူနဲ့ ပေးစားမှာဆို"

"အေး … သူ့ဟာသူ ချစ်လို့ချစ်မှန်းမသိ၊ မချစ်မှန်းမသိ ဖြစ်နေမှာစိုးလို့ နေနေရေ့၊ အသက်က နှစ်ဆယ့်လေးပြည့် တော့မယ်၊ သူ့ကိုယ်သူ ကလေးထင်ပြီး ကျောင်းပြန်တက်ဖို့ စဉ်းစားနေတယ်၊ သူ မကြိုက်ရင်တော့ ပြီးရောပေါ့၊ သူ့ရင်ထဲ ချစ်ရဲ့ကြိုက်ရဲ့သားနဲ့ ရှက်နေ ကြောက်နေတာနဲ့ပဲ လွဲမှာစိုးလို့ ပြောနေရတာ"

ပြောပြီး မေမေ အခန်းထဲက ထွက်သွားလျှင် ယောသည် အနည်းငယ်ပင် ငိုင်သွားရပါသည်။ ယော ကိုယ့်ဟာကိုယ် မသိ။ ချစ်တယ် ဆိုတာကို သိပ်မှ နားမလည်တာ။ အဲဒီ ဒေါ်အေးကျင်မြေး "ရွှေသွေး"နှင့်က ကျောင်းတုန်းက သူငယ် ချင်းပါ။ သူငယ်ချင်းဆိုတော့ သံယောဇဉ် အခံတော့ ရှိသားပင်။ ခုလည်း သူ့ကို တစ်ခါတစ်ရံ သတိရသားပင်။ အဲဒါဟာ ချစ် တာလား ဘာလားတော့ ယော မသိဘူးပေါ့။





"မမ"

"ဘာလဲ နေနေ"

"ချစ်လား … အဲဒီတစ်ယောက်ကို"

"မသိပါဘူးဆို နေနေရယ်"

"အာ … မမကလည်း တုံးလိုက်တာ"

"တုံးတယ် ဆိုလည်း တုံးတယ်ပေါ့ဟယ်"

"ကြည့်ရတာ မမ သူ့ကို မချစ်ပါဘူး၊ ကိုယ်ချစ်တဲ့လူဆို ရင် စ,တွေ့ကတည်းက ရင်ထဲမှာ တစ်မျိုးလေး ခံစားသိ တယ်"

"အဲမယ်"

ယောက နေနေ့ကို ပြုံးရသည်။

"မမ ဂျပန်ဒီပလိုမာ လာတက်ရင် ကောင်းတယ်၊ နေနေ တို့လည်း ကျောင်းမှာ ရှိတာလေ၊ မမ တက်မယ်ဆို တက် လို့ရမှာပါ၊ မမက အင်္ဂလိပ်ရှိနဲ့ ကျောင်းပြီးတာပဲဟာ၊ နေနေတို့ကျောင်းမှာ အပျံစားလေးတွေ အများကြီး၊ မမ အကြိုက် တစ်ယောက်ယောက် မတွေ့ရင် ယောဒီကော်ကို ဖြတ်"

နေနေ့ပုံစံကို ယော ရယ်မောရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျင်းလှ၍ ယော အပြင်ထွက်ဖို့ စဉ်းစားသည်။ နေ့လယ်ဆို အန်ကယ်ထွန်းနှင့် မေမေက ကုမ္ပဏီရုံးကို အတူတူ သွားကြသည်။ နေနေက အိမ်မကပ်လှ။ ယောသာလျှင် အခန်း အောင်းပြီး ကျန်ရစ်သည်။ ရောက်စ,ရက်ကတော့ နေနေက အပြင်ခေါ်ပေမဲ့ စိတ်ထဲမှာ တစ်မျိုးကြီးနှင့် မန္တလေးကို လွမ်းသလိုလို ဘွားဘွားကို လွမ်းသလိုလို ဆွေးတေးတေး ရှိနေကာ ဘယ်မှ မသွားချင်။

ဒီနေ့တော့ ပျင်းလည်းပျင်းလေရာ ကောက်ကာငင် ကာ အပြင်ထွက်ချင်လာပြီး ရေမိုးချိုး အဝတ်လဲလိုက်သည်။

"ဒေါ်တိုး ... သမီး အပြင်သွားဦးမယ်"

"ဟဲ့ ... ဘယ်သွားမှာလဲ ယောရဲ့"

ဒေါ်တိုးသည် မေမေ့အိမ်တွင် နေနေ တစ်သက်နေ လာသူမို့ ယောနှင့် ရင်းနှီးပြီးသားပင်။

"ကျောင်း"

"ဘယ်ကျောင်းလဲ၊ နေနေတို့ ကျောင်းလား"

"ဟုတ်ကဲ့"



ယောက အလွယ်ဖြေလိုက်သည်။ တကယ်တော့ ယော တက္ကသိုလ်ထဲ သွားချင်တာ၊ အဲဒီမှာ ရွှေသွေး ကျောင်းတက် နေမှာ။ အချိန်စာရင်းကိုတော့ မသိ။ ဒါပေမဲ့ အင်္ဂလိပ်စာဌာနမှာ နည်းနည်းပါးပါးဝင်ပြီး တစ်ပတ်ရှာကြည့်ကြည့်တာပေါ့။ ရှိရင် တွေ့မည်။ မရှိလို့ မတွေ့ရင်လည်း ပြီးရောပေါ့။

ရွှေသွေးထံ အရမ်းသွားချင်တယ်တော့ မဟုတ်။ ပျင်းနေတာရယ် တွေ့တော့လည်း တွေ့ချင်သေးတာရယ်ကြောင့် ပါ။ ယော ရန်ကုန် ရောက်လာတာ သူသိမှာမှ မဟုတ်တာ။ အံ့သြသွားမှာပဲ။ စိတ်ထဲ လုပ်ချင်လာရင် ခပ်မြန်မြန် ခပ်သွက်သွက် ပင် ကောက်ကက် ထ,ထက် လုပ်ပစ်လိုက်တဲ့ ယောရဲ့အကျင့် ကြောင့် ခုပဲ စိတ်ကူးရ ခုပဲထွက်ဖို့ ကြံတာပင်။

"ကားတွေလည်း မရှိဘူး"

"လမ်းလျှောက်သွားလိုက်မယ်"

"နေမပူဘူးလား သမီးရယ်"

"ရပါတယ်၊ သမီး ထီးယူသွားမှာပဲ၊ ပူလည်း မပူပါဘူး၊ မိုးတောင် အုံ့သေးတယ်၊ မိုးတောင် ရွာချင်ရွာမှာ"

"ဒါဖြင့်လည်း သွားလေ၊ ဘယ်အချိန် ပြန်ရောက်မလဲ"

"ခဏပါပဲ ဒေါ်တိုးရဲ့၊ မကြာပါဘူး"

"အင်း ... အင်း ... သွား"

www.burmeseclassic.com

www.burmeseclassic.com



ယောသည် ထီးကလေးဆောင်းပြီး အိမ်ကထွက်လာခဲ့လိုက်သည်။ မေမေတို့ ခြံက အင်းယားမြိုင်ထဲ အတွင်းမကျ၊ တက္ကသိုလ်ရိပ်သာလမ်းဘက် ခပ်နီးနီးမို့ ထိပ်ရောက်အောင် သိပ်[illegible]ရပါ။ သို့သော် လမ်းထိပ်ရောက်တော့ ယော အတန်အောင်ပြီ။ ပါးပြင်ဖွေးဥဥက ပန်းသွေးသမ်းချင်ပြီ။ နဖူးမှာ ချွေးဥကလေးတွေစီပြီ။

ဒီတော့ ယောက အင်းယားမြိုင်ထိပ်ကနေ ရန်ကုန်တက္ကသိုလ်အထိ ဘယ်လောက်မှ သိပ်မရှိတဲ့ စကောစက ခရီးအတွက် အငှားကားတား၍ စီးလိုက်ပါတော့သည်။ ဒီလောက်လမ်းတော့ ယော ကျွမ်းသည်။ ခြောက်တန်းကနေ ဆယ်တန်းအထိ စိန့်ဩဂတ်စတင်းမှာ ကျောင်းတက်လာခဲ့တဲ့သူ ဖြစ်ရာ ဒီတစ်ဝိုက်မှာတော့ ယောရဲ့ခြေရာတွေ ထပ်ခဲ့ဖူးသည်။

ကျောင်းရှေ့မှာပဲ အငှားကားကို ရပ်စေပြီး ယောက အင်္ဂလိပ်စာဌာနဆီ လျှောက်ဝင်လာခဲ့ပါသည်။ ကိုယ်နဲ့မကျွမ်းဝင်လှပေမဲ့လည်း ဒီကျောင်းထဲကို ယော ရောက်ဖူးပါသည်။ ဆယ်တန်းတုန်းက ဝိုင်းကျူရှင်က ဆရာ, ဆရာမများက တက္ကသိုလ်ထဲက ဆရာ,ဆရာမတွေဖြစ်ရာ သူတို့ကို ကြိုရင်း ပို့ရင်း ကျောင်းထဲ ခဏခဏ ရောက်သည်။





သူငယ်ချင်း တစ်ယောက် နှစ်ယောက်နှင့် တောဝင်ဆောင် ကဲင်တင်းတို့ အီကိုကဲင်တင်းတို့မှာ စားသောက်ဖူးသည်။

"ဟဲ့ ... ခင်ခင်ယော"

ခေါ်သံကြောင့် ယော ယောင်နန ကြောင်တက်တက်လေးဖြစ်ကာ ခြေလှမ်းတုံ့သွားသည်။ သူ့ကို ဘယ်သူက ဒီနေရာမျိုးမှာ နာမည်ခေါ်နိုင်တာပါလိမ့်။ ယော မျက်လုံးတို့က ရှေ့နားက သစ်ပင်စည်ပတ်ခုံဝိုင်းကလေးမှာ ထိုင်နေသည့် မိန်းကလေးတစ်ယောက်ထံ ရောက်သွားကာ ...

"ဟယ် ... သင်းသင်း"

ယောက တအံ့တဩ ရေရွတ်မိကာ သင်းသင်းထံ လှမ်းသွားလိုက်ပါသည်။ သင်းသင်းဟာ သူငယ်ချင်းတော့ သူငယ်ချင်း။ အရင်းအချာတော့ မဟုတ်။ သူ့စိတ်က တစ်မျိုး။ လိုသော်တစ်မျိုး မလိုသော်တစ်မျိုး။ ပြီးတော့ ပြိုင်တတ် ဆိုင်တတ် စိတ်ရှုပ်တတ်သည်။ ပါးစပ်ကလည်း ဘယ်သူ့ကိုမဆို ဖိနှိမ်ပြောထွက်နှင့် ဝန်မလေး။

ဒါကြောင့် ယောမှာ သူ့ကို ခပ်ကြောက်ကြောက်ဆန့်လန့်နှင့် မရဲတရဲ ပေါင်းရသည်။

"နင့်ကိုလေ ထားထားက သိပ်အမြင်ကတ်တာပဲတဲ့၊ ကြည့်လို့ကို မရဘူးတဲ့ သိလား"ဆိုတဲ့ စကားမျိုး (သွားပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



နှီးလည်းအထဲတွေ ပြောတတ်သည်။ ယောကလည်း သတ္တိမကောင်း သူ့ခြေရာ ထားထားကိုသွားပြီး "ဟဲ့ ... နင် ငါ့ကို အဲသလို ပြောထား" လို့ မေးရှာပါ။ မမေးရဲမှန်းသိလို့လည်း သင်းသင်းက ပြောထား ခြင်းသည်။

သူ ကြည့်မရရင် မဆီမဆိုင် နှိပ်ကွပ်ကဲ့ရဲ့စကားတွေကို သူများက ပြောသလို နာမည်တပ်ပြီး ပြောတတ်တော့သည်။ ယောမှာ အောင့်သက်သက်နှင့် ခံရပေါင်းများပြီ။ ဥပမာ မွေ့လေးတိုန်းက အလှူမင်္ဂလာပွဲ တစ်ခုခုမှာ ယော လှလှပပ ထင်ထင်ပေါ်ပေါ် ဖြစ်သွားကာ လူစိတ်ဝင်စားခံရပြီဟေ့ဆိုလျှင် သူ တကူးတက ရောက်လာပြီး ...

"ဟဲ့ ... ခင်ခင်ယော၊ နင် အဲဒီပွဲတုန်းက ဘယ်လိုကြီး ဝတ်လာတာလဲ၊ သူများတွေက နင့်ကို အောက်လိုက်တာ ပြောတော့ ငါက ဘယ်ခံချင်မှာလဲ၊ လှလှပပ စတိုင်ကျကျ ဝတ်စမ်းပါဟယ်၊' အဲဒီနေ့ကတော့ သူများပြောလည်း ပြောစရာ၊ နင်ကလည်း အရမ်းရွဲတာပဲ"

အဲဒါမျိုးကို မဟုတ်နိုင်ဘူးလို့ ထင်ရက်နှင့် ပြန်ပြောစရာစကားမရှိ၊ ပြောလည်း မပြောတတ်ပဲ ဘလိုင်းကြီး ကြိတ်မှိတ်ခံလိုက်ရတာမျိုး ဖြစ်သည်။ တစ်လမ်းတည်း နေကြသူများ ဖြစ်၍ ယောက မခေါ်ပဲ နေရမှာလည်း မျက်နှာပူသည်။ ဘွားဘွားကပင်





"ဒီကလေးမက သမီးကို ကျိတ်မနာလိုနေတာ၊ စိတ်လည်းပုပ်တယ်၊ ခပ်ခွာခွာနေစမ်း သမီးရယ်"လို့ တားမြစ်ဖူးသည်။ ယောကတော့ သိကျွမ်းခင်မင်ဖူးပြီးသူကို ကိုယ့်ဘက်က ဘာအတွက်ကြောင့်မှ မခေါ် မပြောမဲ မလုပ်ဝံ့ မလုပ်ရက်။ အားနာသည် မျက်နှာပူသည်။ ဒါကြောင့် အလိုက်သင့် ခေါ်ပြောကာ သူငယ်ချင်း ဖြစ်နေရပါသည်။

သင်းသင်းအနား ယော ရောက်သွားလျှင် ...

"ဟဲ့ ... နင် ဘယ်တုန်းက ရန်ကုန် ရောက်နေတာလဲ"

"သိပ်မကြာသေးဘူးဟဲ့၊ လေး,ငါးရက်ပေါ့"

"အလည်လား"

"ဟင့်အင်း၊ မေမေ့ဆီ နေနေတာ"

"နင့်အမေအိမ်က ဘယ်မှာလဲ"

"အင်းယားမြိုင်ထဲမှာ"

"လိပ်စာပေးထားဦး"

"အေး ... ပေးမှာပေါ့၊ နင် ကျောင်းဆက်တက်ဖြစ်တယ်ပေါ့၊ ဟုတ်လား သင်းသင်း"

"အင်း ... တက်မယ် မတက်ဘူးနဲ့ပဲ၊ နောက်တော့ တက်ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ထွက်သွားတော့ ရန်ကုန်က အဒေါ်အိမ်မှာနေပြီး ထူးထူးတစ်ခုမှာ အလုပ်ဝင်မလို့ဆို"

"ဒီရောက်မှ အဒေါ်ကလည်း အလုပ်မလုပ်ပါနဲ့ဦးဆိုလို့၊ ကျောင်းဆက်တက်လို့လည်း မီတယ်မဟုတ်လား၊ ဒါနဲ့ ဆက်တက်နေတာ၊ နင်နဲ့တောင် မတွေ့တာ ကြာနေပြီ၊ နောက်ဆုံးတစ်ခေါက် ကျောင်းပိတ်ရက် ငါအလည်ပြန်လာတော့လည်း တွေ့တောင် မတွေ့လိုက်ရဘူး"

"အဲဒီတုန်းက ဘွားဘွားကို ဆိုင်ထွက်ပေးနေတာလေ"

"နင့်အဘွား ဆုံးသွားတယ်နော်၊ စိတ်တောင်မကောင်းဘူး"

"ဟုတ်တယ်၊ ငါးလ ပြည့်တော့မယ်"

"နင် ဒီကျောင်းထဲ ဘာလာလုပ်တာလဲ"

ယောသည် စကားငါးခွန်းပြည့်လျှင် တစ်ခွန်းက သူတစ်ပါးကို နှိပ်ကွပ်ကဲ့ရဲ့စကား ဖြစ်တတ်တဲ့ သင်းသင်းအကြောင်း သိပြီးဖြစ်၍ ခုထိ စကားကောင်း ပြောနေတာကို အံ့အားသင့်သလိုလို ရှိရာမှ ဒီမေးခွန်းကို ကြားရလျှင်မူ သတိထား၍ မျက်နှာလေးကို ကြွန္မြေဆည်ရင်း ...

"ဒီလိုပဲ ကျောင်းထဲဝင်လည်ချင်တာနဲ့ ဝင်လာခဲ့တာ၊ ရန်ကုန်မှာ ဆယ်တန်းဖြေတုန်းကပဲ နောက်ဆုံးရောက်ခဲ့ရတာ၊ မရောက်တာ ကြာတာနဲ့"





သင်းသင်းကို အမှန်အတိုင်း ရွှေသွေး လာရှာတယ်လို့ ပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ သင်းသင်းဟာ ယောတို့ ရွှေသွေးတို့နှင့် မေဂျာမတူပေမဲ့ ရွှေသွေးကို အသေအချာ သိတာပဲ။ ခေါ်ပြောနှုတ်ဆက် အရောတဝင် ပြုခဲ့တာပဲ။ အခြားမိန်းကလေးတစ်ချို့နည်းတူ ရွှေသွေးကို စိတ်ကူးယဉ် ရေလာမြှောင်းပေးချင်ခဲ့တဲ့ အထဲ သင်းသင်းလည်း အပါ။

တစ်လမ်းတည်း နေတာမို့ ယောရဲ့အိမ်ကို ရွှေသွေး ရောက်လာလျှင် လမ်းထဲ ကားဝင်လာကတည်းက သိနေကာ ဘာလိုလို ညာလိုလိုနှင့် အိမ်ကိုကူးလာတတ်ပြီး "ခင်ခင်ယောရေ အားလား၊ ဘုရားကြီး ခဏလိုက်ခဲ့ပေးမလားလို့၊ ဪ ... ညီသည် ရောက်နေတာလား"နှင့် သူတော်ကောင်းမလေးအလား ဘုရားသွားဖို့ ခေါ်လားခေါ်ရဲ့။

မကောင်းတတ်တာနဲ့ ယောကပဲ သင်းသင်းကို ရွှေသွေးနဲ့ မိတ်ဆက်ပေးခဲ့ဖူးတာပါ။

"တစ်ယောက်တည်း လာရတယ်လို့ဟယ်၊ ခုထိ အဖော် မရှာသေးဘူးလား ဟင်း ဟင်း"

"အဖော်မရှိပါဘူး၊ ရှာလည်း မရှာပါဘူး၊ နင်ရော"

"ငါလား၊ ဟင်း ဟင်း၊ ခဏနေ လာလိမ့်မယ်၊ နင်ခဏ ထိုင်စောင့်ပေါ့၊ နင်နဲ့လည်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အတိုချုံ့ရင်တော့ ခဏနေ ရောက်လာတဲ့ ရွှေသွေးကို ချောင်းအိမ်းအမ်းကြီး ကြည့်ပြီး ယော ဆို့နင်နင်ကြီး ဖြစ်သွားတော့သည်။ ထိုင်နေတဲ့ ခုံပိုင်းပေါ်က လျှောချပြီး ရွှေသွေးလက်ကို သွားတွဲချိတ်တဲ့ သင်းသင်းကို အံ့အားတသင့် ကြည့်နေမိသည်။ ရွှေသွေးကတော့ ယောကို အနည်းငယ် မျက်နှာပူဟန်တော့ရှိသည်။

သို့သော် အနှစ်နှစ်အလလ အဖြေမရတဲ့ မိန်းကလေးကို လက်လျှော့ပြီး နောက်တစ်ယောက် တွေ့သွားတာအတွက် အပြစ်မရှိဘူးလို့လည်း ယူဆဟန် ပေါ့ပေါ့ပါးပါးပဲ ယောကို နှုတ်ဆက်ပါသည်။ ယောသည် တစ်စ,စီတော့ ကျိုးပဲ့မသွား ဒါပေမဲ့ ရက်တက်တက်ကြီးနှင့် အောင့်သက်သက်ကြီးတော့ ဖြစ်သည်။

ကြေကွဲလှတာ မဟုတ်သော်လည်း စိတ်လှုပ်ရှားလျှင် (ပျော်စရာဖြစ်ဖြစ် ဝမ်းနည်းစရာဖြစ်ဖြစ်) မျက်ရည်ဝဲတတ်တဲ့ မကောင်းသော အကျင့်ကလည်း ရှိလေရာ မျက်ရည်ဝဲမိသလိုဖြစ်လာသည်။ နားထဲမှာတော့ ...

"နင်မို့လို့ ခင်ခင်ယောရယ်၊ ဒီကောင်က ပိုက်ဆံချမ်းသာတာပဲ ရှိတာ၊ မိန်းမတစ်ပြုံကြီးကြားက တစ်ဦးတည်းသောသား မြေးဆိုတော့ ကန့်ကလန့်လို့ နင်မထင်ဘူးလား၊ ငါ





ကြားတာတော့ သူက ခြောက်တောက်တောက်တဲ့နော်၊ ကြည့်လုပ်ဦး၊ မိန်းမရှုပ်တဲ့လူကို ယူမိတာမှ တော်သေးမယ်၊ အခြောက်နဲ့ ညားရင်တော့ အရှက်ကွဲပြီမှတ်"

အိမ်ကို တကူးတက လာပြောဖူးတဲ့ သင်းသင်းရဲ့ စကား (ခုနကအထိ မေ့တော့တော့ သတိမရတော့ပဲ ရှိတာ)ကို ရုတ်ခနဲ အမှတ်ရလာခဲ့သည်။ ခုတော့ သူပြောခဲ့တဲ့ အခြောက်ကြီးလက်ကို သူပဲချိတ်လို့။

"ယော ... နေကောင်းတယ်နော်၊ ဘွားဘွားငြိမ်း ဆုံးတာကြားရတာ အရမ်းစိတ်မကောင်း ဖြစ်တာ၊ ပြန်မလာနိုင်လို့သာ၊ ဖုန်းဆက်သေးတယ်၊ အန်တီကြည်ကြည်နဲ့ တွေ့တယ်၊ ယောကို မနှောင့်ယှက်ချင်တော့လို့ နားနေပါစေဆိုပြီး မခေါ်ခိုင်းလိုက်တာ"

"သြော် ... အင်း ... အန်တီကြည် ပြောပါတယ်"

"အခု ရန်ကုန်မှာပဲ ယောအမေနဲ့ နေတော့မှာလား"

"ဟုတ်ကဲ့၊ အဲ ... ဟုတ်တယ်၊ မေမေနဲ့ပဲ နေတော့မယ်"

"အိမ်မှာပဲပေါ့၊ ဘာလုပ်နေလဲ"

"ဟုတ် ...၊ အဟဲ ...၊ ဘာမှမလုပ်ဘူး၊ အားနေတာပဲ၊ ခုမှ ရောက်ကာစ ဆိုတော့လေ၊ အိမ်မှာပဲ၊ ဒီနေ့လည်း ပျင်းလို့ ကျောင်းဘက် လမ်းလျှောက်ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းက အောင်နိုင်သူ မျက်နှာနှင့် ရွှေသွေးလက်ထဲ ဗိုင်ဗိုင်ချိတ်လျက် ယောကို အတိအကျ အကဲခတ်နေသည်။ ရုပ်က မော်မော်ပြုံးပြုံး။ ထိုရုပ်ကို အခံရခက်၍ ပိုတောင်မှ ရှုတ်ရှည်ဝဲချင်သည်။ ငါနဲ့နော် ... သူတို့ရိုပ်မိရင်တော့ ရွှေသွေး ရည်းစားရသွားလို့ အလူးအလဲ ခံစားရပြီထင်တော့မှာပဲ။ တကယ်တော့ သင်းသင်းကို အသည်းယား ကုတ်ဆွဲချင်ပြီး ထိုစိတ်လှုပ်ရှားခြင်းကြောင့် မျက်ရည်ကြည် ရစ်လာတာ။

မဖြစ်ချေဘူး ... လစ်မှ။

"သြော် ... လှည်းတန်းဈေးဘက် ဝင်ရဦးမယ်၊ မိုးရွာလာရင် ခက်မယ်၊ သွားလိုက်ဦးမှပဲ"

ဟန်လုပ်သော ရယ်ကျဲကျဲရုပ်နှင့် ယောပုံစံက သင်းသင်း မျက်စိထဲတော့ ပညာနုသေးတဲ့ မလောက်လေး မလောက်စား။ သင်းသင်းက ခြောက်ပစ်ကင်း လှုပလွန်းနေသေးတဲ့ ယောကို ရွှေသွေး ဘယ်လိုခံစားချက်နှင့် ကြည့်နေသလဲ၊ မနာလို သဝန်တိုစွာ အကဲခတ်နေရင်း ...

"သြော် ... ခင်ခင်ယောကလည်း၊ ခုပဲ ကျောင်းထဲဝင်လာကာစ ရှိသေးတယ်၊ ဆက်မဝင်တော့ဘူးလား၊ အေးဆေးပေါ့"

"ဟင့်အင်း ... မအေးဆေးဘူး၊ ခုမှ သတိရတာ၊ ဝယ်စရာရှိသေးတယ်"





"ကိုယ်တို့လည်း သွားကြတော့မှာ၊ ယော လိုက်ခဲ့လေ၊ ဈေးရှေ့ ချပေးခဲ့မယ်"

"အယ် ... နေပစေ ရွှေသွေး၊ ရတယ်၊ ယော လမ်းလျှောက်ချင်သေးတယ်၊ သွားမယ်နော်၊ သွားမယ် သင်းသင်း"

စိတ်ထဲ ကျိတ်မုန်းတီး အမြင်ကတ်နေပြီဖြစ်သော သင်းသင်းကိုပင် ဟောဒီပါးစပ်က အားနာပါးနာ နှုတ်ဆက်လိုက်သေးသည်။ မကြိုက်တဲ့လူကို မကြိုက်သလို ဆက်ဆံဖို့ ယောဘစ်ယောက်ဟာ မဝံ့ရဲ။ သူတို့ကား ယော ဘေးကဖြတ်မောင်းကာ ကျောင်းပြင်ထွက်သွားတော့ တစ်ယောက်တည်း ဒေါတွေ အလိပ်လိုက် အလိပ်လိုက် ပွတက်လာကာ ရင်ထဲပြည့်ကျပ်ကယ်လာသည်။

ခုနက လူရှေ့သူရှေ့ မပွင့်လင်းဝံ့တဲ့ ဒေါသတွေ မခံချင်မှုတွေက ရင်ထဲ ရှန်းရင်းဆန်ခတ် ထကြွလာသည်။ ဘောက်တစ်ချက်ပင် ခေါက်မိပြီး အံကိုလည်း ကြိတ်ထားမိသည်။ ရွှေသွေး ရည်းစားရသွားလို့ ဘာမှမဖြစ်။

ယောကိုကျ တစ်မျိုးပြောပြီး တစ်ဖက်မှာကျတော့ ရွှေသွေး အချစ်ကို ရအောင်လုပ်ယူသွားပြီး အဲဒီ အောင်မြင်မှုအတွက်လည်း ပီတိတွေဖြာကာ ခပ်ကြော့ကြော့ကြီး ဂုဏ်မောက်နေတဲ့ သင်းသင်းကိုသာ သိပ်အသည်းယားပြီး မခံချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုခံချင်စိတ်ကြောင့်ပင် မျက်ရည်တွေ လည်လည်လာသော။ ယောသည် ရုတ်တရက် ပစ်ထိုင်ချချင်၍ နေရာရှာရာ လမ်းတစ်ဖက်ကမ်း မှော်ရုံရှေ့ မှတ်တိုင်မှာ လူရှင်းနေတဲ့အပြင် ထစ်လစ်နေတဲ့ ထိုင်စရာခုံကလေးတွေ မြင်တာကြောင့် လမ်းဖြတ်ကူးပြီး မှတ်တိုင်က ခုံကလေးတစ်ခုမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်ပါသည်။

လမ်းလျှောက်လာရတာထက် မခံချင်စိတ် လှုပ်ရှားရိုက်ခတ်ခြင်းကြောင့် မောကြီးပန်းကြီး ဖြစ်လာကာ အသက်ကို ပြင်းပြင်းရှူနေမိလေသည်။ မျက်ရည်ကြည်တွေ စိမ့်တက်လာလိုက် မျက်တောင် ပုတ်ခတ်လိုက်။ လူရှင်းနေလို့ပေပဲ။ ယောပုံစံက ငိုချတော့မလိုပုံစံ သိသာနေလိမ့်မည်။

"ဟော့ကောင် ... ငဒေ"

"ဘာလဲ"

"မှတ်တိုင်ကို ကြည့်စမ်း"

အောင်ဇေ့ စကားကြောင့် ပလက်ဖောင်းပေါ် ငုံ့ကြည့်လျှောက်လာနေတဲ့ ကျော်ဒေဝက လှမ်းကြည့်လိုက်သည်။ မြင်လိုက်တာနှင့် ရင်ထဲ ဝုန်းခနဲ လှုပ်ရှားပျော်ရွှင်သွားခြင်းကို ထိန်းမရ။ မမ ...။ ပြန်တွေ့တယ် ... ကြည့်စမ်း။





ကျောင်းမှာ ပြိုင်ပွဲရှိ၍ သူနှင့် အောင်ဇေ သထုံလမ်းဘက်ကျောင်းမှာ တင်းနစ်စိစ် လေ့ကျင့်ကစားပြီး ပြန်လာတာဖြစ်သည်။ ဘမင်တကာ လမ်းလျှောက်ချင်၍ ကားကို ကျောင်းမှာ ထားရစ်သည်။ ငနေ့ကိုတော့ မခေါ်ခဲ့။ ကျောင်းကစားတွေ လွှတ်မည်စိုး၍ တစ်ယောက်တော့ အတန်းတက်ရ ကူးရမည်ဖြစ်ရာ ငနေ့အများ အဲဒီတာဝန် အမြဲလို ယူရသည်။

သထုံလမ်းက ထွက်လာပြီး ကျောင်းဘက်မပြန်ဘဲ ယုဉ်းတန်းမှာ ကော်ဖီအေး သွားသောက်မည်လို့ ကြံရွယ်ပြီး ဒီဘက်ကို လျှောက်လာကြတာ။ ငနေ့ဖို့လည်း မုန့်ဝယ်သွားရမည်ဖြစ်သည်။ ခုတော့ မမျှော်လင့်ပဲ ဘတ်စ်ကားမှတ်တိုင်မှာ "မမ" ကို လာတွေ့နေသည်။

ငနေ့ကိုတောင် ...

"ငနေ ... နင်တို့ လမ်းထဲ ရပ်ကွက်ထဲကို ခပ်လှလှ မမ တစ်ယောက် အခြေလာချတာ သတင်းကြားရင် ငါ့ကို စုံစမ်းပေးစမ်း၊ လေဆိပ်မှာ တွေ့ခဲ့တာ၊ မမ တစ်ယောက်ကွာ၊ အရမ်းချစ်စရာ ကောင်းတာ၊ အင်းယားမြိုင်ထဲက သူ့အမေနဲ့ သူ့ညီမအိမ်မှာနေဖို့ မန္တလေးက ရောက်လာတာ ဆိုတာပဲ သိတယ်၊ လိပ်စာမသိ နာမည်မသိ၊ အဲဒါ နင် စုံစမ်းစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ငနေက မျက်မှောင်ကုတ်ကုတ်နှင့် ...

"ခင်း ရှပ်ဦးမလို့ မဟုတ်လား၊ စုံစမ်းမပေးနိုင်ဘူး ဟော့ကောင်၊ သိပ်စိတ်ဝင်စားရင် ကိုယ့်ဟာကိုယ် ရအောင် စုံစမ်း ..."တဲ့။

ဘုပြောတဲ့ ငနေ့ကို ဒေါပွပြီး မစုံစမ်းပေးလည်း နေပေါ့ကွာလို့ ထားပစ်လိုက်တာ။ ခုတော့ လာထပ်ဆုံနေပြီ။ နဖူးစာ ရေစက်ဆိုလား ဘာဆိုလား။

"ဟိုမမ မဟုတ်လား"

"သေချာတာပေါ့"

ကျော်ဒေဝသည် ခပ်သွက်သွက် လျှောက်ကာ ဘာမပြော ညာမပြောနှင့် မမရဲ့ခုံနှင့် ကပ်ရက်ခုံလေးမှာ ပစ်ဝင်ထိုင်ချလိုက်ပါသည်။

"ပလုတ်တုတ်"

ယောသည် ယောင်ယမ်းအော်ဟစ်မိကာ ခုံလွတ်တွေ ရှိပါလျက် ကပ်ရပ်ခုံကိုမှ ဝုန်းဆို ထိုင်ချတဲ့လူကို ဒေါခပ်ပွပွနှင့် လှည့်ကြည့်လိုက်သည်။ စပို့ရှပ်နီရဲရဲ၊ အောင်းဘီတိုဖြူဖြူနှင့် သူ့ပုံက ဝင်းကာ ထင်းနေပြီး တစ်ကိုယ်လုံးမှာတော့ ချွေးသံတရွှဲရွှဲဖြစ်ကာ ချွေးစော်တွေလည်း နံဟောင်နေပါသည်။

"မ, တစ်ယောက်တည်း ဘာလုပ်နေတာလဲ"





ခပ်တည်တည် မေးတဲ့သူကို မျက်ရည်လည်နေဆဲ မျက်လုံးများနှင့် ကြည့်ရင်း ကြည့်ရင်း မှတ်မိလာဆဲ ...

"ဟာ ... မ,ငိုနေတယ်"

ဝုန်းခနဲ အမောတကော မေးလိုက်တဲ့ သူ့ကြောင့် ယောမှာ တွန့်ခနဲ လန့်သွားကာ ရှက်လည်း ရှက်သွားပါသည်။

"ဘယ်မှာ ငိုလို့လဲ"

"ငိုတယ်၊ ငိုတယ်၊ မျက်ရည်တွေက မကျသေးတာပဲ ရှိတယ်၊ ကျဖို့ မျက်ခမ်းရစ်ကလေးပေါ် တင်နေပြီ။ မငိုသေးဘူးဆိုရင် ငိုတော့မှာ"

"ကျွတ်"

ယောက သူပြောတဲ့ မျက်ခမ်းရစ်ကလေးပေါ်က မျက်ရည်ကို ပွတ်သုတ်လိုက်ပါသည်။ ပါးပေါ်အထိ မျက်ရည်တွေက ပွတ်လူးစိုစွတ်သွားရသည်။

"မ, ဘာဖြစ်တာလဲ ပြော"

"ဟာ ... ဘာမှ မဖြစ်ဘူး"

"ဖြစ်တယ်၊ ဘာဖြစ်လို့လဲ ... ဘယ်လာတာလဲ၊ ဘယ်သူ့ဆီလဲ"

"ကျောင်းထဲကို လာတာ၊ သူငယ်ချင်း ... ဟို ... အဲ ..."

လိုက်လိုက်လျောလျော ဖြေနေမိပြီးမှ ယောက မျက်မှောင်ကုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ပြောရမှာလဲ၊ မင်းနဲ့ ဘာဆိုင်လို့ လာမေးနေတာလဲ"

"ဆိုင်တယ်ဗျ၊ မ,နဲ့ ကျွန်တော်နဲ့ အသိလေ၊ ကိုယ့်အသိ ထိုင်ငိုနေတာကို မမြင်ယောင်ဆောင်ပြီး ဆက်ထွက်သွားရမှာလား"

"ဘယ်မှာ သိလို့လဲ"

"သိတယ်လေ ... လေဆိပ်မှာ"

"မြင်ဖူးတာပဲဟာ၊ ကဲပါ ... သွားစရာလမ်းကို သွားစမ်းပါ၊ ကိုယ့်ဟာကိုယ် ထိုင်နေချင်တာတောင် လာရှုပ်နေတယ်"

"မ,ကိုယ့်ဟာကိုယ် ထိုင်နေချင်လောက်အောင် ဘယ်သူလုပ်လဲ"

"ဘယ်သူမှ မလုပ်ဘူး၊ ကျွတ် ... ဒုက္ခပါပဲ"

"ပြောပြော၊ ပြောပြ"

"ဘာပြောရမှာလဲ"

"အဲဒီလူ နာမည်လေ"

"ရွှေသွေး ...၊ အား ..."

ယောသည် ယောင်ယောင်မှားမှား လွှတ်ခနဲ ပြောလိုက်မိတဲ့ ကိုယ့်ပါးစပ်ကိုယ် တကယ်ပဲ ပိတ်ရိုက်ပစ်လိုက်မိ





သည်။ စိတ်ညစ်လိုက်တာ။ ဒီကောင်လေးတွေ ရောက်လာတာနဲ့ ဆက်ထိုင်နေဖို့ မသင့်တော့ပါဘူး။ ဘာကောင်လေးမှန်းလဲ မသိဘူး။

ယောသည် ဖြူဖွေးဝင်းဖန့်နေတဲ့ ကောင်ချောကလေးကို မျက်စောင်းထိုးကာ ကြည့်လိုက်သော် သူ့ကို စိုးရိမ်ပူပန်တကြီး တကယ်စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေတာနှင့် သွားတိုး၍ ရှိုးတိုးရှန့်တန့် ဖြစ်သွားရသည်။

"ရွှေသွေး ဆိုတာ ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ဘူး၊ မင်းနဲ့လည်း ဘာမှမဆိုင်ဘူး"

"မ,ရည်းစားလား"

"ဟယ် ... မင်း ဘယ်လိုကောင်စားလေးလဲ၊ ခုမှသိရတဲ့ မိန်းကလေးတစ်ယောက်ကို ဘာတွေ လာစပ်စုနေတာလဲ၊ မင်းကို တရင်းတနှီးနဲ့ ဘယ်သူက ပြောပြမှာလဲ"

"ကျွန်တော့်ကို မ,စိတ်ထဲက မရင်းနှီးဘူးပေါ့"

ကျော်ဒေဝက မကျေမနပ် မေးမိသည်။ သူကတော့ တစ်ဖက်သတ် စိတ်ထဲက ရင်းနှီးနေတာ။ စိတ်လည်း ဝင်စားနေတာ။ ရင်တွေ လှုပ်ရှားတုန်ယင်နေတာ။ ဒီအဖြစ်ဟာ ကျော်ဒေဝ ဘဝမှာ မရှိ၊ ကျော်ဒေဝ ဆိုတာ မိန်းကလေးတွေက စ,လိုက်နေကြရတဲ့ ကောင်ပါဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မယ်၊ မလိုက်လာနဲ့ဦး"

ယောက မပွင့်တပွင့် နှုတ်ဆက်ရင်း တားမြစ်စကား လည်း တစ်ခါတည်းဆိုကာ ကားတစ်စီးကို လက်တားလိုက်ပြန်ရာ ဒီတစ်ကြိမ်လည်း ကျော်ဒေဝမှာ မှုန်တေတေ ထုံပေပေ ကျန်ရစ် ရပြန်သည်။





၄

"ဟာ ... အဲဒီနေ့ကတည်းကတော့ မပြောဘူး၊ နေနေက မမ အိပ်ရာထဲ တခွေခွေ ဖြစ်နေတာ မန္တလေးကို လွမ်းနေ တယ်ထင်တာ၊ ခုမှပဲ ဘာဖြစ်နေတာလဲ မေးမိမှ"

"ဟဲ့ ... နင့်ကို အလကားနေရင်း ဘာလို့ ပြောနေရမှာလဲ နေနေရဲ့"

နေနေက ယောကို အကဲခတ်ရင်း ...

"မမ ... အဲဒီရွှေသွေးကို မကြွေတာတော့ သေချာပါတယ် နော်"

"မကြွေပါဘူးဟယ်၊ တကယ်ပါ၊ ငါ သင်းသင်းကိုပဲ မခံချိ မခံသာ ဖြစ်နေတာပါ၊ အသည်းထဲမှာ တနုံ့နုံ့နဲ့ ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့မယ်။ တွေ့ကြသေးတာပေါ့၊ အဲဒီ ရွှေသွေးရောင်သင်းသင်းရော"

"အဲ — ဘာမှ လျှောက်မလုပ်နဲ့နော် နေနေ၊ ပြဿနာတွေ ရှုပ်မယ်၊ ပြီးတော့ ရှက်စရာကြီး၊ မ,ကပဲ သူ့ကိုလက်လွှတ်ရလို့ ပူလောင်နေသလို ဖြစ်နေဦးမယ်"

"နေနေ ဘာမှလုပ်စရာ မလိုဘူး၊ ဘော်ဒါတွေ ရှိပါတယ်၊ အဲဒီ ဘော်ဒါတွေနဲ့လည်း ကျောင်းကလွဲရင် ခုတလော ဝေးနေတာကြာပြီ"

ယောသည် ဖြူသန့်တဲ့ ငဒေ ဆိုတဲ့ ကောင်လေးကို မြင်ယောင်လာသည်။ နေနေ့ ဘော်ဒါတွေနှင့် တွေ့ဆုံကြုံကြိုက်နေရတာ နေနေ့ကို မပြောဖြစ်ပါ။ ဘာရယ်လို့တော့ မဟုတ်။ ကိုယ့်ထက်အငယ် ကောင်ကလေးတွေနှင့် ချက်ချင်းလက်ငင်း သိကျွမ်းလိုက်မိတာမျိုး နေနေ သိမှာ ရှက်လို့ဖြစ်သည်။

"ဘာလို့ ဝေးနေတာလဲ"

"အရင်က ဒီကောင်တွေနဲ့ နေ့တိုင်းတွက်နေတာပဲ၊ ဒါပေမဲ့ ခုတလော တမင်လှိုနေတာ။ အိမ်လည်းမလာနဲ့ ပြောထားတာ"

"ဘာလို့လဲ"





"ဟား … ငဒေ ဆိုတဲ့ကောင်က ငစွံ၊ ကောင်မလေးတွေ သူ့ကို ကြွေကြသလား မမေးနဲ့၊ သူကလည်း ပြန်ပြန်အီတတ်တယ်၊ ရည်းစားများတဲ့ကောင်၊ ဟုတ်တာလည်း မဟုတ်ဘဲနဲ့၊ အပျော်တွေ ရှုပ်နေတာ၊ နေနေ့မှာ အစ်မရှိပြီး အစ်မက သိပ်လှနေတော့ ဒီကောင်တွေနဲ့ တမင်ပေးမတွေ့တာ၊ မမကို ဒီနှစ်ကောင် ရိုတ်မှာစိုးလို့"

ယောက သဘောတကျနှင့် တဟင်းဟင်း ရယ်မိပါသည်။ နေနေက ပေးမတွေ့ပေမဲ့ သူတို့နှင့် ယောက တွေ့ဖူးပြီးနေပြီဖြစ်ရာ နေနေ့ကို မလုံမလဲ ခိုးကြည့်ရသေးသည်။

"ကဲ … လာ … မမရာ၊ ပျင်းတယ်၊ ကျောင်းပိတ်ရက်ကျရင် အဲလိုပဲ၊ ဘယ်မှ မသွားရတော့ ယောင်ချာချာနဲ့၊ လှည်းတန်းမှာ ကြေးအိုးသွားသောက်မယ်၊ ဗိုက်လည်းဆာတယ်"

"မိုးတဖွဲဖွဲ ရွာနေတဲ့ဟာ"

"ဟာ … မိုးရွာနေတော့ ကြေးအိုးလေးနဲ့ ဇိမ်ပေါ့ မမရ၊ ကိုယ့်ကား ကိုယ်မောင်းသွားမှာပဲဟာ၊ မိုးဖွဲဖွဲ သည်းသည်း ဘာဖြစ်လဲ"

"အကျႌ လဲရမှာလည်း ပျင်းစရာ"



www.burmeseclassic.com

www.burmeseclassic.com



"မယဲ့နဲ့၊ အဲဒီ မမကလေ ညောင်ညို ညောင်ညိုနဲ့ အားမရ ဘော လာဝါ၊ ပျော့ပျော့ရွှင်ရွှင် တက်တက်ကြွကြွ နေပါ စေရ"

ယောသည် နေနေ့ လက်ဆွဲခေါ်တဲ့နောက် တစ္ တန်းတန်း ပါသွားရင်း ...

"မ, ဒီလိုပဲ နေတတ်တာပါ နေနေရာ"

ပြောရင်း ဆိုရင်းနှင့်ပင် ဖိနပ်ကိုပင် ကတိုက်ကရိုက် စွပ်ရကာ နေနေ ဖွင့်ပေးတဲ့ ကားတံခါးမှတစ်ဆင့် နေနေ့ကားထဲ ဝင်ထိုင်ရပါသည်။ အိမ်ကကားနှစ်စီးမှာ တစ်စီးကို နေနေ အပိုင် စီးထား၍ အန်ကယ်ထွန်းနှင့် မေမေမှာ တစ်စီးပဲ သုံးရပါသည်။

"နေနေ ... ကားဖြည်းဖြည်းမောင်းဟယ်"

နေနေသည် ပြောနေတဲ့ကြားက တလှစ်လှစ် တဝှစ် ဝှစ်နှင့် လှည်းတန်းကို ချက်ချင်းပဲ ရောက်လာပါသည်။ မိုးလေး ကလည်း တဖွေဖွေ။

"ဟိုမှာ ... ဟိုမှာ ဈေးရှေ့ရပ်လေ"

"အင်း ... အဲဒါမှ အဖမ်းခံထိမှာ"

"ဟိုမှာ ... နှစ်စင်းရပ်ထားတာ မဖမ်းပါဘူး"

"အခု မဖမ်းဘူး၊ နံပါတ်ပဲ မှတ်ထားလိုက်တာ၊ လိုင်စင် သွားဝင်မှ ကိုယ်မသိတဲ့ ပြစ်မှုတွေ တထောကြီး ထွက်လာ ပြီး ဒဏ်ငွေတွေမှ အင့်ခနဲ ဆောင်ရရော"





နေနေက ကားကို ဟိုးရှေ့က ပြန်ကွေ့ပြီး ကုန် တိုက်ကြီးရှေ့ ပါကင်မှာ ထိုးရပ်လိုက်ပါသည်။ နှစ်ယောက်သား ဆင်းလိုက်ပြီး ထီးတစ်ချောင်း ဖွင့်ဆောင်း၍ နေနေ ဦးဆောင်ရာ မီးပွိုင့်ဘက် ပြန်လျှောက်ခဲ့ကြသည်။

"ဟိုဘက်ကွေ့လိုက်ပြီးမှ အဲကွန်းနဲ့ဆိုင် ရှိတယ်၊ ကြေးအိုး က အဲကွန်းဆိုင်ထဲ စားမှ မိတာ"

လျှောက်လာရင်း မီးပွိုင့်ဆီပင် မရောက်သေး၊ လူတွေ ရုတ်ရုတ်သဲသဲ ပြေးပြေးလွှားလွှား ဝရုန်းသုန်းကား တွေ့ လိုက်ရတာမို့ ယောက အလန့်တကြားနှင့် ...

"ဟယ် ... ဘာဖြစ်တာလဲ နေနေ"

"အိုးမိုင်ဂေါ့ ... ဟိုမှာ ငွေ့ကား၊ ငွေတို့ ငွေတို့ ဖြမ် ပြီထင်တယ်၊ မမ ဒီမှာ ရပ်နေခဲ့ဦး၊ နေနေ ဟိုကောင်တွေဆီ လမ်းကူးရှာဦးမယ်"

"နင် မသွားနဲ့လေ နေနေ... နေနေ ..."

ယော အော်ဟစ် တားမြစ်သော်လည်း မရတော့။ နေနေက ယော လက်ထဲ ထီးထိုးထည့်ကာ လမ်းတစ်ဖက်ခြမ်းကို ပြေးကူးသွားပြီ။

ကော်ဖီ၊ အအေး၊ စနက်ခ်တချို့ရတဲ့ ဆိုင်ဖြစ်ရာ ယောသည် အပေါက်ဝနားက စားပွဲလေးမှာပဲ နေနေ့ကို မြင်ရ အောင် လမ်းမဘက် လှည့်ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ကော်ဖီအေး တစ်ခွက်"

ဆိုင်ထဲ ဝင်ထိုင်မိကာမှတော့ တစ်ခုခုတော့ မှာရသေးတော့သည်။ ပြီးလျှင် လမ်းဟိုဘက်ကမ်းကို မျှော်ကာ နေနေ့ကို ရှာသည်။ မိုးတဖွဲဖွဲထဲ နေနေ့ အရိပ်အယောင် မမြင်။ ရင်တထိတ်ထိတ်ခုန်ကာ စိတ်ပူလာပါသည်။ ဒီကောင်မလေးကလည်း ရဲလိုက်တာ။ ငဒွေကား ဆိုတာကော ဘယ်ဟာပါလိမ့်။

ထိုစဉ် ဖြန်းခနဲ မိုးထဲက ပြေးလာသော လူတစ်ယောက်သည် ယောရှိနေတဲ့ဆိုင်ထဲ လှမ်းဝင်ကာ ယောကိုလည်း ဖျတ်ခနဲအတွေ့ ယောရှိရာစားပွဲတွင် လမ်းမကိုကျောခိုင်းကာ ဝင်ထိုင်လိုက်ပါသည်။ ဝင်ထိုင်လိုက်သည်နှင့် ပြုံးစစနှင့် ယောကို စိုက်ကြည့်နေရင်း သူ့ကိုယ်ပေါ်က ခေါင်းဆောင်းပါတဲ့ ဂျာကင်ကို ချွတ်ကာ ပြောင်းပြန်လှန်ဝတ်လိုက်သည်။

အပြာရောင် ဂျာကင်ကနေ ပြောင်းပြန်လှန်တော့ အစိမ်းပုပ်အကွက်ဂျာကင်အဖြစ် ပြောင်းလဲသွားရာ သူက ခေါင်းဆောင်းကိုလည်း ခေါင်းပေါ် အုပ်ဆောင်းထားလိုက်ပါသည်။

"မမ"

"ဟင်"

ယောသည် မခို့တရို့ ပြုံးနှင့် ကောင်ကလေးကို ကြက်သေ,သေကာ ငိုင်စိုက်ကြည့်နေမိသည်။ ဟိုကောင်လေး





ဆံပင်ဘုတ်သိုက်။ ခုတော့ သူ့ဆံပင်တို့က ရေစိုကာ ပုံပျက်လျက် ဂျာကင်ခေါင်းဆောင်းရဲ့ အောက်မှ ဖရိုဖရဲ နဖူးပေါ် ဝဲပြန့်ကျနေသည်။

"မင်း ... မင်း ... မင်း ..."

"ဖြည်းဖြည်းပြောပါ မမ,ရဲ့ ... အဟင်းဟင်း"

"ကျော်ဒေဝတို့နဲ့ ... မင်း ... မင်း ..."

"ငဒွေ" နာမည် "ကျော်ဒေဝ"ကို ယောက အသေအချာ မှတ်မိနေပြန်သည်။ ကောင်လေးက နှာခေါင်းတစ်ချက် ရှုံ့ပြီး ပြုံးရိရိနှင့်ပင် ...

"ကျွန်တော် မဖြစ်ပါဘူး၊ ကျွန်တော်က ကျွန်တော့်ဘာသာ ဒီနားမှာ ရှိနေတာ၊ ကျော်ဒေဝတို့လည်း ရှိနေတော့ ကျော်ဒေဝနဲ့ ကျွန်တော်က ဆုံလို့မဖြစ်လို့ ကျွန်တော် ဒီဘက်ကို ပြေးလာတာ"

ယောက မကျိုက်သလို မှုန်တေတေ ကြည့်လိုက်လျှင် သူ့ခတင့်က ယောရဲ့မျက်နှာလေးကို အလုံးစုံ သိမ်းကျုံးကြည့်ရင်း ...

"မမ"

"ဘာလဲ"

ယောက အင်တင်တင် ခပ်တိုးတိုး ထူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို သိလား"

"သိသားပဲ"

"သိတယ် ! ဟုတ်လား ! ... ဒါဖြင့် ကျွန်တော် ဘယ်သူလဲ"

"အို ... အဲလိုတော့ ဘယ်သိမလဲ၊ ဟို ... လေဆိပ်မှာ သိနေ့တာကို ပြောတာ"

သုခတင့်သည် ယောကို မျက်တောင်မခတ် မျက်နှာမလွှဲ အရေးတကြီး ကြည့်ပုံမျိုးနှင့် အနုလုံပဋိလုံ ကြည့်နေပြီးလျှင် ...

"မမ ... မမက အရမ်းလှတာပဲနော်၊ မမကို အဲသလောက် လှလိမ့်မယ်လို့ ကျွန်တော် မထင်ထားဘူး"

"ထင်ထားရအောင် တစ်နေ့မှာ တွေ့မယ်လို့ သိတာကျလို့"

"သိတယ်လေ၊ မမနဲ့ ကျွန်တော် တစ်နေ့တော့ တွေ့ရမှာပေါ့၊ မမက ခင်ခင်ယော မဟုတ်လား"

"ဟင်"

ယော အလန့်တကြား ဖြစ်သွားပြီး ပြုံးတုံ့တုံ့ ချစ်စဖွယ်ကောင်လေးရဲ့ မျက်နှာကို အဖြေရှာသလို ကြည့်ရှုမိကာ_

"မင်း ဘယ်လိုလုပ်သိလဲ မ,နာမည်ကို"





"မမ ... မမ တကယ် ကျွန်တော့်ကို မသိဘူးလား"

ယောက ရီလဲ့တဲ့ ကောင်လေးရဲ့ မျက်ဝန်းတို့ကို ငြိန်ကာငေးကြည့်နေမိသည်။ ဘယ်လိုလေးမှန်းမသိ တစ်မျိုးလေး ချစ်ဖို့ကောင်းလှတဲ့ ကောင်လေးရဲ့ ဟန်ပန်သွင်ပြင်တို့နှင့် မျက်ဝန်းကလေးတို့က ယောနှလုံးသားကို နွေးထွေးစေသည်။ တစ်မျိုးထဲ သူ့အကြည့်က ယော အပေါ် တစ်မြတ်တစ်နိုး တန်ဖိုးတထားရှိလှသည်။

"မင်းက ဘယ်သူလဲ"

"ကျွန်တော် သုခတင့်လေ မမ"

"သုခတင့် ! ! "

"ဟုတ်ကောင် ... သုခတင့်"

ကျောဘက်က မာဆတ်ဆတ် အသံကြောင့် သုခတင့်က လှည့်ကြည့်လိုက်ပါသည်။ ယောကို လှမ်းမြင်လို့ ပြေးလာတဲ့ နေနေ့နောက်မှာ ကျော်ဒေဝနှင့် အောင်ဇေ ကပ်ပါလာတာဖြစ်သည်။

ကျော်ဒေဝသည် နေနေက "ငါ့အစ်မ ပျောက်လို့ ရှာကြပါဦး"ဆိုလို့ ဟိုဒီ ငေးငဲ့ကြည့်ကတည်းက ဒီဆိုင်ထဲက စမကို လှမ်းမြင်သည်။ သူ ကြည့်နေရာကို နေနေက လိုက်ကြည့်မိ၍ ယောကို ရှာတွေ့တာပင်။ နေနေ့ နောက်က ထက်ကြပ်မကွာ ပြေးလိုက်ခဲ့ပြီး လူကလည်း ဒေါသတွေ ဆူပွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



, စနေက ရန်ပွဲထဲ ကျော်ဒေဝ မပါလိုက်သလို အကြီးအကျယ်လည်း စိတ်တို ဒေါသဖြစ်ရတာ မရှိလိုက်။ ယော အနားမှာ သုခတင့်ကို တွေ့လိုက်မှ အကြီးအကျယ် သွေးဆူပွက်လာတော့တာ။ ဒီကောင် ဘာလာကပ်လုပ်နေပြန်သလဲ။ အလကားကောင်။

"ဘာလဲ၊ ငါ့ကို ဘယ်သူ ခေါ်တာလဲ"

"ငါ ခေါ်တာကွာ"

"ဘာကိစ္စလဲ"

"မင်း ဒီမှာ ဘာလုပ်နေတာလဲ"

"ဘာလုပ်လုပ် မင်းကိစ္စလား"

"ငါ့ကိစ္စပဲ ဟေ့ကောင်"

"ဘယ်လိုဖြစ်လို့ မင်းကိစ္စလဲ"

"ဟေ့ကောင် ... ဒါ နေနေ့ အစ်မကွ၊ ခင်ခင်ယောတဲ့၊ နေနေ့အစ်မဟာ ငါတို့နဲ့ ပတ်သက်တာပဲ၊ မင်းက နာမည်တောင် သိလို့လား"

"မင်းက နေခြည် ပြောလို့ နာမည်သိတာ ဖြစ်မှာပါ၊ ဘာဆန်းလဲ၊ ငါက ငါ့ဟာငါ မမရဲ့နာမည် သိပြီးသား။ မဟုတ်ဘူးလား မမကို မေးကြည့်ပါလား"





ယောသည် ကျော်ဒေဝထံ မရဲတရဲ မျက်လုံးရောက်သွားမိလျှင် စူပုပ်ပုပ် ကျော်ဒေဝရဲ့ မျက်လုံးတောက်တောက်တွေက ယောကို မေးခွန်းထုတ်သလို ကြည့်လာသည်။ သူဘာမှတောင် မေးရဘဲ ယောက ယောဘာသာ နေရခက်ကာ ...

"ဟုတ် ... ဟုတ်တယ်၊ သူ မ,နာမည် သိတယ်"

"မ,ကို ကျွန်တော် မေးလို့လား"

ကျော်ဒေဝက ခပ်ဆတ်ဆတ် ဟောက်လိုက်၍ ယောက ခပ်ရွံ့ရွံ့လေး ငြိမ်သွားပါသည်။ ကျော်ဒေဝရဲ့ အမြဲတစေ နက်ရှိုင်းအားပါသော မျက်လုံးတို့ကို ယောက ဖြူပါသည်။ သူဟာ တစ်မျိုးလွှမ်းမိုးနိုင်စားနိုင်သူ ဖြစ်သည်။ သူ့ကို မတော်လှန်ရဲစေတဲ့ စွမ်းအင်တစ်မျိုး သူ့မှာရှိသည်။

နေနေက စိတ်ပျက်သလို ခါးထောက်ကာ သူ့အစ်မကို ကြည့်နေပါသည်။ မမဟာ ပျော့စိ ပျော့ညံ့နဲ့ ဘာမှန်းကို မသိ။ ခုလည်း သုခတင့်ကို ဘယ်တုန်းက ဘယ်လောက်သိလို့ လက်ခံစကား ပြောနေရတာလဲ။ နေနေတို့ အင်္ဂလိပ်ဘာသာ ကျောင်းသားတစ်စုနှင့် သုခတင့်တို့ ဂျပန်ဘာသာ ကျောင်းသားတစ်စုတို့ဟာ အုပ်စုလိုက် မတည့်ကြတာ ပထမနှစ်ကတည်းက ...။

ကျော်ဒေဝတို့ အုပ်စုဝင်ဖြစ်တဲ့ နေနေက (ကိုယ်ကယောကျ်ားစစ်စစ် မဟုတ်တော့) ရန်ပွဲမှာ မပါဝင်ရသော်ငြားလည်း သုခတင့်ကိုတော့ ရန်သူလို့ပဲ သဘောထားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မတောလည်း တွေ့ကရာလူနဲ့ စကားပြောစရာလား၊ ဒီကောင်နဲ့ ဘယ်တုန်းက သိနေလိုက်တာလဲ"

"တို့လေ ... လေဆိပ်မှာ နေနေရဲ့"

"ဒီကောင်က ကောင်းတဲ့ကောင် မဟုတ်ဘူး"

သုခတင့်က နေနေ့ကို ပြုံးကြည့်ရင်း ...

"နေခြည် ... မင်းနဲ့တော့ ငါ ရန်မဖြစ်ဘူးကွာ"

"ဘာပြောတယ်ကွ"

"ငါ မမ,ကို ဧအးအေးဆေးဆေး စကားပြောနေတာပါ နေခြည်ရ၊ ငါ ဘာမှ မနှောင့်ယှက်ပါဘူး၊ မမ, ငါ့ကို မမှတ်မိဘူးလား မေးနေတာပါ"

"မင်းကို မမက ဘာဖြစ်လို့ မှတ်မိရမှာလဲ၊ မှတ်မိရအောင် ဘယ်တုန်းက ပတ်သက်ဖူးလို့လဲ"

"မင်း မသိပါဘူး နေခြည်ရာ၊ မင်း အသာနေစမ်းပါ၊ ဒါ ငါ့မမ"

သုခတင့်ရဲ့ ပြုံးရိရိဟန်ကြောင့် နေနေက ဒေါပွလာကာ ...

"ဟေ့ကောင် ... သုခတင့်၊ သွားကွာ၊ သွားဆို သွားကွာ"

ယောသည် သူတို့ ရန်လိုနေမှုထဲ စိတ်ညစ်လာပါသည်။ သုခတင့်နဲ့ စကားပြောနေရကောင်းလား ဆိုတဲ့ မခံချိ





မခံသာ ခံစားရတဲ့ ခံစားချက်မျိုးပါတဲ့ ကျော်ဒေဝ မျက်ဝန်းတွေက သူ့ကို မလွှဲမဖယ် ကြည့်နေတာကိုလည်း ရင်ထဲမှာ အပြစ်ရှိသလို ခံစားရသည်။

သူတို့က သုံးယောက် သုခတင့်က တစ်ယောက်တည်း ဖြစ်နေတဲ့ အခြေအနေမို့လည်း သုခတင့်ဘက်ကို ကြင်နာသနားတဲ့ ခံစားချက်မျိုးလည်း ရင်ထဲရှိနေရပြန်ပါသည်။ ကျော်ဒေဝကို ကြည့်လိုက်၊ သုခတင့်ကို ကြည့်လိုက်နှင့် ဘာလုပ်ရမှန်းမသိအောင် စိတ်မကောင်း ဖြစ်နေကာ ဤကောင်လေးနှစ်ယောက်လုံး အပေါ် ယော စိတ်တွေ နူးနူးညံ့ညံ့ သက်ရောက်နေမိတာကိုလည်း ယော သတိပြုမိလာပါသည်။

သုခတင့်က ဘေးက သုံးယောက်ကို ဂရုမစိုက်ပဲ ...

"မမ ... ကျွန်တော့်ကို မသိဘူးလား၊ သေချာစဉ်းစားလိုက်စမ်းပါ"

"ဟေ့ကောင်"

ကျော်ဒေဝ အသံက မခံချိ မခံသာ ကျားဟိန်းသလို။ သုခတင့်က "ကျစ်"ခနဲ စုတ်သတ်သံပြုကာ လက်နှစ်ဖက်နှင့် မျက်နှာကို စိတ်ရှုပ်လက်ရှုပ် ပွတ်ပစ်ရင်း ...

"မင်းတို့ တအားရှုပ်တာပဲ ... တောက်"

ကျော်ဒေဝက စားပွဲကို ဖြန်းခနဲ ပုတ်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း သွားတော့လို့ ပြောနေတယ်နော်၊ မှတ်မိလား မမှတ်မိဘူးလားနဲ့ မရှိတဲ့ ပြဇာတ်ထဲက ဇာတ်တွက်တွေ လာထွင်မနေနဲ့၊ ငါ့မမတဲ့၊ ဘယ်တုန်းက မောင်နှမ တော်သွားရပြန်လဲ မသိဘူး၊ မ,က ဘယ်သိမလဲ ကွ၊ ဘယ်တုန်းကမှ သိစရာအကြောင်း မရှိခဲ့တာ၊ သိစရာ ဘာမှမရှိဘူး၊ မင်း နန္ဒနဲ့ ကြည်ဖော် မရှိတော့ကတည်းက သတ္တိတွေ ကြောင်ပြီး ရန်ပွဲကို ရှောင်ချင် ပုန်းချင်လို့ ဒီ ဆိုင်ထဲ ပြေးထိုင်တာ၊ မ,ကိုတွေ့တော့ စကားရော ဖော ရောနဲ့ ပြောမိ ပြောရာတွေ ဇာတ်လမ်းထွင် ပြောနေတာ...

ငါတို့ကို ဖောရှောတွေ လာမလုပ်နဲ့ ဟော့ကောင်၊ အကုန်ပေါက်တယ်၊ မင်း ရွှေ့တော့၊ မင်းကဏ္ဍ ကုန်ဆုံး သွားပြီ"

သုခတင့်က ကျော်ဒေဝကို စိတ်ပျက်သလိုကြည့်ကာ လက်ညှိုးတစ်ချောင်းထောင်၍ တဆတ်ဆတ်လှုပ်ရင်း ...

"မင်းနော် ... မင်းစကားကို သတိထားပြော၊ မင်းနာမယ်၊ ငါ ဘာမှ မမကို ဖောရှောလုပ်စရာ မလိုဘူး၊ ငါ အတည် ပြောနေတာ၊ အမှန်အကန်တွေ ပြောနေတာ၊ မင်းနားမ လည်ရင် ပါးစပ်ပိတ်ထား"

"ဘာလို့ နာရမှာလဲ၊ လာလေ၊ ဘယ်သူနာမလဲ သိရအောင် လေ"





"ဟား ... မင်းလို ကောင်မလေးတွေနဲ့ လျှောက်တွဲပြီး အီစီအီစီတွေလုပ်၊ ရန်လေးတစ်ပွဲ နှစ်ပွဲ ဖြစ်ဖူးပြီး လက် သီးလေး သုံး,လေးလုံး ထိုးဖူးတဲ့ကောင်ကို ငါက ဖိုက်ရင် ငါ ရှိုင်းရာကျမှာပေါ့ကွ"

တကယ့် ဂျစ်ကန်ကန် ရန်ပွဲတကာ မရှောင်တာက သုခတင့် ဖြစ်သည်။ ကျော်ဒေဝ ရန်ဖြစ်ဖူးတယ်ဆိုတာ အုပ်စု လိုက် အုပ်စုတောင့်လို့ပင်။ ဒီကောင့်လောက်တော့ မမိုက်။ သုခ တင့် စကားကု ဟုတ်တဲ့အပြင် မ,ရှေ့မှာ ကောင်မလေးတွေနဲ့ကိစ္စ ချပြောလိုက်၍ ကျော်ဒေဝ အမှိုက်ထိကာ ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။

"ဟော့ကောင် ... မင်း ... မင်းလုပါးဝလှချည်လား ... တောက်"

"ဒေဒေ ... နေစမ်း"

နေနေက လက်ကာတားရင်း ...

"ဟော့ကောင် ... မင်း ဒီက ထွက်သွားစမ်း၊ ငါ့အစ်မနား မှာ မင်းကိုမြင်ရတာ သိပ်ကျက်သရေတုံးနေတယ်"

"အိုကေ ... ကဲ ... ငါသွားတော့မယ်"

ဖြုန်းခနဲ သုခတင့် ထ,ရပ်လိုက်၍ မတ်တတ်ရပ် နေသော နေနေတို့ သုံးယောက် နောက်ဆုတ် ဘေးဖယ် ရှဲပေး လိုက်စဉ် သူလည်းပဲ ဆိုင်ထဲမှအထွက် ယောရဲ့လက်တစ်ဖက်ကို လည်း ဖျတ်ခနဲဆွဲကာ သူနှင့် ထကျြပ်မကွာ ဆွဲခေါ်ထုတ်သွား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

ရုတ်တရက် ကြောင်အမ်းသွားတဲ့ ယောသည် ချက်ချင်းသတင်းမှာရန်းဖို့ သတိမရမိဘဲ သူ့ရဲ့လျင်မြန်လှတဲ့ ဆွဲခေါ်မှုနောက်သို့ ကိုယ်လေးကိုင်းကာ ကသုတ်ကရက် ပါသွားရပါသည်။

"မမ, တက် ... တက် ... ကားပေါ် မြန်မြန်တက်",

ဆိုင်ရှေ့မှာပင် ရပ်ထားတဲ့ ဘေးတံခါးမပါသော ပုံစံခပ်ဆန်းဆန်း ဂျစ်ကားအနက်ရောင်ပြောင်ပြောင် တစ်စီးပေါ်သို့ သုခတင့်က ယောကို အရင်တွန်းထိုးတင်ကာ သူက တစ်ဖက်ကို ဖျတ်ခနဲ အပြေးအလွှား ကွေ့ပတ်ခုန်တက်လိုက်သည်။ ကြောင်တောင်တောင်ကြီးတွေ ဖြစ်နေကြတဲ့ နေနေတို့ သုံးယောက်မှာ သူတို့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်အပျက်ကို မယုံနိုင်အောင် ကြက်သေ,သေကာ ငေးနေကြရာမှ ရုတ်တရက် သတိဝင်လာကြလျှင် ...

"မမ, မမ, ဟော့ကောင်"

သုခတင့် ကားပေါ်ရောက်တာနှင့် လက်က စက်ကို ဝိုးခေါက်နှင့် ချက်ချင်းနှိုးလိုက်ပြီးကာ ကားကလည်း ရှင်းရှင်းမို့ ဝူးခနဲ မောင်းထွက်လိုက်တော့သည်မှာ အဖြစ်အပျက် အားလုံး စက္ကန့်ပိုင်းအတွင်း ပြီးဆုံးသွားခဲ့တာပင်။

"ဟော့ကောင် ... ခွေးမသား၊ သူတောင်းစား၊ ဟာ ... တောက်"





နောက်မှ နေနေတို့သုံးယောက်သား ခုန်ပေါက်ကျန်ရှိသည်။

"ဟယ် ... မင်း ... မင်း ဘယ်လိုလုပ်တာလဲ၊ ရိုင်းလှချည်လား၊ ကားကိုရပ်စမ်း၊ မ,ဆင်းမယ် မလိုက်ဘူး"

သူ့ဘက်က သာသာထိုးထိုးပါတဲ့ မီးပွိုင့်ကလည်း မိုးနေရာ ကားက ဝုစ်ခနဲ ဖြတ်မောင်းလွှတ်မြောက်သွားသည်။

"မမ, ကျွန်တော် ဘာသဘောမှ မဟုတ်ပါဘူး၊ မမကို မေးချင်တာပဲရှိလို့၊ မမကို အိမ်ပဲပြန်ပို့မှာ၊ အင်းယားမြိုင် ဘယ်နားလဲ၊ နေခြည်အစ်မ ဆိုတော့ အင်းယားမြိုင်ထဲမှာ မှန်းတော့ သိတယ်၊ အိမ်မသိဘူး လမ်းညွှန်ဦး"

"မင်း ဘာဖြစ်လို့ မ,ကို ကားပေါ် ..."

"မမ, ကျွန်တော့်ကို တကယ် သိ,မသိ မေးချင်လို့ပါဆိုမှ"

"မင်းကို မသိပါဘူး ... သိမှ မသိတာ၊ ဒါပဲမို့လား၊ ကားရပ်"

"မမ စိတ်ဆိုးသွားတာလားဟင်၊ ကျွန်တော်က စိတ်ထဲမှာ မမကို တအားခင်မင် ကျွမ်းဝင်ပြီး ရင်းနှီးနေပြီးသားမို့လို့ပါ၊ မမ စိတ်ထဲမှာ ကျွန်တော့်ကို တကယ်မသိဘူးလား၊ လေးလေးနက်နက် ဖြေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ယောက သုခတင့်ကို ငုံကြည့်ကာ ...

"အမှန်အတိုင်း ပြောရရင်တော့ မင်းကို မြင်တဲ့အခါမှာ အရင်ကတည်းက သိကျွမ်းဖူးတဲ့သူလို ရင်းနှီးမှုမျိုးတော့ စိတ်ထဲမှာ ဖြစ်လာတယ်၊ ဒါပေမဲ့ တကယ်တော့ မသိဘူး လေ"

သုခတင့်က ပြုံးနေပါသည်။ ယောဘက်လှည့်ကာ အရိပ်တကြည့်ကြည့် ကြည့်ရင်း မောင်းလာပြီး ချက်ချင်းပင် အင်းယားမြိုင်ထဲ ရောက်လာသည်။

"မမ, ဘယ်နားလဲ"

"ရှေ့နားပဲ ရောက်တော့မယ်၊ သိပ်မဝင်ရဘူး"

ယော လက်ညှိုးညွှန်ပြတဲ့ ခြံရှေ့ သုခတင့်က ဂျစ်ကားကို ထိုးရပ်ပေးလိုက်လျှင် ယောက ခပ်မြန်မြန်လေး ခုန်ဆင်းပြီးမှ သက်ပြင်းလေးတစ်ချက်ကို ချလိုက်မိပါသည်။ အိမ်ကိုပဲ တန်းပို့လို့ တော်ပါသေးရဲ့။ အတော်ဗွတ်တရွတ်ကျတဲ့ ကောင်လေးပဲ။ ယောမှာ လန့်လိုက် ဖျပ်လိုက်ရတာ။

"မမကို အိမ်ပဲ တန်းပို့တာနော်၊ မမ နေနေတဲ့ အိမ်ကိုလည်း သိချင်လို့ပါ၊ ဟိုဟိုဒီဒီ လျှောက်ခေါ်သွားတာ မဟုတ်ဘူးနော် မမ၊ ကျွန်တော် လူဆိုးမဟုတ်ဘူးနော်"

"ဒါပေမဲ့ လက်ကို အတင်းဆွဲပြေးပြီး ကားပေါ်အတင်းတင်တယ်၊ မ,က လိုက်မယ်လို့ မပြောဘဲနဲ့"





"မမကို ကျွန်တော်က စိတ်ထဲက ရင်ထဲက တအားရင်းနှီးပြီးသား ဖြစ်နေလို့ပါ၊ မမ နောက်တော့ သိလာသိမ့်မယ်၊ သိလာရင် မမလည်း ကျွန်တော့်ကို ချစ်လာ ခင်လာမှာ"

"ဘာ"

ယော မျက်နှာလေးနီနီနှင့် အော်မိဆဲ ဟိုးလမ်းထိပ်ဘက်မှ ပါဂျရိုးကားတစ်စီးက အရှိန်ပြင်းပြင်းနှင့် ဒလကြမ်းဝင်လာတာ မြင်လိုက်ရလျှင် အလိုလို ထိတ်ခနဲဖြစ်ပြီး ...

"ဟယ် ... အဲဒါ ကျော်ဒေဝတို့ လိုက်လာတာလား မသိဘူး"

"အစစ်ပေါ့၊ အဲဒါ အဲဒီသူဌေးတားရဲ့ကားပဲ"

"ဟယ် ... အဲလိုပဲ လူတစ်ဖက်သားကို ပြောစရာလား"

"ပြောစရာပေါ့၊ မုန်းစရာကြီးကို"

"ကဲ ... ကဲ ... မင်း မြန်မြန်မောင်းထွက်သွားတော့လေ သုခတင့်"

သုခတင့်က ပြုံးချိုချိုလေး မျက်ခုံးပင့်ကာ ...

"မမ ကျွန်တော့်နာမည် ခေါ်ပြီနော်၊ ပျော်လိုက်တာ၊ ကဲ ... ကျွန်တော် လစ်မယ် မမ၊ ဒီအိမ်ဖုန်း ပေးစမ်းပါ"

ယောမှာ ပေးရနိုး မပေးရနိုး ချီတုံချတုံနှင့်။ ကျော်ဒေဝ ကားကလည်း နီးကပ်လာပြီ။ အနားရောက်မှ တုံ့ခနဲရပ်မည့် ပုံစံမို့ ယောက နေရာဖယ်၍ရပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ သုခတင့်"

သုခတင့်က မျက်ခုံးလေး ပင့်ချည်ချချည်လုပ်ရင်း သူ့လက်သုံးချောင်းကို ခေါက်ဆုပ်ကာ လက်မ၊ လက်သန်းတို့နှင့် ဖုန်းပြောတဲ့သဏ္ဌာန် လုပ်ပြနေတာမို့ ...

"ကဲ ... ကဲ ... ဖုန်းက (53----)၊ မြန်မြန်သွား၊ ရန်ဖြစ်နေဦးမယ်"

"အိုကေ ... ဘိုင့်ဘိုင် မမ"

သုခတင့်က နဂိုတည်းက စက်သပ်မထားတဲ့ ကားကို ဝူးခနဲ ဒလကြမ်း ဆောင့်မောင်းထွက်သွားပါတော့သည်။ သူ့ကားလည်းထွက် ပါဂျရိုးလည်းရပ်။ ပါဂျရိုးရှေ့ခန်းမှ နေနေ ဆင်းလာကာ ...

"မမ ... မမကို ဟိုကောင် ဘာလုပ်သေးလဲ"

"ဘာမှ မလုပ်ပါဘူး၊ တကယ် ဘာမှ မလုပ်ဘူး၊ ခုမှ အိမ်ရှေ့ချသွားတာပဲ နေနေရဲ့"

"သူက ဘာအတွက် ခေါ်သွားတာလဲ"

"ဟိုဒင်းလေ ... သူ့ကို သိသလား ဆိုတာ မေးတာ"

"သူ့ကို သိရအောင် ... တောက် ... သူက ဘာမို့လဲ၊ မပြောလိုက်ချင်ဘူး၊ အလကားကောင်၊ ငါ့အစ်မကို အစချည်နေပြီ ... တောက် ..."





"မဟုတ်ပါဘူး နေနေရယ်၊ သူလည်း နေနေတို့နဲ့ ရွယ်တူပဲ၊ လူငယ်လေးပဲ ရှိသေးတာပဲ၊ ရိုးရိုးပါ၊ သူ မ,ကို မြင်ဖူးထားမိလို့ ဖြစ်ပါလိမ့်မယ်"

"ဒေဒေ ... ခု ကြေးအိုးပြန်စားမယ် မဟုတ်လား"

"ဟုတ်တယ်"

"လာ ... မမ ပြန်တက်၊ ပြန်လိုက်ခဲ့"

"ဟာ ... မလိုက်တော့ဘူးလေ၊ အိမ်ရှေ့ပဲ ရောက်နေပြီ၊ အိမ်မှာပဲ နေခဲ့လိုက်တော့မယ်လေ"

"လုံးဝမရဘူး"

ကားထဲက အသံကျယ်ကြီး ထွက်လာ၍ ယောက ခဲ့တရဲ့ လှမ်းကာကြည့်လိုက်လျှင် ...

"နေနေ ... မင်း ... ဖေဖေနဲ့ နောက်ကတက်၊ မ,လာခဲ့၊ ရှေ့ကတက်"

"ဟိုလေ"

နေနေက သူ့ဘော်ဒါကားကို နာခံလှကာ နောက်ခန်းတံခါး ဖွင့်တက်သွားပြီ။ ယောရှေ့မှာ ရှေ့ခန်းတံခါးက အသင့်ပွင့်လျက်သား။ မောင်းသူနေရာမှာ ထိုင်နေတဲ့ ကျော်ဒေဝနဲ့ ယောအကြား အဆီးအတား အကွယ်အကာမရှိ။ စူပုပ်ပုပ် ကျော်ဒေဝရဲ့ မျက်နှာကို ယောက ရယ်ချင်လှပါသည်။ အရပ်ကြီး မိုးထိုးနေပေမဲ့ စိတ်ကောက်တဲ့ရုပ်ကြီးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မေ့ကို တစ်ကနေ ရှစ်အထိ ရေမယ် ... ဒါပဲ"

"ဟင် ... ရှစ်တဲ့၊ ကိုးလိုးကန့်လန့်ကြီး"

"ရှစ်က ကျွန်တော့် လပ်ကီးနမ်ဘာ"

"ဪ ... ဪ"

"တစ်"

"နေဦးလေ ... အခုက ဘာသွားလုပ်မှာလဲ"

"ကြေးအိုး သွားစားမယ်၊ နှစ်"

"မ, ဗိုက်မဆာလို့ပါ"

"သုံး"

ယောသည် မျက်ခုံးလေးတွန့်ကာ စိတ်ညစ်ညစ်နှင့် ...

"နေနေ ... နင် ဘာမှ မပြောတော့ဘူးလား"

"မပြောတော့ဘူး၊ ငဒွေ အကြောင်း သိပြီးသား၊ ပြောရင် ပိုနားငြီးမယ်၊ လာပါ မမ၊ ခဏပဲဟာ၊ မိုးလည်းတိတ် နေပြီ"

"လေး ... ငါး ... ခြောက်"

"ဟော့ ... ကျော်ဒေဝ၊ ရပ်ဦး"

ယောက စိတ်တိုသံလေးနှင့် အော်လိုက်လျှင် ကျော် ဒေဝက ယောလို အစ်မကြီးပုပုလေးရဲ့ စိတ်တိုပုံကို ကြည့်ကောင်း သလို ရယ်ချင်သလို ပြုံးစပ်စပ် ဖြစ်လာပြီး ရယ်သံပါကြီးနှင့် ...





"ဘာလဲ"

"အဲဒီဂဏန်းရေတွက်တာကို ရှမ်ပြီး မေ့ကို ကောင်းကောင်း လေးလေးစားစား ခေါ်ပါလား၊ မ,က မင်းတို့ထက်အကြီး၊ ဟိန်းလား ဟောက်လား လိုက်ခိုင်းတာတော့ မကောင်းပါ ဘူး"

ကျော်ဒေဝ မျက်နှာက ပြောင်းလဲချိုသွန်းသွားကာ ...

"ဆောရီး မ,၊ မ, ကျွန်တော်တို့နဲ့ လှည်းတန်းမှာ ကြေးအိုး လိုက်သောက်ပါလား ခင်ဗျာ"

ယောက မျက်စောင်းတစ်ချက်ထိုးပြီး ကားပေါ် ခက်ခက်ခဲခဲ တက်ထိုင် တံခါးပိတ်လိုက်ပါသည်။ ကျော်ဒေဝက ကားမောင်းထွက်လာရင်း ...

"ဟုတ်သားပဲ၊ ဒီကားက အမြင့်ကြီး၊ မ,တက်ရ မလွယ် ဘူး၊ နောက်ကျ ရိုးရိုးဆလွန်းအနိမ့်ပဲ ယူခဲ့လိုက်တော့ မယ်"

"ဟင် ... မ,က ကျော်ဒေဝတို့နဲ့ အမြဲလိုက်နေရတော့မှာ ကျနေတာပဲ"

"လိုက်နေရတော့မှာလေ"

"ဘာဆိုင်လဲ"

"ဟော့ကောင် ... နေနေ။ ဘာဆိုင်လဲတဲ့ မင်းအစ်မက"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဘာဆိုင်လဲ"

"ကျွတ် ... ငနေကကွာ၊ ငါ့ဘက်လည်း မပါဘူး"

"ဟာ ... ငါ့အစ်မဘက်က ပါရဦးမှာပေါ့"

"ဒီမှာ နေနေ၊ မင်းအစ်မ သွားချင်တာရှိသမျှ ငါလိုက်ပို့မယ်၊ ကြားလား၊ မင်းအစ်မတာဝန် ငါယူထားမယ်၊ နို့မို့ ဟိုကောင် အနားလာကပ်ဖို့ ချောင်းနေမှာ"

"အေး ... ဟုတ်တယ်ကွ"

ဟင် ...။ သူတို့ချင်း ပြောဆိုတိုင်ပင်ပြီးစီးနေလိုက်တာ။ ယောကိုဖြင့် ဘာတစ်ခွန်းမှ မမေး။ ဘယ်လိုသဏ္ဍာဝါကလေးတွေလည်း မသိ။ သို့သော် ယောစိတ်တွင် သူတို့အားလုံးသည် နေနေနဲ့ရွယ်တူ၊ ယောထက် သုံးနှစ်ခွဲ လေးနှစ် ငယ်ကြမည့်သူတွေချည်းပဲဆိုတဲ့ အသိရှိနေတာကြောင့်လား မပြောနိုင် စိတ်ဆိုးမရ၊ အပြစ်ပြောမရဘဲ ရှိပါသည်။

ခွင့်လွှတ်ချင်စရာလေးတွေလို့ပဲ တွေးမိတယ်ဆိုရင် ယောက သဘောကောင်းလွန်းအားကြီးရာ ကျမလား မသိ။ တကယ်ပဲ ယောက သုခတင့် အပါအဝင် ငဒေ ငဇေတို့ကိုရော စိတ်ထဲ စိတ်ဆိုးဒေါသ မဖြစ်မိပေ။ သူတို့ဟာ ချစ်စရာ ခင်စရာလေးတွေလို့ပင် ထင်ပါသေးသည်။





သူတို့နဲ့ တွေ့ကြုံမှ ယောမှာ ရင်ထိတ်လိုက်ရ၊ ထန့်လိုက်ရ၊ အပြေးအလွှား ဖြစ်လိုက်ရ၊ ခွကျလိုက်ရ၊ ရှက်ရ၊ ရင်ဖိုရ၊ အယောင်ယောင် အမှားမှား ဖြစ်ရနှင့် မကြုံဖူးတဲ့ အတွေ့အကြုံ အသစ်အဆန်းတွေ ကြုံနေရကာ သူပါ ကလေးပြန်ဖြစ်လာတယ်တောင် ထင်မိသည်။ ဝန်ခံရရင် ရန်ကုန်ရောက်တာ ဘာမှမရှိသေး။ သုခတင့်တို့ ဒေဒေတို့ကြောင့် ယော မပျင်းပဲ ပျော်နေရပါသည်။

ကျော်ဒေဝက တစ်နေရာမှာ ကားရပ်ကာ မုန့်လုံခန်းနှင့် ကြေးအိုးဆိုင်ကလေးထဲ ဦးဆောင်ဝင်လာရင်း ...

"လာလေ မ"

"ငဒေ ... ငါကား ငါသွားပြန်ယူရွှေ့လိုက်ဦးမယ်"

"ပြီးမှသွားမယ်လေ၊ စားပြီးမှ ငါ့ကားနဲ့ပဲ မင်းကားဆီ ကွေ့ပေးမယ်၊ အဲဒီတော့မှ ကားချင်းလဲထိုင်တော့၊ အခုသွားရွှေ့မနေနဲ့တော့"

ထို့နောက်တော့ ကြေးအိုးအသီးသီးမှာကာ နေနေက ကျော်ဒေဝနှင့် အောင်ဇေတို့ကို ဟိုတစ်နေ့က ရွှေသွေးတို့ သင်းသင်းတို့အကြောင်း မဆီမဆိုင် ဖောက်သည်ချနေပါသည်။ ယောမှာ ရှက်ကိုးရှက်ကန်းနှင့် ...

"နေနေ ... နင် ဘာတွေပြောပြနေတာလဲ၊ ပြောစရာလည်း မလိုပဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ _ ဒေဒေက အဲဒီနေ့က မမ ငိုတာ တွေ့လို့ဆိုပြီး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ တတွတ်တွတ် ဒါပဲမေးနေတာ။ အဲဒါကြောင့် ပြောပြနေတာ၊ မပြောရင် ဒီကောင် ငြီးမှာ မဟုတ်ဘူး"

"အဲဒီနေ့က ဘယ်မှာ ငိုလို့လဲ"

"ဒီလောက် မျက်ရည်တွေ ထွက်နေတာ"

"မထွက်သေးပါဘူးနော်"

"ဘာပဲဖြစ်ဖြစ် ဒီဓာတ်လမ်းကို မကြိုက်ဘူး၊ ဘာလိုင်းကြီး သစ္စာဖောက်တဲ့ဓာတ်လမ်း ဖြစ်နေတယ်"

"အို ... သစ္စာဖောက်တယ်လို့တော့ ရွှေသွေးကို စွပ်စွဲလို့ မရပါဘူး၊ ကျော်ဒေဝ ပြဿနာသွားမရှာပါနဲ့နော်"

"အဲဒီ ရွှေသွေးထက်ကို သင်းသင်း ဆိုတဲ့ တစ်ယောက် အကြောင်းကို နားထောင်လို့ မကောင်းဘူး၊ မ,ဘက်ကိုကျတော့ ဒီလူကို အခြောက်ကြီးနီးပါး ပြောဖျက်ပြီး သူကျတော့ ဘတ်ဆို ကောက်တွဲလိုက်တယ်"

"အို ... ဒါပေမဲ့ သူဖျက်လို့ မ,က လက်မခံခဲ့တာလည်း မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ ကိုယ့်ဟာကိုယ် လက်မခံတာပါ၊ ဒါ မ,အတွက် ပြဿနာကြီး တစ်ခုလည်း မဟုတ်ပါဘူး၊ သူ့အခြေအနေနဲ့သူ ဖြစ်ဖို့ကံရှိတဲ့အတိုင်း ဖြစ်သွားတာပါ၊ ထားလိုက်ပါ"





"ဘယ်ဟုတ်မလဲ၊ မ,က တုံးတုံးလေး အအ,လေး"

ယောက ကျော်ဒေဝကို မျက်စောင်းထိုးလိုက်၍ အနေနှင့် အောင်ဇေက ဝင်ရယ်ကြပါသည်။

"ဟုတ်တယ်လေ၊ ဒီလို ရိုးအ,တာလေးကို အခွင့်ကောင်းယူပြီး ကြောမဲ့သူ စီးပိုးမဲ့သူ ဆိုရင် ဝင်ဆုံးမပေးရမှာပဲ၊ လက်မခံနိုင်ပါဘူး"

"ကျော်ဒေဝနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ"

ကျော်ဒေဝက ခပ်သွက်သွက် ဖြေပြီးမှ နည်းနည်း ရှက်သွားသလို ခပ်အမ်းအမ်း ဖြစ်သွားပြီး ချက်ချင်းပဲ ဣန္ဒြေဆည်လျက် ...

"ဆိုင်တယ်"

ခပ်ပြတ်ပြတ် ထပ်ပြီး အတည်ပြု နိုင်မာစေလိုက်ပါသည်။ ပြောအပြီး မေးစေ့ကိုပင့်လျက် စိတ်ကောက်သလိုပုံစံ လုပ်နေပြန်သည်။ ယောက ရယ်ချင်လာသည်။ ဘယ်လိုကောင်လေးမှန်း မသိဘူး။ လူကောင်ကကြီးကြီး ရုပ်က စူပုပ်ပုပ်။ သူ့ကို ယောက လူရင်းမထားတဲ့ စကားမျိုး အဓိပ္ပာယ်မျိုး ဆိုမိပြန်မှ ချင် စိတ်က ကောက်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောကကော ခုမှ တွေ့ရတာ ရက်ပိုင်းပဲ ရှိသေး
တဲ့ ကောင်လေးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး လှရင်းထား
မှာလဲ။ စိတ်ထဲကတော့ ရင်းနှီးခင်မင်ပါတယ်။ ဘာကြောင့်မှန်း
မသိ ချက်ချင်းပဲ ရင်းနှီးခင်မင်ပါတယ်။

"ငနေ"

"အင်း"

"မင်းအစ်မနဲ့ တခြားဘယ်ကောင်နဲ့မှ မသက်ဆိုင်ရာ
ဆိုတာ မင်း သဘောပေါက်တယ် မဟုတ်လား၊ ဟိုကော
သုခတင့် အထူးသဖြင့်"

"ဒါပေါ့"

"ငါကတော့ မင်းသူငယ်ချင်းအရင်း ဖြစ်တဲ့အတွက် ငါ
ကိုယ်တိုင် မ,ကို စောင့်ရှောက်မယ်"

နေနေက အောက်နှုတ်ခမ်းကို အထဲထည့်ပြီး အပေါ်
ရှေ့သွားကို ခေါပြလိုက်တဲ့ အမူအရာကြောင့် ယော မအောင့်နိုင်
ဂဲ ရယ်မိကာ ကျော်ဒေဝကတော့ မျက်နှာမှုန်ကုပ်သွားရင်း

"ဘာလဲ ... မင်း သဘောမတူဘူးလား"

"ငါက ဘာပြောနေသေးလို့လဲ၊ သဘောတူပါတယ်ကွာ
တူပါတယ်"





"ပြီးတာပဲ ဒါဆိုရင်၊ အဲသလို စောင့်ရှောက်တဲ့ အခါမှာ
လည်း ပိုင်ပိုင်နိုင်နိုင် ရှိဖို့က လိုသေးတယ်"

အောင်ဇေက နှာခေါင်းက လေထွက်သံနှင့် တညင်း
ညင်းရယ်သည်။ ကျော်ဒေဝရဲ့ အစီအစဉ် အဆင်အကွက်တွေကို
သဘောပေါက်တဲ့ သဘော။ ကျော်ဒေဝကတော့ ဘယ်သူ့မှ သိပ်
ဂရုမစိုက်။

"အဲဒါ ကျွန်တော် စောင့်ရှောက်မှာကို မ,ကလည်း
ကြည်ဖြူ ဒါပဲ"

ယောက သင်းကလေးကို မျက်စောင်းပဲ ပီတ်ထိုး
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

မေမေ့ရဲ့ ရွှေစမ်းမျက်ဝန်းကြည့်တို့နှင့်အတူ ဖုန်းလာတယ်ဆို၍ လာကိုင်လိုက်လျှင် သုခတင့်ရဲ့ဖုန်း ဖြစ်နေပါသည်။ ကိုယ်က ဟယ်လို ထူးလိုက်တဲ့အခါ "မမ"လို့ ဝမ်းသာအားရ ဟစ်ကြွေးလိုက်တဲ့ အသံကို မှတ်မိနေသည်။

"မမက ကျွန်တော့်အသံ မှတ်မိသားပဲ"

"အင်း ... မှတ်လည်း မှတ်မိတယ်၊ ပြီးတော့ မ,ဆီ ဖုန်းဆက်မဲ့သူလည်း တခြားမှ မရှိတာ"

"မမ ဘယ်မှမထွက်ပဲ အိမ်ထဲပဲ နေနေလား"

"အင်း"

"မမနဲ့ တွေ့မလားလို့ လှည်းတန်းဈေးဝိုက် အင်းယားတစ်ဝိုက် ကားဖြတ်မောင်းပြီး ပတ်ရှာနေတာ တွေ့ကိုမတွေ့ရဘူး"





"အပြင်ထွက်လား မထွက်လား မှသိဘဲ ပတ်ရှာနေတော့ ခါတ်ဆီကုန်ရုံပေါ့၊ အရင်ဖုန်းဆက်ကြည့်ပါဦးလား"

"ဖုန်းအကြိမ်တစ်ထောင်လောက် ဆက်နေတာ၊ မမရဲ့ညီမက ခေါ်ပေးလို့လား၊ မရှိဘူးလို့ ပိတ်ဟောက်ပြီး ချပစ်တာ၊ ကျွန်တော် ဖုန်းနံပါတ်တောင်းသွားတဲ့ နေ့ကစ,ပြီး ဒီနေ့ထိ တစ်နေ့ ဆယ်ကြိမ် မဆက်တဲ့နေ့ မရှိဘူး"

"ဟဲ့ ... အဲလောက်ဆက်တော့လည်း ကိုင်ရတဲ့သူက မုန်းပြီပေါ့ဟဲ့"

ယောက တရင်းတနှီးလေး ပြောမိပါသည်။

"အဲဒီ နေခြည် ကိုင်တယ်၊ နောက် အဘွားကြီးသံ တစ်သံကိုင်တယ်၊ အားလုံးက မရှိဘူးပဲ၊ ဒီနေ့ကိုင်တာ ဘယ်သူလဲ၊ မမ အိမ်မေလား"

"အင်း"

"အန်တီကမှ သဘောကောင်းသေးတယ်"

နေနေဟာ အိမ်က ဒေါ်တိုးကြီးကိုတော့ ချေးနိုင်သေးနိုင် ဆိုးနွဲ့အနိုင်ယူနေကျ။ သူ ချီထိန်းခဲ့ရသော ကလေးဖြစ်၍ ဒေါ်တိုးကလည်း နေနေ့ကို တုန်နေအောင် ချစ်လေသည်။ ကမ္ဘာကြီးကို နေနေက ပြားတယ်ဆိုရင် ဒေါ်တိုးကြီးလည်း ရောပြီး ပြားမှာမျိုး ဖြစ်သည်။ အိမ်ရှင်မ မေမေရဲ့ စကားထက်တို



www.burmeseclassic.com

www.burmeseclassic.com



နေနေ့စကားတို့ ဖိုအရေးထားတာ။ နေနေက ဖုန်းကို မရှိဘူးပြော၀ဝ်ဝိ ခေါ်တိုးကြီးကို နိုင်းထားပုံရသည်။ ယောကလည်း ကိုယ်မပြောတတ်တဲ့စကား မသိတဲ့သူ ဖြစ်နေမှစိုး၍ ဖုန်းကို ထွက်မဆိုင်တတ်တာပင်။

"နောက်နေ့တွေ ဖုန်းလာကိုင်နော်"

"အင်း"

"မမက သိပ်လိမ္မာတာပဲ၊ သဘောကောင်းကောင်းလေး။ အရမ်းချစ်ဖို့ ကောင်းတယ် သိလား၊ မမ, သုခတင့် ဆိုတာ ဘယ်သူလဲ မသိသေးဘူးလား"

"ဟင့်အင်း"

"အဲဒါလည်း ကောင်းပါတယ်၊ မမ မှတ်ထားဖို့က သုခတင့် ဆိုတာ မမဘဝမှာ အရင်းနှီးဆုံး အရေးပါဆုံး ဖြစ်ရမဲ့ ယောကျ်ားလေးတစ်ယောက်လို့ပဲ"

"ဟင် ... ဘယ်ဟုတ်မလဲ၊ ယောကျ်ားထဲက မ,အတွက် အရင်းနှီးဆုံး အရေးပါဆုံးက ဖေဖေပေါ့"

သုခတင့်ရဲ့ အသံက ခဏ တိတ်သွားပါသည်။

"အင်း ... ထားပါတော့၊ ပြီးရင်ရော"

"ပြီးရင် မေမေ့ခင်ပွန်း အန်ကယ်ထွန်း ရှိသေးတယ်"

"မမနဲ့ ချစ်ခင်ရင်းနှီးလို့လား"





"အင်းပေါ့၊ သိပ်စိတ်ကောင်းရှိတာ၊ ဦးလေးရင်းလိုပဲ"

"ထားပါတော့၊ ပြီးရင်တော့ ..."

"ပြီးရင် မန္တလေးက အန်တီကြည်ကြည်ရဲ့ ယောကျ်ား အန်ကယ်ဝိုလ်မှူး ရှိသေးတယ်"

"ဟင် ... မမဟာကလည်း တစ်ယောက်ပြီး တစ်ယောက်ဗျာ၊ သူကကော မမနဲ့ ရင်းနှီးတာပဲလား"

"အင်း၊ အန်တီကြည်ကြည်နဲ့ မယူခင်ကတည်းက ဘွားဘွားနဲ့လည်း ခင်တော့ အိမ်မှာ ဝင်ထွက်ပြီး ဆွေမျိုးလို ဖြစ်နေကြတာလေ"

"ကဲ ... ကဲ ... ပြော ... တစ်ယောက်ပြီး တစ်ယောက်စီကာစဉ်ကာသာပြော၊ တစ်ယောက်ပဲ ပါမလာစေနဲ့"

"ဘယ်သူလဲ"

"ဟို ဘဲဗုတ် ကျော်ဒေဝပေါ့"

"အဟင်း၊ ဟင်း၊ ဟင်း"

ယောက သဘောကျကာ ရယ်မိတော့သည်။ ဒီကောင်လေးနှစ်ယောက်ဟာ ဘယ်လိုရေစက်ကြောင့် ဒီလောက်စွန်းတီးရန်လိုကြပါလိမ့်။ နဂိုကတည်းကလည်း ရန်ဖက်တွေ။ ယောက ဒီကြားထဲ ရောက်လာတော့လည်း နှစ်ယောက်လုံးဟာ ယောကို ကိုယ့်ဘက်က ပိုပြီးရင်းနှီးပိုင်နိုင်လိုမှုနဲ့ ပိုပြီးတော့ပင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်မြတ်ကြ နှစ်ယောက်လုံး တစ်မျိုးစီ ချစ်ခင်နှစ်လိုမိတဲ့ သဘောတော့ ဒီကောင်လေးနှစ်ယောက်ကို သင့်မြတ်စေလိုပါ သည်။

ဒါပေမဲ့ ခုပုံအတိုင်းဆို သင့်မြတ်မဲ့ သဘောမျိုး ရှာ မတွေ့။

"တည့်အောင်မနေကြမှပေါ့ သူခတင့်ရယ်၊ ရွယ်တူလူငယ် ချင်းပဲ၊ မေတ္တာထားလိုက်ရင် ကောင်းပါတယ်"

"သူက တည့်ချင်ရင်တော့ ဟုတ်တာပေါ့ မမရ၊ ခုဆို မမ နဲ့ ပတ်သက်ပြီး သူက ပိုတောင်တည့်ချင်မှာ မဟုတ်ပါ ဘူး၊ ကျွန်တော်ကလည်း မတည့်ချင်ပါဘူး၊ မမနော်၊ ဒီ ကောင့်ကို ပိုချစ်မသွားနဲ့"

"ဟယ် ... ကြည့်စမ်း၊ နှင်တို့ ဒီလိုပဲ ပြောစရာလား၊ နှစ် ယောက်လုံး လေသံတူတူပဲ"

"ဟိုကောင်ကလည်း ဒီလို ပြောတယ်ပေါ့၊ တောက် ... အလကားကောင်၊ သူနဲ့ မမက ဘာဆိုင်လို့လဲ၊ တခြားစီ အဝေးကြီး"

"မင်းကတော့ကော သူခတင့်ရဲ့"

"ကျွန်တော်နဲ့က ပတ်ကို ပတ်သက်တာ၊ အဲဒါပဲ မမ မှတ်ထား"





"အင်း ... ပြောတတ်တယ်"

"မမ နက်ဖြန် အိမ်မှာရှိမလား၊ ကျွန်တော် လာခေါ်မယ်၊ မုန့်သွားစားရအောင်"

"ဟယ် ... ဘာယ်လာခေါ်လို့ ရမလဲ၊ မမလည်း မရှိပါဘူး"

"ဘယ်သွားမလို့လဲ"

"နေနေတို့ကျောင်းကို လိုက်သွားမယ်၊ နေနေက ခေါ်ထား တယ်၊ မမလည်း ဂျပန်စာ တက်ချင်လို့ နည်းနည်းစုံစမ်း မလို့"

"ဒါဖြင့် ကျောင်းမှာ တွေ့လို့ရတာပေါ့၊ ကျွန်တော် လာ တွေ့မယ်၊ ကျောင်းကအပြန်ညနေကျရင် မုန့်သွားစားဖို့ ကျွန်တော်နဲ့ လိုက်ခဲ့ရမယ်နော် ... မမနော်၊ မမ ကိစ္စလည်း စုံစမ်းပေးမယ် ကျွန်တော်က ဂျပန်စာ တက်နေတာပဲဟာ"

"လာတွေ့ရင် ကျော်ဒေဝတို့နဲ့ ရန်ဖြစ်နေဦးမယ်ကွာ"

"ဘာဖြစ်လဲ၊ သူ ဖြစ်ရင် ကိုယ်လည်း ဖြစ်ရုံပဲ၊ သူ မဖြစ် ရင် ကိုယ်လည်း မဖြစ်ဘူးပေါ့၊ မမ ... ဒီကောင်နဲ့ ကျွန်တော့်ကို ဘယ်သူ့ကိုပို ... ဟို ... ခင်လဲ"

ယောက ခဏစဉ်းစားပြီးလျှင် ...

"တူတူပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းလွတ်တစ်ခုမှာ ဟိုးနောက်နားမှာ ကျော်ဒေဝတို့ ယောက်ျားလေးအုပ်စု လေး,ငါး,ခြောက်ယောက်၊ အတွင်းဘက် ရှေ့တန်းနားမှာ ကောင်မလေး လေး,ငါးယောက်၊ အရှေ့တန်း တံခါးပေါက်နားမှာ ယောနှင့် နေနေ ထိုင်နေကြပါသည်။ နေနေက သူလွတ်ထားတဲ့စာတွေ ထိုင်ကူးနေတာ ဖြစ်သည်။

အခန်းပြင်ကို ငေးမောနေမိတဲ့ ယောသည် ကော်ရစ်ဒါမှာ လျှောက်လာတဲ့ သုခတင့်ကို မြင်လျှင် မျက်လုံးပြူးသွားပါသည်။ သုခတင့်ကတော့ ယောကို မြင်သွား၍ ပြုံးသွားပြီး စပ်သွက်သွက်နှင့် အတန်းထဲ ဝင်ချလာသည်။ လက်ထဲမှာ စက္ကူဘူးပြားတစ်ခုနှင့် ...

"မမ"

ယောတို့ရဲ့ ရှေ့ခုံတန်းမှာ အတန်းရှေ့ဘက်ကို ကျောပေးပြီး ယောနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်တဲ့ သုခတင့်ကြောင့် မော့ကြည့်လိုက်တဲ့ နေနေ မျက်နှာတင်းမာသွားပြီး ...

"ဟော့ကောင် ... မင်း ဘာလာလုပ်တာလဲ"

"ငါ မမဆီ လာတာပါ နေခြည်ရာ"





"ဘာလာလုပ်တာလဲ"

"မမစားဖို့ Pizza လာပေးတာ"

"ဟော့ကောင် ... မလိုဘူး ဟော့ကောင်၊ ပြန်ယူသွား မင်း Pizza ၊ ငါ့အစ်မနားက ဝေးဝေးနေဖို့ မင်းကို ပြောထားတယ် မဟုတ်လား"

သုခတင့်က နေနေ့ကို စိတ်ရှည်လက်ရှည် အပြုံးမျိုးနှင့်ပင် စိုက်ကြည့်နေကာ ...

"နေခြည် ... ငါတို့ဟာ အချင်းချင်းတွေပါဟာ"

"ဘာမှ အချင်းချင်း မဟုတ်ဘူး ဟော့ကောင့်"

"ဟယ် ... သုခတင့်တော့ သုခတင့်"

အရှေ့ထဲ အတွင်းဘက်မှာ စုထိုင်နေတဲ့ မိန်းကလေးလေး,ငါးယောက်ထံက တိုးတိုးကျိတ်ကျိတ် တီးတိုးပြောသံတွေ၊ အဓိပ္ပာယ်တကျနှင့် ကြိတ်မိတ်ဖြစ်ညှစ်ပြီး တအိအိ မြည်သံမျိုးတွေ ထွက်ပေါ်လာ၍ ယောက အံ့အားတသင့် လှည့်ကြည့်မိသည်။ ဒီလောက်ပဲ ကြိုက်စရာ သဘောကျစရာလား။

ကျောင်းကို တစ်ရက်လိုက်လိုက်တာနှင့် ကျော်ဒေဝ အယ်လောက်စွံတယ် လူကြိုက်များတယ် ဆိုတာကိုလည်း ယော မြင်ရသိရပြီးပြီ။ ကိုယ့်အတန်းက မိန်းကလေးတွေကတော့ ရှိးနေ အလို ရှိသော်လည်း တခြားအတန်းက မိန်းကလေးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝတို့ အင်မတန် သဘောကျကြသည်။ ခုလည်း သုခတင့်တို့ ဒီလိုပဲ အင်္ဂလိပ်စာတန်းက မိန်းကလေးတွေ ဖြစ်နေကြတာပေါ့။

ရှပ်လက်ရှည်ဖြူဖြူ အစင်းကျဲကို လက်ရှည်ချထားသော်လည်း ကြယ်သီးမတပ်၊ ရင်ဘတ်က ကြယ်သီးလည်း နှစ်လုံးလောက် ဟပြဲထားပြီး စတိုင်လ်ဘောင်းဘီ ပျော့အိပွပွ အနက်ရောင်နှင့် ဆံပင်ခွေခွေ ဖရိုဖရဲ သုခတင့် ပုံစံကလည်း ခေတ်လူငယ်လေး တစ်ယောက်ရဲ့ စတိုင်ကျကျ လှပမှု အပြည့်။

"အား ... သုခတင့်တော့၊ အီး ... လှလိုက်တာနော်"

"နောက်မှာ ကျော်ဒေဝရှိတာ မသိဘူးလား သုခတင့်လေးရယ်"

"ပြဿနာတက်တော့မလား မသိပါဘူး"

"လစ်မလား ... လစ်မလား"

"မလစ်ဘူး၊ ထိုင်ကြည့်မယ်၊ သုခတင့်က ဒီဘက်ကို သိပ်လာတာ မဟုတ်ဘူးဟဲ့၊ ရှားရှားပါးပါး"

ဩော် ... ဖြစ်နေလိုက်ကြတာ ... ဖြစ်နေလိုက်ကြတာ။ ယောမှာ တရားကျရပါသည်။ တရားကျရင်း နောက်ဘက်လှည့်ကြည့်မိတော့ အံကြိတ်ထားတဲ့ မေးရိုးကြီးနှင့် ဒေါသကြီးတဲ့ မျက်လုံးကြီးနှင့် ကျော်ဒေဝ ထ,ရပ်လိုက်ပြီကို မြင်လိုက်ရလျှင် ...





"သုခတင့် ... သွား ... သွား၊ သွားတော့နော်"

ကျော်ဒေဝနှင့် အပေါင်းပါ လေး,ငါး,ဦးက စားသောက်ဆိုင်ခုံတွေကြားမှ ကွေ့ကာ ဝိုက်ကာ ရှေ့ဘက် လျှောက်လာပြီ။ ခုံတွေကို တိုးတိုက် မြည်သံတွေကိုက ယော အတွက် ကြောက်စရာ ဖြစ်သည်။

"ဟော့ကောင် ... နေနေ၊ မင်းတစ်ယောက်လုံး အနားမှာ ထိုင်နေပြီး ကိုယ့်အစ်မကို လဒလာချောင်းနေတာကို မကာကွယ်နိုင်ဘူးလား ... ဟင်"

ကျော်ဒေဝ စကားကြောင့် ဒီနေ့နေက ခံပြင်းသွားသလို ရှုံ့ရှုံ့ရှားရှား ဖြစ်ကာ သုခတင့် ကော်လာစ,ကို လှမ်းဆွဲဖို့ လက်ပြင်လိုက်သည်။

"နေနေ"

ယောက ကန့်ကွက်သံလေးနှင့် အော်မိကာ သုခတင့်က ဖျတ်ခနဲ တိမ်းရှောင်ရင်း ထ,ရပ်လိုက်၏။ ခုံတန်းမှ ထ,ထွက် ဘေးဖယ်ကာ ပြုံးပြုံးလေးနှင့် ...

"အေးဆေးပေါ့ နေခြည်ရာ၊ အချင်းချင်းပဲကွာ"

"ဟော့ကောင် ... ပါးစပ်ပိတ်ထား"

သုခတင့်က စားပွဲမှာ လက်နှစ်ဖက်ထောက်၊ ကိုယ်ကိုကိုင်းကာ ယော ခေါင်းအနား သူ့ခေါင်းကို ငုံ့၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မမ _ Pizza စားနော်၊ ကျောင်းအဆင်းမှာ ဂိတ်အပြင် _ ထ စောင့်နေမယ်နော် ... သိလား"

ယောာ ဘာမှ မပြောနိုင်ခင် သုခတင့်က သူ့ကော်လာ နှစ်ဖက်ကို ဆွဲကိုင်လှုပ်ပြီး ပုံစံကျအောင်ပြင်ကာ ပြုံးစိစိရုပ်လေးနှင့် တစ်တန်းလုံး ဝေ့ဝဲကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်သွားပါသည်။

ဝုန်းခနဲ ဘေးကပ်ထိုင်ချလိုက်တဲ့ ကျော်ဒေဝကြောင့် ယောာ စိတ်ညစ်တဲ့ရုပ်လေးနှင့် စိတ်ပျက်လက်ပျက် ငဲ့ကြည့်လိုက်ပါသည်။ ကောင်လေးတွေဟာ အကြမ်းပတမ်း လက်ရဲဇက်ရဲတွေချည်းပဲ။ ဘယ်လိုမုန်းဖို့ကောင်းတဲ့ အဆိုးတွေမှန်းမသိ။

"မ,ကို ဒီကောင် တိုးတိုးနဲ့ ဘာပြောသွားတာလဲ"

ယောာသည် ညနေစောင့်နေမှာကို ပြောဖို့မရဲတာမို့ ခပ်တိုးတိုးနှင့် ...

"မုန့် ... မုန့်စားနိုင်းတာ"

"ဒီမုန့်လား"

စားပွဲပေါ်က Pizza ဘူးပြားပြားကို ကျော်ဒေဝက လက်ညှိုးညွှန်ကာ မေးလျှင် ယောာက မျက်လွှာချပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ ကျော်ဒေဝသည် ဘာမပြော ညာမပြော နေရာမှ ပြန်ထကာ၊ အပေါ်မှာ ဖဲကြိုးနှင့် ချည်ထားတဲ့ Pizza ဘူးကို ဆွဲမ,၍ အတန်းရှေ့ဘက်ထောင့်ကို လျှောက်သွားပြီး အမှိုက်ပုံးထဲ ပစ်ထည့်လိုက်သည်။



"ဟယ်"

ယောာသည် အံ့အားတသင့် စိုက်ကြည့်နေမိသည်။ အတန်းထောင့်က ကောင်မလေးတွေ တိတ်နေကြပါသည်။ ယောာကိုလည်း အကဲခတ်နေကြသည်။ သုခတင့်ရဲ့ Pizza ကို စားချင်လွန်းလို့ တန်ဖိုးထားလှလို့ မဟုတ်သော်လည်း ကျော်ဒေဝ ဒီလို ဗိုင်စိုးပိုင်နင်း လုပ်တာကိုတော့ အတော်အံ့ဩအမြင်ကတ်သွားပါသည်။

ယောာသည် ဘာမှလဲမပြောချင် ပြောလည်း မပြောတတ်၊ ရန်မတွေ့တတ်၍ ထိုင်ရာမှထ,ကာ အတန်းလွတ်ထဲက ပြေးထွက်လာလိုက်သည်။

"မ, ... မ,"

ကျော်ဒေဝက နောက်က ပြေးပါလာကာ ယောာရှေ့က ပိတ်ကာလိုက်ပါသည်။

"မ, ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"ဟုတ်တယ်၊ ကျော်ဒေဝ ဒီလို လုပ်ပိုင်ခွင့် မရှိဘူး"

"ရှိချင်တယ်၊ လုပ်ပိုင်ခွင့် ရှိချင်တယ်၊ မ,ကို ဘယ်ကောင်မှ လာမရောနဲ့၊ လာမကပ်နဲ့၊ အားလုံးကို ဖျက်ဆီးပစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်း ရှိုင်းတာပေါ့"

"နိုင်းရင်လည်း ရိုင်းတယ်ပဲ"

"အလကားနေရင်း ဘာလို့ ရိုင်းနေရမှာလဲ"

"အလကားနေရင်း ရိုင်းနေတာ မဟုတ်ဘူး၊ အကြောင်းပြချက်ရှိရှိ Reasonable ဖြစ်ဖြစ်နဲ့ ရိုင်းနေမှာ"

"ဘာအကြောင်းလဲ"

"မ,ကို ကျွန်တော် ချစ်တယ်၊ တခြားကောင်တစ်ကောင်လာပြီး တယုတယနဲ့ တရင်းတနှီးနဲ့ စကားလာပြောတာ၊ မုန့်လာကျွေးတာမျိုးတွေ လက်သင့်ခံလိမ့်မယ် မထင်နဲ့၊ မ,ကိုချစ်လို့ ... မြင်မြင်ချင်း ..."

"ကျွတ်"

ယောသည် ခပ်အမ်းအမ်းနှင့် ကျော်ဒေဝ မျက်နှာကို စေ့စေ့ကြည့်မိလျှင် တင်းတင်းမာမာ နိုင်လှတဲ့ သူ့မျက်နှာပေါ်က မျက်ဝန်းကလေးတွေဟာ တိုးလျှိုးတောင်းဆိုရိပ်နှင့် လူနဲ့မလိုက်မဖက် အားငယ်ရိပ် ဆွေးရိပ်သမ်းနေပါသည်။ အလကားလျှောက်ပြောနေတာ မဟုတ်တာတော့ သူ့ခြေဆုံးခေါင်းဖျားအမူအရာ အလုံးစုံမှာ ပေါ်လွင်နေပါသည်။

"မမ, လာ ... လာ၊ ဒေဝ ... မင်းကလည်း ကောင်းကောင်း ပြောပါလား"





နေနေက ယောလက်ကိုဆွဲကာ အခန်းလွတ်ဆီ ပြန်ခေါ်လာသည်။ ကျော်ဒေဝက နောက်ကနေ ခေါင်းကြီးငိုက်စိုက်ငုံ့ကာ အီးလေးဆွဲကြီးနှင့် ပါလာ၏။ ထို့နောက်တော့ ဒီယောက် လူကောင်ကြီးဟာ သေးသေးညှက်ညှက် ယောကို ဖြိုတဲ့ကြောက်တဲ့ မဝံ့ရဲတဲ့ မျက်လုံးလေးများနှင့် မလှမ်းမကမ်းနားတိတ်တိတ်ဆိတ်ဆိတ် ဝင်ထိုင်နေပါသည်။

ယောသည် ညနေအတွက် ရင်မောမော သက်ပြင်းချမိသည်။

❀ ❀ ❀

နေနေတို့ အတန်းက ဆင်းလာသော လူအုပ်စုကြီးထဲ အတူရောနှောကာ ပါလာသော နေနေ၊ ကျော်ဒေဝ၊ အောင်ဇေ၊ ယောတို့အုပ်စု ကျောင်းဂိတ်ပေါက်နားဆီ ထွက်လာပါသည်။ ယောသည် ရင်လေး တုန်တုန်နှင့် ဟိုဟိုဒီဒီ မျက်လုံးဝဲကာကြည့်နေဆဲ ကျောင်းအပြင်ဘက် လမ်းမပေါ် ပလက်ဖောင်းနံဘေးရပ်ထားတဲ့ ဂျစ်ကားနံဘေး လက်ပိုက်မှီရပ်နေတဲ့ သူ့ခတင့်ကို လှမ်းမြင်လိုက်ရပါသည်။

ထုံးစံအတိုင်း ပြုံးတုံ့တုံ့ရုပ်လေးနှင့် ဆံပင်ဖရိုဖရဲ လက်ပိုက်မှီရပ်နေပုံဟာ မခို့တရို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငဒေ"

နေနေက သတိပေးလိုက်ပါသည်။ ခြေလှမ်းရပ်လိုက်ကြပြီး အောင်ဇေက မေးစေ့ကိုပွတ်ကာ သုခတင့်ထံ မိုက်ကြည့်ကြည့်နေသည်။ တခြားသော အင်္ဂလိပ်စာတန်းက ကျောင်းသားကောင်လေးတွေဟာလည်း သူတို့နဲ့ ရန်သူကြီး မဟုတ်တဲ့တိုင် တခြားအတန်းကလူနှင့် ကိုယ့်အတန်းကလူ ရန်ဖြစ်ရင်တော့ လိုအပ်ရင် ငင်ပါမည့်ပုံနှင့် ရှေ့ဆက် မသွားကြသေးပဲ ထိုအနားတစ်ဝိုက်မှာပဲ ယောင်ပေပေ။

ကောင်မလေးတွေသာ အခြေအနေကို ကြည့်ကာ သေားရှဲကုန်သည်။ ကျော်ဒေဝတို့လူစု ရပ်လိုက်၍ သုခတင့်ကကားကို မှီနေရာမှခွာကာ ကျောင်းဂိတ်ဝထိ လှမ်းလာသည်။ သုခတင့် နောက်ပါးမှာ ဘယ်သူမှ မရှိ၊ တစ်ကိုယ်တော်။ ခပ်လှမ်းလှမ်းမှာ ခြေစုံရပ်လိုက်ရင်း အပြုံးမပျက်ပင် ...

"မမ ... သွားမလား"

ယောက ‌နေနေနှင့် ကျော်ဒေဝကို ခေါင်းမလှည့်ပဲ မျက်လုံးလေးတွေတင် ထောင့်ကပ်ကာ မသိမသာ အကဲခတ်လိုက်သည်။ စိတ်ရှုပ်နေတဲ့ ယောမျက်နှာကလေးဟာ ရှုံ့မဲ့မဲ့လေး ရှိနေပါသည်။

"ဟော့ကောင် ... မင်း ဘာပြောလိုက်တာလဲ"





"ငါ မမကို လာခေါ်တာကွ၊ မမနဲ့ ငါ အပြင်သွားဖို့ ချိန်းထားတယ်"

"ဘာကွ"

ကျော်ဒေဝ ရုပ်က အကြီးအကျယ် မဲ့ခွက်ပျက်သွားကာ ယောကို တစ်ချက်ငဲ့ကြည့်လိုက်၍ ယောက စိတ်ညစ်ညစ်ကြောက်ထိတ်ထိတ်နှင့် ကုပ်ကလေး ပုထားလိုက်သည်။ ထိုစဉ် ကျော်ဒေဝက ရုတ်တရက် ယောရဲ့လက်ဖျားကလေးကို ဆုပ်ကိုင်တွဲလိုက်ပါသည်။

"မင်း ဘာလာကြောင်နေတာလဲ၊ အရူး၊ မ,က ငါ့အိမ်လိုက်မလို့"

"ဟင်"

ယောက တအံ့တသြနှင့် ကျော်ဒေဝကို ငဲ့ကြည့်သည်။

"မင်း သိထားဖို့နော်၊ ငါက မ,ရဲ့ချစ်သူ၊ ရှင်းတယ်နော်၊ မ,က ငါ့ချစ်သူ၊ အခု ငါ့အိမ်ကို သူ လိုက်လည်မလို့"

ကျော်ဒေဝရဲ့ လက်ထဲကနေ သူ့လက်ကလေးကို လိမ်တွန့် ရုန်းဖြုတ်ထွက်နေတဲ့ ယောက ကျော်ဒေဝ စကားကြောင့် ကြောင်သွားကာ ...

"ဘာလို့လိုက်ရမှာလဲ၊ ဘယ်မှာ ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

ကျော်ဒေဝက ယောကို စိတ်တိုသလို စုတ်သတ်ရင်း —

"ဟော့ကောင် သုခတင့်၊ မ,ကို မင်းနဲ့ မထည့်လိုက်နိုင်ဘူး၊ ရှင်းတယ်နော်"

ယောက အတော်စိတ်ညစ်လာပါသည်။ သုခတင့်ကို ခင်မင်မှုနှင့် သုခတင့်နှင့် မုန့်အတူလိုက်စားမည်ဆိုလျှင် ကျော်ဒေဝနှင့် ဘာဆိုင်သနည်း။ မထည့်ဘူး ထည့်မယ်နှင့် သူ ဘာဝင်ဆုံးဖြတ်စရာ ဘာလိုသနည်း။ အဖော်ခင်မင်သော သူငယ်ချင်းလိုချင်သော ယောက သူတို့ကို မိတ်ဆွေသူငယ်ချင်းလိုရော မောင်ကလေးတွေလိုရော ရင်းနှီးခင်မင်လိုက်တာ။ ယော ... ကျော်ဒေဝနှင့် ခင်မင်တာကို သုခတင့် ဘာမှ ကန့်ကွက်စရာ မရှိသလို ယော သုခတင့်နှင့် ခင်မင်တာကိုလည်း ကျော်ဒေဝ ဘာမှပိတ်ပင်တားမြစ်စရာ မရှိ။

"ဟော့ကောင် ... ငါနဲ့ မမ ချိန်းထားပြီးသား"

"ချိန်းချိန်း ... ငါ မထည့်ဘူးဆိုရင် မထည့်ဘူး၊ မင်း ဘာလုပ်ချင်လဲ"

ပြောပြောဆိုဆို ကျော်ဒေဝက ကျောင်းဂိတ်ပေါက်ဝ သုခတင့်အနီး ခြေလှမ်းကျဲနှင့် တိုးကပ်သွားလိုက်ပါသည်။





"ဟယ် ... နေနေ၊ ကျော်ဒေဝကို ခေါ်လိုက်"

"မခေါ်ပါဘူး၊ ချပစေ"

နေနေက ကျောင်းလွယ်အိတ် ကာကီရောင်ကြိုးကို လွယ်သိုင်းကာ ခြေကိုချဲ ခါးထောက်ရပ်ရင်း ယောစကားကို ဂရုတောင်မစိုက်။ ကျော်ဒေဝက ရှေ့တိုးလာ၍ သုခတင့်ကလည်း ခပ်အေးအေး တိုးလျှောက်လာသည်။ သုခတင့်ရဲ့ အကြောက်အလန့်မရှိ ပြုံးစိစိ တိုးကပ်လာပုံက ကျော်ဒေဝကို ကလိဆွသလို တနံ့နံ့ တရိရိ အသည်းယားစေရကား ကျော်ဒေဝသည် အချင်းချင်း နီးကပ်သွားသည်နှင့် ဘာမပြော ညာမပြော သုခတင့် မေးစေ့ကို ခွပ်ခနဲ ဆွဲထိုးချလိုက်သည်။

အဲသလောက် မပြောမဆို ခပ်သွက်သွက် ထိုးလိုက်မည် မထင်၍ အလစ်ခံလိုက်ရသော သုခတင့်သည် ပါးစပ်ကို လက်နှင့်အုပ်ကာ ငိုက်အသွား ကျော်ဒေဝက နောက်တစ်ချက်ထိုးဖို့ လက်သီးရွယ်လိုက်စဉ် ...

"ကျော်ဒေဝ ..."

ယောရဲ့အသံသည် ယော အံ့သြရလောက်အောင် ကျယ်လောင်စူးရှနေသည်။ သူ့ရှေ့မှာ ထိုးကြိတ်တာ မြင်ရ၍ တအားဒေါသဖြစ်သွားတာပင်။ ယော အော်သံကြောင့် ကျော်ဒေဝရဲ့ မြှောက်လွှဲထားတဲ့ လက်သီးသည် နောက်က ဆောင့်ဆွဲသွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အလား မြောက်ရက်တန်းလန်း လေထဲရပ်သွားကာ ယော ဘက်သို့ မခံမရပ်နိုင် ခါခနဲ လှည့်ကြည့်လိုက်ပါသည်။

ယောသည် ဒေါသတကဲကဲနှင့် ပြေးကာ သူတို့နှစ် ဦးကြား ဝင်ရပ်လိုက်ရင်း သုခတင့်ဘက် ကျောခိုင်း၍ ကျော်ဒေဝ ထို မျက်နှာချင်းဆိုင်ကာ ...

"သူ့ကို လုံးဝဆက်မထိုးနဲ့၊ ထပ်ထိုးရင် မ,ခွင့်လွှတ်မယ် မထင်နဲ့"

ယော အသံက ရှုး၍ဆတ်နေသည်။ ကျော်ဒေဝ သည် ယောကို မျက်လုံးပြူးကြီးနှင့် ကြိတ်မနိုင်ခဲမရ မခံချိမခံ သာ နာနာကျင်ကျင်ကြီး စိုက်ကြည့်နေပါသည်။

"ဘာဖြစ်လို့ ပြဿနာ ရှာချင်ရတာလဲ၊ သုခတင့်နဲ့ လိုက် ခဲ့မယ်လို့ မ,ပြောထားပြီးပြီ၊ ကျော်ဒေဝ ဘာဖြစ်လို့ သုခ တင့်ကို အကြောင်းမရှိပဲ ဆွဲထိုးရတာလဲ၊ အဲဒါမျိုး မ,လုံးဝ မကြိုက်ဘူး၊ ရန်လိုတာကို မုန်းတယ်"

ကျော်ဒေဝ ပါးစပ်အဟောင်းသား ပွင့်ဟအောင် နာနာကျင်ကျင်ကြီး ကြည့်နေရာမှ ချာခနဲ လှည့်လိုက်ပါသည်။ လေးကန် နှေးကွေးတဲ့ တစ်လှမ်းချင်း ခြေလှမ်းများနှင့် ဟိုးနောက် က နေနေတို့ အောင်ဖေတို့ထံ လျှောက်လာရင်း ကျော်ဒေဝ မျက် နှာက နီရဲကာ ပျက်နေသည်။





သူ့ရင်ထဲမှာ နာကျင်သွားပါသည်။ မ,က ထပ်ထိုး ရင် ခွင့်လွှတ်မယ် မထင်နဲ့ ... တဲ့။ ကြားထဲကတောင် ဝင်ကာ ားလိုက်သေးသည်။ သုခတင့်ဘက်က ကာကွယ်တယ်။ မ, ရက်စက်တယ်။ တအားရက်စက်တာပဲ။ ကျော်ဒေဝသည် သူ့ကိုယ် သူဝင် မယုံနိုင်လောက်အောင် ရင်ထဲ ဝမ်းပန်းတနည်းဖြစ်ကာ နှလုံးသားတွေ ဆုပ်ညှစ်ခံလိုက်ရသလို ခံစားရသည်။

ငိုတောင် ငိုလိုက်ချင်သလို ရင်ထဲ အခံရခက်အောင် ဆို့လာကာ ရန်လိုနိုင်စွမ်းပင် မရှိတော့ဘဲ ကားပါကင်က သူ့ကား ဆေါ် တက်လိုက်ပါသည်။ မ,လိုက်စီးဖို့သက်သက် ယူလာတဲ့ EXIV ကားလေ။ မ, အရပ်ပုပုလေးနဲ့ ခုန်မတက်ရအောင် လဲ ယူလာတဲ့ ကားအနိမ့်။ ခုတော့ မ,က ကျွန်တော်နဲ့ လိုက်မစီး ဘူး။ သုခတင့်နဲ့ လိုက်သွားမလို့တဲ့။ သူ ဘာဖြစ်တာပါလဲ။ မ, အတွက် ဒီလောက်တောင်ပဲ ခံစားရသလား၊ မိန်းမတစ်ယောက် အတွက်လေ။

ဘယ်မိန်းကလေးအတွက်မှ တစ်ခါမှ အဲသလောက် ခံစားခဲ့ရဖူးတာပါ။ ဘယ်လောက်မှကို မခံစားခဲ့တာ။ အလကား ရင်၊ အနားကို တိုးကပ်ချင်တဲ့ မိန်းကလေးတွေကို ရှာချတွန်း ယ်တဲ့ ပညာပဲ ကျော်ဒေဝ တတ်ခဲ့တာပါ။ ကိုယ်အနားရောက် အောင် စည်းရုံးသိမ်းသွင်း ဆွဲယူရတာမျိုးမှ အလေ့အကျင့်မရှိပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမ _ ဘယ်သွားမလဲ"

သုခတင့် ကားပေါ်တက်ထိုင်လိုက်တဲ့ ယောက သုခတင့်ကို လှည့်ကြည့်လိုက်မိလျှင် နှုတ်ခမ်းစွန်းမှာ သွေးစို့နေတာကို တွေ့လိုက်ရပါသည်။

"မင်း နှုတ်ခမ်းကွဲနေတယ်၊ ပလာစတာ သွားဝယ်ရအောင်"

သူတို့နှစ်ယောက် လှည်းတန်းက ဆေးဆိုင်တစ်ဆိုင်မှာ ပလာစတာ လာဝယ်ကာ သုခတင့်က ကားကို အင်းယားကန်စောင်းသို့ မောင်းခဲ့ပါသည်။ ရင်ထဲမှာ တထိတ်ထိတ် ဖျော်နေကာ လူက ခြေမြေမထိချင်သလို မြောက်ကြွ မြောက်ကြွ။ သူ့ရှေ့က ဝင်ရပ်ကာကွယ်လိုက်တဲ့ မမကို ချစ်လိုက်တာလေ။

မမရယ် ... မမကို ပြောပြချင်တဲ့ အကြောင်းတွေ သုခတင့် ရင်ထဲမှာ အများကြီးပဲ ရှိပါတယ်။ မမကို ဖွင့်လည်း ပြောချင်တယ်။ ဒါပေမဲ့ ခဏနေဦး။

"မမ"

"ဘာလဲ"

"ပလာစတာကပ်ပေးလေ၊ ကျွန်တော်မှ ကိုယ့်ကိုယ်ကိုယ် မမြင်ရပဲ"

ခုံတန်းလေးမှာ ထိုင်ရင်း ယောက သုခတင့်ရဲ့ နှုတ်ခမ်းစပ်က အကွဲဒဏ်ရာကို ပလာစတာလေးခွာ၍ ကပ်ပေး





လိုက်ပါသည်။ ယောသည် စိတ်ရှုပ်မပြေသေးပဲ မျက်နှာမှုန်မှုန်တလေးနှင့်ပင် ...

"ရန်ဖြစ်တာကို သိပ်မုန်းတယ်"

"ကျွန်တော်မှ မဖြစ်တာ"

"နောက်လည်း မဖြစ်နဲ့"

"ကျော်ဒေဝကို ကျွန်တော် ထိုးရင်ကော မမ,စိတ်ဆိုးမှာပဲလား"

"ဆိုးမှာပဲပေါ့"

သုခတင့်က နှာခေါင်းလေးရှုံ့ကာ ခဏတိတ်သွားပြီးမှ ...

"မမကို ကျွန်တော် ကတိပေးပါတယ်၊ နောင်ကို ကျော်ဒေဝကို ကျွန်တော်ဘယ်တော့မှ ရန်မစ,ဘူး၊ ရန်မဖြစ်ဘူး၊ မထိုးဘူး"

"ဟာဟုတ်လား"

သုခတင့်က ခေါင်းညိတ်၍ ယော မျက်နှာကပြုံးလာသလာ သုခတင့် ရင်ထဲ အသည်းထဲ တမြည့်မြည့် ဖြစ်ရပါသည်။

"မမက ကျော်ဒေဝကိုလည်း ချစ်တာ ခင်တာပဲနော်"

"အင်းပေါ့၊ သုခတင့်ရော ကျော်ဒေဝရော တကယ်တော့ မ ရဲ့ မောင်ကလေးတွေ အရွယ်ပဲ၊ မ,မှာ ဂျပန်မှာ မောင်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက် ရှိတယ်၊ အဲဒါကြောင့်လည်း သုခတင့်ကိုဆော ကျော်ဒေဝကိုရော မောင်ကလေးတွေလိုပါ သံယောဇဉ် ထားမိတာပေါ့၊ ခုမှသိရတဲ့ သူငယ်ချင်းမိတ်ဆွေတွေ သဘော ဖြစ်ပေမဲ့ နှစ်ယောက်လုံးကို မ,တကယ်ခင်ပါတယ်"

"ဘယ်သူ့ကို ပိုလဲ"

"မပိုပါဘူး ... တူတူပဲပေါ့၊ အခုဆိုရင် ကျော်ဒေဝ ထွက်သွားတာကို ပြန်မြင်ယောင်ပြီး စိတ်မကောင်းဘူးပေါ့၊ သူ စိတ်မကောင်း ဖြစ်သွားမှာပဲ၊ မ,က သုခတင့်ဘက်က လိုက်တယ် ဆိုပြီးတော့လေ"

"မဟုတ်ဘူးလားလို့"

"မဟုတ်ပါဘူး၊ မ,ရှေ့တင် သူက သုခတင့်ကို ထိုးလို့ သူ့ကို ဒေါသဖြစ်တာပေါ့၊ သုခတင့်က သူ့ကို ထိုးလိုက်ရင်လည်း သုခတင့်ကို မ,စိတ်တိုမှာပဲ"

သုခတင့်က နားခေါင်းကိုရွံ့ရင်း မကျေနပ်လှသော်လည်း အတွန့်မတက်လိုဟန်နှင့် ...

"ကျွန်တော် မမ စကား နားထောင်ပါ့မယ်၊ မမကို အစ်မတစ်ယောက်လိုလည်း ကျွန်တော်က ချစ်တာပါ"

"အဲဒါ လိမ္မာတာပေါ့"





"ဟိုကောင်က ဆိုးတယ်"

"သူများအတင်း မပြောနဲ့"

"သူကများ သူ့ချစ်သူတဲ့ ... ဟား ဟား၊ သူနဲ့တော့ သဘောမတူပါဘူး၊ ဒီကောင်လို ကောင်မျိုးများ တကယ်ချစ်တတ်ရင် ကျွန်တော်က သူ့အသည်းနှလုံးကို ခွဲချပေးလိုက်ဦးမယ်"

"အမယ် ... သူများ မကောင်းကြောင်း ပြောတတ်လိုက်တာ၊ သုခတင့်ကကျတော့ရော"

"ကျွန်တော်က မိန်းကလေးတွေကို စိတ်ကိုမဝင်စားတာ၊ သူငယ်ချင်းထဲတောင် မရှိဘူး၊ မိန်းမဆိုလို့ မမကို အရင်ဆုံးချစ်တာ၊ အစ်မ,လို"

"ချစ်တာ"ဆို၍ ယောက မျက်ဆန်ထောင့်ကပ်ကာ ခပ်မာန်မာန် ကြည့်လိုက်တာမို့ သုခတင့်က နောက်ကနေ ဖြည့်စွက်လိုက်ပါသည်။

"ကဲ ... သွားကြစို့"

"အာ ... မမကလည်း၊ မုန့်စားဦးမယ်"

"နောက်ကျနေမယ် ... မစားတော့ဘူး"

"အမယ် ... မစားတော့ဘူးတဲ့၊ မမ ဝယ်ကျွေးရမှာ၊ အချက်နှစ်ချက်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"တစ်က ကျွန်တော် ဗိုက်ဆာလို့ပေါ့"

"ဒါများ အိမ်အမြန်ပြန်ပြီး အိမ်ကျမှ စားပေါ့၊ နှစ်ကရော"

"နှစ်က မမက အသက်ပိုကြီးလို့"

"ဘာဆိုင်လဲ ... ခွေးကောင်လေး"

"ဝယ်ကျွေးကွာ၊ မမက အကြီးပဲ၊ ကျွန်တော်က အငယ်"

"အငယ်ဆို စကားနားထောင်ပေါ့၊ ပြန်ကြမယ်၊ ထ ..."

ယောက ထ,ရပ်ကာ အရင်လှည့်ထွက်ဖို့ ပြင်လိုက်လျှင် သုခတင့်က ယောလက်ကို ဖျတ်ခနဲ ဆွဲကိုင်ထားလိုက်တာမို့ ယောက ခပ်တည်တည် ငုံကြည့်လိုက်သည်။ သုခတင့်က ဖျတ်ခနဲ ပြန်လွှတ်ပေးလိုက်ရင်း ရယ်ကျဲကျဲနှင့် ...

"မမလက်က လူကြီးလက် ဆိုတော့ ကြီးလာပြီနော်၊ ငယ်တုန်းကဆိုရင် သေးသေးကလေးပဲပေါ့နော်"

ရှူးသလို ပေါ်သလို လျှောချပြောတဲ့ သုခတင့်ကို ယောက အပြုံးနှင့် မျက်စောင်းရွယ်သည်။





## ၆

သူတို့နှစ်ယောက်နှင့် ယော မတွေ့တာ ကြာပြီ။ မတွေ့ဆို ယောက အပြင်မထွက်လို့ပင်။ နှစ်ယောက်စလုံးနှင့် ဖုန်းတော့ ပြောဖြစ်ပါသည်။ ကျော်ဒေဝ ထံမှ ဖုန်းဆိုရင် နေနေက ခေါ်ပေးကာ သုခတင့် ဖုန်းဆို ခေါ်မပေး။ ဒါကိုသိ၍ ဖုန်းသံကြားရင် ပြေးမကိုင်ရင်တောင်မှ စကားသံကို နားထောင်ရသည်။

ကျော်ဒေဝကတော့ အိမ်ကို အမြဲရောက်တတ်ပါသည်။ ကျော်ဒေဝ လာလျှင် ယောက အခန်းထဲက မထွက်။ နေနေက ကုတ်ကပ်ခေါ်လည်း မထွက်။ ဘာဖြစ်လို့လဲဆိုတော့ သုခတင့်ကို မြင်ယောင်ပြီး သူ့အပေါ် တရားမျှတမှု မရှိမှာ စိုးတာကြောင့်ပင်။ သုခတင့်နဲ့ကတော့ တွေ့ဖို့လမ်းမရှိဘူး မဟုတ်လား။ နှစ်ယောက်စလုံးဟာ ယောကို သဲသဲမဲမဲ ရူးရူးမူးမူး



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းချဉ်းကပ်နေကြတဲ့ အခြေအနေမှာ ဘယ်သူ့ကို ပိုမှန်းလဲ ယောကိုယ်ယော မဝေခွဲတတ်၍ တစ်ယောက်နဲ့မတွေ့ရင် နောက်တစ်ယောက်နဲ့လည်း မတွေ့ချင်။

တွေ့ဖန်များတဲ့သူအပေါ် သံယောဇဉ် ပိုသွားရမှာကို မလိုလား။ အရှုံးအမှုး ရှိလှတဲ့ ကောင်လေးနှစ်ယောက်ကြောင့် ယောလည်း ခေါင်းရှုပ်လှသည်။ ဘယ်လိုရေစက်ကြောင့်မှန်း မသိပဲ သူတို့ကို ယော သံယောဇဉ်ကြီးစွာ တွယ်မိပေသည်။ နှစ်ယောက်လုံးအပေါ် ချစ်ခင်တွယ်တာမှု ရှိနေရာ ဘယ်သူ့အပေါ် ရီးရီးလည်း ဘယ်သူ့အပေါ် ဆန်းဆန်းလဲ ဆိုတာကိုလည်း မပြောတတ်။

ကျော်ဒေဝနှင့် စကားပြောနေရလျှင် ဘုကျပြီး သဝန်တိုလှတဲ့ သူ့အပြောအဆိုတို့ကြောင့် ချစ်စနိုးနှင့် ယော ပြုံးရသလို သုခတင့်နှင့် စကားပြောရင်တော့ မောင်ကလေးတစ်ယောက်လို နာခံကျိုးနွံလှမှုကြောင့် တစ်မျိုး ချစ်စနိုး ရှိရပြန်ပါသည်။ သို့ပေမဲ့ သုခတင့်က ယောကို ပွင့်ပွင့်လင်းလင်း ချစ်စကားမျိုး မဆိုခဲ့ဖူးသေးပါ။ သူ့အပြောအဆိုလေးတွေက တစ်ဆင့်သာ သူ့စွဲလမ်းတွယ်တာမှုကို သိခွင့်ရနေတာ။ ကျော်ဒေဝကတော့ ဖုန်းတစ်ကြိမ် အပြောမှာ ချစ်ကြောင်းက အစွန်းနှစ်ဆယ်လောက် ပြောတတ်သူပင်။





တစ်နေ့တော့ ယော ခြံထဲမှာ ရှိနေတဲ့အချိန် ကျော်ဒေဝ ရောက်ချလာ၍ တက်ပြေးချိန် မရပဲ ယောနှင့် ကျော်ဒေဝ မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ရပါသည်။

"မ,က သိပ်ရက်စက်တယ်ကွာ၊ အိမ်မှာ ရှိနေရက်နဲ့ ကျွန်တော် ရောက်နေတာကို ဆင်းလာဖော် မရဘူး၊ ထွက်ကိုမလာပဲ နေတယ်၊ သိပ်နေစိမ့်တာပဲ၊ အဲဒီလောက် နေစိမ့်တဲ့ မိန်းမတစ်ယောက်ကို ရူးလို့ချစ်နေတာပဲနေမယ်၊ အရူး ... ကျော်ဒေဝ"

ယောက ကျော်ဒေဝ ဒေါသတွေ ထွက်နေတာကို ရယ်နေရပါသည်။ ကျော်ဒေဝရဲ့ မျက်လုံးများထဲက တိုးလျှိုးတောင်းဆိုတဲ့ အရိပ်အငွေ့ကလေးက ထာဝစဉ် နွေးထွေးနေသည်။ ယောရဲ့ နှလုံးသား လှုပ်ရှားနွေးသိမ့်ရတာကိုလည်း ယော ဝန်ခံရပါမည်။ ဒါပေမဲ့ အဲဒီအချိန်မှာ သုခတင့်ကို သတိရကာ ဆရဏာသက်ရသည်။

"မ, အဖြေမပေးသေးဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ၊ ဟိုကောင့်ကြောင့် နောက်ကြောင်းမအေးဖြစ်နေတယ် မဟုတ်လား၊ ပြောစမ်းပါ မ,၊ ကျွန်တော်နဲ့ ဟိုကောင်နဲ့ ဘယ်သူ့ကို မ,ချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဒေဝရယ် ... မ, ပြောပြီးပြီပဲ၊ နှစ်ယောက်လုံးကို သံယောဇဉ် ရှိပါတယ်လို့"

"ဘယ်သူ့ကို ပိုလဲ"

"တူတူပဲ"

"မရဘူး မ,၊ မ,အဲလို လုပ်နေလို့ မရဘူးနော်"

"မ,က တစ်ယောက်ယောက်ကို ပိုတယ်ဆိုရင် တစ်ယောက်က စိတ်မကောင်း ဖြစ်မှာပေါ့"

"ဒီမှာ မ,၊ ကမ္ဘာကြီးမှာ တစ်ခြမ်းက လင်းနေရင် တစ်ခြမ်းက မှောင်နေရမှာ သဘာဝတရားပဲ၊ ကမ္ဘာနှစ်ခြမ်းစလုံး လင်းနေတယ်ဆိုတာ မရှိဘူး၊ မ,နှစ်ယောက်လုံးကို စိတ်ချမ်းသာစေချင်လို့ မရဘူး"

"အမယ်လေး ... တည့်သာ မတည့်ကြတယ်၊ လေသံချင်းက တူလိုက်ကြတာနော်"

"ဒီကောင် မ,ကို ဒါမျိုးပြောပြီးပြီပေါ့"

"အင်း ... အသုံးအနှုန်းကလေးကအစ တူသေးတယ်၊ သူက ပြောတာက ကမ္ဘာတစ်ခြမ်းကနေ့ တစ်ခြမ်းက ညဖြစ်ရမှာ ထုံးစံပဲတဲ့၊ ကမ္ဘာနှစ်ခြမ်းစလုံးမှာ တစ်ပြိုင်နက် နေ့ဖြစ်နေလို့ မရဘူးတဲ့၊ စာအုပ်တစ်အုပ်ထဲက ဖတ်ထားသလားထင်ရတယ်"





"မ,က နေမင်းကြီးဆိုရင် ကျွန်တော့်တစ်ခြမ်းကို သာလိုက်နော်"

ရီဝေတဲ့ မျက်လုံးလေးတွေကြောင့် ယော စိတ်တို လှုပ်ရှားရသည်။

"နေမင်းကြီးက ဒီအတိုင်းပဲ ရှိမြဲ နေနေတာပါ ကျော်ဒေဝရယ်၊ ကမ္ဘာကသာ နေအနားကို အရှေ့ဘက်နဲ့ပတ်လိုက်၊ အနောက်ဘက်နဲ့ ပတ်လိုက်၊ အငြိမ်မနေတာ၊ နေကတော့ အရှေ့ကိုရော အနောက်ကိုရော တစ်သမတ် တရားမျှမျှ တတ လင်းပေးနေတာပဲ"

"မရဘူးကွာ"

အဲဒီညက သူစတင့်နဲ့ ဖုန်းပြောတော့ ကျော်ဒေဝနဲ့ ဒီနေ့ ဆုံလိုက်တာကို ယော ပြောမိ၍ သိသွားပါသည်။

"ဟာ ... ဒီကောင်ကျတော့ မမ,နဲ့ တွေ့ခွင့်ရတယ်ကွာ၊ ကျွန်တော်လည်း တွေ့ချင်တယ်ကွာ၊ မရဘူး မမ,၊ ကျွန်တော့်ကို တစ်ကြိမ် အပြင်မှာ တွေ့ရမယ်"

"ဟင် ... ကတ်သတ်တွက်ချက်နေကြတာပဲ"

"အင်း ... ဒါပေမဲ့ မမ,နဲ့ တွေ့ချင်တာတောင် စနေ တနင်္ဂနွေမှ ကျွန်တော် တွေ့လို့ရမှာ၊ ခုတလော အသွား သိပ်နေမကောင်းဘူး မမရဲ့။ ကျွန်တော်နဲ့ အသွား နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းရှိတော့ ကျွန်တော် ကျောင်းတွေတောင် ပျက်နေတာ၊ အရေးကြီးတဲ့ အတန်းဆိုမှ အဝတ်လျှော်တဲ့ ကုလားမကြီးကို တစ်နာရီ နှစ်နာရီ စောင့်ခိုင်းထားပြီး ကျွန်တော် ပြေးတက်ရတယ်"

"ဟုတ်လား ... စိတ်မကောင်းပါဘူး သုခတင့်ရယ်"

"စနေ တနင်္ဂနွေကျရင်တော့ အဘွားရဲ့ တူမနှစ်ယောက်က တစ်လှည့်စီ တစ်နေ့ကုန် လာပြုစုပေးတယ်၊ အဲဒီကျ ကျွန်တော် ခဏတစ်ဖြုတ် အပြင်ထွက်လို့ရတာပေါ့၊ စနေနေ့ ကျွန်တော်နဲ့ အပြင်မှာ တစ်ခုခု စားရအောင်လားဟင် မမ၊ မမ ကျွန်တော့်ကို ကျွေးရမှာ အကြွေးရှိတယ်"

"ဟင် ... ဘယ်တုန်းက အကြွေးရှိသွားတာလဲ"

"ဟိုးတစ်နေ့က၊ အကြီးဖြစ်ပြီး မကျွေးဘူး"

ယောက ရယ်မောရကာ စနေနေ့ကို သူနှင့်အတူ တစ်နေရာထွက်ပြီး မုန့်လိုက်ကျွေးဖို့ သဘောတူလိုက်ရပါသည်။ အင်းယားစောင်းမှာပဲ စားမည်ဆိုတာကြောင့် အင်းယားစောင်းကိုပဲ ချိန်းလိုက်ပါသည်။ သုခတင့် လာခေါ်မည် ပြောပေမဲ့ ယောက လာမခေါ်နိုင်းတော့ပါ။ တော်ကြာ နေနေနှင့် ပြောဆိုငြင်းခုန်နေရဦးမည်။ မေမေကတော့ ယောကို ဘာမှပြောမည် မထင်။

❧ ❀ ❧





ခုံတန်းကလေးမှာ ထိုင်နေတဲ့ ယောက လက်ပတ်နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်မိပြန်သည်။ လေးနာရီလို့ ချိန်းထားပြီး အခုဆိုရင် ငါးနာရီထိုးဖို့ ငါးမိနစ်တောင် ဖြစ်သွားပြီ။ ငါးနာရီထိုးသွားရင်တော့ ယော ထ,ပြန်မှ သင့်မည်ထင်ပါရဲ့။ အင်းယားကန်စောင်းမှာ တစ်ယောက်တည်း အကြာကြီးထိုင်လို့တော့ မကောင်းပါဘူး။

သုခတင့် ဘာကြောင့် မလာပါလိမ့်။ နူးညံ့ယဉ်ကျေးတဲ့ ကောင်ကလေးဟာ ယောကိုတော့ မလာနိုင်ပဲ လှည့်စားချိန်းမှာ မဟုတ်။ အရေးကြီးသော အကြောင်းကိစ္စ အဖြစ်အပျက် တစ်ခုခု ရှိလိမ့်မည်လို့ ယော ယုံပါသည်။ ရောက်မလာတော့ ယော စိတ်တွေ ပူရသည်။ အဘွားပဲ နေမကောင်းဘူးလား၊ စောင့်ပေးမဲ့သူ အဆင်မပြေလို့လား၊ လာရင်းပဲ လမ်းမှာကားပျက်လား၊ ကားတိုက်လား။ မှ ... မှ ... မဟုတ်ဘူး။ ဆိုးဆိုးဝါးဝါးတော့ မဖြစ်ရဘူး မဖြစ်နိုင်ပါဘူး။

"မ,"



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ခနဲ အရိပ်တစ်ခု တိုးကပ်လာကာ ခပ်ဆတ်ဆတ် ခေါ်လိုက်တာကြောင့် ယော မော့ကြည့်လိုက်လျှင် မျှော်လင့်မထားသော ကျော်ဒေဝကို တွေ့လိုက်ရပါသည်။

"ကျော်ဒေဝ"

ကျော်ဒေဝ မျက်နှာက မှုန်ကုပ်ကုပ်။

"ကျွန်တော် မ,ကို မြင်တာကြာပြီ၊ ထိုင်ကြည့်နေတာ၊ တစ်ယောက်တည်း ဘာလာလုပ်နေလဲလို့၊ မ,နာရီကြည့်တယ်၊ ဟိုဘက်ဒီဘက် မျှော်တယ်၊ နာရီကြည့်တယ်၊ တစ်ယောက်ယောက်ကို စောင့်နေတာပဲ၊ မ,စောင့်နေတာ ဟိုကောင်လား"

ယောက ကျော်ဒေဝကို မရဲတရဲ ပြုံးပြလိုက်ပါသည်။

"မပြုံးပါနဲ့"

ယောက အပြုံးကို အသာပြန်သိမ်းပြီး ခပ်တည်တည်ပဲ နေလိုက်သည်။

"ခပ်တည်တည်လည်း မနေနဲ့"

ယော စိတ်တိုသွားပြီး ပါးစပ်က ပတွတ်ပတွတ်ရွတ်၍ တစ်ဖက်လှည့်ပစ်လိုက်သည်။

"မကြားတကြားလည်း မပြောနဲ့ ဟိုဘက်လည်း မလှည့်နဲ့"

"ကျော်ဒေဝ"





"ဒီဘက်လည်း လှည့်မလာနဲ့၊ ကျွန်တော့်ကိုလည်း မခေါ်နဲ့၊ ကျွန်တော့်ရှေ့လည်း မနေနဲ့၊ ကုန်ကုန်ပြောမယ်၊ ခင်ခင်ယော ဆိုတဲ့ မ, မရှိရင် အကောင်းဆုံး၊ ရှိခဲ့လို့ ကျွန်တော် ချစ်ရတယ်၊ ခုလို ခံစားရတယ်"

ယော ထိုင်ရာမှ ထ,ရပ်လိုက်တော့ကာ ...

"မ, သွားမယ်"

"မသွားနဲ့"

ကျော်ဒေဝက လက်ကာတား၍ ယော စိတ်တိုကာ ...

"ဒါဖြင့် ငါက ဘာလုပ်ရမှာလဲဟဲ့"

"ကျွန်တော်ကော ဘာလုပ်ရမှာလဲ၊ မပြတ်မသားကြီး လမ်းခုလတ်မှာ ဘာရပ်လုပ်နေတာမှန်းကို မသိဘူး၊ ဒီက တော့ သူနဲ့ ပတ်သက်ရင် အရူးတစ်ယောက်လို ဖြစ်နေလိုက်တာ၊ လာခဲ့ ... လာခဲ့ ... ပြမယ်"

ကျော်ဒေဝက ယော လက်ဖျားကလေးကို ဆွဲခေါ်သွားပါသည်။

"ဟယ် ... ဘာပြမှာလဲ"

"လိုက်ကြည့်"

ကျော်ဒေဝ ဆွဲခေါ်ရာနောက် အူကြောင်ကြောင် အပြေးတစ်ပိုင်းလေး ပါလာသော ယောသည် ကျော်ဒေဝရဲ့အား



www.burmeseclassic.com

www.burmeseclassic.com



အနား ရောက်လျှင် မျက်လုံးဝိုင်းသွားရပါသည်။ ကားရှေ့ခန်းထဲမှာ သင်းသင်း၊ အံ့ဩစရာ။

ကျော်ဒေဝက ကားတံခါးကို ဆွဲဖွင့်လိုက်ပြီး လက်ဖဝါးကိုဝဲ၍ ဟန်ပါပါ အမူအရာနှင့် ...

"ခဏဆင်းပါဦး မသင်း"

သင်းသင်းက ယောကို မျက်စချီချီကလေး ကြည့်လိုက်ပါသည်။ ယူအက်ဖ်အယ်လ်က "ဒင်"ဆိုတဲ့ နာမည်ကျော်ကောင်ကလေးနှင့် တွဲလာရ၍ သင်းသင်း မျက်နှာက အလိုလိုနေရင်း မော်နေသည်။ ရွှေသွေး ဆိုတာက ကျော်ဒေဝလို ကောင်ကလေးနှင့်ယှဉ်လျှင် ခေတ်နောက်ပြတ်ကျန်ပြီ။ ရွှေသွေးတို့ ချမ်းသာတယ်ဆိုတာ ကျော်ဒေဝတို့ အိပ်နေသလောက် ရှိမှာ။ ပြီးတော့ ရွှေသွေးက တုံးတုံးအေးအေး။ ကျော်ဒေဝက စိတ်လှုပ်ရှား ရင်မို့ရလောက်အောင် မြူးထူးတက်ကြွသည်။

အဲဒီ ကျော်ဒေဝ ကိုယ့်ကို ရုတ်တရက်ကြီး ချဉ်းကပ်ရစ်ဝဲလာတော့ သင်းသင်း မိုးမမြင် လေမမြင် ဝင့်ကြွားနေရတော့တာ။ အူကြောင်ကြောင်ရုပ်နှင့် ပါလာသော ခင်ခင်ယောနှင့် ကျော်ဒေဝ ဘယ်လိုပတ်သက်တယ် မသိပေမဲ့ မိတ်ဆက်ပေးမှာထင်၍ ကိုယ့်ဘက်က မလျော့ရအောင် ခပ်ကြော့ကြော့လေး ကားပေါ်က ဆင်းလိုက်ပါသည်။





"ဘာလုပ်မလို့လဲ ကျော်"

"ထားခဲ့တော့မလို့လေ၊ မသင်းကို ဆင်းခိုင်းပြီး မ,ကိုတက်ခိုင်းတာ၊ ကဲ ... မ,တက်"

ကျောကိုတွန်း၍ ကားထဲ ဝင်စေလိုက်သော ကျော်ဒေဝကြောင့် ယောသည် အရှိန်လွန်ပြီး ကားထဲ ဝရုန်းသုန်းကားလေး ရောက်သွားပါသည်။ ငေးကြောင်နေတဲ့ သင်းသင်းကို ကျော်ဒေဝက လက်တစ်ဖက်ပြရင်း ကားတစ်ဖက်ကို ပတ်၍ တက်ထိုင်သည်။ ကားကို မောင်းထွက်လာလျှင် ...

"ဟယ် ... ဘယ်လိုလုပ်လိုက်တာလဲ ကျော်ဒေဝရယ်"

"ဒီလိုပဲ"

"အဲဒါ သင်းသင်း ဆိုတာ၊ ဟိုတစ်ခါ နေနေ ပြောပြတဲ့ ဇာတ်လမ်းထဲက မ,သူငယ်ချင်း ဆိုတာလေ"

"သိသားပဲ"

"မင်း သင်းသင်းနဲ့ တွဲနေတာလား၊ သူ့မှာ ရည်းစားရှိတယ်နော်"

"ရှိ ... ဘရိပေါ့"

"ဘယ်တုန်းက သင်းသင်းနဲ့ မင်း တွဲလိုက်တာလဲ"

"ဒီကြားထဲ ကြိုးစားရစ်ဝဲနေတာပေါ့၊ အခု ကြည့်ပါလား၊ အင်းယားစောင်းကို လိုက်လာတယ် ဆိုတော့ ကြည့်တဲ့သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေသွေး သနားပါတယ် ကျော်ဒေဝရယ်၊ မင်းက မိန်းကလေးတွေနဲ့ စွံတိုင်း သူများရည်းစားကို ကောက်ပြီးတော့ ဒီလိုကြီး မလုပ်သင့်ပါဘူး"

"ဘာလို့ ရွှေသွေးကို သနားရတာလဲ၊ ဘာလဲ ... ငယ်ချစ်ဟောင်းကြီး အသည်းကွဲမှာ သနားကြင်နာနေတာလား"

"ဘာဆိုင်လို့လဲ၊ မ,ငယ်ချစ်ဟောင်းမှ မဟုတ်တာ"

"မဟုတ်ရင်ပြီးရော၊ ကဲပါကွာ၊ သူတစ်ပါးကိစ္စ ထားစမ်းပါ"

ယောက ကျော်ဒေဝကို မျက်ခုံးတွန့်လေးနှင့်ကြည့်ရင်း ...

"အခု ဒါ ဘယ်သွားမှာလဲ"

"မ,က ကျွန်တော်နဲ့ မသွားချင်တဲ့ သဘောလား"

"ဘယ်သွားမှာလဲ မသိပဲ အတင်းဇွတ်မောင်းနေတာ မမေးရဘူးလား"

"မေး, မေး၊ ရတယ်၊ ကျွန်တော် ပဲခူးကို အခုမောင်းနေတာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"မ, ကျွန်တော့်ကို အဖြေပေးတော့၊ ချစ်တယ် သို့မဟုတ် မချစ်ဘူး၊ ရှစ်မိနစ်အတွင်း အဖြေမပေးရင် ပဲခူးကိုရောက်အောင် မောင်းသွားမယ်၊ ရှစ်မိနစ်အတွင်း ချစ်တယ်လို့ အဖြေပေးရင် မ,ကို အိမ်ပြန်ပို့မယ်"





ကျော်ဒေဝသည် သုခတင့်ကို အင်းယားစောင်းမှာ ချိန်းပြီး လာစောင့်နေတဲ့ မ,ကြောင့် အကြီးအကျယ် ပေါက်ကွဲနေတာ ဖြစ်သည်။ သူနဲ့ကျ ဘယ်မှမလိုက်ပဲ သုခတင့်နဲ့ကျတော့ ချိန်းချိန်းထွက်တယ်။ မ,လုံးဝမတရားဘူး။ မ,ကို သုခတင့်ကို မပေးနိုင်ဘူး။ ဒါပဲ။ မ,ကို ကျွန်တော်ပဲ ပိုင်ဆိုင်မယ်။

"ကျော်ဒေဝ၊ အိမ်ပြန်မယ်ကွာ"

"ဘာလို့ ပြန်ရမှာလဲ"

"မင်း ... မ,စကား နားမထောင်ဘူးလား"

"နားထောင်ရမှာလား"

"နားထောင်ရမှာပေါ့"

"ပြီးရော ... ဒါဖြင့်ပြော"

"ပြန်ကွေ့လိုက်၊ အိမ်ပြန်မယ်"

"အိုကေ"

ကျော်ဒေဝက ကားကို တကယ်ပဲ ပြန်ကွေ့ယူလိုက်ပါသည်။ ပြည်လမ်းအတိုင်း ရှစ်မိုင်လမ်းဆုံနားအထိပင် နီးနေရာမှ ကားက နောက်ဘက်ပြန်လှည့်လာခဲ့ပါပြီ။ ယောက ရှုရှုမှုမှုလေး ပြုံးလိုက်မိကာ သူ့စကား နားထောင်တဲ့ ကျော်ဒေဝ အပြုအမူကိုလည်း သဘောကျ ဘဝင်ခိုက်သွားရပါသည်။

"ကားဖြည်းဖြည်းမောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ကျော်ဒေဝက အရှိန်နှင့် ပြေးနေသော ကားကို အရှိန်လျှော့ချလိုက်ပါသည်။

"ပြီးတော့လေ"

"အင်း ... ပြော"

"သင်းသင်းကို မင်း တမင်သွားလုပ်တာ မဟုတ်လား၊ မ,အတွက်"

"ဟုတ်တယ် ... မ,အတွက်"

"အဲဒါ အဓိပ္ပာယ်မရှိဘူး၊ မိန်းကလေးတစ်ယောက်အပေါ် ဘယ်ကောင်းပါ့မလဲ၊ ရွှေသွေးကိုလည်း မ,က ကြိုက်နေတာ မဟုတ်ဘူး၊ ရွှေသွေးနဲ့ သင်းသင်း ကြိုက်သွားကြတာလည်း မ,ကို ဘာမှ မထိခိုက်ပါဘူး၊ ပြီးတော့ သင်းသင်းက သဘောကျစရာ မကောင်းပေမဲ့ ဘာပဲဖြစ်ဖြစ် မ,သူငယ်ချင်းပဲ ကျော်ဒေဝရဲ့၊ မ,တောင် သူ့ကို ဘယ်လိုမှ သဘောမထားပါဘူး၊ သူ့ကို သွားမလှည့်စားနဲ့တော့နော်"

"အင်း"

"ဒီနေ့ ဘာဖြစ်လို့ ဒီလောက် လီမွှာနေတာလဲ"

"အထိမ်းအမှတ်ကြောင့်ပေါ့"





ကျော်ဒေဝက ကားကို အင်းယားလမ်းထဲမှတစ်ဆင့် တက္ကသိုလ်ရိပ်သာလမ်းပေါ်၊ အဲဒီကတစ်ဆင့် အင်းယားမြိုင်ထဲပင် ချိုးကွေ့လိုက်ပါပြီ။

"ဘာအထိမ်းအမှတ်လဲ"

ကျော်ဒေဝက ခြံရှေ့မှာ ကားကို တုံ့ရပ်လိုက်ရင်း ...

"မ,နဲ့ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်လေ"

"ဟင်"

"မ, ကျွန်တော့်ကို ချစ်တယ်မှ မဟုတ်လား၊ ယောကျ်ားလေး တစ်ယောက်ကို မိန်းကလေး တစ်ယောက်က ချုပ်ချယ်တယ် အမိန့်ပေးတယ် ဆိုတာ ချစ်သူတွေမှ၊ မိန်းကလေးကလည်း ကိုယ့်ချစ်သူမို့ ချုပ်ချယ်တာ အမိန့်ပေးတာ၊ ယောကျ်ားလေးကလည်း ကိုယ့်ချစ်သူမို့ ချုပ်ချယ်တာ အမိန့်ပေးတာကို နာခံတာ၊ မ, ကျွန်တော့်ကို ခုလိုအမိန့်တွေပေးတာ ကျွန်တော့်ကို ချစ်လို့၊ ကျွန်တော် သိတယ်၊ ကျွန်တော် အရမ်းဝမ်းသာတာပဲ"

ယောသည် မျက်ခုံးတွန့်လေးနှင့် မကျေမချမ်းစွာ ...

"မ, အဲသလို တစ်ခွန်းမှ မပြောဘူး"

"ဒါပေမဲ့ ကျွန်တော် နားလည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝက ယော ရှေ့မှ လက်လှမ်းကာ ကားတံခါးကို ဖွင့်လိုက်၍ ယောက ယောင်ချာချာနှင့် ကားပေါ်က ဆင်းလိုက်ရပါသည်။ ကျော်ဒေဝက ဒက်ရှ်ဘုတ်ကိုဖွင့်ပြီး အထဲက ဟဲန်းဒ်ဖုန်းလေးတစ်ခုကို ထုတ်ယူလိုက်ကာ ကားပြတင်းပေါက်မှ ယောထံ လှမ်းပစ်ပေးလိုက်၍ ယောမှာ ကမန်းကတန်း ပြုတ်မကျအောင် ယောင်ယမ်းယမ်း ဖမ်းယူထားလိုက်ရပါသည်။

"အဲဒါ မ,ပို့ဖုန်း၊ ကျွန်တော်နဲ့ မနဲ့ ချစ်တဲ့အကြောင်း ပြောဖို့ဖုန်း၊ အိမ်ဖုန်းနဲ့ဆိုရင် ဘေးမှာလူရှိရင် မ,ပြောမထွက်တာ ရှက်တာ ရှိနေဦးမယ်၊ ပြီးတော့ မ,အပြင်ထွက်နေရင်လည်း ကျွန်တော် လိုက်ဆက်လို့ရအောင်၊ မ,ဘယ်သွားသလဲလည်း သိလို့ရအောင်၊ ဖုန်းကို အမြဲဖွင့်ထားနော် မ,၊ ဆယ့်နှစ်နာရီထိုးမှ ပိတ်ပြီး ချာ့ဂျင်သွင်း၊ မနက်ကျ ခုနစ်နာရီမှာ ဖုန်းဖွင့်နော် ...

အချိန်မရွေး ကျွန်တော် ဆက်မယ်၊ ကျွန်တော့်ဖုန်းတစ်ခုမှ Miss မဖြစ်စေနဲ့နော် မ,၊ ဖုန်းဆက်ရင် ဆက်မယ် Message ပို့ရင် ပို့မယ်၊ ဘာကိုမှ မ,မလွတ်စေနဲ့နော်"

"ကျော်ဒေဝ ... နေဦး"

ကျော်ဒေဝက ကားပြတင်းမှ ခေါင်းငုံ့ကာ ယောကို စူးစူးနစ်နစ် မြတ်မြတ်နိုးနိုးကြည့်ရင်း ...





"မ,ကို သိပ်ချစ်တယ်"

စကားလည်းဆုံးရော ကားကို မောင်းထွက်သွားလေရာ ယောမှာ ဖုန်းကလေးကိုင်ပြီး ယောင်အအ, ကြောင်တ,တကျန်ရစ်ခဲ့ရပါသည်။ သူဟာနဲ့သူ အပိုင်အနိုင် သူ့စိတ် သူ့သဘောထက်ကိုင်ပြောဆိုသွားလိုက်တာ။ ယောက စိတ်တိုတို စိတ်ရှုပ်ရှုပ်နှင့် အိမ်ထဲကို ဝင်လာခဲ့ပါသည်။ အိမ်ထဲရောက်လျှင် ထမင်းစားခန်းမှာ သူ့ဟဲန်းဒ်ဖုန်းလေးနှင့် ဖုန်းပြောနေသော နေနေက ဖုန်းကို ပိတ်လိုက်ရင်း မချိုမချဉ် ရုပ်ကလေးနှင့် ...

"မမ, ဒေဒေ ဆက်တယ်၊ မမနဲ့ သူနဲ့ ရည်းစားတွေ ဖြစ်သွားပြီဆို၊ ဟုတ်လား"

"ဘယ်က ဟုတ်ရမှာလဲဟယ်၊ နင် သဘောမတူဘူး မဟုတ်လားဟင် နေနေ"

"အတည်ဆိုရင် တူပါတယ်၊ မမ သူ့ရည်းစား ဖြစ်သွားရင် သတိတော့ထားနော်၊ သူ့ကို ဝိုင်းကြိုက်နေတဲ့ ကောင်မလေးတွေရဲ့ ခဲနဲ့ပေါက်တာလည်း ခံရနိုင်တယ်၊ မနာလိုတိုရှည် နှောင့်ယှက်တာ ပြဿနာလုပ်တာတွေ ရင်ဆိုင်ရနိုင်တယ် ... အဲဒါပဲ"

ယော သက်ပြင်းတစ်ချက်ချ၍ ငိုင်ထိုင်နေမိပါသည်။

❧ ❀ ❧



www.burmeseclassic.com

www.burmeseclassic.com



## ၇

မနက်က ရက်လည်ဆွမ်း ကျွေးပြီးသွားပြီမို့ ညနေမှာတော့ ဘယ်သူမှ မရှိတော့ဘဲ တစ်အိမ်လုံးဟာ တိတ်ဆိတ်ခြောက်ကပ်သွားပါပြီ။ အဘွားရဲ့တူ၊တူမ ဝမ်းကွဲတွေလည်း ကိုယ့်အိမ်ကိုယ် ပြန်ကုန်ကြပြီ။ ဆွေးသားရင်းချာထဲက အရင်းဆုံး တစ်ယောက်ဖြစ်တဲ့ အဘွားကို ခွဲခွာလိုက်ရတဲ့နောက် သုခတင့်သည် တစ်ယောက်တည်း အထီးကျန် ကျန်ရစ်ရပါတော့သည်။

ဤရက်တွေအတွက် သူ အအိပ်လည်းမမှန် အစားလည်းမမှန်။ စိတ်ဓာတ်တွေ ပျက်သုန်းကျဆင်းနေ၍ လူက မှုးဝေထိုင်းမှိုင်းနေပါသည်။ ဖုန်းကိုလည်း ရက်ပေါင်းများစွာ ပိတ်ထား၍ ဘယ်သူနှင့်မှ အဆက်အသွယ် မလုပ်ပဲ နေခဲ့သည်။ ဆက်သွယ်နေတော့ရော ဘာအကျိုးထူး ရှိသလဲ။





ဒီအချိန်မှာ သုခတင့် ပြင်းပြင်းထန်ထန် အောက်မေ့ဆောင့်တနေမိသည်မှာတော့ မမပင်။ မမကို တွေ့ချင်သည်။ မမ ဆီဖက်ပြီး ငိုပစ်လိုက်ချင်သည်။ မမကို သူ့ဘဝရဲ့ အကြောင်းစုံ ဆို ပြောပြလိုက်ချင်သည်။ မမ ဘာမှမသိသေးတဲ့ သူ့ရဲ့ဇာတ်လမ်းတွေကို မမ သိရရင် သူ့ကိုသနားမှာပါ။

ဖေဖေ့ကိုလည်း သူ သတိရပါသည်။ ဖေဖေလို့ သူ ခေါ်ခဲ့တဲ့ တကယ်ပဲ သူ့ရဲ့ဖေဖေလို့ ထင်ခဲ့တဲ့ ဦးမြတ်ကျော်။ အဖေဟာ သူ့အပေါ် ကောင်းရှာပါသည်။ ငယ်ငယ်က သူ ရိုးရိုးအလေး သိထားခဲ့ရတာကတော့ သူ့ဖေဖေဟာ ဦးမြတ်ကျော်၊ သူ့မေမေဟာ ဒေါ်နိုင်သူဇာ။ ဖေဖေ့ဘက်က ဦးလေး အဒေါ် အဘိုးအဘွားတို့က နိုင်ငံခြား တိုင်းပြည်နိုင်ငံ အသီးသီးမှာ။ အမေရဲ့ အစ်ကိုက နိုင်ငံခြားမှာ။ မေမေ့ညီမက ရန်ကုန်မှာ။ အမေ့အမေ အဘွားကတော့ သုခတင့်တို့နှင့်အတူ မြိတ်မြို့မှာ ဆိုက်နေခဲ့ပါသည်။

အဲဒီ မြိတ်မှာပေါ့။ မမနဲ့အတူတူ တစ်နှစ်နေခဲ့ရ အား သုခတင့်သည် ငယ်ငယ်က မမကို သူ အရမ်းချစ်ခဲ့တာ ကို အခုထက်ထိ မှတ်မှတ်မိမိ ရှိနေဆဲ။ မမက ဖြူဖြူဖွေးဖွေး ဘိုမ ချော်လေးလို လှသည်။ သုခတင့်ကိုလည်း အလွန်ချစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သုခတင့်တို့ မိသားစုသုံးယောက် စင်ကာပူကို ထွက်ခဲ့ကြတော့ သူ့မှာ အကြာကြီး အတူနေခဲ့တဲ့ အဘွားထက်တို တစ်နှစ်ပဲ အတူနေခဲ့ရတဲ့ မမကို ပိုပြီးလွမ်းဆွတ်ခဲ့ပါသေးသည်။ မမကို ဒီကိုခေါ်ပေးလို့လည်း မကြာမကြာ ဂျီတိုက်ပူဆာခဲ့ဖူးသေးသည်။ အဲဒီတော့ မေမေက သူ့ကို ချော့မော့ပါသည်။

"မမက ဟိုမှာ သူ့မေမေ ရှိသေးတယ် သားရဲ့၊ သားလည်း မေမေနဲ့ တူတူနေတယ် မဟုတ်လား၊ မမကလည်း သူ့မေမေနဲ့ တူတူနေရဦးမှာပေါ့"

နောက်တော့ သူ သဘောပေါက်တတ်လာသည်မှာ မမနှင့် သူဟာ အဖေတူပြီး အမေ မတူသည့် မောင်နှမလို့ပင်။ သူ ကြီးလာရင်တော့ မမကိုလည်း နိုင်ငံခြား ခေါ်လိုက်မည်။ မြိတ်မှာတုန်းက အဘွား ချစ်စနိုးခေါ်တဲ့ ဖိုးသု ဆိုတဲ့ အမည်ကလေးကပဲတွင်ကာ သူ့နာမည်က "သုသု"။ စင်ကာပူမှာကျောင်းအပ်ဖို့ အဖေအမည်ပါတဲ့ အမည်သစ် မှည့်ရပါသည်။

အဲဒီအခါ သူ့နာမည်က ဘာကြောင့် "သုခတင့်" ဖြစ်ခဲ့ရတာယ်ဆိုတာ သူ နားမလည်ခဲ့ပါ။ တကယ်ဆို "သုခကျော်" ဖြစ်သင့်တယ် မဟုတ်ဘူးလား။ ဒါပေမဲ့ ဒါကို စာချဲ့စဉ်းစားနေတတ်တဲ့ အရွယ်လည်း မဟုတ်သေး။ တဖြည်းဖြည်းမှသာ ရံဖန်ရံခါ ခေါင်းထဲ တွေးမိလာတာပါ။





ဘာပဲဖြစ်ဖြစ် သူ့ဘဝက အဆင်တပြေ ပျော်ရွှင်သာယာခဲ့ရပါသည်။ သူ့မေမေရဲ့ အစီအစဉ်ကြောင့် သုခတင့်ဟာ ဟိုမှာလည်း ကျောင်းတက်နေဆဲကပင် မြန်မာပြည်က အတန်းများကိုလည်း နှစ်စဉ် သံရုံးမှာ ဖြေဆိုခဲ့ရသည်။ သူ မြန်မာပြည်က ဆယ်တန်းကို ဖြေဆိုမည့်နှစ်မှာ မမျှော်လင့်ပဲ မေမေ အသည်းကင်ဆာနှင့် ကွယ်လွန်ခဲ့ပါသည်။

အဲဒီအချိန်ဟာ ဂျပန်ကို သွားကြတော့ဖို့ ဖေဖေ ကြိုးစားစီစဉ်နေတဲ့ အချိန်။ ဂျပန်မှာ ဖေဖေ့ညီတစ်ယောက်လည်း ရှိသည်။ မေမေ ဆုံးသွားတော့ ဖေဖေလည်း ဗုန်းဗုန်းလဲမတတ် ဖြစ်ခဲ့ပါသည်။ မေမေ့အသုဘကို စင်ကာပူမှာ အကြီးအကျယ် အောင်မြင်ချမ်းသာနေတဲ့ ဦးစိုးတင့် ဆိုတဲ့ လူကြီးတစ်ယောက် ရောက်လာပါသည်။ ဖေဖေနှင့်လည်း ရင်းရင်းနှီးနှီး လေးလေးစားစား စကားပြောဆိုကြပါသည်။ အဲဒီနေ့က ဖေဖေ့မျက်နှာဟာ (မေမေ့အသုဘကြောင့်ရော) နွမ်းနယ်လှတာ သူ မှတ်မိနေသည်။

ဖေဖေက သူ့ကိုခေါ်ကာ ထိုသူဌေးကြီးနှင့် မိတ်ဆက်ပေးပြီး ...

"ဖိုးသု ... သား၊ အဲဒါ မင်းဘကြီး တော်တယ်"

ဖေဖေ့စကားက ဤမျှပင်။ ဒါပေမဲ့ ထိုလူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက ခင်းအဖေ ဦးမျိုးတင့်ရဲ့ အစ်ကိုအကြီးဆုံးပေါ့ကွာ"

ထိုစကားက သူ့ကမ္ဘာကြီးကို ဝုန်းခနဲ ကွဲပြိုလွင့်စဉ်သွားစေခဲ့သည်။ ခုပဲ မေမေဆုံးထားပြီးစ အချိန်။ သူ့မှာ ဖေဖေဝါ တစ်ပြိုင်နက် မရှိတော့ပဲ လက်မဲ့ဖြစ်သွားတာ။ ဖေဖေကတော့ သူ့ကို နှစ်သိမ့်ပါသည်။ အားပေးပါသည်။ သူ့အဖေရင်းက ကားမှောက်ကွယ်လွန်ခဲ့တာကို သူ အဲဒီတော့မှ သိရပါသည်။ ဖေဖေနဲ့ မေမေက ရည်းစားဟောင်း။ သူ့အဖေရင်း ဦးမျိုးတင့် ကွယ်လွန်တော့ မေမေ့ဗိုက်ထဲမှာ သူရှိနေပြီ။ ဒါကို ဖေဖေ၊ မေမေ၊ အဘွားနှင့် အဖေရင်းရဲ့ မောင်နှမတချို့ကတော့ သိကြပါသည်။ လူအတော်များများကတော့ မသိခဲ့။

ဖေဖေနှင့် မေမေကလည်း ခပ်မြန်မြန် လက်ထပ်ဖြစ်ခဲ့တာကြောင့် ပါသည်။ သူ့ကို ဘကြီးတော်တဲ့ ဦးစိုးတင့်က သားသမီးလည်း မထွန်းကားတဲ့အတွက် သူဆန္ဒရှိရင် ဖေဖေလည်း သဘောတူရင် မွေးစားမယ် ဆိုသည်။ ဘကြီးဟာ စင်ကာပူမှာ လူချမ်းသာကြီး စာရင်းဝင် ဖြစ်နေပြီမို့ ဖေဖေက သူ့ဆန္ဒအတိုင်း ဆုံးဖြတ်စေသည်။ ဖေဖေကတော့ နေနိုင် စားနိုင်ရုံပင်။ အဆင်ပြေလှတယ် မဟုတ်၍ သူတောင် ဂျပန်ကိုရွှေ့ဖို့ ညီဖြစ်သူ အကူအညီနှင့် တိုးတက်ကြီးပွားအောင် ကြိုးစားဖို့ ကြံရွယ်နေတာ။





ဂျပန်ကိုရောက်လျှင် ဖေဖေဟာ အခြေကျဖို့ အစမျိုးအတော် ရုန်းကန်ရဦးမည်။ ဒီကြားထဲမှာ သူ့ကျောင်းစရိတ်။ သူခတင့်သည် သိပ်အကြာကြီး စဉ်းစားမနေပဲ သူ ရန်ကုန်ကို ပြန်ဖို့ အဘွားနှင့် အဆက်အသွယ် ယူလိုက်ပါသည်။ အဘွားက သူခတင့်တို့ မရှိကတည်းက သမီးငယ်နှင့် ရန်ကုန်မှာနေသည်။ အဲဒီအချိန်ပိုင်းမှာပင် ရန်ကုန်က အန်တီလေးတို့ မိသားစုကလည်း သူ့ခင်ပွန်း တာဝန်ကျတဲ့ ဂျမေကာကိုသွားဖို့ အစီအစဉ် ရှိနေသည်။ အဘွားက ရန်ကုန်က သမီးငယ်အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်မှာ ဖြစ်သည်။

ဖေဖေက စိတ်မကောင်းပါ။ သူက ဖေဖေ့ကို တစ်ခါပြန်နှစ်သိမ့်ရပါသည်။

"သားလည်း ဆယ်တန်းအောင်နေတယ်၊ သား ရန်ကုန်မှာ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဂျပန်ဘာသာတက်မယ် ဖေဖေ၊ ပြီးရင်တော့ သား ဂျပန်ကို ထွက်လာဖို့ ကြိုးစားပါမယ်၊ ခုတော့ အဘွားလည်း ရန်ကုန်မှာ တစ်ယောက်တည်း ဖြစ်နေချိန်။ ဖေဖေလည်း ဂျပန်ကို ခုမှသွားပြီး အစပိုင်း ရုန်းကန်ရမဲ့ အချိန်ဆိုတော့ သားရဲ့ကျောင်းစရိတ်က တစ်ဖက်တစ်လမ်း ကြီးလေးနေဦးမယ်၊ ဖေဖေ လွတ်လွတ်လပ်လပ် ရုန်းကန်ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ သူ ရန်ကုန်ရောက်လာတော့ အဘွားချော့ သူ့ကို ဝမ်းဝမ်းတသာ ဆီးကြိုကာ သူရောက်လာတဲ့အတွက် အားတွေရှိနေရှာသည်။ ရန်ကုန်ရောက်ရောက်ချင်း မမ အကြောင်း တစေ့တစောင်း သတင်းစုံစမ်းကြည့်တော့ မမက မန္တလေးမှာ သူ့အဘွားရဲ့ ရွှေဆိုင်ကို ကူညီနေတာ သတင်းကြားရသည်။

မန္တလေးကို ရှတ်ခနဲ သွားလိုက်လို့ လွယ်ပေမဲ့ သူ မသွားဖြစ်ခဲ့ပါ။ သူ အားငယ်ဝမ်းနည်းနေခဲ့သေည်။ မမနဲ့ သူဟာ မောင်နှမအရင်း မဟုတ်တော့ဘူး။ မမ့်တို့ဘက်ကတော့ ဒါကို မသိနိုင်ကြဘူးလို့ အဘွားပြောသည်။ ဒါပေမဲ့ သူက သိနေတာ။ သူ့ရင်ထဲမှာ ဟာသွားသည်။ ဒါပေမဲ့ မမအပေါ် အချစ်မပျက် အချစ်မလျော့။ တစ်နှစ်တာကလေးပဲ အစ်မရင်းအမှတ်နှင့် ချစ်ခင်တွယ်တာခဲ့ဖူးသော မမကို ပြန်မတွေ့ရသေးပဲ အဝေးကနေ လွမ်းတသက်သက်နှင့် သူ ချစ်မြတ်နိုးနေဆဲတည်း။

ထူးဆန်းပါသည်။ သူ့သံယောဇဉ် ချစ်စိတ်က အံ့သြဖို့ ကောင်းပါသည်။ သူ့ကိုယ်သူလည်း နားမလည်။ သူဟာ မမကို အစ်မလိုပဲ ချစ်နေတုန်းလား။ ဘယ်လိုနည်းနှင့် တွယ်တာနေသလဲ။ တစ်သက်လုံး အစ်မရင်းလို အတူနေခဲ့ရရင်တော့ ဆန်းကြယ်တဲ့ အချစ်မျိုးပြောင်းဖို့ လွယ်မှာမဟုတ်ပေမဲ့ သူက သူငယ်တန်းရွယ် တစ်နှစ်တည်း အစ်မလို အတူနေခဲ့တာ။





ဒီကြားထဲ ရန်ကုန်မှာ သူ မမကို သတိရနေတာ၊ အောက်မေ့နေတာ၊ လွမ်းဆွတ်နေတာ၊ အိပ်မက်,မက်နေတာတွေဟာ သူ့ကိုယ်သူ အံ့သြစရာ ဖြစ်လာသည်။ လေဆိပ်မှာ မမကို ဖြုန်းခနဲ တွေ့လိုက်ရကတည်းက မမကို မှတ်မိသည်။ သူ့အသည်းနှလုံးတွေ ဒိန်းဒိန်းဒုန်းဒုန်း တုန်ခဲ့သည်။ ရင်ထဲ ပူနွေးခဲ့သည်။ မမက သူ့ကို မမှတ်မိ။ ခုထိကိုပဲ မမှတ်မိခဲ့။

မှတ်မိရင်တောင် မမ ရင်ထဲ အသိထဲမှာ သုခတင့်က သူ့ရဲ့မောင်လေးပေါ့။ တကယ်ကတော့ မမကို ချစ်နေတုန်းဖြစ်တဲ့ သူစိမ်းလေးပါ။

အဘွားဆုံးသွားတော့ ပိုပြီးတော့ပင် သူ့ရင်ထဲ ဝမ်းနည်းအားငယ်သည်။ ဘာမှကို လုပ်ချင်စိတ်မရှိ။ အစားပုံမှန်မစားတာ ဘယ်နှရက်တောင် ရှိသွားပြီလဲ။ ကော်ဖီချည်း သောက်နေသည်။ အဒေါ်ဝမ်းကွဲတွေကတော့ တစ်ခုခုစားဖို့ မှာကြားသွားခဲ့ကြတာပင်။ အိမ်မှာတော့ ဘာဆိုဘာမှ စားစရာ အဆင်သင့်မရှိ၍ သုခတင့် လှည်းတန်းဘက်ထွက်ဖို့ စိတ်ကူးသည်။

လှည်းတန်းမှာ ကြေးအိုးလေး ဘာလေး တစ်ခုခုတော့ စားမှ။ ကားကလည်း ဓာတ်ဆီသွားမထည့်ဖြစ်တာ ကြာ၍ ဆီမရှိ။ အရေးဆို ကူညီပေးမဲ့ သူငယ်ချင်းအရင်းနှစ်ယောက်ကလည်း စင်ကာပူကို ကျောင်းတက်ဖို့ ထွက်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဆို ဘာမှ အဆင်မပြေပါလား။ သူမတင့်သည် ထိုနေ့က [illegible] မဖြစ်တာကြောင့် မိုးတဖွဲဖွဲ ရွာနေတဲ့ကြားမှာ [illegible] အင်းယားလမ်း အိမ်ကနေ လှည်းတန်းကို လမ်းလျှောက် ထွက်ခဲ့သည်။

"မမ"

"အေး ... နေနေ ... ပြော"

"ဘာ ... နေနေ ... ပြောလုပ်နေတာလဲ၊ ဒေဒေဖုန်းကို ဘာလို့ မကိုင်တာလဲ၊ အိမ်ဖုန်းကို ဆက်မှပဲ ကိုင်ဖော်ရတယ်၊ ဒီမှာ ဒေဒေ ဒေါပွနေတာ"

"မှလည်း မတတ်နိုင်ဘူး၊ သူ့ဖုန်းက အသံမမြည်ပဲ လှုပ်စိ လှုပ်စိလေးပဲ တုန်နေတာကို ငါက အချိန်ပြည့် ထိုင်စောင့်ကြည့် မနေနိုင်ဘူး"

"ဩော် ... ခက်လိုက်တာ၊ ဒေဒေက ဖုန်းလာရင် အသံ မမြည်ပဲ တုန်ခါတဲ့ ဗိုင်ဘရေးရှင်းပဲ ထည့်ထားလို့ပေါ့၊ မမက အသံထွက်တဲ့ဟာ ပြောင်းထားလိုက်ပေါ့၊ ဒါမှကြား ရတာပေါ့၊ ဒေဒေတို့ နေနေတို့က ဖုန်းကို ဘောင်းဘီအိတ်



ထဲ အင်္ကျီအိတ်ထဲ ထည့်တာမို့လို့ တုန်ရုံနဲ့သိတော့ ဗိုင် ဘရေးရှင်းပဲ ထားကြတာ၊ စာသင်ခန်းထဲ အသံကြီးထ မြည်လာလို့မှ မကောင်းတာ၊ မမက အသံပြောင်းဖွင့်ထား လိုက်ပေါ့"

"ဟဲ့ ... မ,မှ မလုပ်တတ်တာ နေနေရဲ့၊ မ,က ဟဲန်းဒ် ဖုန်းကိုင်ခဲ့တာမှ မဟုတ်တာ၊ ခုမှကိုင်ဖူးတာ၊ ဘာမှမလုပ် တတ်ဘူး"

"အာ ... မမက သိပ်တုံးတာပဲ"

"တုံးတာ ဘာဖြစ်လဲ၊ သူ့ဖုန်းလေးက တုန်လာရင် မီးလင်းလာပြီး လှုပ်လာရင် မ,ကိုင်သားပဲ၊ သူနဲ့ တစ်ခါ တလေ ပြောရသားပဲ"

"သူ ဆယ်ခါဆက်မှ မမ တစ်ခါသိတာ၊ မမက ဖုန်းကို ကိုယ်နဲ့မကွာလည်း ကိုင်မထားပဲကိုး"

"အို ... ကိုင်မထားနိုင်ပါဘူး နေနေရယ်၊ ရှုပ်ကရှုပ်နဲ့"

"သူ့ဖုန်းတွေကို Miss မဖြစ်ပါစေနဲ့ ပြောထားတာ၊ တစ် ချိန်လုံး ခေါ်မရလို့တဲ့၊ ဒီမှာဒေါသထွက်နေတယ်၊ ဒါကြောင့် နေနေ ဆက်ပေးတာ၊ ကျောင်းက ဆက်နေတာ သိလား၊ ညနေကျရင် လှည်းတန်းမှာ မုန့်သွားစားမယ်လို့ မမကို ပြောထားတဲ့၊ သူ လာခေါ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အာ — မလိုက်ချင်ပါဘူး၊ နေနေလည်း မပါဘဲနဲ့"

"ရစ်မနေနဲ့၊ နေနေက ဘာလို့ပါရမှာလဲ၊ သူတို့ ရည်းစား ချင်းသွားမှာကို၊ ဒါပဲ"

နေနေ ဖုန်းချသွား၍ ယောကလည်း စူပွပွနှင့် ချ လိုက်ရပါသည်။ ကျော်ဒေဝ ပေးထားတဲ့ ဖုန်းလေးကို အိပ်ရာ ဘေးက စားပွဲပေါ် တင်ထားပါရဲ့။ ကိုယ်ကြည့်နေခိုက် သူ့ဖုန်း လာတာနှင့် ကြုံရင်တော့ ဖုန်းလေးက စားပွဲပေါ် တုန်ခါရွေ့လျား ပြီး မီးလေးတွေ တဖျပ်ဖျပ် လင်းလာတာမို့ ယော သိကာ ဖွင့် နားထောင်နိုင်သည်။

ယော တခြားရောက်နေရင်တော့ ဘယ်သိလိုက် မလဲ။ အသံမှ မမြည်တာ။ မြည်အောင်လည်း ခလုတ်တွေမှနှိပ် ပြီး မပြောင်းတတ်တာ။ သူ့ဖုန်းအနား အချိန်ပြည့် ထိုင်နေရ တော့မဲ့ အတိုင်းပဲ။ တစ်ခါတစ်ရံ သိလို့ ဖွင့်နားထောင်လိုက်သည် နှင့် စူပွကြိမ်းမောင်းသံကို နာခံရပြီ။ ခေါ်နေတာကြာပြီ၊ ဘာလို့ မသိတာလဲ၊ မထူးတာလဲ၊ ဖုန်းတခြား လူတခြား ဘာလို့ဖြစ်နေ ရတာလဲ … ဘာညာ … ဘာညာ …။

အဲဒါကြောင့် စိတ်ရှုပ်စိတ်တိုရသည်။ တော်ပြီး ညနေကျ "ရော့ … မင်းဖုန်း ပြန်ယူထားတော့"လို့ ခပ်ပြတ်ပြတ် ပြောပြီး ပြန်ပေးမှပဲ။ တကယ်တော့ ယောကလည်းယော။ ယော





သည် ဟဲန်းဒ်ဖုန်းလေးနားမှာထက် အိမ်က လိုင်းဖုန်းနားမှာ ရောက်နေတတ်သည်။ သတိရရင် ရသလို အားရင် အားသလို သုခတင့်ရဲ့ဖုန်းကို နှိပ်ပြီးခေါ်သည်။

ခေါ်လို့ကိုမရ။ မကိုင်တဲ့ အသံချည်း ထွက်နေသည်။ ဖုန်းများ ပျက်နေသလားလို့ ယူဆပေမဲ့ နောက်နေ့ကျရင် ပြန် ကောင်းနေမလားလို့ မျှော်လင့်ချက်နှင့် ထပ်ခေါ်နေမိပြန်တာ ပင်။ အဲဒီလောက်ဆို ရက်ပေါင်းများစွာ ဆက်တိုက် ခေါ်မရတော့ စိတ်ပူနေမိတာ အမှန်ပင်။ သုခတင့် ဘာများဖြစ်နေပါလိမ့်။ ဟိုး တစ်ရက် အင်းယားကန်စောင်းမှာချိန်းပြီး ရောက်မလာတဲ့နေ့က တည်းကစပြီး ခုထိ ဖုန်းခေါ်လို့ကို မရတော့။

တစ်ခုခုတော့ တစ်ခုခုပဲ။ တစ်ခုခု ဆိုတာကိုသာ စိတ်က ခိုင်ခိုင်လုံလုံ သိနေကာ ဘာမှန်းတော့ အဓိပ္ပာယ်ဖော်မရ။ ဘယ်သူ့ကိုမှလဲ အကူအညီတောင်းလို့ မရ။ ကျော်ဒေဝတို့ နေနေတို့က မကူညီတဲ့အပြင် ကန့်ကွက်တားမြစ်မှာ။ သုခတင့် ကို သတိရနေကာ သူ တစ်ခုခု ဖြစ်နေပြီလို့ ထင်နေတဲ့စိတ်က ယောကို စိတ်ဒုက္ခရောက်စေသည်။ မင်းကကော ဘာဖြစ်လို့ ဖုန်း ဆက်ရတာလဲ သုခတင့်ရယ်။

ထိုနေ့ နေ့လယ်လည်း သုခတင့်ထံ နှစ်ကြိမ် သုံး ကြိမ် ဖုန်းကြိုးစား ခေါ်ခဲ့ပါသေးသည်။ ဘာမှမထူးခြားပါ။ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ဝါ။ ညနေကျတော့ ကျောင်းဆင်းချိန်မှာ ကျော်ဒေဝ ရောက်လာသည်။ လိုက်ဖို့အသင့်ပြင်ပြီးသားမို့ ယော ကျော်ဒေဝနှင့် လှည်းတန်းကို ပါသွားခဲ့ပါသည်။ ကားပေါ်တက်ပြီး မကြာခင်မှာပင် ...

"ဖုန်းတွေ ဘာလို့မကိုင်တာလဲ မ,၊ ကျွန်တော့်ဖုန်းကောလ်တွေ မလွတ်ပါစေနဲ့လို့ မ,ကို ကျွန်တော် မှာထားတယ် မဟုတ်လား"

ကျော်ဒေဝ အသံက ဆူပူကြိမ်းမောင်းသံ။ ယောက လက်ထဲပါလာတဲ့ ဖုန်းလေးကို သူ့ကားရဲ့ ဒက်ရှ်ဘုတ်ပေါ်က ပစ္စည်းပြုတ်မကျအောင် တင်ဖို့ထားသော ရော်ဘာပြားလေးပေါ် တင်လိုက်ပါသည်။

"မ,ကို အော်ဖို့ မလိုဘူး၊ အဲဒီဖုန်းလည်း ပြန်ယူ"

ကျော်ဒေဝက လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

"ဘာလို့ ပြန်ယူရမှာလဲ၊ မ,နဲ့ စကားပြောဖို့ ပေးထားတာ"

"မေမေ့အိမ်က ဖုန်းနဲ့လည်း ပြောလို့ရတယ်"

"အချိန်မရွေး ပြောလို့ရအောင်ပေါ့"

"ဟင့်အင်း ... ပြန်ယူလိုက်၊ အဲဒီဖုန်းကိုလည်း တစ်ချိန်လုံး ကြည့်မနေနိုင်ဘူး"





ကျော်ဒေဝက ကားကို ဟိုတစ်ခါစားတဲ့ ကြေးအိုးဆိုင်ကလေးရှေ့ပဲ ရပ်လိုက်ပါသည်။ စိတ်လျှော့လိုက်သလို သက်ပြင်းတစ်ချက်နှင့် ...

"ဖုန်းကို အသံမြည်အောင် ကျွန်တော် ပြင်ပေးထားမယ်၊ နော် ... မ,"

"ဟင့်အင်း"

ကျော်ဒေဝက ဖုန်းကိုအသံခလုတ်ပြင်ကာ ယောလက်ထဲ အတင်းပြန်ထိုးထည့်ပြီး လက်ကိုဖိ၍ ဆုပ်ကိုင်ထားစေသည်။

ကားပေါ်က သူတို့ဆင်းတော့ မိုးက ဖွဲဖွဲရွာနေသည်။ ကြေးအိုးဆိုင်လေးက မဝေးတော့၍ ထီးမဖွင့်တော့ဘဲ ပြေးကြမည်ပြင်စဉ် ကားရပ်ရာနားက လမ်းကြားကလေး တစ်ခုထိပ်က ဘိုက်လေ့ကားချောင်မှာ လူသုံးလေးယောက်က တစ်ယောက်ကို ဆိုးကြိတ်နေတာကို လှမ်းတွေ့လိုက်ရပါသည်။ မိုးဖွဲကြောင့် လမ်းမပေါ်လည်း အတန်အသင့် လူရှင်းနေရာ အနားမှာ တခြားဘယ်သူမှ မရှိ။

"ကျော်ဒေဝ ... ဟိုမှာ"

ကျော်ဒေဝသည် ယော ပြတဲ့ မြင်ကွင်းထဲက လူတွေအားလုံးကို သူ့ သိနေရာ စိတ်ပျက်လက်ပျက် မျက်နှာရှုံ့သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွတ် _"

"ဘာဖြစ်လို့လဲဟင် ကျော်ဒေဝ"

"အဲဒါ သုခတင့်တို့ပဲ"

"ဟင်"

ယောသည် အလန့်တကြား ဖြစ်သွားကာ ရှေ့ကိုလည်း ခြေလှမ်းမဆက်မိတော့ဘဲ လူစုကို စိုးရိမ်တကြီး ကြည့်လိုက်မိပါသည်။

"ကျော်ဒေဝ ... သုခတင့် သေချာလား ကြည့်ပါဦး။ ကြည့်လိုက်ပါဦး"

ကျော်ဒေဝက စိတ်ပျက်လက်ပျက် ခေါင်းကုတ်မိသည်။ သွားကြည့်လိုက်ရင် သူပါ ပြဿနာထဲပါပြီပေါ့။ ဒါပေမဲ့ လူဦးရေလည်း ဘက်မညီ၊ မတရားသဖြင့်ကြီး ဖြစ်နေပုံကိုတော့ဖြင့် သူလည်း ရှောင်ထွက်သွားဖို့ မလုပ်နိုင်။ အနိုင်ကျင့်ခြင်းကို သူ မနှစ်သက်ပါ။

"ဟယ် ... ဟုတ်တယ်၊ သုခတင့်၊ လုပ်ပါဦး ကျော်ဒေဝ ရယ် လုပ်ပါဦး"

ကျော်ဒေဝက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ ရှေ့တိုးသွားလိုက်ပါသည်။ သူ့ကိုတောင် မြင်ပုံမရတော့တဲ့ သုခတင့် ရှေ့က ဝင်ကာပြီး ဆွဲသူကာ ထိုးနေရာမှ အားဆေးမှာ ထွက်ခွာဖို့ ကြိုးစားသည်။





"ဟောကောင် ... ကျော်ဒေဝ၊ မင်းနဲ့ မဆိုင်ဘူး၊ မင်းတို့ချင်းလည်း တည့်တာမဟုတ်ဘူး၊ မင်း မပါနဲ့"

"မတည့်ပေမဲ့ မင်းတို့ဟာက မတရားသဖြင့် ဖြစ်နေတယ်"

"ဟောကောင် ... မင်းထွက်သွားပြီး သူ့ကို ထားခဲ့"

ကျော်ဒေဝသည် အနားကို မရဲတရဲ တိုးကပ်လာတဲ့ ယောကို ...

"မ, ဒီကောင့်ကို ခေါ်သွား၊ ကားငှားပြန်တော့"

သူ့ဘက် တွန်းထိုးလိုက်တဲ့ သုခတင့် ခန္ဓာကိုယ်ကြီးကို ယောက မနိုင်မနင်း ပခုံးနှင့် ဖေးထိန်းရင်း ...

"ဘာ ... ဘာလုပ်ကြမလို့လဲဟင်၊ ရန်မဖြစ်ကြပါနဲ့နော်"

"မ, သွားတော့လို့ ပြောနေတယ်"

ကျော်ဒေဝ လှည့်ပြောဆဲ တစ်ယောက်က ကျော်ဒေဝ မျက်နှာကို အလစ်မှာ ဝင်ထိုးလိုက်ပါသည်။

"အမယ်လေး ... ကျော်ဒေဝ"

"ဒီကောင့်ခေါ်ပြီး သွားတော့"

ယောသည် ကျော်ဒေဝကို ထားရစ်ခဲ့ရမှာလည်း ဝန်လေးတွန့်ဆုတ်နေရာ ...

"သွား ... ဆို"

အကျယ်ကြီး အော်ငေါက်လိုက်၍ ယောသည် မျက်ရည်တွေလည်းကာ နောက်ဆုတ် နောက်ဆုတ်နှင့် ထွက်လာရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဒေဝ"

ခပ်တိုးတိုး ရေရွတ်ရိုက်ငင်မိလေသည်။ ပျော့ခွေယိုင်နဲ့နေသော်လည်း သတိမလစ်သေးတဲ့ သုခတင့်ကို ဖက်ထိန်းတွဲခေါ်နေရတာတစ်ဖက်၊ ကျော်ဒေဝကို စိတ်မချ လက်မချ ငဲ့ကြည့်နေရတာတစ်ဖက်နှင့် ပလက်ဖောင်းစပ်က အငှားကားတစ်စီးကို တွေ့လျှင် ...

"အင်းယားလမ်း ပို့ပေးပါ"

တစ်မျက်နှာလုံး သွေးစတွေနှင့် နီရဲစုတ်ပြတ်နေတဲ့ သုခတင့်ကြောင့်သာ ထွက်ခွာသွားဖို့ ဆုံးဖြတ်ရသည်။ တစ်ယောက်တည်း ကျန်ခဲ့တဲ့ ကျော်ဒေဝကို ပူပန်တဲ့စိတ်ကလည်း ရင်ထဲဆို့နင့်နေစေပါသည်။ အင်းယားလမ်းထဲရောက်တော့ သုခတင့်က ပလုံးပထွေး လမ်းညွှန်သည်။ ကားပေါ်မှာပင် သုခတင့် နည်းနည်းပါးပါး လူခြွေဆယ်လာနိုင်ခဲ့ပါသည်။ သုခတင့် အိမ်ကိုရောက်တော့ ယောပါ အတူတွဲပြီး ပါလာသည်။

သုခတင့် လက်ထဲကသော့နှင့် တိုက်တံခါးကိုလည်း ယောပဲဖွင့်ကာ သုခတင့်ကို ဧည့်ခန်းထဲက ခုံတစ်ခုံမှာ ထိုင်နိုင်ဖို့ ဖေးဖေးမမ ချပေးခဲ့ပြီးလျှင် ထမင်းစားခန်းနှင့်တူတဲ့ အခန်းဘက် ဝင်လာခဲ့သည်။ ရေခဲသေတ္တာထဲက ရေခဲရေကို ဇလုံတစ်ခုရှာ၍ ထည့်ကာ တွေ့တဲ့လက်သုတ်ပဝါ ခပ်သန့်သန့်တစ်ထည်ကိုပဲ ဆွဲယူလာရသည်။





ယော ရေခဲသေတ္တာဘက် ထွက်သွားသည်နှင့် ထိုင်နေတဲ့ ဆိုဖာမှ အလူးအလဲထကာ တစ်ကိုယ်လုံး မလှုပ်ချင်တဲ့ကြားက သုခတင့်က ဧည့်ခန်းစားပွဲငယ်လေးဆီ ပြေးသည်။ စားပွဲပေါ်က ဖေဖေ့ပုံ၊ မေမေ့ပုံ၊ သူတို့မိသားစုပုံ စသဖြင့် ထောင်ထားတဲ့ ဓာတ်ပုံကလေးတွေကို ဆွဲယူကာ ဆိုဖာကြီးတစ်ခုအောက် ထိုးထည့်လိုက်ပြီးမှ အခြားဆိုဖာတစ်ခုပေါ် ပြန်မှီထိုင်ချလိုက်ရသည်။

ဓာတ်ပုံတွေ မမကို မမြင်စေချင်သေးဘူး။ မြင်တာနဲ့ မမက သူ့ကို မောင်လေးတစ်ယောက်လိုပဲ ဆက်ဆံတော့မှာလေ။ ကြာလေ သေချာလေဖြစ်တဲ့ မမ အပေါ် ချစ်ခင်မြတ်နိုးစိတ်ကို သူ မဖြတ်တောက်နိုင်ပါ။ ဘာမှ မတော်တာ မမကို ဖွင့်ပြောရှင်းပြဖို့ကလည်း အဲသလို ရှင်းပြဖို့ သူဟာ ဖေဖေနဲ့ မေမေရဲ့သား ဖိုးသု ဆိုတာ အရင်မိတ်ဆက်ရမှာပဲ။ အသိကို မပေးချင်ဘာ။ မသိရသေးဘဲ မမရဲ့ အချစ်ကို အရင်ရချင်တာ။

အဲဒီနောက်ကျမှ မမကို ဖွင့်ပြောပြရင် မမ ပိုပြီး လက်ခံလွယ်မှာ။

"သုခတင့် မျက်နှာကို ရေခဲရေနဲ့ ဆေးရအောင်နော်"

"ဟုတ်"

"သွေးတွေထွက်နေလိုက်တာ သုခတင့်ရယ်၊ ဘာဖြစ်လို့ ရှောင်မသွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတစ်ယောက် ဖြစ်နေတော့လည်း ရှောင်ထွက်သွားလို့ ဘယ်ရတော့မလဲ၊ ပြီးတော့ အခုက ကျွန်တော်လည်း သိပ်နေမကောင်းနေလို့ပါ"

ယောသည် သုခတင့် မျက်နှာမှ သွေးစသွေးန အကွဲအပြဲတို့ကို ရေခဲဝတ်နှင့် တို့သုတ်သန့်ရှင်းပေးနေရင်း မျက်ရည်လေးပင် လည်လာသည်။

"မင်း ဘာဖြစ်နေလို့လဲ၊ နေမကောင်းတာ ကြာပြီလား၊ ဟိုးတစ်ရက် ချိန်းကတည်းက ရောက်မလာတော့ တစ်ခုခု ဖြစ်တယ်လို့တော့ မ,ထင်သားပဲ၊ ဖုန်းလေး ဘာလေး ဆက်ပါလား၊ မ,စိတ်ပူလို့ ဆက်သေးတယ်၊ ဖုန်းကိုင်မဲ့ သူလည်း မရှိပါလား၊ အခုကော တစ်ယောက်တည်းလား၊ အဘွားကော"

များလှစွာသော မေးခွန်းတို့ တရစပ် မေးနေတဲ့ ယော မျက်နှာကို သုခတင့်က ဖူးယောင်နေသော မျက်ခွံများပင့်၍ ငေးကြည့်နေရင်း ရင်ထဲ လှိုက်လှဲဝမ်းနည်း ခံစားရလွန်း၍ မျက်ရည်ဝဲလာသည်။

"မမနဲ့ချိန်းတဲ့နေ့က မလာဖြစ်တာ၊ အဲဒီနေ့က အဘွားဆုံးသွားတယ်"

"ဟယ်"





ယောရင်ထဲ နင့်သွားရပါသည်။ သုခတင့် မျက်ခမ်းစပ်မှ ကျလာသော မျက်ရည်ဥလေးကို အကွဲအပြဲ ဒဏ်ရာတွေဆီ မရောက်အောင် တို့ပြီး သုတ်ပေးလိုက်ရင်း ...

"မ,တို့ဆီ ဖုန်းဆက်ပြောရောပေါ့ သုခတင့်ရယ်"

အဘွား ဘယ်သူဆိုတာလည်း မမကိုမှ မသိစေချင်တာ။

"ကျွန်တော် စကားလည်း ပြောအားမရှိ၊ ဘာမှ မလုပ်ချင် မကိုင်ချင် ဖြစ်နေလို့ပါ၊ မစားချင် မအိပ်ချင် စိတ်တွေ လွင့်နေလို့ပါ"

"သုခတင့်ကို ဘယ်သူ ချက်ကျွေးနေလဲ"

"ဟင့်အင်း၊ ဒီကို လာကူလုပ်ပေးတဲ့ အဒေါ်ဝမ်းကွဲတွေကိုတောင် ဘာမှ မကျွေးနိုင် မစီစဉ်နိုင်ဘူး၊ သူတို့ဘာသာ အဆင်ပြေအောင် ကြည့်လုပ်နေကြတာပဲ၊ ဒီမနက် ရက်လည်အတွက် မုန့်ဟင်းခါးကိုလည်း အဲဒီအဒေါ်ဝမ်းကွဲတွေပဲ အော်ဒါမှာကြတာ၊ အိမ်မှာ ဘာမှမချက်ပြုတ်ဘူး"

"ဟင် ... ဒါဖြင့် မင်း အစားမစားတာ ဘယ်နှရက်တောင် ရှိပြီလဲဟင်"

"ကျွန်တော် မမှတ်မိတော့ဘူး မမရယ်၊ တစ်ခါတလေတော့ အဲဒီအဒေါ်ဝမ်းကွဲတွေကပဲ ထမင်းကြော်တို့ ကြာဇံ



www.burmeseclassic.com

www.burmeseclassic.com



ကြော်တို့ လာကျွေးတယ်၊ သူတို့ဝယ်တာ ထင်တယ်၊ အဲဒါလည်း မစားဖြစ်ပါဘူး၊ ကော်ဖီချည်းပဲ သောက်ဖြစ်နေတာ၊ အခုမှ ဝ,စ်ခုခု စားမယ်ဆိုပြီး ထွက်လာတာ၊ မစားလို့ မဖြစ်တော့ဘူးလေ၊ လူက အားပြတ်နေပြီ၊ အဲဒါကြောင့်လည်း ဟိုကောင်တွေကို သေချာပြန်ခံမချနိုင်တာပေါ့"

ယောသည် သုခတင့် မျက်နှာကို ကြင်နာစွာ စိုက်ငေးကြည့်နေရင်း ...

"မစားလို့ ဘယ်ဖြစ်မလဲ၊ စားရမယ်နော် မောင်လေး"

ယောရဲ့ နူးညံ့ကြင်နာတဲ့ အမှတ်တမဲ့ အခေါ်အဝေါ်ကလေးက သုခတင့် ရင်ခွင်ကို အေးစက် ကျင်ရှသွားစေပါသည်။

"မ, တစ်ခုခု လုပ်ပေးမယ်"

"ဘာမှ မရှိဘူး"

"ခေါက်ဆွဲထုပ် မရှိနိုင်ဘူးလား၊ ပြုတ်ပေးမယ်လေ၊ အနည်းဆုံးတော့ကွာ ဆန်တော့ ရှိမှာပေါ့၊ ဆန်ပြုတ် ပြုတ်ပေးလို့ရတယ်၊ စားလိုက်နော်၊ သုခတင့်က လိမ္မာပါတယ်"

"ကျွန်တော်က လိမ္မာလို့လား"

"လိမ္မာတယ်၊ စားရမယ်"





ယောက နေရာမှထ,ကာ ထမင်းစားခန်းဘက် ပြန်လှည့်ဝင်ရင်း ...

"မ,လုပ်ပေးတဲ့ စားစရာ အရမ်းအရသာထူးလို့ အငိုက်မိမသွားစေနဲ့နော်"

လက်ညှိုးလေးထောင်ကာ ချစ်စဖွယ် ကျီစယ်သွားတဲ့ ယောကို ငေးကျန်ခဲ့ရင်း တစ်ယောက်တည်း တိတ်တိုတ်လေး တိုတ်ပြီး ငိုရှိုက်နေမိပါသည်။ ကိုယ်ချစ်အားကိုးတဲ့ သူတစ်ယောက်ရဲ့ ကြင်နာယုယမှုကို လက်ခံယူရတော့ ပိုပြီးဝမ်းနည်းကြေကွဲလာပါသည်။

သူ့မှာ အဖေ မရှိတော့ဘူး၊ အမေ မရှိတော့ဘူး၊ အဘွားလည်း မရှိတော့ဘူး။ အရင်းနှီးဆုံးထဲက ဘယ်သူရှိလဲ။ သူ့အစ်မရင်းလို့ သိခဲ့ဖူးပြီး အခုတော့ အစ်မရင်း မဟုတ်တော့တဲ့ မမပေါ့။ မမ တစ်ယောက်ပဲ ရှိပါတယ်၊ မမ ကျွန်တော့်ကို ဝစ်မသွားနဲ့နော်။ ကျွန်တော့်ကို ခွဲမသွားနဲ့နော်။ ကျွန်တော့်ကို တစ်သက်လုံး ချစ်သွားပါနော်။

သုခတင့် အတွေးတွေကြားထဲ ဒဏ်ရာရဲ့အနာတရ ငင်ပန်းနုံးချည့်မှုကြောင့် မှေးငိုက်လာသည်။ သူ့ဘဝရှေ့ရေး။ အဘွားက ချမ်းသာ၍ အဘွားကျန်ရစ်သော ငွေကြေးများ၊ ဖေဖေ ဂျပန်က လစဉ်ပို့ပေးတဲ့ ငွေတချို့ကြောင့် လောလောဆယ် စားဝတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရေး မပူရှုပေမဲ့ သူ့ဘဝရဲ့ ရှေ့ရေးကကော။ ရှေ့ရေး။ မမနဲ့လက်တွဲချင်တာ။

"သုခတင့်"

တိုးတိုးကလေး ခေါ်ကြည့်နေသော ယောသည် နှစ်ခြိုက်စွာ အိပ်မောကျနေရှာတဲ့ မျက်ရည်စတွေ စိုစွတ်နေသော သုခတင့် မျက်နှာလေးကို ငုံ့ကြည့်ကာ သက်ပြင်းချမိသည်။ ကြက်အူရောင် ထည်ပြုတ်ထားတဲ့ ခေါက်ဆွဲပြုတ်ပန်းကန် ပူပူလေးကို သုခတင့်နံဘေး ချထားရစ်ခဲ့ပြီး ယော တိတ်ဆိတ်စွာ ပြန်ခဲ့ပါသည်။





၈

"ဆင်းလေ မမ"

နေနေက ကားရပ်ကာ ဆင်းရင်း ယောကို ငုံ့ခေါ်သည်။ ယောသည် ကားပေါ်ကဆင်းရင်း ကြီးကျယ်ခမ်းနားလှတဲ့ ကျော်ဒေဝတို့ရဲ့ တိုက်ကြီးကို ရင်သပ်ရှုမော ငေးကြည့်နေမိသည်။ နေနေ့ အမှန်းတင်မှုအရတော့ ကျော်ဒေဝဟာ တစ်ဦးတည်းသောသား။ ဒီအိမ်ကြီးရဲ့ Crown Prince တဲ့။

ကျော်ဒေဝ အဖေက စီးပွားရေးတွေ အကြီးအကျယ်အောင်မြင်သော လူချမ်းသာကြီးတစ်ဦး။ ဒီလို ကြားထားတော့ ဒီမနက် ကျော်ဒေဝ နေမကောင်းဘူးဆိုတာ သိရပြီး နေနေက "သတင်းသွားမေးမယ်၊ မမ လိုက်ခဲ့"ဆိုတဲ့ အခါ ယော ရှိုက်ငိုသည်။ နေနေ အတင်းဆွဲခေါ်လို့သာ ပါလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးကို နေနေက ရဲရဲတင်းတင်း လှည့်ဖွင့်ဝင်သွားလျှင် အေးစိမ့်နေသော အိမ်တွင်းထဲက အမျိုးသမီးကြီးတစ်ဦး ထွက်ပေါ်လာကာ ...

"ယော ... နေနေ၊ လာ လာ ... ကျော်ဒေဝတော့ သူ့ အခန်းထဲမှာကွယ်"

"မနက်က နေနေ ဖုန်းဆက်တာ အန်တီက နေမကောင်းဘူးဆိုလို့ အံ့သြသွားတာပဲ။ ဒီကောင် ကျူးကိုးစီးစားလို့ မကုန်တာ၊ ဘာများနေမကောင်းဖြစ်တာလဲ အန်တီ"

"အန်တီ အလွယ်ပြောလိုက်တာ နေနေရေ၊ မနေ့ညက အပြင်က ပြန်လာတော့ ရန်ဖြစ်လာတာကွယ့်၊ ထုံးစံအတိုင်းပဲ ကျော်ဒေဝတို့ကတော့ အချိုးမပြင်နိုင်ဘူးကွယ်၊ ဒဏ်ရာတွေနဲ့လေ၊ မနက်က အန်တီ သွားနှိုးတော့ ကျောင်းမတက်ဘူးလို့ သူပြောလို့ နေနေ့ကိုလည်း နေမကောင်းဘူးပဲ ပြောလိုက်တာ"

"သူ ရန်ဖြစ်လာတယ် ဟုတ်လား၊ ဘယ်သူနဲ့လဲ"

"နေနေတို့ မသိဘူးလား၊ အန်တီတော့ သူ ဘယ်ပြောပါ့မလဲကွယ်၊ ဇေဇေရော ပါလား"

"နေနေ မသိဘူး အန်တီ၊ ခုမှ သိတယ်"

"နေနေ သွားမေးကြည့်လေ၊ ဒါက ..."





"ဒါက နေ့နေ့ အစ်မပါ အန်တီ"

"သြော် ... ခင်ခင်ယော ဆိုတာလား"

ယော မျက်နှာလေး ရှက်တိုးရှက်ကန်း နီမြန်းနေပါသည်။ ဖော်ရွေသဘောကောင်းလှတဲ့ ကျော်ဒေဝ မေမေကိုလည်း စိတ်ထဲက ခင်မင်နှစ်လိုမိသည်။ ကျော်ဒေဝ မေမေသည် ခပ်ပြုံးပြုံးနှင့် မျက်ခုံးလေးတွန့်ကာ ...

"မ,မ,နဲ့ ... တမ,တည်းမ,နေတာ၊ အရူးကျနေတာပဲ၊ နေနေ နဲ့ လိုက်သွား သမီး၊ ရတယ်၊ ချော့မေးကြည့်ပါဦး၊ ဘာဖြစ်တယ်ဆိုတာ"

ယောသည် မျက်နှာလေး ခပ်ရဲရဲနှင့် နေနေ့နောက်မှ ခပ်ကုပ်ကုပ် လိုက်ဝင်လာခဲ့ရပါတော့သည်။ နေနေ သွားနေတာက ကျော်ဒေဝရဲ့ အခန်းကို။ သွားလာ ဝင်ထွက်နေကျ ဖြစ်ပုံရတဲ့ နေနေသည် ကျော်ဒေဝ အခန်းတံခါးကို လက်ကိုင်ဘု လှည့်ဖွင့်ပြီး တန်းဝင်သွားကာ ...

"ဟေ့ကောင် ... သိပ်သည်းမနေနဲ့ ထ ..."

အခန်းထဲက အဲကွန်းက အေးစိမ့်လှ၍ ကျော်ဒေဝ ချည်နက်ပြာကွက်ကြီးကြီးအဆင် ဂွမ်းကပ်တစ်ထည်ကို ခြုံအိပ်နေတာဖြစ်သည်။

"ပြောစမ်း ... မင်း ဘယ်သူနဲ့ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နေနေက ကျော်ဒေဝရဲ့ ဂွမ်းကပ်ကို ပခုံးပေါ်မှ ဆွဲလှန်ခွာချလိုက်ပါသည်။ လှုံးလွန့်လာတဲ့ ကျော်ဒေဝက ဟိုဘက် စောင်းအိပ်နေရာမှ ဒီဘက်လှည့်လာလျှင် ...

"ဟာ ..."

"ဟယ် ..."

နေနေရော ယောပါ ကျော်ဒေဝ မျက်နှာက အဖုအယောင် အကွဲအပြဲတို့ကြောင့် လန့်အော်လိုက်မိကြပါသည်။ ကျော်ဒေဝ မျက်နှာတစ်ခုလုံးက မြင်မကောင်း။

"ဟာ ... မင်း ... မင်း ဒီလောက်ထိ ဖြစ်လာတာလား ဘယ်သူနဲ့လဲ၊ မင်း မနေ့က မမနဲ့ သွားတာ မဟုတ်လား။ အဲဒီက ပြန်ပြီးမှလား၊ မမ ပြန်လာတော့ ဘာမှလဲ မပြောပါလား"

ကျော်ဒေဝက ယောကို စောင်းပေပေ တစ်ချက်ကြည့်ပါသည်။

"မင်း အစ်မလေ ... ငါ့ကို လူဆိုးတွေလက်ထဲ တိုးထည့်ပြီး ငါလည်းချရော သူလည်း ထွက်ပြေးရော"

"ဟင် ..."

နေနေက ယောကို မနှစ်မမြို့ မကျေမချမ်း လှမ်းကြည့်ကာ ...





"ဟုတ်လား မမ"

ယော ခေါင်းလေးငုံ့ထားမိသည်။ သူ့ကို ဒီလောက် ဖြစ်သွားလိမ့်မယ် မထင်။ မနေ့ညနေက အိမ်ပြန်ရောက်တော့ သုခတင့်အတွက် ဝမ်းနည်းစိတ်မကောင်းခြင်းက လူကို ထိုင်းမှိုင်းစေကာ ကျော်ဒေဝကို သတိရသော်လည်း (ဖုန်းလည်း ဆက်နေကျ မဟုတ်၍) မဆက်ဖြစ်ပါ။ သူ နည်းနည်းပါးပါး အယောင်ပြ ထိုးကြိတ်ကာ ရန်ပွဲထဲက အလွတ်ရုန်းပြီး ကားမောင်းပြန်ပြေးသွား မှာပဲ လို့ ခပ်ပေါ့ပေါ့ ထင်လိုက်မိသည်။

ကျော်ဒေဝက ယောကို ကြည့်ကာ ဟက်ဟက်ပက် ပက် ရယ်လိုက်ရင်း ...

"နေနေ ငတုံး၊ ခေါင်းသုံးစဉ်းစားပါလား၊ မ,က ငါ့ချစ်သူ ပဲဟာ၊ ငါ့ကို ရန်သူတွေလက်ထဲ တစ်ယောက်တည်း ချန်ပြီး ထွက်ပြေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဟ၊ ဟား ဟား ... ကျော်ဒေဝ ရည်းစားပါကွာ၊ နော် ... မ"

ယောက ကျော်ဒေဝကို စိတ်မကောင်းစွာ စိုက်ကြည့် လိုက်မိသည်။ ယောရင်ထဲ ကျင်ရှရသည်။ ယော သူ့ကို ရန်ပွဲထဲ ထားရစ်ခဲ့မိတယ်။ သုံးယောက်နဲ့တစ်ယောက်။ သုခတင့်ကိုတော့ ဆက်လွတ် ကယ်ထုတ်သွားခဲ့တယ်။ သူ့အပေါ် မတရားဘူး။ သူ့အပေါ် ရက်စက်ရာကျမိတယ်။ သူဟာ တကယ်တော့ ရန်ငြိုး



www.burmeseclassic.com

www.burmeseclassic.com



ရန်စလည်း မရှိဘဲ သုခတင့် အလွတ်ရှန်းပြေးလို့ ရအောင် စားစားခံ ဝင်ချပေးရတာ။ ယောက ချပေးစေချင်တော့ သူ ဝင်ချ ပေးရှာတယ်။

သူနဲ့ မတည့်တဲ့ သုခတင့်ကိုတောင် ယောအတွက် လွတ်မြောက်အောင် ကယ်တယ်။

"ကျော်ဒေဝ သက်သာရဲ့လားဟင်"

ယော အသံက တိုးညင်းညင်း။ သူ့အသံထဲတွင် ကျော်ဒေဝအပေါ် ကြင်နာမြတ်နိုးလေးစားခြင်းတို့ ပါဝင်နေပါ သည်။

"သက်သာပါတယ် မရဲ့၊ ပုံပျက်ပန်းပျက်ကြီးတော့ ဖြစ်နေ တာပေါ့၊ ဒါပေမဲ့ အိုကေပါ ခဏပါ"

"မင်း ဘယ်ကျောင်းတက်နိုင်မလဲ ဒေဒေ"

"အေး ... ငါ့စာအုပ်တချို့ ယူသွားပေးကွာ၊ ရသလောက် ကူးခဲ့ပေ၊ မင်း မကူးချင်ရင် လှဒေဝီတို့ အုပ်စုကို ကူးခိုင်း လိုက်"

"အေးပါ၊ ငါ မင်းစာအုပ်တွေ သွားယူဦးမယ်"

ဒီအခန်းက အိပ်ခန်းသာ ဖြစ်ပြီး ကျော်ဒေဝရဲ့ စာကြည့်ခန်းက ဟိုဘက်ခန်းဖြစ်၍ နေနေက အခန်းထဲက ထွက် သွားပါသည်။ ယော ... ပြတင်းပေါက်တစ်ခုအနီး မတ်မတ်





တောင့်တောင့်လေး ရပ်နေဆဲ လက်ထဲက ဖုန်းကလေးက မြည်လာ ပါသည်။

"တူတူတူ ... တူတူတူ"

ကျော်ဒေဝသည် ရှုပုပ်ပုပ်ကြီး လှည့်ကြည့်၍ ...

"မ,ကို အဲဒီဖုန်းပေးထားတာ ကျွန်တော် ဆက်ဖို့၊ အလကား ဟာတွေ ဆက်ဖို့ မဟုတ်ဘူး၊ ဘယ်သူ့တွေကို ဖုန်းနံပါတ် လျှောက်ပေးထားလဲ"

"ဟို ... သုခတင့်ကို၊ မနေ့ကမှ ..."

ယောသည် ကျော်ဒေဝရှေ့မှာ သုခတင့် ဖုန်းကို ဖွင့်ဖို့ မျက်နှာပူကာ ခက်နေသည်။ ကျော်ဒေဝက မျက်စောင်းတစ် ချက်ထိုးရင်း ...

"နားထောင်လိုက်လေ"

ဒီတော့မှ ဖုန်းကို ဖွင့်ပြီး ...

"ဟဲလို"

"မမလား"

"အင်း ..."

"မမ အခု ဘယ်မှာလဲ၊ အိမ်မှာလား၊ ကျွန်တော် အခုလာခဲ့ မလို့နော်"

"အိမ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

"ဟိုလေ ... ဟို ... အပြင်မှာ"

"ဘယ်မှာလဲ၊ အပြင်ကို လာခဲ့မယ်"

"ဟို ..."

ကျော်ဒေဝက ရိပ်မိသလို ...

"ကျွန်တော့်အိမ်မှာလို့ ပြောလိုက်"

ယောသည် ပြောရမှာ တစ်မျိုးဖြစ်နေပြီး မပြော။

"ပြောလိုက်လေ မ,၊ ကျွန်တော့်အိမ် ရောက်နေတယ်လို့"

"အေးက ဘယ်သူ ဘာဝင်ပြောနေတာလဲ မမ"

"ဟိုလေ ... ကျော်ဒေဝ ပြောနေတာ"

"မမ သူ့အိမ်မှာလား"

"အင်း ... သူ့အိမ် ရောက်နေတယ်"

"တွေ့ချင်ရင် ဒီကို လိုက်ခဲ့လို့ပြောလိုက်၊ မ, မပြောရင် ကျွန်တော် ပြောလိုက်မယ်၊ တွေ့မယ် ... လဒ"

ကျော်ဒေဝ အသံကို သုခတင့်က ကြားကာ ...

"သူက လာခိုင်းနေတာလား မမ"

"အင်း ... ဒါပေမဲ့"

"လာခဲ့မယ်လေ ... လိပ်စာလည်း သိတယ်၊ ဒါပဲနော် မမ"





ယောက စိတ်ညစ်ညစ်နှင့် ဖုန်းပိတ်လိုက်ပါသည်။ သူတို့နှစ်ယောက်ဆုံမှာကို စိတ်ညစ်လှပါသည်။

"ဘာတဲ့လဲ ... လာမယ်တဲ့လား"

ယောက ခေါင်းညိတ်ပြကာ နှုတ်ခမ်းမဲ့လိုက်တဲ့ ကျော်ဒေဝ မျက်နှာက ဒဏ်ရာတွေကို ငေးကြည့်နေမိသည်။ နည်းတာ မဟုတ်။ ဗိုက်နေ့က သုခတင့် မျက်နှာပေါ်က ဒဏ်ရာတွေ ထက်ပင် များသေးသည်။ သူ့အတွက် သုခတင့်ရဲ့ ရန်ကို ဝင်ရှင်းပေးတဲ့ ကျော်ဒေဝရဲ့ သူ့အပေါ် အရေးပေးမှု၊ သဘောထား ကြီးမှုတို့ကို တိတ်တဆိတ် လေးစားမြတ်နိုးလာမိကာ ...

"ကျော်ဒေဝ"

"အင်း ..."

"မင်းအပေါ် မ, နောက်ကို ကောင်းကောင်းဆက်ဆံပါ့မယ်"

ကျော်ဒေဝ အကျယ်ကြီး အော်ရယ်လိုက်ပြီးမှ ပါးတွေ နှုတ်ခမ်းတွေ နာသွားသလို စုတ်သတ်ကာ ...

"ကျွတ် ... ကျွတ် ... ပြောပါဦး၊ ဘယ်လိုကောင်းကောင်း ဆက်ဆံမှာလဲ"

"အခုထက်ပိုပြီး ခင်ခင်မင်မင်ပေါ့"

"မလိုချင်ပါဘူး ခင်မင်တာကို၊ သိပ်ချစ်တဲ့ ချစ်သူပဲ ဖြစ် ချင်တာ၊ ဟိုကောင် ဝင်ဝင်ရှုပ်နေတာ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



ယောက သက်ပြင်းလေးချရင်း တကယ်စိတ်ရင်းနှင့်ပင် —

"သုခတင့်ကို မ,က မောင်လေးတစ်ယောက်လို ချစ်တာပါ"

"တကယ်နော်၊ ဒါဖြင့် ကျွန်တော့်ကိုတော့ ချစ်သူလိုနော်"

ဝင်းလက်ရွှန်းတောက်လာတဲ့ ကျော်ဒေဝရဲ့ ဒဏ်ရာဗလပွ မျက်နှာကို ယောက မကြည့်တကြည့်နှင့် …

"ကျော်ဒေဝနဲ့ မ,နဲ့ တွေ့ဖူးတာဖြင့် မကြာသေးဘူး"

"ကြာတာတွေ မကြာတာတွေ မဆိုင်ပါဘူး မ,ရာ — နော်"

"မ,ကို အဲလို ဖွတ်တရွတ် ပြောတာတွေ၊ အမိန့်ပေးတာတွေ မကြိုက်ဘူး"

"ဖွတ်တရွတ်မှ မပြောရင် မ,လို အိသြောင့်အိညက်က ခရီးကို ရောက်မှာ မဟုတ်တော့ဘူး၊ မ, သိထားဖို့က အချိန်ကာလဆိုတာ အချစ်ကိစ္စမှာ အရေးမပါပါဘူး၊ ကျွန်တော့်ဘဝမှာ ပထမဆုံး ချစ်ဖူးတာ မ,၊ တစ်သက်လုံး ချစ်သွားမှာလည်း မ,၊ ကျွန်တော့် နဂိုပုံစံကို ကြည့်ပြီး မ, မယုံမကြည်လည်း မဖြစ်နဲ့၊ အဆုံးဖြတ်လည်း မမှားနဲ့၊ ကျွန်တော် မ,ကို …"

"ဟော့ကောင် … အိမ်တံခါးဝမှာ သုခတင့် ရောက်နေတယ်"





နေနေ ပြေးလာပြီး ပြောလိုက်၍ ကောင်းခန်းမှာ ဘတ်သိမ်းလိုက်ရသလို ကျော်ဒေဝ မျက်နှာကြီးက စူပုပ်သွားရတာ …

"ဟား … ခွေးကောင်၊ ဘယ်လိုများလာလဲ၊ မြန်လိုက်တာ"

"မင်းခေါ်ထားတာလား ဒေဒေ"

"အေး … ဟုတ်တယ်"

"ဒါဖြင့် ပြီးရော၊ ငါ လစ်တော့မယ်၊ ကျောင်းမှာ ဇေဇေ တစ်ယောက်တည်း စောင့်နေလိမ့်မယ်"

ကျော်ဒေဝက ခေါင်းညိတ်ပြလိုက်ကာ အိပ်ရာထဲ ခုမှထ,လိုက်၍ ယောက နေနေ့နောက်က လှစ်ခနဲလိုက်ရင်း …

"မ,လည်း အပြင်မှာ စောင့်မယ်"

"ဟိုကောင့်ကို ပြောထားလိုက် မ,၊ ကော်ဖီနဲ့မုန့် စားချင်တယ်၊ မစ္စတာဘရောင်းကို သွားမယ်"

ယော ဧည့်ခန်းထဲ ရောက်လာချိန်တွင် ကျော်ဒေဝမေက သုခတင့်ကို ဖော်ဖော်ရွေရွေ ဧည့်ခံထားပါသည်။

"ဒီသားလည်း မျက်နှာဒဏ်ရာတွေနဲ့၊ မနေ့ကပဲ အတူတူ ဖြစ်ကြတာလားလို့ အန်တီက မေးနေတာ"

"ဟုတ်ကဲ့ အန်တီ၊ သူတို့ အဲဒီကောင်လေးအုပ်စုနဲ့ပဲ နှစ်ယောက်လုံး ဖြစ်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ယောက ရောချပြီး နားထောင်ကောင်းအောင် ပြောလိုက်ပါသည်။ သုခတင့်က ယောကို ငိုင်ကြည့်နေသည်။ ကျော်ဒေဝ အိမ်ကို ရောက်နေသည့်အတွက် စိတ်ထဲ တနုံ့နုံ့ မချမ်းမသာ ဖြစ်နေပါသည်။ ကျော်ဒေဝနဲ့ မမရဲ့ အနေအထားကိုလည်း စိတ်ထဲက မုန်းဆနေမိသည်။

ကျော်ဒေဝက အဝတ်အစားလဲပြီး ခပ်မြန်မြန်ပဲ ထွက်လာသည်။ သူတို့သုံးယောက် လှည်းတန်းက မစ္စတာဘာရောင်းကို ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့သည်။ ကျော်ဒေဝက သူ့ကားပေါ် မမကို လက်ဆွဲခေါ်သွား၍ သုခတင့် မကျေမချမ်း ဖြစ်နေပါသည်။ ရင်ထဲမှာ မီးစနှင့်ထိုးခံရသလို ပူထူထူ။

မစ္စတာဘာရောင်းမှာ ယောက အလယ်က၊ တစ်ဖက်တစ်ချက်က ကျော်ဒေဝနှင့် သုခတင့် ထိုင်သည်။ ယောသည် ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နှင့် ရတက်မအေးရှိသည်။ ဒီကောင်လေးနှစ်ယောက်ကို ရင်းနှီးပြေလည်သွားစေချင်လှသည်။ သူတို့ယူထားတဲ့ ကော်ဖီတွေ မုန့်တွေကို ယော ငွေရှင်းထားပါသည်။ နှစ်ယောက်လုံးကို ကျွေးချင်တာပါ။

"သုခတင့် ... မင်းရုပ်ကြီးက ဘာဖြစ်နေတာလဲ၊ နှာခေါင်းပွလိုက်၊ ပါးစပ်ဟလိုက်နဲ့"





သုခတင့်သည် ရင်ဘတ်ထဲက အသက်ရှူရတာ မွန်းကျပ်အားမရသလို ဖြစ်နေ၍ နှာခေါင်းပေါက်ကိုပွကာ ပါးစပ်ကိုတစ်လှည့်ဟ,ကာ အသက်ကို ရှိုက်ရှူနေမိတာဖြစ်သည်။ မမနဲ့ ကျော်ဒေဝရဲ့ ရင်းနှီးမှုပိုကာ အပြန်အလှန် သံယောဇဉ်တွေတိုးနေသလို အမူအရာတွေကို သူ ရိပ်မိမြင်တွေ့နေရကာ ရင်ထဲက မခံမရပ်နိုင် ခံစားရလွန်း၍ အသက်ရှူပါ မွန်းကျပ်လာတာပင်။

"ပြောလေ၊ မာန်ဖီနေတာလား"

"ကျော်ဒေဝ ... အဲလို ရန်မစရဘူးလေ"

ယောက တိုးတိုးမာန်လိုက်သည်။

"မင်းလိုကောင်မျိုးအိမ်ကို မမ,က ဘာဖြစ်လို့ သွားလည်ရတာလဲ၊ စဉ်းစားနေတာ၊ မင်းဟာ မိန်းကလေးတစ်ယောက်က ရင်းရင်းနှီးနှီး ယုံရမဲ့သူမှ မဟုတ်တာ"

"သုခတင့်"

ယောမှာ တစ်လှည့်စီ မာန်မဲနေရပါသည်။

"အဟား ... မင်း သိပ်မခံချင် ဖြစ်နေလား သုခတင့်၊ မနာလိုတော့ မဖြစ်နဲ့ကွာ၊ မ,က ငါ့ကိုပြောပြီးပြီ၊ မင်းကို မောင်လေးတစ်ယောက်လို ချစ်တာပါတဲ့၊ ဘယ်ထတ်နိုင်တော့မလဲကွာ။ ငါ့ချစ်သူက မောင်လေးတစ်ယောက်လို ချစ်နေတဲ့သူ ဆိုတော့ ငါကလည်း မ,ကို သိပ်ချစ်တော့ ငါ့ညီလေးတစ်ယောက်လို လက်ခံရတော့မှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝရဲ့ ခပ်ကြောကြော ခပ်ရိုရို စကားကြောင့် သုခတင့် မျက်နှာက တင်းမာလာသည်။ မမနဲ့ ဒီကောင် ချစ်သူတွေ တကယ်ပဲ ဖြစ်နေပြီလား။ မမက တစ်ခွန်းမှ ဝင်မကန့်ကွက် မငြင်းဆန်ပါလား။

"မမ ... ဒီကောင် ငရှုပ်နော်၊ ကျွန်တော် အတန်တန် သတိပေးထားတယ်၊ မမ ဒီကောင်နဲ့ ပတ်သက်မိရင် ပြဿနာတွေ တက်မယ်"

"ဟေ့ကောင် သုခတင့်၊ ငါက ရှုပ်တာမဟုတ်ဘူး၊ ငါက ဖွံ့တာကွ၊ ဟဲ ဟဲ"

"မင်း ... ငရှုပ်"

ယောသည် လက်ကလေးနှစ်ဖက်ဖြန့်ကာ တစ်ယောက်စီဖက်ကာရင်း စိတ်ရှုပ်သော လေသံလေးနှင့် ...

"ကဲ ... တော်ကြပါတော့၊ ဘယ်လိုဖြစ်နေကြတာလဲ၊ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ၊ ဘာဖြစ်လို့ ဒီလောက် ရန်လိုတဲ့စိတ် မွေးနေကြတာလဲ"

"ဒီကောင်က ရန်လိုတာ"

"ဒီကောင် ရန်လိုနေတာ မမ"

တစ်ယောက်ကိုတစ်ယောက် လွှဲချနေပြန်သည်။

"ကဲ ... ကဲ ... မ, ပြောမယ်၊ ကျော်ဒေဝနဲ့ သုခတင့်ဟာ တကယ်တော့ တစ်ယောက်ကို တစ်ယောက် တိုက်ရိုက်





မုန်းတီးစရာ ဘာပြဿနာမှလဲ မရှိခဲ့ဘူး၊ မ,သိရသလောက် အင်္ဂလိပ်ဘာသာက ကျောင်းသားတွေနဲ့ ဂျပန်ဘာသာက ကျောင်းသားတွေ မကြည်ကြတာကနေ ရောပြီးပါနေတာ၊ ကျော်ဒေဝကိုလည်း သုခတင့်က ဖော်ကားထားတာ မရှိပါဘူး၊ သုခတင့်ကိုလည်း ကျော်ဒေဝက ဖော်ကားထားတာ မရှိပါဘူး ...

အုပ်စုလိုက် မတည့်ရာက ရန်ဖြစ်ဖူးတော့ ရန်ဘက်တွေလို ဆက်ဖြစ်နေတာ၊ ပြီးတော့ နှစ်ယောက်လုံးက ကိုယ့်ဘာသာမှာ ရှုပါစကားတွေ၊ ခေါင်းဆောင်တွေလိုဖြစ်နေပြီး အလိုလို မဖြစ်မနေ ငြိနေရတာပဲရှိတာ၊ ဘာဖြစ်လို့ ရန်စကို ရှည်နေကြရတာလဲ၊ အချင်းချင်း သူငယ်ချင်းတွေလို သဘောထားလိုက်ကြပါ၊ မ, တောင်းပန်ပါတယ်"

ယောစကားကြောင့် ကျော်ဒေဝက နှုတ်ခမ်းကိုမဲ့၍ နှာခေါင်းကနေ ရှုတ်ခနဲ လေထုတ်ပြီး သဘောမတူဟန်ပြသည်။

"ဒီကောင်နဲ့ သူငယ်ချင်းလည်း မဖြစ်ချင်ဘူး၊ ဟေ့ကောင် ကျော်ဒေဝ ... ငါ့အစ်မကိုလည်း မင်းကို မပေးနိုင်ဘူး၊ မင်း ငါ့ကို မကျေနပ်လို့ သေအောင်ချလည်း မရဘူး"

"မင်းပေးမှ ငါကရမှာလား၊ ဘယ်တုန်းကတော မင်းအစ်မ တော်သွားတာလဲ၊ အဲဒါ မင်းအစ်မ, မဟုတ်ဘူး၊ မှတ်ထား ငါ့ချစ်သူ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝရဲ့ မခိုးမခန့် စကားကြောင့် သုခတင့်က စားပွဲကို လက်ဝါးနှင့်ပုတ်ရင်း ...

"ငါ့မမကွ"

"ကျွတ် ... သွားစမ်းပါကွာ၊ ဘယ်တုန်းက မင်းတို့က အမျိုးတော်လိုက်ကြလို့လဲ"

"အေး ... ငါ့အစ်မအရင်းသာ ဖြစ်လို့ကတော့ မင်းလိုကောင်မျိုး ငါ့အစ်မ လာကြိုက်ရင် ငါက ဓားနဲ့လိုက်ခုတ်သတ်မှာ"

"ဟား ဟား၊ ရယ်တောင် ရယ်ရသေးတယ်၊ နေစမ်းပါဦး၊ မင်းက ဘာပိုင်ကွက်တွေနဲ့ ပြောအားရှိနေတာလဲ သုခတင့်ရ၊ ကဲ ... မ,၊ ပြောပြလိုက်ပါ၊ သူနဲ့ ကျွန်တော် ဘယ်သူက မ,အတွက် ပိုအရေးပါသလဲ၊ ဘယ်သူ့ကို မ,သံယောဇဉ်ပိုသလဲ ဆိုတာ"

ကျော်ဒေဝ ခပ်ပိုင်ပိုင်ကလေး မေးလိုက်သော်လည်း ယောအဖို့ နှစ်ဦးလုံးကို ရှေ့ထား၍ ဤမေးခွန်းကို မည်သို့ဖြေရမည်နည်း။ သုခတင့် ဝမ်းနည်းအားငယ်မှာကိုလည်း မလိုလား။ ကျော်ဒေဝ မခံချိမခံသာ ဖြစ်မှာကိုလည်း မလိုလား။ ယောထံမှ ဘာသံမှမထွက် ငြိမ်သက်နေလျှင် အပိုင်လုပ်ပြီး မေးလိုက်တဲ့ ကျော်ဒေဝမှာ ရှက်ရှက်နှင့် ဒေါသထွက်လာပါသည်။





သုခတင့်က ပြုံးစိစိ ဖြစ်လာရင်း ...

"ဟင်း ဟင်း ...၊ မင်း မေးခွန်းကို မမက အဖြေရခက်နေတာဟာ ငါ့ကို သံယောဇဉ်ပိုလို့ပေါ့ကွ၊ ရှင်းနေတာပဲဟာ"

ကျော်ဒေဝသည် ယောကို မကျေမချမ်း တစ်ချက်ကြည့်သည်။ စိတ်ထဲမှာ တနုံ့နုံ့။ မဖြေတာကိုက သူ့အသည်းကို ဓားတုံးတုံးနှင့် ကြိတ်လှီးတာ။

"မင်းဒဏ်ရာရတာကို မမက ပြုစုလား၊ ငါ့ကို ပြုစုတယ်ကွ၊ ပြီးတော့ မင်းကို မမက ခေါက်ဆွဲပြုတ်ပြီး တိုက်ဖူးလား၊ ငါ့ကို မမကိုယ်တိုင် ခေါက်ဆွဲပြုတ်ပြီး တိုက်ဖူးတယ်"

ကျော်ဒေဝသည် မခံရပ်နိုင်တော့ပဲ ခုံကို ဝုန်းခနဲမြည်အောင်ဆောင့်၍ ထ,ရပ်လိုက်သည်။ အရှိက်ထိသွား၍ ဆိုင်ထဲကနေ ဝမ်းပန်းတနည်း လှည့်ထွက်လာခဲ့ပါသည်။ သူ့မှာပြန်ပြောစရာ ပိုင်ပိုင်နိုင်နိုင်စကား မရှိဘူးလေ။

ယောက သုခတင့်ကို စိတ်တိုတိုနှင့် ကြည့်လိုက်ရင်း ...

"သုခတင့် ... မင်း သိပ်လွန်တာပဲ"

"ဗျာ ... ကျွန်တော် ဘာလွန်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဒေဝဟာ မင်းကို ကယ်တင်ထားတဲ့ လူတစ်ယောက်လေ၊ မင်းကို မုန်းမုန်းနဲ့ပဲ မတရားတာကို သူ ရပ်ကြည့်မနေဘဲ ဝင်ကယ်တယ်၊ သူ့မျက်နှာတစ်ခုလုံး စုတ်ပြတ်နေတာ မင်းကို ဝင်ကယ်ရလို့လေ၊ မင်းအစား ခံရတာလေ၊ မင်းကို ကယ်ထုတ်သွားခိုင်းပြီး မင်းကိုယ်စား အချုပ်ခံရတာလေ၊ မင်း အဲဒါကို ကျေးဇူးတရား တစ်ခုလို မသိဘူးလား ..."

သူပြောတာ အများပါနေပစေဦး၊ မင်းဘက်က သည်းညည်းခံလိုက်သင့်တာ၊ အခု မင်းတို့ချင်းက အနိုင်မခံ အရှုံးမပေး ကိုယ်နိုင်အောင် ပြောနေကြတဲ့ ကိစ္စပဲ၊ မင်းအတွက် ဒီလောက်ထိ ဒဏ်ရာတွေ ရထားတဲ့သူတစ်ယောက်ကို စကားအရာလေးမှာ အလျှော့ပေးလိုက်တော့ ဘာဖြစ်သွားမှာမို့လို့လဲ"

သုခတင့်သည် အေးစက်ဆတ်တောက်တဲ့ ယောစကားတို့ကြောင့် ငိုင်ကျသွားပါသည်။ သူ့ခေါင်းထဲ ကျော်ဒေဝကို ယှဉ်ပြိုင်ဖို့ပဲ အမြဲရှိခဲ့တာမို့ မနေ့က သူ့ကို ကယ်တင်ခဲ့ပါလား ဆိုတာကိုပင် မေ့လျော့နေပါသည်။ ယော ပြောမှ ကျော်ဒေဝအပေါ် သူ ဖောင်းလ်ဖြစ်သွားပြီကို ကိုယ့်ဘာသာ သတိပြုမိပါတော့သည်။





"ကျွန်တော် လွန်သွားပါတယ် မမ၊ ကျွန်တော် တောင်းပန်ပါတယ်"

ယောက ခပ်သွက်သွက်ထ,ကာ ဆိုင်ထဲက ပြေးထွက်ခဲ့ပါသည်။ သုခတင့်ကို ချန်ရစ်ခဲ့ပါသည်။ ဆိုင်ပြင်ရောက်လျှင် ကားရပ်ထားတဲ့ဘက် မျှော်ကြည့်လိုက်တော့ ကားသာ မြင်ရသည်။ ကျော်ဒေဝကို မမြင်ရ။ တခြားတစ်ဖက်ကို ကြည့်တော့လည်း မတွေ့ရ။

ယောသည် ကားရပ်ထားရာဘက်ဆီ ခပ်သွက်သွက်လေး ပြေးလာသည်။ အနီးတစ်ဝိုက်မှာ ရှာသည်၊ မတွေ့ရ။ လူဘချို့နှင့်ပင် ယော တိုးတိုက်ထိနိုက်မိပါသည်။

"ကျော်ဒေဝ"

ခပ်တိုးတိုး ရွတ်ခေါ်မိကာ ကားရှိရာဘက် မဟုတ်တဲ့ တခြားတစ်ဖက်ကို ပြန်ပြေးလာမိပြန်သည်။ အဲဒီဘက်က လမ်းသွယ်ကလေးထဲ ငုံ့ကြည့်မိလျှင် လမ်းထိပ်နားက ကွမ်းယာဆိုင်နှင့် PCO တယ်လီဖုန်းစားပွဲလေးရဲ့ ထီးရိပ်နောက်ကွယ်နားမှာ ခါးထောက်၍ ခပ်ငူငူ ရပ်နေတဲ့ ကျော်ဒေဝကို တွေ့လိုက်ရပါသည်။

"ကျော်ဒေဝ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ယော ခေါ်လိုက်သံက ကျယ်ကျယ်။ ကျော်ဒေဝ အနီးကို ယော လျှောက်သွားမိကာ သူ့ရှေ့မှာ ရပ်လိုက်ပါသည်။ အရပ်ပုပုကလေးကို မော့ကာ သူ့ကို ချော့ချော့မော့မော့လည်း ပြုံးပြလိုက်မိပါသည်။



## ၉

ကျော်ဒေဝက ယော မျက်နှာ ရှုပ်ပုပ်ကို ကြည့်ကာ အံ့အားတသင့် ဖြစ်နေပါသည်။ ခြံထဲက ဒန်းကလေးမှာ ထိုင်ပြီး လက်ထဲမှာ ပန်းတစ်ခက်ကိုကိုင်ပြီး တစ်ပွင့်ချင်း တစ်ရွက်ချင်း ဖြုတ်ချ၍ ဖွပစ်နေတဲ့ ယောကို ခါးကိုင်းကြည့်ရင်း ...

"ကဲ ... မ,၊ ပြောပါတော့၊ မ,ဘာဖြစ်နေတာလဲ"

"ဒီနေ့ ပြောပြပြီးပြီ သိလား၊ ကျော်ဒေဝကို သင်းသင်းက ပါတီပွဲတစ်ခု ဖိတ်တယ်ဆို"

"ဪ"

ကျော်ဒေဝက အံ့အားတသင့်နှင့် တဟားဟားအော်ရယ်မိပါသည်။ သူ့ကို သင်းသင်းက ပါတီဖိတ်လို့ စိတ်ကောက်နေတဲ့ မ,"

www.burmeseclassic.com

www.burmeseclassic.com



"မ, အဲဒါ သဝန်တိုနေတာလား ဟုတ်လား၊ ချစ်စရာလေး"

ဝါးကိုလှမ်းလိမ်ဆွဲတဲ့ ကျော်ဒေဝ လက်ကို ပုတ်ထုတ်ရင်း ...

"သွားမှာလား အဲဒီကို"

"ကျွန်တော် မညာတတ်ဘူးနော်၊ အင်း ..."

"ဘာအင်းလဲ"

"မ, ... သင်းသင်း ဖိတ်လို့ ကျွန်တော် သွားတာမဟုတ်ဘူး၊ အဲဒီလိုပါတီပွဲတွေကို ကျွန်တော် ပျော်တယ်၊ ဘီယာသောက်မယ်၊ ခုန်ပေါက်မယ်၊ ဒါပဲ မ,ရဲ့၊ ပါတီလုပ်တဲ့ အိမ်ရှင်ကလည်း ကျွန်တော့်ဘော်ဒါ၊ သူက အရင်ဖိတ်တာပါ၊ သင်းသင်းက သူလည်း အဖိတ်ခံရလို့ ထပ်ပြီးလှမ်းဖိတ်တာ အဖော်ခေါ်တာ၊ သူ့ကြောင့် သွားစရာအကြောင်းမရှိဘူး၊ ကိုယ့်ဟာကိုယ် သွားတာ"

ယောသည် တကယ်ပဲ ရင်ထဲမှာ မနာလို သဝန်တိုမှုတစ်မျိုးကို ခံစားနေရပါသည်။ တဖြည်းဖြည်းနှင့် ကျော်ဒေဝဟာ မိန်းကလေးထုများစွာရဲ့ အသည်းကျော် စိတ်ကူးယဉ် မင်းသားဆိုတာ သိလာခဲ့ရပြီးပြီ။ ကျော်ဒေဝ ဘယ်လောက် မာကျောကျောလက်ဖျောက်တစ်ချက်တီးလိုက်လျှင် ပြေးလာကြမည့်သူတွေ အုံနေလိမ့်မည်။ သင်းသင်းပင်လျှင် သူ့မှာ သူ့ရည်းစား ရွေးသွေး





ရှိရက်နဲ့ ကျော်ဒေဝကလည်း သူ့ကို ကားပေါ်က ဆင်းခိုင်းတာမျိုး မလေးမစား လုပ်ထားပါရက်နဲ့ ကျော်ဒေဝကို ဖုန်းတဆက်ဆက်နဲ့ စိတ်မနာနိုင်ပဲ တရစ်ဝဲဝဲ ရှိနေလေသည်။

"ကျော်ဒေဝ ... မ,ကိုလည်း ခေါ်ပါလား၊ မ,လည်းလိုက်မယ်"

ကျော်ဒေဝက မျက်ခုံးတွေ ပင့်တက်ကာ ကြည်ပြာနုရောင် ရင်ဖုံးအင်္ကျီ လက်ပြတ်လေးနှင့် ရိုးရာလုံချည် နက်ပြာကလေး ဝတ်ထားတဲ့ ယောကို စေ့စေ့ကြည့်ကာ ပြုံးရယ်လိုက်မိရင်း ...

"မ, ... အဲဒါမျိုးက မ,သွားရမဲ့ နေရာမျိုး မဟုတ်ဘူး မ,လေးရဲ့၊ ဒုက္ခပါပဲ မ,ထော့၊ ကျွန်တော့် မ,က ရိုးအေးတည်ငြိမ်ကလေး။ မလိုက်ပါနဲ့ မ,ရယ်၊ ကျွန်တော် မခေါ်ချင်ဘူး"

ယောသည် မကျေမချမ်း နှုတ်ခမ်းစူသွားရပါသည်။ အဲဒီပွဲမျိုးဟာ ဘယ်လိုပွဲမျိုးလဲ။ ဘာကြောင့် သူက မသွားရမှာလဲ။ ယောက တိတ်တဆိတ်ပဲ နေလိုက်ကာ ကျော်ဒေဝ ပြန်မှ နေနေ့ကို အသေးစိတ် စူးစမ်းစပ်စုကြည့်ရပါသည်။ နေနေ့ဆီက သိရသလောက် ဗဟုသုတတွေကို ကျိတ်မှတ်ထားသည်။ အဲဒီနေ့ နေနေလည်း သွားမှာပင်။ သူ့ကိုကျမှ မခေါ်ကြဘူး။ ဘာရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုပါတီရှိတဲ့ မွန်းလွဲပိုင်းကတည်းက ယော တစ်ယောက်တည်း အိမ်က အငှားကားနှင့်ထွက်ပြီး ရှော့ပင်စင်တာတွေကို ပတ်သည်။ စိတ်ကြိုက်ဖြစ်တဲ့ ဝတ်စုံတစ်စုံ ရပြီးတဲ့အခါ ထိုဝတ်စုံကို ဆိုင်မှာပဲ လဲလှယ်လိုက်ပါသည်။ ဒူးဖုံးရုံလေးရှိတဲ့ စကတ်တို အနက်ကလေးမှာ ဇာတွေလည်း ပါသည်။ အပေါ်အင်္ကျီကတော့ ဘယ်အပေါက်လျှိုလို့ ဘယ်လိုလက်ထိုးရမည်ကိုပင် ယော နားမလည်၍ ဆိုင်က ကောင်မလေးတွေ ကူညီဝတ်ဆင်ပေးရသော ကိုယ်ကကျပ်ပြီး လက်မှာအကွဲအပြဲ ကျောမှာအပေါက်၊ အမျှင်သွယ်သွယ်တွေလည်း ကျနေလေးတဲ့ အပါးတစ်ထပ် အတွင်းသားတစ်ထပ် အင်္ကျီနက်လေး ဖြစ်သည်။

အဝတ်လဲပြီးလျှင် ဖိနပ်ဆိုင်မှာ ဖိနပ်ဝယ်၍ လဲစီးသည်။

ပြီးရင်တော့ ထိုရှော့ပင်စင်တာမှာပဲရှိသည့် ဗြူတီပါလာကိုဝင်ပြီး ...

"ကျွန်မကို ဒီဝတ်စုံနဲ့လိုက်အောင် ဆံပင်နဲ့မျက်နှာ နည်းနည်းလုပ်ပေးပါ"

ဆိုင်က ယောကို နဖူးပြောင်ပြောင်သိမ်းပြီး ဆံပင်ရှည်တို့ကို ကျစ်ဆံမြီးအသွယ်သွယ် အချောင်းချောင်း လုပ်ပေးလိုက်ပါသည်။ ကျစ်ဆံမြီး လုပ်တာကကြာတော့ အားလုံးပြီးတဲ့





အခါ ခုနစ်နာရီတောင် ထိုးနေပြီ။ ယောက ကားငှားပြီး နေနေ့ဆီက သိထားတဲ့ လိပ်စာအတိုင်း ပါတီပွဲရှိတဲ့အိမ်ကို ရောက်လာပါသည်။

ခြံဝမှာပင် နေနေ့ကားနှင့်တွေ့ကာ ကားပေါ်က ဆင်းလာတဲ့ နေနေသည် ယောကို မမှတ်မိပဲ မျက်လုံးပြူးနှင့် ရှိတ်တိတ်တိတ် ကြည့်လေသည်။

"နေနေ"

"ဟိုက်ရှ်"

နေနေ လန့်ဖျပ်ကာ ခုန်ပေါက်မတတ် ဖြစ်နေပါတော့သည်။

"မမ ... ဘယ်လိုဖြစ်လာတာလဲကွာ၊ ဒေဒေ တွေ့ရင်တော့ ခက်မှာပဲ၊ ဘာလို့လိုက်လာတာလဲ၊ ပြဿနာပဲ၊ ဒီအထုပ်တွေကကော ဘာလဲ"

"ဒါအဝတ်ဟောင်းထုပ်တွေ၊ ရော့ ... နင့်ကားပေါ် တင်ထားလိုက်၊ ငါ မပြန်ဘူးနော်၊ အထဲလိုက်မှာ"

ပြောမရတဲ့အခါ နေနေသည် ယောနှင့်တွဲကာ ခြံထဲ ဝင်ခဲ့ရသည်။ ကောင်ကလေးတွေသည် နေနေ့ကို နှုတ်ဆက်ရင်း နေနေ ဘယ်က ခပ်မိုက်မိုက်ကလေး မ,လာပါလိမ့်ဆိုတဲ့ စူးစမ်းမျက်ဝန်းတွေနှင့် စိတ်ဝင်တစား အကဲခတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဒေတလည်း ဘယ်ရောက်နေပါလိမ့်ကွာ၊ အရေးထဲ မေတာ တာတန်းတန်းနဲ့၊ ကဲ ... မမ၊ ဒီနားမှာ ရပ်နေဦး၊ ဘယ်မှမသွားနဲ့ ဒီမှာပဲ ရပ်နေနော်၊ ဒေဒေတို့ ဖေဖေတို့ကို ရှာလိုက်ဦးမယ်"

"အင်း"

ယောက မငြင်းမဆန် ရပ်ကျန်ခဲ့သည်။ ကျော်ဒေဝ မခေါ်တဲ့ပွဲကို ရအောင်လိုက်လာခဲ့တယ်ဆိုတဲ့ အချက်ကို ကျော်ဒေဝ သိသွားရင် တော်ပြီ။ ဟွန်း ... ယောကယ်ရာမှာ ကောင်မလေးတွေအကြား မင်းသားလာလုပ်ချင်လို့ ဘယ်ရမလဲ။

"နာမည်က ဘယ်လိုခေါ်လဲ"

အနားတိုးပြီး ဆံပင်ကောက်ပွပွနှင့် ကောင်လေးတစ်ယောက် လာမေးလိုက်၍ ယောက ပြောရလားမသိ မပြောရလားမသိ ခဏငြိမ်နေပြီးမှ ...

"ယော"

"အား ... မိုက်တယ်ကွာ၊ ယော ... တဲ့၊ တစ်ယောက်တည်းလား"

"အင်း"

ယောက သဘောရိုးထားကာ အလိုက်သင့်ဖြေနေ၍ ကောင်လေးက အတင့်ရဲလာပါသည်။ တစ်ယောက်တည်း



ရပ်နေပုံကြောင့်လည်း ယောကို မနူးမနပ်လို့ မထင်မိ။ အဲဒီနောက် ကောင်လေးဟာ ယောလက်ကို ဆွဲကိုင်ပြီး သူ့နေရာကိုခေါ်သွားဖို့ ကြိုးစား၊ ယောကို ပန့်ချ်ဖျော်ရည်တိုက်ဖို့ ကြိုးစား၊ အဲဒီတော့မှ နည်းနည်းလန့်လာတဲ့ ယောက ရုန်းကန်ဖို့ ကြိုးစား၊ ဇရွတ်ဇရက် ဖြစ်နေတုန်း ကျော်ဒေဝ အနားကို ပြေးရောက်လာပါသည်။

"ဟေ့ကောင် ... သူရည့္ဂန်၊ အဲဒါ ငါ့ကောင်မလေးကွ၊ လူမျိုး လွဲနေတာ"

ရင်းနှီးသူချင်းဖြစ်၍ ကျော်ဒေဝက ပခုံးပုတ်ကာ ပြောလိုက်ပါသည်။ သူရည့္ဂန်က ပေစောင်းစောင်း လှည့်ကြည့်ကာ ...

"ဟုတ်ကော ဟုတ်ရဲ့လားကွာ၊ မင်းကလည်း"

"ဩော် ... ဟုတ်တယ်ဆိုကွာ"

စိတ်မရှည်တတ်တဲ့ ကျော်ဒေဝသည် သူရည့္ဂန် ရင်ဘတ်ကိုတွန်း၍ ယောလက်ကို ဆောင့်ဆွဲလှည့်ထွက်ခဲ့ရာ သူရည့္ဂန်မှာ အများအလယ်မို့ အရှက်ကွဲ ကျန်ရစ်သလို ကျန်ရစ်ခဲ့ပါသည်။ ပြေးလုပ်ချင်သလို ရပ်ကြည့်နေတဲ့ သူရည့္ဂန်ကို ကောင်လေးနှစ်ယောက်လောက်က လာဆွဲခေါ်သွားပါသည်။ သူရဲ့ည့္ဂန် ဆိုတာ အားတက္ကသိုလ်က ကျောင်းသား။ သူလည်း သူ့ဟာနှင့်သူ "ဒင်"ထဲက လူပေါ်လူဇော်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"ထဲ ... ပြောစမ်း၊ ဘာလာလုပ်တာလဲ၊ မလည်ရှုပ်၊ ပြဿနာဖြစ်ပြီ တွေ့လား၊ ဒါက ဘယ်လိုပုံ ဖြစ်နေတာလဲ"

ကျော်ဒေဝရဲ့ လေသံမာမာကြောင့် ယောက မျက်ရည်လည်ပလိုဖြစ်ရင်း ...

"ဘာဖြစ်နေလို့လဲ"

"ပုံကိုက ကောင်းတဲ့ပုံကို တစ်စက်မှ မထွက်ဘူး"

"ဘာပြောတယ်"

မလှမ်းမကမ်းမှ သင်းသင်း အပါအဝင်ဖြစ်သော မိန်းကလေးအုပ်စုက ယောကို လှမ်းကြည့်ကာ တီးတိုးအတင်းပြော၍ ရယ်မောနေကြပါသည်။ ကျန်တဲ့သူတွေက ယောကို မြင်ဖူးတာမှ မဟုတ်တာ။ သင်းသင်းသာ သိသူဖြစ်ရာ ဘာတွေပြောနေတယ် မသိပါ။ ယောကလည်းယော။ ဝတ်ထားတာက ဒီထဲက မိန်းကလေးတွေအတိုင်းတော့ ဟုတ်သည်ပင်။ ဒါပေမဲ့ အဝတ်အစားဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်နေဟန်ထားနဲ့လည်း ဆိုင်သည်။ ယော အမူအရာ လှုပ်ရှားပြုမူမှုတွေနှင့် ဒီအဝတ်အစားက မအပ်မစပ်။ ပေါ့ပေါ့ပါးပါး မရှိ။ ဘာလွဲမှန်းမသိ လွဲနေသည်။

ဒါကြောင့်လည်း ကျော်ဒေဝပါ စိတ်ပျက်နေတာ။ သူချစ်တဲ့ မ,က ဒီလိုပုံ ဖြစ်နေရမှာမှ မဟုတ်ပဲ။ မျက်နှာမှာလည်း ရောင်စုံနှင့်။ ဟင်း ...။





"မင်းရဲ့သင်းသင်းလည်း ဒီလိုပဲ ဝတ်ထားတာပဲ မဟုတ်လား"

"သူတို့က သူတို့၊ မ,က မ,လေ၊ အတန်းအစားတူလား၊ အလကား လိုက်သဝန်တိုနေတယ်၊ နေနေ ပြောတယ်၊ ကားပေါ်မှာ အဝတ်ဟောင်းတွေ ပါတယ်ဆို၊ သွားလဲလိုက်"

"ဘယ်ဖြစ်မလဲ၊ ရင်ဖုံးအင်္ကျီနဲ့ ဒီဆံပင်နဲ့"

"ဘာလို့ လုပ်လာသေးလဲ ... ကျွတ်၊ ကြည့်လို့ကို မရဘူး"

"မ, ဒီလိုဝတ်လာတာ မင်းက ရှက်နေတာပေါ့လေ"

ယော ဒေါသတွေ ကြီးလာသည်။

"ရှက်တာပေါ့"

"ဟင်"

ယော ဝမ်းနည်းအောင့်မျက်ကာ မျက်ရည်တွေလည်လာပါသည်။ ကျော်ဒေဝရဲ့ စိတ်ပျက်မှုကို သူ မခံစားနိုင်ပါလား။ အခု ဒီကိုလည်း ကျော်ဒေဝကို သဝန်တိုစိတ်သက်သက်နှင့် ယော လိုက်ခဲ့မိတာ ဖြစ်သည်။ ယောကို မခေါ်ဘဲ တခြားကောင်မလေးတွေ အလယ်မှာ သူ စတားဖြစ်နေမှာကို ရင်ထဲမှာ ကလိကလိ မခံချိကာ မကျေပ်တိုင် တက်ချင်တဲ့စိတ်မျိုးနဲ့ လိုက်ချလာမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ယော သိပါပြီ။ ကျော်ဒေဝ အပေါ် ယော်ထားတဲ့ သံယောဇဉ်၊ ယောထားတဲ့ ချစ်ခင်တွယ်တာမှုတို့ဟာ သုစတင့် အပေါ် ယောထားတဲ့ ခံစားချက်တွေလောက် မရိုးစင်းပါ။ ပိုပြီး ဆန်းကြယ်ပါသည်။ ယော မနာလိုတာ၊ ယော စိတ်ကို လှုပ်ရှားစေတာ၊ ယော ပိုင်ဆိုင်ချင်တာ ကျော်ဒေဝ။ ယောကို ပူလောင် ဆူပွက်စေတာ ကျော်ဒေဝ။ ချစ်သူတစ်ယောက်လို ယော ချစ်မိတာ ကျော်ဒေဝပါပဲ။

"ရှက်ရင် အနားလာမကပ်နဲ့၊ ဟိုနားပဲ သွားကပ်နေ"

"မ, ... မ,ဘာဖြစ်နေတာလဲ၊ ပြဿနာပဲ၊ သူနဲ့မအပ်စပ်လို့ သူ့ကိုမခေါ်တဲ့ နေရာကို ဖွတ်လည်း လိုက်ချလာသေးတယ်၊ ပြဿနာလည်း လာရှာနေတယ်၊ သူကပဲ မျက်ရည်ထွက်ဦးမယ်၊ မ, ဘာဖြစ်နေတာလဲ"

ယောသည် မျက်ရည်လည်လည်နှင့် သင်းသင်းတို့ဘက် ငဲ့ကြည့်မိကာ ...

"မ,က သင်းသင်းတို့ အုပ်စုလောက် မလှဘူးပေါ့နော်၊ မ,ပုံစံက ရှက်စရာကြီးပေါ့ ဟုတ်လား"

ကျော်ဒေဝက စိတ်ကျဉ်းကျပ်သွားတဲ့ပုံနှင့် ခေါင်းယမ်းနေပြီးမှ ယောရဲ့ခံစားချက်ကို တစ်စစ သဘောပေါက်လာပုံနားလည်လာပုံ ရပါသည်။



"မ, ... မ,က ကျွန်တော့်အတွက် ကမ္ဘာမှာ အလှဆုံးလေ၊ ကျွန်တော် တန်ဖိုးအထားဆုံး မိန်းမ၊ အဲဒါ မ,မသိဘူးလား၊ သူတို့က ဘာလုပ်ဖို့လဲ၊ သူတို့ဟာသူတို့ ဘာဖြစ်ဖြစ် စိတ်လည်းမဝင်စားဘူး၊ ကျွန်တော်နဲ့လည်း မဆိုင်ဘူး၊ မ,ပဲ ဆိုင်တယ်၊ မ,က ကျွန်တော့်ချစ်သူ၊ မ,သဝန်တိုစရာ ဘာမှမရှိဘူး၊ မ, မယုံကြည်စရာ ဘာမှမရှိဘူး၊ မ,မယုံရင် ကျွန်တော် ကြေညာလိုက်မယ်"

ကျော်ဒေဝက ရုတ်တရက် ယော ပခုံးလေးကို တယုတယ ထွေးပိုက်ဖက်လိုက်ရင်း ...

"ဟော့ ... အားလုံး၊ မိတ်ဆက်ပေးမလို့၊ ဒါ ငါ့ချစ်သူလေး၊ ခင်ခင်ယော တဲ့၊ ငါ့ရဲ့ တစ်ဦးတည်းသော၊ ငါ့ရဲ့တန်ဖိုးရှိအပ်သော၊ ငါ့ရဲ့ရတနာ ငါ့ရဲ့ကမ္ဘာ"

ဟားခနဲ အော်သံ လက်ခုပ်သံတချို့အပြင် ယောရဲ့ ဦးခေါင်းငယ်ထိပ်ပေါ် သူ့ခေါင်းကို စောင်းချပြီး ပါးနဲ့ကပ်ထားလိုက်တဲ့ ကျော်ဒေဝနဲ့ ယောတို့ စုံတွဲပုံကို တဖျပ်ဖျပ် ရိုက်ယူလိုက်ကြတဲ့ ကင်မရာမီးရောင်များက ဝင်းဝင်းလက်လက် ပြိုးပြက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သုခတင့်သည် သူ့ရဲ့ကွန်ပျူတာမော်နီတာမှန်ချပ်ကိုပင် ပစ်ပေါက်ခွဲချင်လောက်အောင် ဒေါသထွေ ဖြစ်နေပါသည်။ မထော်တဆ သူဝင်ကြည့်လိုက်တဲ့ Web site ထဲက ထွက်လာတဲ့ ဓာတ်ပုံက သူ့အသည်းတွေကို ကြေမွစေတော့သည်။ အဲဒီ Web site ဟာ ယူအက်စ်အယ်လ်က အင်္ဂလိပ်ဘာသာ ကျောင်းသားတွေ တင်ထားတဲ့ Web site ဆိုတာသိ၍ ရံဖန်ရံခါ သူလည်း အပျင်းပြေ ဖွင့်ကြည့်တတ်သည်။ ဘာတွေများ တင်ထားလဲလို့။

ခုတော့ အဲဒီထဲမှာ အင်္ဂလိပ်စာကျောင်းသားတစ်ဦးရဲ့အိမ်မှာ ကျင်းပတဲ့ ပျော်ပွဲပါတီကလေးတစ်ခုကို ဓာတ်ပုံတွေ ဘာတွေနှင့် တင်ထားပါသည်။ အဲဒီထဲက တစ်ပုံကတော့ ကျော်ဒေဝက မမရဲ့ပခုံးကိုဖက်၊ မမငယ်ထိပ်ပေါ် ခေါင်းစောင်းချကာ ပါးနှင့်ကပ်ပြီး ပိုင်နိုင်တဲ့အပြုံးနှင့်။ မမကတော့ ကိုယ်လေးကျုံ့ပြီး ရှက်ကိုးရှက်ကန်း ရုပ်လေးနှင့်။

မမ ဝတ်စားထားတာတွေက မမနဲ့ မအပ်မစပ်တွေ။ ဒီကောင် မမကို အဲသလိုပွဲမျိုးကို ခေါ်သွားစရာလား။ ခွေးကောင်။ ပုံရဲ့ဘေးမှာ စာပါသေးတာက "အင်္ဂလိပ်စာတန်းမှ ရှုပါစတား





ကျော်ဒေဝက ခင်ခင်ယော်ဆိုတဲ့ လှပသော နတ်သမီးလေးကို သူ့ချစ်သူလို့ လူပုံအလယ်မှာ ကြေညာလိုက်ပြီ"လို့ အဓိပ္ပာယ်ရတဲ့ စာသားပင်။

သုခတင့်သည် ရင်ထဲမှာ တနုံ့နုံ့ တနင့်နင့်နှင့် အကြီးအကျယ် မကျေမနပ် ဖြစ်ရလာသည်။ ချက်ချင်းပဲ မမထံသို့ ဖုန်းကောက်နှိပ်လိုက်ပါသည်။ တစ်ဖက်မှာတော့ နေနေ ဖွင့်ပြကာ တဟားဟား ရယ်မောသဘောကျနေတဲ့ Web site ထဲက ဓာတ်ပုံကိုကြည့်ပြီး စိတ်တွေညစ်နေတဲ့ ယောသည် အသံမြည်လာတဲ့ဖုန်းကို ကမန်းကတန်း ဖွင့်လိုက်ရင်း ...

"ကျော်ဒေဝလား"

ကျော်ဒေဝကို ဒီပုံဘာကြောင့် Web site ထဲ လွှင့်တင်ထားရတာလဲလို့ ပြဿနာလုပ်ချင်ဇော များနေ၍ ကျော်ဒေဝလို့ပဲ တန်းထင်လိုက်မိတာ။

"မမဆီ ဖုန်းလာရင် ဆက်မဲ့သူက ကျော်ဒေဝ တစ်ယောက်တည်း ရှိတယ်လို့ မမ ထင်နေလား"

"ဟင် ... သုခတင့်"

"မမမှာ ကျွန်တော် တစ်ယောက်လုံးလည်း ရှိသေးတယ်သိရဲ့လား၊ ဖုန်းပေါ်မှာ ပေါ်နေတဲ့ နံပါတ်ကိုတောင် မမှတ်မိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မ,က အဲဒီနံပါတ်ကို ကြည့်ကို မကြည့်မိတာ သုခတင့်ရယ်၊ ဖုန်းလာရင် တန်းဖွင့်ပြီး နားထောင်လိုက်တာမို့ပါ၊ သုခတင့် နေကောင်းလား၊ အခု ဘာကိစ္စရှိလို့လဲဟင်"

"ဘာကိစ္စရှိလို့လဲ !... ဟုတ်လား !... နေရင်း ထိုင်ရင်း အားအားလျားလျားကော ကျွန်တော် ဖုန်းဆက်လို့ မရဘူးလား"

"မဟုတ်ပါဘူး၊ ရပါတယ်၊ ဒီလိုပဲ မေးကြည့်လိုက်တာပါ၊ ဘာတွေ စိတ်တိုနေတာလဲ သုခတင့်ရယ်"

"သုခတင့် ဆိုတဲ့ကောင် အကြောင်းကိုရော မမက စိတ်ဝင်စားလို့လား"

ခုချိန်မှာတော့ ကျော်ဒေဝကို ချစ်သူတစ်ယောက်လို ချစ်မိပြီး သုခတင့်ကို မောင်ကလေးတစ်ယောက်လို သံယောဇဉ်တွယ်ရတာ သေချာပိုင်းခြားနိုင်ပြီဖြစ်တဲ့ ယောက သုခတင့်ရဲ့ မကြားစဖူး စိတ်ကောက်သံကို ပြုံးမိကာ ...

"ဝင်စားပါတယ် သုခတင့်ရယ်၊ သုခတင့်က မ,မောင်လေးတစ်ယောက်ပဲ"

"ဘာမှ မောင်လေး မဟုတ်ဘူး၊ မမ,ရဲ့ မောင်လေးလည်း မဖြစ်ချင်ဘူး"

"ကဲပါ သုခတင့်ရယ်၊ အခု ဘာပြောစရာရှိလဲ၊ မ,ဒီမှာ စိတ်တွေတိုနေလို့ ဖုန်းဆက်စရာ ရှိသေးတယ်"





"ဟိုကောင်တွေ အင်္ဂလိပ်စာတန်းက တင်ထားတဲ့ Web site ထဲမှာ ဓာတ်ပုံပါလာတာ မမ သိပြီးပြီလား"

"ဟင် ...၊ သုခတင့်လည်း တွေ့တယ်၊ ရှက်လိုက်တာနော်၊ စိတ်ညစ်လိုက်တာ၊ အဲဒါကို မ,အခု စိတ်တွေတိုနေတာပေါ့ သုခတင့်ရယ်"

"ဘာလို့ အဲဒီပုံ အရိုက်ခံသေးလဲ"

"သူတို့က လျှပ်တစ်ပြက် ရိုက်လိုက်တာ"

"ဘယ်လောက်ပဲ လျှပ်တစ်ပြက် ရိုက်ရိုက်လေ၊ မမက အဲဒီအနေအထား ဖြစ်မနေရင် ဘာမှပါလာစရာအကြောင်း မရှိဘူး၊ ဘာဖြစ်လို့ ဒီကောင်နဲ့ မမက ဖက်ယက်နေတဲ့ အဖြစ်မျိုး ရောက်နေတာလဲ"

"ဟာ ... စိတ်ညစ်လိုက်တာ သုခပင့်ရာ၊ သူက ပခုံးကို လာဖက်လိုက်တုန်း ဓာတ်ပုံရိုက်တဲ့ကောင်လေးတွေက ..."

"ဒီကောင်က မမကို ဖက်ခွင့်ရှိလား"

"ဟို ... ဟိုလေ ..."

"ခုလို လူပုံအလယ်မှာလေ"

"အဲ ... အဲဒါ"

"မမကကော ဘာပုံဖြစ်နေတာလဲ၊ ကျော်ဒေဝ ဆိုတဲ့ကောင်က မမကို ဒီလိုပုံစံကြီး ဝတ်ခိုင်းပြီး အဲဒီပါတီပွဲကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ လှုပုံအလယ်မှာ ခုလို အသားတွေယူပြီးဖက်တယ်၊ ဟုတ်လား၊ ဒီကောင် ဘာကောင်လဲ၊ မိုက်ရိုင်းလှချည်လား၊ မမကကော ဒီကောင်လုပ်သမျှ ဘာကြောင့်ငြိမ်ခံနေရတာလဲ၊ ငြင်းပါလား ပါးစပ်က၊ ကျွန်တော်ဘာပြောထားလဲ၊ ဒီကောင်ဟာ ရည်းစားတစ်သိန်းလောက်ပြတ်ထားတဲ့ ရှေပ်ကောင်ပါဆိုတာ၊ ကောင်မလေးတွေဟာ ဒီကောင့်ကို ဒီလိုပဲ ဖက်ယက်တက်နေတာ၊ မိန်းမဆိုတာတွေကို ဒီကောင်က တန်ဖိုးထားတတ်တာ မဟုတ်ဘူး၊ အလကားဟာတွေလို့ သဘောထားတာ ...

မမကို ဒီပွဲကို ခေါ်သွားတယ် ဆိုတာကိုက ဒီကောင်အကျင့်ယုတ်တာ၊ မိုက်ရိုင်းတာ၊ ဘာမှ ခေါ်သွားစရာအကြောင်းမရှိဘူး၊ တောက် ... လူလယ်ကောင် ဖက်ပြလိုက်သေးတယ်၊ တွေ့ကြသေးတာပေါ့ ကျော်ဒေဝရာ"

"သုခတင့်"

တစ်ဖက်က ဂွပ်ခနဲ ဖုန်းချလိုက်သံကြား၍ ယောမှာ ခေါင်းနားပန်းကြီးသွားရပါသည်။ ဒုက္ခပဲ။ ဒီကောင်ကလေးကလည်း ထင်ရာမြင်ရာ ရမ်းပြီးတော့ ထင်မြင်စွပ်စွဲနေတာပဲ။ သူ့ဟာသူ ဆတ်ဆော့ပြီး လိုက်သွားတဲ့ကိစ္စကို။ ကျော်ဒေဝကို ပြေးပြီး ပြဿနာလုပ် ရန်ရှာတော့မှာပဲ။





ဒါကို ယော အကြီးအကျယ် စိုးရိမ်သည်။ သူတို့နှစ်ယောက် ထိပ်တိုက်ဖြစ်လို့ကတော့ ဘယ်သူမှ သက်သာမှာမဟုတ်။ နှစ်ယောက်လုံး အထိနာမှာ။ ကျော်ဒေဝကို ရန်မရှာစေချင်သလို သုခတင့်ကိုလည်း ဒဏ်ရာအနာတရ မဖြစ်စေချင်ပါ။ ချစ်သူအတွက်လည်း စိတ်ပူရသလို မောင်လေးတစ်ယောက်လို သံယောဇဉ်ကြီးမိတဲ့ သူ့အတွက်လည်း စိုးရိမ်သေးတာပါပင်။

ယောသည် နေနေ့ကိုတောင် ပြောမနေတော့ပဲ အိမ်ကနေ ကမန်းကတန်း ထွက်လာခဲ့ပါသည်။ လမ်းထိပ်က တက္ကစီတစ်စီးတားပြီး ထုံးစံအတိုင်း အင်းယားမြိုင်နှင့် အင်းယားလမ်းလေးကို တက်စီးလာခဲ့သည်။ အင်းယားလမ်းထဲက သုခတင့်အိမ်ရှေ့မှာရပ်။ ခြံတံခါးလေးတွန်းပြီး အပြေးဝင်ခဲ့ပါသည်။

အိမ်ရှေ့တံခါးမက ပွင့်ဟလျက်သား။ (အမှန်မှာ သုခတင့်သည် အပြင်ထွက်တော့မည်ဖြစ်၍ အိမ်နောက်ဘက် ဂိုဒေါင်ဆီမှာ ပျံ့ဂျစ်ကားကို ဆီစစ်၊ ဆီထုတ် လုပ်နေတာဖြစ်ပါသည်။) ယောက "သုခတင့် ... သုခတင့်"နှင့် ခပ်ဖွဖွခေါ်ရင်း ဧည့်ခန်းထဲ တိုးဝင်လာခဲ့သည်။ သုံး,လေးလှမ်း ဝင်မိလျှင်ဝင်ခြင်း အရင်တစ်ခါ သူပါလာတုန်းက မရှိတဲ့ စားပွဲပေါ်က ဓာတ်ပုံစတဲန်းလေးတွေ များစွာကို မြင်လိုက်ရလျှင် ...

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အဆေးကပင် ဖေဖေလို့ ထင်လိုက်တဲ့ပုံဟာ အနီး ကပ်တော့ တကယ်ပဲ ဖေဖေ့ပုံ။ ဒါက ဖေဖေရယ် အန်တီနိုင်ရယ် ဖိုးသုရယ် ငယ်ငယ်က။ ဒါက ကြီးမှပေါ့၊ ဖိုးသု ဆယ့်နှစ်နှစ် လောက်။ ဟင် ...။ ဒီမှာ ... ဟိုးမြိတ်မှာ ငယ်ငယ်တုန်းက ရိုက် ထားတဲ့ပုံ။ ပုံမှာ ယော ပါပါသည်။ ဒီပုံဟာ ယောထံမှာလည်း ခုထိ ရှိပါသည်။

ဖေဖေ။ အန်တီနိုင်။ ဖိုးသု။ ဖိုးသုဟာ သုခတင့်။ ငါးနှစ်သားတုန်းကရုပ်နှင့် အခုရုပ် ဘယ်လိုမှ မဖမ်းမိ၊ မအပ် စပ်မိခဲ့ဝေမဲ့ ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်၊ ဆယ့်ငါးနှစ် စသဖြင့် အဆင့်ဆင့် ကြီးပြင်းလာတဲ့ ပုံတွေကို မြင်ရတော့ ရုပ် ချင်း မဆက်စပ်မိပဲ မနေတော့ပါ။

ငယ်ငယ်က မျက်နှာဝိုင်းဖောင်းနေတဲ့ ဖိုးသုဟာ အခု မေးလေးသွယ်ချွန်းတဲ့ သုခတင့် ဖြစ်လာတာကိုး။ ဖိုးသု။ သုခတင့်။ ယောသည် မျက်ရည်တွေ ဝဲလည်ပြီး ကျလာသည်။ ဘုရား ... ဘုရား ...။ ကံသီပေလို့။ ယော စိတ်ထဲမှာ လွန်ခဲ့တဲ့ တစ်လခွဲ နှစ်လအထိ ကျော်ဒေဝနှင့် သုခတင့်အပေါ် ဘယ်သူ့ အပေါ် ရှိုးရှိုး၊ ဘယ်သူ့အပေါ် ဆန်းဆန်းလို့ ဝေခွဲလို့မှ မရခဲ့တာ။

သံယောဇဉ် ပိုမိတာချင်း တူနေတော့ ယော အရွေး ချယ် ခက်ခဲ့တာလေ။





ကျော်ဒေဝကို ချစ်သူလို ချစ်မိမှန်း သေချာစေတဲ့ နှလုံးသားကို ပိုင်ဆိုင်ခဲ့ရတဲ့အတွက် ကံကောင်းလှပါချည်ရဲ့။ ဘုရားကျေးဇူးတော် ကြီးလှပါချည်ရဲ့။ သုခတင့်ကို မောင်ကလေး လို သံယောဇဉ် တွယ်မိတာဟာ တကယ်ပဲ မောင်ကလေး ဖြစ် နေခဲ့လို့ကိုး။ ယောသည် ရင်ထဲဆို့ကာ နင့်လာသည်။

တစ်ယောက်တည်း ရပ်တည်နေတဲ့ မောင်လေး။ ယောက မမှတ်မိဘူးဆိုလို့ ဖွင့်လည်းမပြောခဲ့။ သနားစရာကောင်း လိုက်တာ။ အုံ့ညြတုန်လှုပ်စိတ်ကြီးနှင့် ယော နေလို့မရအောင် ကတုန်ကယင် ဖြစ်လာပါသည်။ ကျော်ဒေဝကို ပြောပြရမယ်။ မ,ရဲ့ မောင်ကလေးကို ရန်သူတစ်ယောက်လို သဘောမထားပါ နဲ့ ... လို့ ...။

ယောသည် အိမ်ထဲလည်း ဆက်ထိုင်မနေရဲ။ သုခ တင့် ဘယ်ရောက်နေတယ်လဲ မသိမို့ အသိမရှိသလို အပြင်ကို ကယောင်ကတန်း ပြန်ထွက်ခဲ့ပါသည်။ အင်းယားလမ်းတစ်လျှောက် ထွက်လာ၊ တက္ကသိုလ်ရိပ်သာလမ်းကိုကူးပြီး ဟိုဘက်ခြမ်း အင်းယား လမ်းထဲ ဆက်လျှောက်လာကာ အင်းယားကန်စောင်းမှာ တစ် ယောက်တည်း ငေးငေး လာထိုင်နေမိပါသည်။

မောင်လေး သုခတင့်။ တစ်ယောက်တည်း အထီး ကျန်နေလိုက်တာ။ ဖေဖေကလည်း အတူခေါ်မထားပဲ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှတ်လိုက်ရပါလိမ့်။ ဟိုမှာပဲ ကျောင်းတက်လည်း ရတာပဲဟာ။ သုခတင့်ဟာ ဘာပဲဖြစ်ဖြစ် အုပ်ထိန်းမှုရှိရမဲ့ အရွယ်လေးပါ။ အစက အဘွားရှိပေမဲ့ အခုတော့ အဘွားလည်း မရှိတော့။ မောင်လေး သနားပါတယ်။ ဖွင့်ပြောလိုက်ရောပေါ့ သုခတင့်ရယ်။ ဘာကြောင့် မပွင့်မလင်း မြှုထားရတာလဲ။

သုခတင့်အတွက် ဝမ်းနည်းစိတ်နှင့် ယော မျက်ရည်ကျနေမိသေးကာ အတော်ကြာမှ စိတ်က တည်ငြိမ်လာပါသည်။ အခု သူ ဘယ်ရောက်နေပါလိမ့်။ ကျော်ဒေဝကို လိုက်ရှာနေမလား။ ခုမှပင် သတိဝင်ကာ စိတ်ပူလာပြီး ယောက သုခတင့်ရဲ့ ဟဲန်းဒ်ဖုန်းနံပါတ်ကို နှိပ်ကာ ဖုန်းလှမ်းဆက်လိုက်ရပါသည်။

"ဟယ်လို ... မမလား"

"ဟုတ်တယ်၊ သုခတင့် ... မင်း အခု ဘယ်မှာလဲ မောင်လေး"

ယော အသံက တုန်ကာ ငိုသံပါနေသည်။

"ကျွန်တော် လမ်းပေါ်မှာပေါ့၊ ကျော်ဒေဝကို လိုက်ရှာနေတယ်၊ ဒီကောင့်အိမ် ဆက်ပြီးပြီ၊ အိမ်မှာလည်း မရှိဘူး၊ ကျောင်းက ပိတ်တယ်၊ ဒါကြောင့် ဒီကောင် သွားတတ်တဲ့ နေရာတွေ ..."

"သုခတင့်"





"ဗျာ"

"မင်းအခု ကားပြန်လှည့်လိုက်၊ ကျော်ဒေဝနဲ့ ရန်မဖြစ်ရဘူး၊ မ, မင်းရဲ့အိမ်ကို ခုနက ရောက်ခဲ့သေးတယ်"

"ဟင် ... ဘယ်တုန်းကလဲ"

"ခုနက၊ အိမ်ရှေ့တံခါးက ပွင့်နေတော့ အိမ်ထဲဝင်လိုက်သေးတယ်၊ မင်းကို မတွေ့ပဲ စားပွဲပေါ်က ဓာတ်ပုံတွေပဲ တွေ့ခဲ့ရတယ်၊ ဖေဖေ့ပုံ၊ အန်တီခိုင်ပုံ၊ မောင်လေး ... ဘာဖြစ်လို့ မ,ကို ဖွင့်မပြောတာလဲ၊ မင်းနဲ့ မမက မောင်နှမအရင်းတွေပါ၊ မ,မမှတ်မိလည်း မင်း ဖွင့်ပြောသင့်ပါတယ် သုခတင့်ရယ်၊ ဒီဘက်မှာ နေနေ၊ ဟိုဘက်မှာ သုခတင့်၊ မ,မှာ မောင်နှမအရင်း သုံးယောက်ရှိရက်နဲ့ မင်းကို မသိခဲ့ရဘူး၊ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းလဲ ... ဟင်"

ယောသည် ပြောရင်း အသံတွေ ပိုတုန်လာကာ တရှိုက်ရှိုက်လေး ငိုလိုက်မိပါသည်။

"မမ ... မမ ... သိသွားပြီ၊ ဟုတ်လား"

"အင်းပေါ့ ... မင်းမပြောတော့ ခုမှ သိရတာပေါ့"

"မမ အခု ဘယ်မှာလဲဟင်၊ ကျွန်တော် လာခဲ့မယ်"

"ကန်ပေါင်မှာ"

"ဟင် ... တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကျွန်တော် အခုလာခဲ့ပြီ၊ ပြန်ကျွေ့ခဲ့ပြီ၊ ဒါပဲနော် မမ"

ယောက ဖုန်းကို အသာပြန်ပိတ်ထားလိုက်ပါသည်။ သုခတင့်ကို တွေ့နေ သိနေတာ ကြာခဲ့ပြီ ဖြစ်ပေမဲ့ သူစိမ်းကောင်လေးတစ်ယောက်အဖြစ် သိနေရတာ။ ကိုယ့်မောင်ကလေးဆိုတဲ့ အသိနဲ့က အခုမှ စသိရမှာမို့ ယော အတွက် ခံစားချက်က အသစ်အဆန်းဖြစ်ကာ နေပါသည်။ ထို့ကြောင့်လည်း ရင်တခုန်ခုန်နှင့် စိတ်တွေ လှုပ်ရှားနေတာပင်။

စိတ်လှုပ်ရှားစွာ ထိုင်စောင့်နေခဲ့ပေမဲ့ သုခတင့်က နာရီဝက်နဲ့လည်း ပေါ်မလာ၊ လေးဆယ့်ငါးမိနစ်နဲ့လည်း ပေါ်မလာပါ။ တစ်နာရီကျော်ကျော် ကြာတဲ့အချိန်ကျမှ သုခတင့်တော့ ရောက်မလာ၊ ဖုန်းကောလ်တစ်ခုသာ ဝင်လာခဲ့ပါသည်။

"ဟယ်လို ... မခင်ခင်ယောလား"

"ဟုတ်ပါတယ်"

"ကျွန်မတို့က ဆေးရုံကြီး အရေးပေါ်က ဆက်ပေးနေတာပါ၊ သုခတင့် ဆိုတဲ့ လူနာက ဆက်ခိုင်းလို့ပါ"

"ရှင်"

"ကားအက်ဆစ်ဒဲန့်ထ်ဖြစ်လို့ သုခတင့် ဆေးရုံကြီး အရေးပေါ်မှာ ရောက်နေပါတယ်"





"ဟင် ...၊ ကျွန် ... ကျွန်မ ... အခုပဲ လာခဲ့ပါ့မယ်"

ယောရဲ့ ရင်ညွန့်ဆီ အပူလုံးကြီးတစ်ခု ဝုန်းခနဲ ဆို့နင်လောင်မြိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နေနေရယ် ... သုခတင့်ကို မတည့်တဲ့စိတ်တွေ ဖျောက်ပစ်လိုက်စမ်းပါ၊ အမုန်းတွေ ဖျောက်လိုက်ပါ၊ ချစ်ချစ်ခင်ခင် သဘောထားလိုက်ပါနော်၊ သူက မ,မောင်လေးဆိုတော့ နေနေနဲ့လည်း မောင်နှမပေါ့"

နေနေက ရှုံ့မဲ့ရင်း ...

"အာ ... ဘာဆိုင်လို့လဲ မမကလည်း၊ မမနဲ့သာ မောင်နှမ နေနေနဲ့ ဘာမှ မတော်ဘူး"

ယောက မျက်နှာလေး ညှိုးညှိုးနှင့် ...

"သွေးသားတော်စပ်တာကို တွက်နေမယ်ဆိုရင်တော့ နင်နဲ့ ဘာမှမတော်ဘူးပေါ့ နေနေရယ်၊ ဒါပေမဲ့ နင်နဲ့ငါက ညီအစ်မရင်းလေ၊ သူနဲ့ ငါကလည်း မောင်နှမအရင်းလေ"





"အင်းလေ ... ဒါပေမဲ့ ဒါ ... မမနဲ့ပဲ တော်တာပဲ၊ နေနေနဲ့ ဘာတော်လို့လဲ"

နေနေက ခေါင်းမာမာပင်။ ခုတင်ပေါ်မှာ စာအုပ်တစ်အုပ် မှိုဖတ်နေရင်း အာလူးကြော်တစ်ထုပ်ကို ရင်ဘတ်ပေါ်တင်ပြီး နိုက်စားနေသည်။

"မ,ကို နင် မချစ်ဘူးလားဟင် နေနေ"

"ချစ်တာပေါ့၊ နေနေ့မှာ မမ တစ်ယောက်ပဲ ရှိတာ"

"မ,ကိုချစ်ရင် ဟိုဘက်က မ,ချစ်ရမဲ့ မောင်လေးကိုပါ လိုက်မချစ်နိုင်ဘူးလားဟင်"

"ဟာ ... ဘာလို့ချစ်ရမှာလဲ၊ ရှုပ်နေတာပဲ၊ မချစ်ပါဘူး၊ ရုပ်ကိုက မထိမဲ့မြင်နဲ့ ချစ်စရာလား ... ဟွန်း"

"သိပ်မချစ်တောင်မှ နည်းနည်းပါးပါး"

"ဟား ... မမကလည်း နားငြီးလိုက်တာကွာ၊ ဒီ သုခတင့်ကြီးကို နည်းနည်းလည်းမချစ်ဘူး များများလည်းမချစ်ဘူး၊ ဟိုးအရင်က ဒီကောင် ဒေဒေတို့ ဖေဖေတို့ကို ဆော်ထားတာတွေ ဘယ်မေ့ပါမလဲ"

"ဒါတော့ သူတို့ ကိုယ်တို့ ရန်ဖြစ်ကြတာပဲဟာ၊ ဒီဒေဒေတွေ ဖေဖေတွေကိုတောင် သူစိမ်းတွေပေမဲ့ နင် ချစ်ခင်ရသေးတာပဲ၊ သုခတင့်က မ,ရဲ့မောင်အရင်းလေးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုတော့ ... မမ ချစ်ပေါ့၊ မမပဲချစ်၊ ဟိုကောင်တွေက သူစိမ်းပေမဲ့ ဘော်ဒါလေ၊ ဘော်ဒါအရင်းတွေ၊ ချစ်တာပေါ့ ခင်တာပေါ့၊ သူခတင့်ကိုတော့ ဘာလို့ ချစ်ရ ခင်ရမှာလဲ"

သူတို့ညီအစ်မရဲ့ အခန်းထဲကို ပန်းအိုးလေးတစ်လုံးနှင့် ဝင်လာပြီး စားပွဲပေါ်က ပန်းအိုးဟောင်း သိမ်းယူနေတဲ့ မေမေက သူတို့စကားတွေကို အစွန်အဖျား ကြားကာ ပြုံးနေပါသည်။ ညှိုးနွမ်းနေတဲ့ သူ့သမီးကြီး မျက်နှာကိုလည်း အကဲခတ်ကာ ...

"နေနေရယ် ... ကိုယ့်မောင်နှမရင်း မဟုတ်ပေမဲ့ မမနဲ့က မောင်နှမရင်း ဖြစ်နေပြီမို့လား၊ ပတ်သက်ရာ ပတ်သက်ကြောင်းက ရှိနေပြီ၊ မချစ်နိုင်တောင် ခင်ခင်မင်မင်နဲ့ ဆက်ဆံရမှာပေါ့။ ရန်တွေ ဘာတွေလဲ မဖြစ်ရတော့ဘူး နေနေ"

နေနေက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါသည်။

"သူခတင့် ဘယ်လိုနေလဲ ယော"

"သက်သာပါတယ် မေမေ၊ ဒါပေမဲ့ ဆေးရုံမှာပဲ ထားတုန်းပဲ၊ ခေါင်းလည်း ထိထားတော့ နားခိုင်းထားတယ် ထင်ပါတယ်"





"မသေကောင်း မပျောက်ကောင်း၊ တော်သေးတာပေါ့၊ ဒီလောက်ပဲ ဖြစ်တာ၊ ဒီကောင်လေးလည်း ကားမောင်းကြမ်းတယ်နဲ့ တူပါတယ်၊ ညနေ ဆေးရုံထမင်းပို့သွားရင် အနက်ကယ်ထွန်းနဲ့ မေမေလည်း သတင်းမေးတယ်ပြောလိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

မေမေ အခန်းထဲက ပြန်ထွက်သွားလျှင် ...

"ညနေ ဆေးရုံလိုက်ခဲ့ပါလား နေနေ"

"အာ ... မလိုက်ပါဘူး၊ အရင်နေ့တွေလိုပဲ မမကို ဆေးရုံမှာ ချခဲ့မယ်လေ၊ မြို့ထဲပတ်နေမယ်၊ ပြန်လာကြိုမယ်၊ ဒါပဲပေါ့၊ ပြီးပြီပေါ့"

"သူခတင့်ကို သတင်းတက်မေးပါဦးလား နေနေရယ်"

"မေးချင်ပါဘူး၊ ဒီကောင့်ကို မကြည်တာ ရှိသေးတယ်"

"ဘာလဲ"

"မေမေရှိလို့ မပြောချင်လို့"

"ဘာလဲ ... ပြောလေ"

"မမကသာ သူ့ကို မောင်မှန်း မသိတာလေ၊ သူ့ဘက်က သူ့အစ်မမှန်း သိနေတာပဲ ဥစ္စာ"

"အင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူက ဘာဖြစ်လို့ မမကို ကြိုက်သလိုလို ငြိသလိုလို ဖြစ်နေရတာလဲ"

ယောသည် ခဏဆွံ့အ,သွားပြီးမှ ...

"သူက အစ်မရင်းလို ချစ်နေတာမျိုးပဲ ဖြစ်မှာပေါ့ နေနေရယ်"

"အမယ် ... မဟုတ်ပါဘူးနော်၊ မမကော အဲလို တကယ် ယုံလို့လား"

"ဒီလိုပဲ ဖြစ်မှာပေါ့"

"ဟုတ်ကို မဟုတ်ဘူး၊ မျက်လုံးတွေကို ကြည့်ပေါ့၊ မမ သူ့မျက်လုံးတွေကို မဖတ်တတ်ဘူးလားဟင်၊ အစ်မရင်း တစ်ယောက်ကိုချစ်တဲ့ မျက်ဝန်းမျိုးမှ မဟုတ်တာ၊ မရိုးသားတဲ့ မျက်ဝန်းတွေ၊ မမ ဖွတ်ငြင်းမနေပါနဲ့၊ ဒီကောင်က ဘာကြောင့် ဒီလိုစိတ်မျိုး မွေးရမှာလဲ၊ ဘယ်လောက် မိုက်ရိုင်းလဲ"

ယောသည် အလန့်တကြား ငိုင်ငေးနေမိပါသည်။ ခုမှသာ နေနေ့ စကားကို ငြင်းနေရသော်လည်း အရင်ကတော့ ယော ကိုယ်တိုင် သုခတင့်ရဲ့ သံယောဇဉ်တွေ တွယ်တာမှုတွေ ငြိတွယ်ရှူးမူးပုံတွေကို (သူစိမ်းယောက်ျားလေးနဲ့ မိန်းကလေးတို့ရဲ့ စွဲလမ်းမှုမျိုးနဲ့) မရိုးသားတဲ့ စွဲလမ်းမှုလို့ လက်ခံယူဆထားမိခဲ့တာပဲလေ။





"အဲဒီကတည်းကိုက ဒီကောင် အော့နေပြီ"

"မဖြစ်နိုင်ဘူး ထင်ပါရဲ့ နေနေရယ်"

"အဲဒါ မမ ဖြေတွေးနေတာ၊ ဖြေသိမ့်နေတာ၊ ဟုတ်ကို ဟုတ်ခဲ့တယ်၊ သူက ဒေဒေနဲ့ယှဉ်ပြီး မမကိုလုဖို့ အပိုင် ရယူဖို့ စိတ်ကူးကို ယဉ်ခဲ့တယ်"

"တော်ပြီ နေနေရယ်"

နေနေကလည်း ယောရဲ့ စိတ်မချမ်းသာတဲ့ရုပ်ကို အကဲခတ် ရိပ်မိကာ နှုတ်ပိတ်ထားလိုက်ပါသည်။ ယောစိတ်ထဲ မချမ်းသာ။ ယောကိုယ်တိုင်လည်း ပထမ အဲသလိုပဲ ထင်ထားခဲ့တာပါပဲ။ ခုမှ မဖြစ်စေချင်တဲ့စိတ်နဲ့။ မြတ်စွာသော ဘုရားရှင်၊ တပည့်တော်မရဲ့ မောင်လေး စိတ်နှလုံးမှာ အမိုက်မှောင်တွေ ကင်းပါစေသား။ ယော အထင်လွဲ အကဲခတ်လွဲခဲ့တာသာ ဖြစ်ပါစေ။

သုခတင့်သည် ဆေးရုံတက်နေရတဲ့ ဝါဒ်မှ နှလုံး ရောဂါအဆောင်ဆီသို့ သူနာပြုတွန်းတဲ့ ဝှီးချဲနှင့် ရောက်ခဲ့ရပါ သည်။ တကယ်တော့ သူ လမ်းလျှောက်နိုင်ပါသည်။ ဒါပေမဲ့ ဆေးရုံတက်နေတဲ့လူနာ၊ ဝါဒ်ကူးပြောင်းကာ ဆေးကုသမှုခံယူရ တာမို့သာ ဝှီးချဲနဲ့ သွားရတာ။



www.burmeseclassic.com

www.burmeseclassic.com



အက်ဆစ်ဒဲန့်ထိဖြစ်ဖြစ်ချင်း သူ သတိလစ်သွားခဲ့တာ ဆေးရုံကို ကြားက ကူညီမှုတို့ကြောင့် ရောက်ခဲ့ရတာ။ အရေးပေါ်ကိုရောက်ပြီး မကြာခင်မှာတော့ သူ သတိပြန်လည်လာခဲ့သည်။

ရတဲ့ထိခိုက်ဒဏ်ရာက ဘာမှ သိပ်မပြောပလောက်ပါ။ သူ့ရင်ဘတ်ထဲကသာ ဆိုးဆိုးဝါးဝါး အောင့်၍ အသက်ရှူကျပ်ခက်ခဲနေခဲ့သည်။

အဲဒီအတွက် သူ့ကို ရင်ဘတ်အောင့်တာ အသက်ရှူကျပ်တာတွေအတွက်ပါ လိုအပ်တာတွေ စမ်းသပ်စစ်ဆေးခဲ့သည်။ ဒီနေ့တော့ သူ ရိုက်ထားတဲ့ စမ်းသပ်စစ်ဆေးချက်တွေရဲ့ Result တွေအတွက် နှလုံးရောဂါဌာနကို သူ လာရတာဖြစ်သည်။ လမ်းမှာ ဝိုးချဲပေါ်ထိုင်ပြီး သူ စဉ်းစားလာသည်မှာ သူ့ကို နှလုံးရောဂါဌာနခေါ်တော့ သူ့မှာ နှလုံးနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုခု ရှိနေပြီ ထင်ပါရဲ့လို့ပင်။

နှလုံးရောဂါပေါ့။ နှလုံးရောဂါ ဆိုသည်မှာ စိတ်ချမ်းချမ်းသာသာ နေရမည် မဟုတ်လား။ မမကို အကျပ်ကိုင်ရမည်။ သူ့ကို စိတ်ချမ်းသာအောင်ထားဖို့။ သူစိတ်ညစ်အောင် မလုပ်နဲ့လို့။ ကျော်ဒေဝကို မမ ချစ်ရင် သူစိတ်ညစ်မှာလို့၊ ဟဲ ဟဲ ...။ သူ့အတွေးနှင့်သူ သဘောကျနေခဲ့သည်။





ဝါဒ်က သမားတော်ကြီးဆီ သူ ဝင်တွေ့ရတဲ့အခါမှာတော့ ...။

"မောင်သုခတင့်နော်၊ အိမ်က မိသားစု ဘယ်တော့လာမလဲ"

"မိသားစု ! ... ဟို ... ကျွန်တော့်အစ်မတော့ ညနေမှ ထမင်းလာပို့ပါမယ်"

"အဖေ အမေရော"

"ဟို ... အဖေ အမေက ... အမေက ဆုံးသွားပါပြီ၊ အဖေလည်း ဆုံးသွားပါပြီ"

"ဒါဖြင့် အုပ်ထိန်းသူက ဘယ်သူလဲ၊ ဘယ်သူနဲ့ အတူနေလဲ"

"အရင်က အဘွားနဲ့ အတူနေတာပါ၊ အဘွားက ပြီးခဲ့တဲ့လထဲက ဆုံးသွားပါတယ်"

"ဪ ... အရင်းအချာထဲက ဘယ်သူရှိလဲ"

"ဦးလေး အဒေါ်တွေတော့ နိုင်ငံခြားတွေမှာပါ"

"ဒါဖြင့် ဒီမှာ ဘယ်သူနဲ့နေလဲ၊ လောလောဆယ်"

"ကျွန်တော် တစ်ယောက်တည်း နေပါတယ်ခင်ဗျာ"

"ညနေလာမဲ့ အစ်မ ဆိုတာကကော"



www.burmeseclassic.com

www.burmeseclassic.com



"ဟို — အဲဒီ အစ်မဆိုတာက ! ... အစ်မဆိုတာကလည်း ကျွန်တော့်အစ်မလို ရင်းနှီးဆက်ဆံနေတဲ့သူပါ၊ ရှင်းရှင်း ပြောရရင် ကျွန်တော်က တစ်ကောင်ကြွက်ပါ ဆရာကြီး၊ အရင်းအချာထဲက ဆွေမျိုးတွေက နိုင်ငံခြားတွေမှာပဲ ရှိပါတယ်၊ ဘာအကြောင်းများ ရှိလို့ပါလဲ ခင်ဗျာ၊ တစ်ခုခု ပြောစရာရှိရင် ကျွန်တော့်ကိုပဲ ပြောပါ ဆရာကြီး"

"ပြောစရာ ဆိုရာမှာ မင်းရဲ့ ရောဂါအခြေအနေနဲ့ ပတ်သက်လို့ပေါ့၊ တိုင်ပင်ဆွေးနွေးရမယ်ဆိုရင် ဘယ်သူ့ကို ဆွေးနွေးနိုင်တာရှိလဲ"

သုခတင့်က ဆရာဝန်ကြီးကိုကြည့်၍ စိတ်ထဲ စ,တင်လှုပ်ရှားလာပါသည်။ ဘာတွေများ ဆွေးနွေးတိုင်ပင်စရာ ရှိနေပြီလဲ မသိပါ။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာကို သူ ရိပ်မိနေပြီ။ တကယ်တော့ သူ့မှာ ဘယ်လိုအခြေအနေပဲရှိရှိ လက်ခံနားထောင်ရမည့်သူဟာ သူကိုယ်တိုင်သာပဲ မဟုတ်လား။ တခြားမှမရှိတာ။ အတွေးနှင့် သူ့မှာ ခပ်ဆွေးဆွေး အားငယ်ရပြီးနောက် ...

"ပြောစရာရှိတာ ကျွန်တော့်ကိုပဲ ပြောရမှာပါ ဆရာကြီး၊ ကျွန်တော်မှာ အုပ်ထိန်းသူလည်း မရှိပါဘူး၊ ကျွန်တော် ရင်ဆိုင်နိုင်ပါတယ်၊ တကယ်လို့ ကျွန်တော့်မှာ သေလောက်တဲ့ ဝေဒနာရှိနေရင်တောင် ကျွန်တော့်ကိုပဲ ဖွင့်ပြောပါ။





ကုမယ် မကုဘူး၊ ခွဲမယ် မခွဲဘူး၊ သေမယ် ရှင်မယ် ... ဒါတွေကို ဆုံးဖြတ်ပေးနိုင်တာ ကာယကံရှင် ကျွန်တော်ကိုယ်တိုင်ပဲ ရှိတာပါ။ ဆရာကြီး ပြောစရာရှိတာ ပြောပါခင်ဗျာ"

ဒီတော့ ဆရာဝန်ကြီးက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ဒီလိုဆိုရင်တော့ အခြေအနေကို မောင်သုခတင့်ကိုပဲ တိုက်ရိုက် အားလုံးဖွင့်ပြောရတော့မှာပေါ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် နှလုံးရောဂါ ဖြစ်နေတယ်ပေါ့နော်"

"နှလုံးရောဂါဆိုတာမှာ အခြေအနေ အမျိုးမျိုးရှိတယ်၊ နှလုံးမှာဖြစ်တဲ့ ရောဂါဝေဒနာမို့ နှလုံးရောဂါလို့ ယေဘုယျခြုံပြီး ခေါ်ကြပေမဲ့ ဖြစ်တဲ့အစိတ်အပိုင်းရယ် ဘာဖြစ်တယ်ဆိုတာရယ် ဒါတွေက အမျိုးမျိုး ထပ်ကွဲပြားသေးတာပေါ့လေ၊ အခုက မောင်သုခတင့်က ...

ဆရာဝန်ကြီးသည် ဓာတ်မှန်တွေ ဓာတ်ပုံတွေ စာရွက်စာတမ်းတွေကို ပြန်ကြည့်နေပြန်ပြီး ...

"ငယ်စဉ်ကတော့ မောတာ အသက်ရှူမဝတာ မောကျ[illegible] တ... မကြာမကြာ ဖြစ်ဖူးလား၊ မှတ်မိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ငယ်ငယ်ကတည်းက မကြာမကြာ ဖြစ်ဖူးပါတယ်၊ မောပြီး အသက်ရှုကျပ် ပြာနှမ်းပြီး သတိလစ်သွားတာမျိုး၊ ရင်ဘတ်တွေအောင့်ပြီး မလှုပ်နိုင် မရှားနိုင် ဖြစ်တာမျိုးတွေ ငယ်ငယ်က တောက်လျှောက်ရှိခဲ့ပါတယ်၊ ဥပမာ စာမေးပွဲနားနီး ပင်ပန်းရင် စသဖြင့်ပေါ့ ဆရာကြီး၊ မောကျပ်အသက်ရှုမဝပဲ ရင်ဘတ်ထဲက အောင့်နာတာ ဖြစ်ဖူးတာတွေ အကြိမ်ကြိမ် မှတ်မိပါတယ်"

"နည်းနည်းပါးပါး မဟုတ်ပဲ နောက်ဆုံး ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့တာ ဘယ်အချိန်လောက်တုန်းကလဲ"

"ကျွန်တော့်အဘွား ဆုံးတုန်းကဆိုတော့ တစ်လနီးပါး သုံးပတ်လောက် ရှိပါပြီ"

"ဘယ်လိုခံစားရလဲ"

"ကျွန်တော် အဲဒီရက်ပိုင်း အအိပ်မမှန် အစားမမှန်ပေါ့နော်၊ အဲသလိုလည်းဖြစ်တော့ တစ်ရက်မှာ ရင်ဘတ်ထဲက ပြင်းပြင်းထန်ထန် အောင့်တာနဲ့ အသုဘရက်မှာရှိနေတဲ့ အဒေါ်ဝမ်းကွဲတွေက ဆရာဝန် ခေါ်ပါတယ်၊ ဆရာဝန်ကတော့ ချွေးတွေပြန်ပြီး ပရက်ရှာလည်း ကျနေတယ်၊ နှလုံးခုန်လည်း သိပ်မမှန်ဘူး ဆိုတော့ နားဖို့နဲ့ ကိစ္စပြီးရင် နှလုံးရောဂါသမားတော်နဲ့ ပြကြည့်ဖို့ အကြံပေးပါတယ်"





"ရင်ဘတ်အောင့်တာ အချိန် ဘယ်လောက်ကြာလဲ"

"နာရီဝက် ... နာရီဝက်ကျော်ကျော်လောက်ပါ ဆရာကြီး၊ ကျွန်တော် ရင်ဘတ်အောင့်တာ အသက်ရှုကျပ်တာတွေက ငယ်ငယ်ကနဲ့စာရင် အခုကြီးမှဖြစ်ရင် ပိုဆိုးလာတာ သတိပြုမိပါတယ်"

"ဘာကြောင့် ဆရာဝန်မပြခဲ့လဲ"

"ကျွန်တော် ပေါ့ဆနေမိတာပါ၊ တိုက်တွန်းမဲ့၊ ကိုင်တွယ်စီစဉ်မဲ့ လူကြီးသူမ အုပ်ထိန်းသူ မရှိလို့လည်း ပါပါတယ်"

"မောင်သုခတင့်ကို ပြောချင်တာကတော့ မောင်သုခတင့်မှာ နှလုံးသွေးကြောကျဉ်းရောဂါ ရှိနေတယ်၊ နှလုံးသွေးကြောကျဉ်းရာမှာလည်း ပုံစံအမျိုးမျိုးနဲ့ အခြေအနေအမျိုးမျိုး ရှိတယ်၊ မင်းအခြေအနေကို အနီးစပ်ဆုံး ပြောရရင် ST Elevation Myocardial Infarction (STEMI) လို့ခေါ်တဲ့ နှလုံးသွေးကြောထဲမှာ သွေးခဲပိတ်ဆို့ပြီးဖြစ်တဲ့ ဝေဒနာမျိုးပေါ့၊ လုံးလုံးဆို့ပိတ်သွားတာတော့ မဟုတ်ပဲ အခိုက်အတန့် ဆို့ပိတ်တာမျိုး ဖြစ်ခဲ့ပုံရတယ်၊ ငယ်ငယ်ကတော့ နှလုံးသွေးကြောကျဉ်းရုံပဲ ဆိုပါစို့၊ တောက်လျှောက်ဆေးကုသမှု မခံယူခဲ့တော့ အခုတော့ တဖြည်းဖြည်း ပိုဆိုးလာတဲ့ သဘောပဲ ...



www.burmeseclassic.com

အက်ဆစ်ဒဲန့်ထ်ဖြစ်တဲ့ နေ့ကတည်းက မင်းမှာ နှလုံးသွေးကြောပိတ်တဲ့ လက္ခဏာရှိခဲ့တဲ့အတွက် Streptro Kinase ပေးပြီး သွေးခဲပျော်အောင်လုပ်ပြီး ဖွင့်ပေးခဲ့တယ်၊ ထပ်ပြီးလိုအပ်တဲ့ စစ်ဆေးမှုတွေ လုပ်လိုက်တဲ့အခါ မောင်သုခတင့်ရဲ့ နှလုံးဟာ နှလုံးသွေးကြောကျဉ်းခြင်း အနိုက်အတန့် ဆို့ပိတ်ခြင်းတို့ကြောင့် နှလုံး ကြွက်သားဆီ သွေးမရောက်ပဲ မကြာမကြာ ဝေဒနာခံစားခဲ့ရတဲ့အတွက် အခုလောလောဆယ်မှာ နှလုံးကြွက်သားအချို့ ပုပ်နေတဲ့ ရောဂါဝေဒနာကို ခံစားနေရတယ်"

"ခင်ဗျာ"

သုခတင့်သည် နားထဲမှာ ဆန်းကြယ်နေတဲ့ ဆေးပညာဆိုင်ရာ စကားတွေကို နားလည်သလို မလည်သလိုနှင့် အံ့အားတသင့် လုံးထွေးနေသည်။

"ကြွက်သားတချို့ ပုပ်လာတဲ့အတွက် နှလုံးကြွက်သားဟာ ညှစ်အား မကောင်းတော့ဘူး၊ ဒီတော့ သွေးလှည့်ပတ်မှု မကောင်းတော့ဘူး"

"အဲဒါ ဘာဖြစ်တတ်သလဲ ဆရာကြီး၊ သေတတ်လား ခင်ဗျာ"





"နှလုံးကြွက်သားညှစ်အား ကောင်းနေမှ အသက်ရှည်ရှည် နေခွင့် ရပါတယ်၊ နှလုံးကြွက်သား ညှစ်အားကျလာတာနဲ့ အမျှ အသက်တိုလာနိုင်ပါတယ်၊ အဲဒီအပြင် နှလုံးခုန်မမှန်တော့ဘဲ ရုတ်တရက် နှလုံးရပ်ပြီး အသက် သေနိုင်ပါတယ်"

သုခတင့်သည် ငိုင်ပြီး ငြိမ်သေနေမိပါသည်။

"အဲဒီတော့ မောင်သုခတင့် အဲနေနဲ့ ဖိဖိစီးစီး ကုသဖို့ လိုပါတယ်၊ တာဝန်ယူပေးမဲ့သူ ရှိသလား"

"ငွေရေး ကြေးရေး ဆိုရင်တော့ နိုင်ငံခြားတွေမှာ ဆွေမျိုးတချို့ ရှိနေပြီး ကူညီပေးမဲ့သူတွေလည်း ရှိမှာပါ၊ ကျွန်တော့်မှာလည်း အဘွား အမွေပေးခဲ့လို့ ပိုက်ဆံရှိပါတယ်၊ ဒါပေမဲ့ တာဝန်ယူ ပြုစုစောင့်ရှောက်ပေးဖို့ကတော့ _"

သုခတင့် နှုတ်ဆိတ်သွားပါသည်။

"ဘယ်လိုပင်ဖြစ်စေ ဝေဒနာတစ်ခု ရှိလာရင် ကုသရမယ်၊ ကုသမှ ပျောက်မယ်၊ ဒါကတော့ မဖြစ်မနေ လုပ်သင့်တာပဲ၊ ကိုယ့်ဘက်က အခြေအနေကတော့ ကိုယ့်ဘာသာထည့်တွက် ဆုံးဖြတ်ဖို့ပေါ့လေ"

"ကျွန်တော် ခွဲစိတ်ရမှာလား ဆရာကြီး"

www.burmeseclassic.com



"ခွဲစိတ်ရမယ်၊ ခွဲစိတ်ပြီး နှလုံးသွေးကြောကို ချဲ့ရမယ်၊ သဘောကတော့ ကျဉ်းနေတဲ့ သွေးကြောထဲမှာ သွေးကြောကိုချဲ့ပြီး ပြန်ကျဉ်းမသွားအောင် ကာကွယ်ဖို့ Stent ထည့်ပေးပြီး ထောက်ကန်ထားရမှာမျိုးပဲ၊ ဒါပေမဲ့ အဲသလိုလုပ်ခြင်းအားဖြင့် နှလုံးကြွက်သားတွေ ပြန်လည်ရှင်သန်လာနိုင်မှုကိုလည်း ထည့်တွက်ရမယ် မင်းရဲ့နှလုံးကြွက်သားတချို့ သွေးမရပဲ ပုပ်တဲ့လက္ခဏာ ရှိနေတာဟာ ဘယ်လောက် အတိုင်းအတာအထိ အခြေအနေဆိုးသလဲ၊ ပြန်ကောင်းနိုင် မကောင်းနိုင်၊ သွေးကြောချဲ့လိုက်ပေမဲ့လည်း ကိုယ့်နှလုံးကြွက်သားက ဘယ်လောက်ထိ ဆက်လက်ရှင်သန်မယ် မရှင်သန်ဘူး၊ ဒါတွေအတွက် အများကြီးထပ်ပြီး စစ်ဆေးဖို့ လိုအပ်သေးတယ်၊ သေချာတာကတော့ ဘယ်လိုပင်ဖြစ်စေ ကိုယ့်ဘက်က လုပ်နိုင်တာဖြစ်တဲ့ သွေးကြောချဲ့တာကိုတော့ လုပ်သင့်တယ်"

သူခတင် ငြိမ်သက်နေသည်မှာ အရုပ်တစ်ရုပ်အလား။ သူ့နှလုံးကြွက်သားတွေ ဘယ်လောက်ထိအောင် ပျက်စီးနေပြီလဲ။ ဆေးပညာဗဟုသုတလည်း သူ့မှာ ဘာမှမရှိပါ။ သူ ဒါတွေ ဘယ်သူ့ကို တိုင်ပင်ရမလဲ။ ဘယ်သူ့ကို အကူညီတောင်းရမလဲ။ ဂျပန်က ဖေဖေ့ညီတစ်ယောက်ကတော့ ဆရာဝန်လုပ်နေ





တာ ဖြစ်သည်။ ဖေဖေ့ကိုများ လှမ်းတိုင်ပင်ရမလား။ သူ့ကို မြေးအရင်းအမှတ်နှင့် ချစ်ရှာတဲ့ ဖေဖေ့အမေ ဘွားဘွားကိုရော။ သေချာတာကတော့ စိတ်ဆင်းရဲစရာတွေ မမထံ ရင်မဖွင့်ရက်ခြင်းပင် ဖြစ်သည်။

"အဲဒီမရန်းသီးထောင်းက ကောင်းတယ် မမရဲ့၊ အဲဒါပဲ စားမယ်"

"အဲဒါ ဒေါ်တိုးကြီး လုပ်ပေးလိုက်တာ၊ မရန်းသီးထောင်း ချည်းနဲ့ပဲ စားလို့ ဘယ်ရပါ့မလဲဟဲ့၊ ကြက်သားကြော်လည်း စားရမှာပေါ့ ... ရော့"

မမဟာ သူ့ကိုယ်သူ အစ်မတစ်ယောက်ဆိုပြီး ပြောဆိုဆက်ဆံပုံများမှာ အထက်စီးစီးမှ ပိုပြီးအရင်းအချာ ဆန်လာပါသည်။ သူ ထမင်းစားရင်း မမမျက်နှာကို နိုးရှုံငေးကြည့်နေမိသည်။ မမကို စိတ်ဆင်းရဲစရာတွေ မပေးရက်ပါဘူး။ မပြောရက်ပါဘူး။ မမကတော့ အစ်မရင်းကြီးလိုပေါ့နော်။ တကယ်တမ်း အစ်မရင်း မဟုတ်တာကို သိနေတဲ့ ကျွန်တော့်မှာတော့ ရင်ထဲက အချစ်တွေ မြတ်နိုးခြင်းတွေ တနင့်တပိုးနဲ့ ဘာဆက်လုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံက ဆင်းချင်ပြီ၊ မမ လာနေရတာ သိပ်ပင်ပန်းတာပဲဗျာ"

"ဆင်းဖို့ မသင့်သေးလို့ ဆင်းခွင့်မပြုသေးတာပေါ့ သုခတင့်ရဲ၊ ဆင်းဆိုမှ ဆင်းပေါ့၊ မ,မပင်ပန်းပါဘူး၊ ခုလည်း နေနေလိုက်ပို့တာပဲ၊ မေမေနဲ့ အန်ကယ်ထွန်းကလည်း သတင်းမေးလိုက်သေးတယ်၊ ပြီးတော့ ဘွားဘွားမြိုင် မြန်မာပြည် လာလည်မယ်တဲ့ သိလား သုခတင့်"

"ဟင် ... ဘယ်တော့လဲ"

"လကုန်ရက်တဲ့၊ ဘွားဘွားမြိုင်က အစကတည်းက ဘွားဘွားငြိမ်းတို့ မေမေတို့နဲ့ ရင်းနှီးခင်မင်ပြီးသား မဟုတ်လား၊ ဘွားဘွားမြိုင်ရဲ့ ဆွေမျိုးဝမ်းကွဲတွေ မိတ်ဆွေတွေဆီက မေမေ သတင်းကြားလာတာ၊ အဲဒီ အဘွားက သုခတင့်ကို ချစ်တယ် မဟုတ်လား၊ စင်ကာပူတုန်းကဆို နှစ်တိုင်း လာလည်တယ် မဟုတ်လား၊ အခု ရန်ကုန်ကို လာလည်မှာ မပျော်ဘူးလား"

"အင်း ... ပျော်ပါတယ်"

သုခတင့်က စိတ်မပါသလို ဖြေပါသည်။ အဲဒီတုန်းမှာ သူတို့ခုတင်နားဆီ ရောက်လာသူက ကျော်ဒေဝ။ မျက်နှာက မချိုမချဉ် မပြုံးမရယ်နှင့်။





"ဟော ... ကျော်ဒေဝ"

ယောက ဝမ်းသာအားရ ထ,ရပ်ကြိုကာ ...

"ဒီမှာ လာထိုင်"

ကျော်ဒေဝက ခုံရှည်လေးမှာ ဝင်ထိုင်ကာ ယောကို ပါ လက်ဆွဲ၍ သူ့အနား ကပ်ထိုင်ချမိအောင် ဆွဲထိုင်စေလိုက်ပါသည်။ ဒါကို မျက်စိစပါးမွေးစူး အမြင်ကတ်ရတဲ့ သူက သုခတင့်။ သုခတင့်က ကျော်ဒေဝကို ခပ်တည်တည်ကြည့်ရင်း ...

"ဟေ့ကောင် ... ဆေးရုံကို လူနာသတင်းမေး လာတယ်ဆိုတာ ဒီလိုပဲ လက်ဗလာနဲ့ လာစရာလား၊ မင်း အတော် လူမှုရေး မသိတတ်တဲ့ကောင်၊ ဟွန်း"

ကျော်ဒေဝက မျက်ခုံးရှုံ့ရင်း ...

"ဟေ့ကောင် ... ငါလာချင်လို့ လာတာမဟုတ်ဘူးနော်၊ မင်း ဘုလာမမှတ်နဲ့၊ မင်းအစ်မ ငါ့ရည်းစားက လာကြည့်ရမယ် လာကြည့်ရမယ်နဲ့ ဖွတ်လာခိုင်းနေလို့ လာရတာ၊ ဟင်း ... မ,ရဲ့မောင် ဖြစ်သွားလို့ပေါ့ကွာ၊ နို့မို့ဆိုရင် သုခတင့် ဆိုတဲ့ မင်းကို ငါက ဘာသတင်း လာမေးစရာ အကြောင်းရှိလဲ"

"အို ... ဘယ်လိုတွေ ပြောနေကြပြန်တာလဲ။ အဲသလိုတွေ ရန်လိုနေကြတာ မ,မကြိုက်ပါဘူးဆို၊ ကျော်ဒေဝ



www.burmeseclassic.com

www.burmeseclassic.com



သုခတင့်နော်၊ တည့်အောင်နေဖို့ ပြောထားတယ်နော် ... ဟင်း"

ယောက တစ်ယောက်တစ်လှည့် မျက်စောင်းလှည့်ထိုးကာ ခပ်တင်းတင်း ပြောသည်။ ကျော်ဒေဝနှင့် သုခတင့်ဟာ တစ်ယောက်ကို တစ်ယောက် စောင်းပေပေ မကျေမချမ်း ဘုကြည့်ကြည့်ရင်း မာန်စောင်နေကြပြန်သည်။

"ဟော့ကောင် ကျော်ဒေဝ၊ ဒါနဲ့ စကားမစပ်၊ မင်းအရင်ရည်းစားတွေကို တစ်ယောက် အချိန်ဘယ်လောက်ကြာကြာ တွဲသလဲ ... ဟင်၊ တစ်ပတ်လား၊ သို့မဟုတ် နှစ်ပတ်လား"

ကျော်ဒေဝက မျက်နှာမည်းပုပ်ကာ ...

"သုံးပတ်ကွာ"

"ကဲ ... တော်ပါပြီ ဆိုနေမှ၊ နှစ်ယောက်လုံး ဘယ်လိုဖြစ်နေသလဲ"

"ဟာ ... ကိုယ့်အစ်မ ရည်းစားဆိုတဲ့ကောင်ကို ဒါတောင် မမေးရဘူးလား"

"အေးကွာ၊ ငါ့ရည်းစားမှာ မင်းလို မောင်တစ်ကောင် ယောက်ဖအဖြစ် ပါလာတာ အတော်ကံဆိုးတဲ့ ကိစ္စပဲ"

"ကဲ ... တော်ကြတော့၊ တကယ် တော်ပြီနော်၊ နှစ်ယောက်လုံးကို မ,စိတ်ဆိုးတော့မယ်၊ မ,စကား နားမထောင်တဲ့





သူကို အဖက်ကို မလုပ်ဘူး၊ တကယ်၊ ကဲ ... နှစ်ယောက်လုံး လက်ဆွဲနှုတ်ဆက်လိုက်ကြ၊ ဒီနေ့ကစပြီး အဆွေခင်ပွန်း ဖြစ်ကြစမ်းပါတော့"

နှစ်ယောက်လုံး ထုံပေပေ လုပ်နေ၍ ယောက ဝုန်းခနဲ ထ,ရပ်ကာ ...

"ဒါဖြင့် မ, ပြန်တော့မှာနော်"

သုခတင့်က အရင် လက်ကို ဖျတ်ခနဲ ဆန့်ထုတ်လိုက်ပါသည်။ မမ,ကို မပြန်စေလိုပါ။ ကျော်ဒေဝကလည်း မနေသာတော့ပဲ ဆေးရုံခုတင်ပေါ်က သုခတင့်ထံ လက်ပြန်ကမ်းလိုက်ရပြီး နှစ်ယောက်သား ဆောင့်ကြီးအောင့်ကြီး လက်ဆွဲနှုတ်ဆက်လိုက်ကြပါသည်။

ထိုစဉ် နောက်တစ်ယောက် ခုတင်နား ရောက်လာသူက မှုန်တေတေနှင့် နေနေ။ နေနေသည် အတန်တန် စဉ်းစားဆုံးဖြတ်ကာ သုခတင့်ကို သတင်းတက်မေးဖို့ စိတ်လျှော့လိုက်တာဖြစ်သည်။ ကျော်ဒေဝလည်း မဖြစ်မနေ ဆက်ဆံနေရပြီပဲ။ သူက မမနဲ့အရင်း။ မမကို စိတ်ချမ်းသာစေချင်ပါသည်။ နေနေ ရောက်လာ၍ ယော မျက်နှာ ဝင်းလက်တောက်ပသွားစဉ် နေနေက သုခတင့်ကို သူ့လက်အရင် ဆန့်တန်းကမ်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"တူတူ ... တူတူ"

ယောက ဖုန်းကို ဖွင့်လိုက်ကာ ...,

"ဟယ်လို"

"မ,စုထိ အိမ်ပြန်မရောက်သေးဘူးလား"

"ပြန်နေပြီ၊ ဦးဝိစာရလမ်းပေါ် ရောက်နေပြီ ကျော်ဒေဝရဲ့"

"ကျွတ် ... မိုးချုပ်လှပြီ"

"အင်းပေါ့၊ ဘွားဘွားတို့က စကားတွေ ပြောနေတာနဲ့ စားသောက်ဆိုင်က ပြန်တာတင် အတော်နောက်ကျနေပြီ၊ ပြီးတော့ ဘွားဘွားကို ဟိုတယ်အရင် ပြန်ပို့တယ်လေ၊ ပြီးမှ အခု မ,ကို ပြန်ပို့နေတာ"





"ဟိုကောင်ကတော့ နောက်ကျလေ ပျော်လေပဲ၊ မ,နဲ့သွားနေရရင် ကြိုက်နေတာ၊ မ,ကို သူ အပိုင်စီးထားရရင် သဘောတွေ ကျနေတာ"

မောင်ဖြစ်သူနှင့်ပင် မနာလိုဝန်တိုစိတ် ပေါက်နေတဲ့ ကျော်ဒေဝကြောင့်လည်း ခက်ပါသေးသည်။ သုခတင့်နှင့် အပြင်ထွက်ရင် ကျော်ဒေဝက မကြိုက်။ ကျော်ဒေဝနှင့် အပြင်ထွက်ရင် သုခတင့်က မကြိုက်။ တစ်ယောက်နှင့် တစ်ယောက် ထေ့ငေါ့ရိသဲ့နေကြသည်။ ယောမှာ ကြားလူအဖြစ် စိတ်ရှုပ်လှပါသည်။

"မမ ...၊ ဟိုကောင်လား၊ မပြန်သေးဘူးလို့ ပြောလိုက်၊ အင်းယားစောင်းမှာ မှောင်မှောင်လေးမှာ လေတဖြူးဖြူးနဲ့ သွားထိုင်နေဦးမှာလို့"

စ,ပြောကတည်းက သုခတင့်က ဖုန်းနားကပ်ကာ အာပြဲနှင့် အော်တာမို့ ကျော်ဒေဝက တစ်ဖက်က အတိုင်းသား ကြားကာ ...

"ဟိုကောင် ... အသတ်ခံချင်လားလို့ မေးလိုက် မ,၊ မေးလိုက်"

"ဩော် ... ဘာလို့ မေးရမှာလဲ ကျော်ဒေဝရယ်"

"သူ ဘာလို့ ကျွန်တော်မကြိုက်တာ ပြောလဲ"

"ဩော် ... သူ ရူးလို့ပြောတာလို့ သဘောထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရူးလေး ... အချစ်ရူးလေး"

သုခတင့်က ဝင်အော်ပြန်ရာ ဒီတစ်ခါတော့ ယောက စိတ်တိုပြီး ...

"ဟဲ့ ... သုခတင့်၊ ဒါမျိုး ပြောစရာလား၊ ငါ ခေါင်းကို ခေါက်ပစ်ပြန်တော့မယ်"

ကျော်ဒေဝက ကမန်းကတန်း ...

"မခေါက်နဲ့နော် မ,၊ မခေါက်နဲ့၊ မ,လက်ဆစ်နဲ့ ဒီကောင့် ငယ်ထိပ် မတန်ဘူး၊ သနတယ်၊ ဟိုကောင်က ခေါက်ခံရရင်တောင် ပျော်နေမှာ၊ သွားမထိနဲ့"

"ကျွတ် ... သိပ်စိတ်ပျက်တာပဲကွာ၊ ကဲ ... ကဲ ... ဒါပဲ၊ ဖုန်းပိတ်ပြီ"

ယောက ဖုန်းကို ပိတ်ချလိုက်ပါသည်။ သုခတင့်ကို တင်းတင်းကြည့်ကာ ...

"သုခတင့်နော်၊ ကိုယ်တွေက မောင်နှမချင်း သွားသွား လာလာလုပ်တာ၊ တော်ကြာ ဟိုက မကျေမချမ်းဖြစ်အောင် မပြောရမဲ့ စကားတွေ ဘာလို့ ပြောနေရတာလဲ"

"မမကို ကျွန်တော်လည်း ချစ်တာပဲဟာ၊ ကိုယ့်အစ်မပဲဟာ၊ သူတစ်ယောက်ပဲ ချစ်တာလား၊ ဟွန်း ... ကျွန်တော်က ပိုချစ်တာ"





"ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မခံချင်အောင် ပြောမနေနဲ့"

သုခတင့် မျက်နှာကို မျက်နှာပိုးလေးသပ်ရင်း ...

"မမ ... ကျွန်တော်နဲ့ ဟိုကောင့်ကြောင့် သိပ်စိတ်ရှုပ်မှာနော်၊ တစ်ယောက်ယောက် မရှိရင် ကောင်းမှာပဲလို့ စိတ်မကူးမိဘူးလား"

"ဟင် ... အဲသလိုတော့ မတွေးပါဘူး သုခတင့်ရယ်"

"မမ, ဒီကောင့်ကို တကယ်ချစ်နေတာပေါ့နော်"

ယောက ခပ်ရှက်ရှက် မျက်နှာပူပူနှင့် ...

"အို ... မ,က အပျော်ရည်းစားထားရမဲ့ အရွယ်မှ မဟုတ်တာ"

"အင်းပေါ့နော်၊ မမနဲ့ သူက သူချစ်ကိုယ်ချစ် ညီနေတာပေါ့၊ တကယ်တော့ ကျွန်တော် မရှိရင် အေးမှာပါလေ"

"ဟယ် ... ဒီလိုမပြောပါနဲ့ သုခတင့်ရယ်၊ ဘယ်သူမှ မရှိစရာ မလိုဘူး၊ သုခတင့်က မ,ရဲ့ မောင်ကလေးလေး၊ မောင်က မောင်၊ ရည်းစားက ရည်းစား၊ သတ်သတ်စီပဲ၊ နှစ်ယောက်လုံး သူ့နေရာနဲ့သူ ရှိနေလို့ ရတာပဲ"

သုခတင့်က ခေါင်းကို ဖြည်းဖြည်းယမ်းကာ ရော်ပြီးနှင့် မျက်လုံးတွေ စိုစွတ်လာပါသည်။ အရမ်းကို ငိုချင်တာပဲ ခုတလော အချိန်ပြည့်ကို ငိုချင်နေတာ။ ငိုရှိုက်ရမှာ ရှက်လို့သာ သူနဲ့ မမဟာ ဝေးသထက် ဝေးသွားကြတော့မှာနဲ့ တူပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



"သုခတင့်"

"ရှာ"

"ဘွားဘွားမြိုင် ပြောတာ ဘယ်လိုသဘောရလဲဟင်"

"ဘာလဲ ... မမက ကျွန်တော့်ကို ဘွားဘွားနဲ့ ပါသွားစေချင်တာပေါ့"

"အဲလိုတော့ မဟုတ်ပါဘူး သုခတင့်ရယ်"

ဖေဖေ့အမေ ဘွားဘွားမြိုင်က သုခတင့်ကို ဒီမှာ အုပ်ထိန်းသူ အဘွားလည်း မရှိတဲ့တူတူ သူရှိနေတဲ့ ဩစတြေးလျကို လာချင်လာ၊ ဖေဖေရှိတဲ့ ဂျပန်ကို လာချင်လာ၊ နိုင်ငံခြားကို လိုက်ဖို့ ပြောခဲ့သည်။ ဖေဖေကလည်း ဂျပန်မှာ အတော်အဆင်ပြေစပြုပြီ။ ဒီမှာ သုခတင့် အတွက် လုပ်စရာ ကိုင်စရာ အလုပ်အကိုင်လည်း ကိုယ်ပိုင်ရှိတာ မဟုတ်။ လခစားရော၊ ဘာလုပ်ရမယ်မသိ။ ဟိုကိုလာခဲ့ဖို့သာ ဘွားဘွားမြိုင်က တိုက်တွန်း ဆွဲဆောင်နေပါသည်။

"သုခတင့်လည်း ကျောင်းပြီးတော့မှာ၊ အလုပ်အကိုင် အဆင်ပြေပြေ ဖြစ်စေချင်တာလည်း ပါတာပေါ့၊ အခြေကျကျ ဖြစ်စေချင်တယ်၊ ဖေဖေလည်း တစ်ယောက်တည်း သုခတင့် သွားနေရင် မ,နဲ့ ဝေးနေပေမဲ့ သားအဖေ အတူရှိနေတယ်ဆိုတော့ မ,လည်း စိတ်အေးစိတ်ချရမယ်





ဒါပေမဲ့ အခုမှ ကိုယ့်မောင်လေးပါလားလို့ ပြန်သိရ ပြန်တွေ့ရတာ ဘာမှမကြာသေးတာ၊ မ,လည်း ဘယ်ခွဲခွာချင်ပါ့မလဲ"

"ကျွန်တော်လည်း မ,နဲ့ မခွဲချင်သေးပါဘူး၊ အဲဒါကြောင့် ဒီမှာပဲနေမယ်၊ မမ အုပ်ထိန်းလိမ့်မယ်လို့ ဘွားဘွားကို ဖွင့်ပြောခဲ့တာပေါ့၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ အုပ်ထိန်းမဲ့သူက ပုလုသေးကွေးလေး"

ယောက သုခတင့် လက်မောင်းကို ရိုက်ပစ်လိုက်၍ သုခတင့်က အကျယ်ကြီးရယ်ကာ သဘောတွေ ကျနေပါသည်။

မမရယ် ...၊ မမ နားမှာပဲ နေချင်သေးတယ်။ ကျွန်တော်ကော ဘယ်လောက်ကြာကြာ နေရဦးမှာလဲ ဆိုတာလည်း သေချာတာမှ မဟုတ်တာလေ။ နေရသလောက်လေးတော့ မမနဲ့ အတူတူရှိချင်သေးတာပဲ။ ကျွန်တော့် ကျန်းမာရေးကိစ္စနဲ့ ပတ်သက်လို့တော့ ဖေဖေ့ဆီ စာရေးထားပါတယ်။ ဖေဖေ့ကိုရေးတဲ့ စာထဲမှာ ကျန်းမာရေး အကြောင်းရော၊ မမကို မောင်နှမအရင်း မဟုတ်ဘူးဆိုတဲ့ အကြောင်း ကျွန်တော် ဖွင့်မပြောပါဘူး ဆိုတဲ့ အကြောင်းရော၊ မမနဲ့ ပတ်သက်သမျှ ကျွန်တော်နဲ့ ပတ်သက်သမျှ အတော်စုံစုံ ဝတ္ထုတိုကလေးတစ်ပုဒ်လို ဖွဲ့နွဲ့ရေးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ခံစားနေရတာတွေ ပေါ့သွားအောင်လေ။ ကျွန်တော့်မှာက ရင်ထဲပြည့်ညပ်မွန်းသိပ်နေသမျှတွေကို ရင်ဖွင့်စရာ တစ်ယောက်မှ မရှိဘူး မဟုတ်လား။ မမကို သူစိမ်းဆန်တဲ့ စွဲလမ်းချစ်စိတ်မျိုးနဲ့ မြတ်နိုးမွတ်သိပ်စွာ ချစ်နေမိပါတယ်ဆိုတဲ့ အကြောင်းကိုတော့ ဖေဖေ့ကို ဝန်မခံရဲလို့ ကျွန်တော် ထည့်မရေးခဲ့ပါဘူး မမရယ်။

❀ ❀ ❀

"အဲဒီကောင်ရဲ့အိမ်ကို ဘာဖြစ်လို့ သွားသွားလူစုနေရတာလဲကွာ"

ကျော်ဒေဝက ဂျစ်ကန်ကန် ဂျိုတိုက်သံကြီးနှင့် ပြောနေကျ ဖြစ်မြဲပင်။ မကြာမကြာ သုခတင့်ရဲ့အိမ်ကို ယောက သွားသည်။ သွားတိုင်း ဟင်းသုံး,လေးမျိုး ချက်ပြုတ်ပေးခဲ့တတ်သည်။ တစ်ခါတစ်ရံ ဈေးပါဝယ်သွားရပါသည်။ နို့မို့ရင် သုခတင့်ဟာ အစားမမှန်။ ကြုံရာမှာ ဖြစ်သလိုစားတဲ့အခါ တစ်ခါတစ်ရံ မုန့်ဟင်းခါးတစ်ပွဲတည်းနှင့်လည်း မနက်စာထမင်း လွတ်ချင်လွတ်သွားတာမျိုး။





အဲဒီတော့ ယောက အားရင် အားသလို သွားသည်။ တစ်ခါတလေမှာ နေနေ့ကိုပါ ချော့မော့ခေါ်သွားသည်။ ယောတာကီးဂီးသွားမှန်းသိတော့ ကျော်ဒေဝလည်း မနေနိုင်၊ လိုက်ပါရပါတော့သည်။ တစ်ခါတစ်ရံများ အဲဒီကောင် သုခတင့် အိမ်မှာ တစ်နေကုန်သွားရသည်။

"ဩော် ... ကျော်ဒေဝရယ်၊ မ,မှာ ဒီမောင်လေးပဲ ရှိတာ၊ နေနေ ဆိုရင် မိစုံဖစုံ အရိပ်အောက်မှာ နေရတာ။ မ,က လည်း အမေ့အရိပ်အောက် ရှိနိုင်သေးတယ်၊ သုခတင့်ခမျာ အမေက ဆုံးသွားပြီ၊ ဘယ်လောက် သနားဖို့ကောင်းလဲ၊ ဖေဖေကလည်း စီးပွားရှာနေရတော့ အဝေးမှာ၊ သူ့ခမျာ တစ်ယောက်တည်း၊ ကျော်ဒေဝက မိဘအစုံအလင်ရှိပေမဲ့ ကိုယ်ချင်းစာကြည့်မှပေါ့၊ မ,မှ သွားချက်ပြုတ်မပေးရင် ဘယ်သူ သူ့ကိုကျွေးမလဲ။ အန်ကယ်ထွန်းကို အားနာရလို့သာ၊ နို့မို့ရင် မ,က သုခတင့်ကို မေမေ့အိမ်ပေါ်ပဲ ခေါ်တင်ထားလိုက်တယ်၊ အေးရော"

"အိမ်ဖော် ရှာပေးလိုက်"

"အင်းပေါ့၊ ဖြည်းဖြည်းတော့ အဆင်ပြေအောင် စီမံရှာပေါ့၊ အခုတော့ နေပါဦး၊ ကိုယ့်မောင်လေးကိုယ် ပြုစုစောင့်ရှောက်ပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"မ, ဒီကောင့်ကို တော်တော်ချစ်လား ... ဟုတ်လား"

"ချစ်တာပေါ့၊ သိပ်ချစ်တာပေါ့၊ ကိုယ့်မောင်လေးဟာကို"

ကျော်ဒေဝက ရှုံ့တွ မကျေမချမ်း ဖြစ်နေတတ်တော့သည်။

ယောကလည်း သွားပြီဆို ခဏတဖြုတ်မဟုတ်။ ဟင်းတွေ ချက်ပြုတ်ကာ ဖရီဇာထဲ ထည့်ပေးခဲ့တဲ့အပြင် အဲဒီလို သွားချက်ပြုတ်ပေးတဲ့နေ့ အဲဒီအိမ်မှာ အပျော်စားဖို့ မုန့်က လုပ်လိုက်သေးသည်။ နေ့လယ်မှာ မုန့် ကော်ဖီ ဒါမှမဟုတ် တစ်ခုခု ထွက်ဝယ်၊ ပျော်ပွဲစားထွက်နေတဲ့အလား ဖြစ်သည်။

ဟိုကောင်ကလည်း သူ့အစ်မ လာချက်ပြုတ်ပေးတာကို ကျေနပ်သလား မမေးနဲ့။ ချက်ရာပြုတ်ရာလည်း သူပါ၊ ဆေးရာကြောရာလည်း သူပါ။ မုန့်များလုပ်စားရင် နှစ်ယောက်သား စိတ်တူကိုယ်တူ လုပ်နေလိုက်ကြတာ ခေါင်းချင်းတွေ တိုက်မိလို တိုက်မိ။ မြည်းကြ ခွံ့ကြတာက ရှိသေး။ ထမင်းစားပွဲမှာဆိုလည်း တစ်ယောက်ပန်းကန်ထဲ တစ်ယောက် ဟင်းထည့်ပေးလို့မဆုံး။ ကြားက အမြင်ကတ်တဲ့ ကျော်ဒေဝက ဗြတ်ဆိုနှိုက်စားပစ်လိုက်သည်။

မ,ကလည်း ပြုံးပျော်ကြည်နူးလို့။ ဟိုကောင့် မျက်လုံးတွေက အရည်ယိုကျမတတ် တဖိတ်ဖိတ် ရွှန်းလက်တောက်ပြောင်နေတတ်တာများ ကျော်ဒေဝ အသည်းထဲ ကျွဲခတ်သလို





အခံရ ခက်စေသည်။ သူတို့က မောင်နှမရင်း ဆိုတော့လည်း စွပ်စွဲသမုတ် ပြောဆိုဖို့ကခက်။ မြွေမြွေချင်း ခြေမြင်နေရတာအာ တော့ သူ့ခတင့်ဟာ မ,ကို အစ်မတစ်ယောက်လိုထက် ပိုတို မြတ်နိုးယုယနေတတ်တာပင်။ ဒါကို မ,ကိုလည်း မပြောရဲ။ မောင်နှမရင်းကို ဒီလိုပြောဆို စွပ်စွဲရပါကောင်းလားဆိုပြီး သူ့ကို သူယုတ်မာနယ် မ,ဒေါပွမှာ ကြောက်သည်။

ထမင်းစားခန်းမှာ မီးဖိုခန်းမှာ သူတို့မောင်နှမ ချက်ပြုတ် အလုပ်ရှုပ်နေကြလျှင် ကျော်ဒေဝသည် အိမ်ရှေ့မှာ တီဗီရှေ့ထိုင်ကာ ရီမုတ်ကိုင်ပြီး စလောင်းက ချယ်နယ်လ်တွေ တစ်ခုပြီးတစ်ခု ရွှေ့ဖွင့်လျက် ပျင်းပျင်းရိရိ ကြည့်နေရသည်။ တစ်ခါတစ်ရံ စိတ်တိုလာကာ ...

"ဟေ့ ... နောက်ဖေးကဟာတွေ လုပ်လို့ ကိုင်လို့ မပြီးကြသေးဘူးလားဟင်၊ မီးဖိုချောင်တစ်ချောင်လုံး ပန်းကန်တစ်ချပ်ချင်းများ ချဆေးနေကြတာလား၊ ငါက ဘာလုပ်နေရမှာလဲ"

ခါးထောက်ကာ သွားအော်ဟာစ်လျှင် သူ့ခတင့်က ပြုံးစိစိ လှည့်ကြည့်လျက် ...

"ဟာ ... မင်း ရှိနေတုန်းလား၊ မင်း ဘာမှလုပ်စရာမရှိရင် ပြန်သွားမယ် ထင်နေတာ၊ မင်းက ခုထိရှိနေတုန်းကိုး"



www.burmeseclassic.com

www.burmeseclassic.com



တမင်ရှဲ့ပြောတာ သိသိနှင့် ကျော်ဒေဝမှာ အခံရခက်တာ အံတကျိကျိကြိတ်ရသည်။ မ,ကို ကြည့်တော့လည်း အချိန်အကြာကြီး ကွဲကွာနေရတဲ့ သူ့မောင်နှင့် ခုလို အတူတူတတွဲတွဲ ဖြစ်နေရတာကို ပျော်ရွှင်ချမ်းမြေ့နေပုံက ပေါ်နေသည်။ မ,ကိုက ပျော်နေတာ။ သုခတင့် စိတ်ချမ်းသာမှုသက်သက်အတွက် မဟုတ်။ မ,ပါ စိတ်ချမ်းသာနေတာ ကျော်ဒေဝ သိသည်။

တစ်ခါတစ်ခါ ပန်းကန်ဆေးရင်း ပန်းကန်ဆေးရည်ကို အမြှုပ်ဖွကာ အမြှုပ်တွေ တစ်ယောက်ကို တစ်ယောက်တို့၊ တစ်ယောက်ခေါင်းပေါ် တစ်ယောက်တင်၊ တဟီးဟီး တဟားဟား ပျော်ရွှင်ကြည်နူးနေလိုက်ကြတာ စိတ်တိုပြီး ခြံထဲလှည့်ဆင်းလာရတဲ့ အထိပင်။

နေနေ ပါလာတဲ့ အခါတွေမှာ တစ်ခါတလေ နေနေပါ သူတို့ထဲ ရောအဖွဲ့ကျ ရယ်မောနေတတ်ပြန်သည်။ နဂိုက မောင်နှမလည်း မတော်လို့ သူစိမ်းပဲလို့ ခံယူထားတဲ့ နေနေပင် အဆင့်သင့်သလို သူတို့နှင့် တစ်သားတည်း ဖြစ်နေတတ်လျက် ကျော်ဒေဝ တစ်သားတည်း မဖြစ်ရသည်မှာ မနာလိုသဝန်တိုနေတဲ့ စိတ်ကြောင့်ပင်။

မ,ဖြူစင်တာကို သူသိလျက် သုခတင့် မဖြူစင်ဘူးလို့လည်း သူ ထပ်ဆင့်သိနေပြန်တာပင်။

❧ ❀ ❧





သုခတင့်က ကွန်ပျူတာရှေ့ ထိုင်နေတဲ့ နေနေ့အနား ကျေဒိုးနတ်ဘူးဖွင့်ကာ ချပေးလိုက်၍ နေနေက မော့ကြည့်ကာ Thank you ဆိုရင်း ...

"ဟော့ကောင် ... မင်းမျက်လုံး အောက်မျက်ခမ်းတွေ ညိုမည်းနေပါလား၊ ဘာလဲ ... အိပ်ရေးပျက်တာလား"

"အေး"

သုခတင့်က ခပ်တိုတို အလွယ်ဖြေလိုက်ပြီး ခြံထဲဆင်းလာခဲ့ပါသည်။ ခြံထဲက သစ်သားခုံတန်းဖြူလေးမှာထိုင်ထားအသက်ကို မှုဉ်းပြီး ရှိုက်ရှူနေလိုက်သည်။ သူ သိပ်နေလို့ ထိုင်လို့ မကောင်းပါ။

"သုခတင့်"

သူ မော့ကြည့်လိုက်သည်။ မမက ခုံတန်းနောက်မှာ ရပ်ရင်း ...

"ဘာဖြစ်လို့လဲ၊ အိမ်ထဲမှာ ညှော်လို့လား"

"မဟုတ်ပါဘူး၊ ငြီးစီစီနဲ့မို့လို့ပါ"

"ဝက်နံရိုးအိုးကို ရေထည့်ခဲ့တယ်၊ ဟိုးတစ်ခါလို [illegible] လေးလေ၊ သုခတင့် ကြိုက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



သုခတင့်က ခေါင်းညိတ်လိုက်သည်။ ထို့နောက် ...

"မနေ့က ဖေဖေ့ဆီက စာလာတယ်"

"ဟင် ... ဟုတ်လား၊ မ,ကို ပြစမ်း"

"ဟင့်အင်း ... မရှိတော့ဘူး၊ မနေ့က မြို့ထဲသွားရင်း ဒက်ရှ်ဘုတ်ပေါ် တင်ထားတာ၊ ဘယ်နားလွင့်ကျခဲ့လဲ မသိဘူး"

"ဟယ် ... သုခတင့်ကလည်း၊ ဖေဖေ့စာကို ပစ်စလက်ခတ် နိုင်လိုက်တာ၊ မ,လည်း ဖတ်ချင်တာကို"

"အထွေအထူး မပါပါဘူး၊ ဖေဖေက ကျွန်တော့်ကို ခေါ်တာ"

ယော ငိုင်သွားသည်။ မမကို သုခတင့် ညာလိုက်တာပါ။ စာမပျောက်ပါ။ စာကို မမ မဖတ်စေချင်တာသာ။ စာထဲမှာ ဖေဖေက သုခတင့် မမအပေါ် စွဲလမ်းငြိတွယ်နေသည့် ဆန်းပြားသော သံယောဇဉ်တို့ကို ရိပ်မိကာ ဆုံးဆုံးမမ ရေးထားတာတွေ ပါလို့ပါ။

" ... ယောမျှာ ချစ်သူရှိနေပြီပေါ့ ... ဟုတ်လား။ ထွောက ဦးနောက်ကောင်းပါတယ်၊ ယော ရွေးချယ်တဲ့သူတာ အမှားနည်းမှာပါ။ သားအနေနဲ့ ယောကို သံယောဇဉ်မထားဖို့ ဖေဖေ မပြောဘူး။ ထားပါ။ ဒါပေမဲ့ ယောက်ျား





တစ်ယောက်ဟာ ဖြစ်သင့်တာကို ယထာဘူတကျကျ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း ရှိရမယ်။

သားကို မောင်လေးအရင်းတစ်ယောက်လို ချစ်ရှာတဲ့ ယောကို အဖြစ်မှန်တွေ ဖွင့်မပြောတော့ဘူးဆိုတဲ့ သားရဲ့ စိတ်ဓာတ်ကိုလည်း ဖေဖေ ချီးကျူးပါတယ်။ ပြောလို့ အကျိုး မရှိနိုင်တဲ့ ကိစ္စမှန်ရင် မျိုသိပ်ထားလိုက်တာ အကောင်းဆုံးပါပဲ ငါ့သား။ ဖေဖေ့ အတွက်ကတော့ ယောဟာ သမီးကြီး၊ သားက သားငယ်၊ ဒါ ... ထာဝရပဲ သား။

သားရဲ့ ကျန်းမာရေးသတင်းနဲ့ ပတ်သက်လို့ ဖေဖေ့ ကိုယ်ဖေဖေ ခွင့်မလွှတ်နိုင်အောင် ဖြစ်ရတယ်။ အချိန်တော ပြီး မသိခဲ့ရတာဟာ ဖေဖေနဲ့ မေမေရဲ့ ချို့ယွင်းချက်ပဲ။ အရမ်း စိတ်မကောင်း ဖြစ်ရတယ်၊ ဖေဖေ့ညီ ကိုထွေးနဲ့ တိုင်ပင်မေးမြန်းကြည့်ပြီးပြီ။ ကိုထွေးရဲ့ အကြံပြုချက်က တော့ အမြန်ဆုံး ခွဲစိတ်ကုသမှု ခံယူသင့်တယ် ဆိုတာပဲ ...

သားအတွက် ဂျပန်ကိုလာပြီး ခွဲစိတ်ခံတာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်တယ်။ ဖေဖေ့အနေနဲ့ ငွေကြေးလည်း တတ်နိုင်တယ်။ စီစဉ်စရာရှိတာ အားလုံးစီစဉ်ထားမယ်၊ သား အမြန်ဆုံးလာဖို့ ဆုံးဖြတ်လိုက်ပါ။ ရန်ကုန်မှာ သားအားကိုးစရာ အရင်းအချာ မရှိဘူး။ ယောယော



www.burmeseclassic.com

www.burmeseclassic.com



လည်း လှုငယ်ပဲ ရှိသေးတယ်။ ဖေဖေ့ဆီ သွားလိုက်ခဲ့ လား၊ ဒါမှမဟုတ် ဖေဖေ လာပြန်ခေါ်ရမလား ... "

ဖေဖေ့စာက လေးမျက်နှာလောက် ရှည်လျားပါသည်။ မမကို ပြောပြလို့ ရသလောက် သုခတင့် ပြောပြသည်။

"ဆေးရုံတက်တုန်းက ဆရာဝန်က ကျွန်တော့်ကို နှလုံးအားနည်းတယ်လို့ ပြောလိုက်တော့ ဖေဖေက ဂျပန်လို အေးမြတဲ့ဒေသမှာ နားနားနေနေ လာနေစေချင်တယ်"

"သုခတင့် သွားမှာလားဟင်"

"ကျွန်တော် မဆုံးဖြတ်ရသေးဘူး မမ"

တကယ်တော့ ဆုံးဖြတ်ပြီးသလောက်နီးပါး ရှိပါပြီ။ ဖေဖေ့ဆီသွားပြီး ဆေးကုသမှု ခံယူကြည့်တာဟာ သူ့အတွက် အကောင်းဆုံးပင်။

"ဖေဖေ ခေါ်တယ်ဆိုတော့ သွားဖို့တော့ သင့်တာပေါ့။ ဒါပေမဲ့ ခုမှ မမ့တို့မောင်နှမ ပြန်ဆုံရပြီး ခပ်မြန်မြန် ပြန်ခွဲခွာရမှာကိုတော့ စိတ်ထဲမှာ မကောင်းဘူး သုခတင့်ရယ်"

မမ့က စိတ်မကောင်းရုံ။ သုခတင့်က ငိုချင်နေပါပြီ။ ငိုလည်း ငိုမိတော့မည်။ သူ့ဘဝဟာ ဘာကြောင့်များ မပြည့်စုံခြင်းတို့နှင့် လက်လျှော့ရဖို့ချည်း ဖြစ်ခဲ့ရတာလဲ။ ကံဆိုးစရာဟူသမျှက သူ့အတွက်ချည်း ပြဋ္ဌာန်းခဲ့သလိုပင်။





"လောကကြီးကို ကျွန်တော် သိပ်မုန်းတယ်"

သုခတင့်ရဲ့ အက်ကွဲကွဲ အသံကြောင့် ယောအံ့အားသင့် မျက်နှာပျက်သွားကာ ခုံတန်းနောက်မှာ ရပ်နေရာမှ ရှေ့ဘက်ကွေ့ပြီး ဝင်ထိုင်လိုက်ပါသည်။

"ဘာဖြစ်လို့လဲဟင် ... မောင်လေး"

"အဲဒီ မောင်လေး ဆိုတဲ့ အဖြစ်အပျက်ကို အမုန်းဆုံးပဲ"

"ဘာဖြစ်လို့လဲ၊ ဘာကို ပြောတာလဲဟင် မောင်လေး"

"မောင်လေးလို့ ထပ်ခါ ထပ်ခါ မခေါ်ပါနဲ့ဗျာ၊ သုခတင့်ပဲ ခေါ်ပါ၊ မောင်လေးလို့ တစ်ခါခေါ်တာကြားရင် စိတ်ထဲမှာ လူသတ်ချင်သလိုလို ဖြစ်ဖြစ်လာတယ်၊ ဘာဖြစ်လို့လဲ သိလား၊ ကျွန်တော် မမရဲ့မောင်လေး မဖြစ်ချင်လို့၊ မမက အစ်မ၊ ကျွန်တော်က မောင်ဆိုတဲ့ သတ်မှတ်ချက်အောက် ရောက်နေရတာကို သိပ်စိတ်နာတယ်"

ယောသည် သုခတင့်ကို ပါးစပ်လေး အဟောင်းသားနှင့် ကြည့်နေမိကာ သုခတင့် စကားတွေကိုလည်း အဓိပ္ပာယ်ခွဲခြမ်းစိတ်ဖြာကြည့်နေမိပြီး ...

"ဘယ်လိုစကားတွေ ပြောနေတာလဲ သုခတင့်၊ မင်းစကားတွေက အဓိပ္ပာယ်မရှိဘူး"

"အဓိပ္ပာယ်သိပ်ရှိတယ်၊ မမရဲ့မောင်တစ်ယောက် လုံးဝ မဖြစ်ချင်ဘူး၊ အဲဒီအဓိပ္ပာယ်ကို နားမလည်ဘူးလား"



www.burmeseclassic.com

"တော်တော့ သုခတင့်၊ အဲလိုပြောတာ မ,စိတ်ဆိုးတယ်၊ မင်း ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ ဆိုတာ ဖွင့်ပြောရခက်လို့ ခုလိုဖြစ်နေတာပေါ့၊ လောကကြီးက ကျွန်တော့်အတွက် ဘာဖြစ်လို့ ဆုံးရှုံးမှုတွေကိုချည်း ပေးနေရတာလဲဟင်၊ ကျွန်တော်က ဘာဖြစ်လို့ အမြဲတမ်း ကံမကောင်းနိုင်ဘဲ ဖြစ်ခဲ့ရတာလဲ"

"ဘာဖြစ်လို့ ကံမကောင်းရမှာလဲ၊ မင်းမှာ မင်းကိုသိပ်ချစ်တဲ့ ဖေဖေနဲ့ မမနဲ့ ရှိတယ်လေ"

သုခတင့်က ခေါင်းယမ်းလိုက်ရင်း ...

"မမ ... ကျွန်တော့်ကို မချစ်ပါဘူး၊ ကျွန်တော် ပြောချင်တဲ့ စကားတစ်ခွန်းလောက် ပြောလိုက်ရင်ကိုပဲ တစ်ထိုင်တည်း မုန်းတောင်သွားဦးမယ်"

"သုခတင့်"

ယောက နေရာမှ ထ,ရပ်လိုက်ပါသည်။ ရင်ထဲမှာ ကတုန်ကယင်နှင့် နာလည်းနာကျင်လာသည်။ အဓိပ္ပာယ်တွေ ထွေပြားသက်ရောက်နေတဲ့ ထိုစကားမျိုးတွေကို နားကလည်း လက်မခံနိုင်၊ နှလုံးသားကလည်း လက်မခံနိုင်ပါ။

"ခုတောင်မှ နည်းနည်း မုန်းချင်လာပြီ မဟုတ်လား မမ"

"မင်း ပေါက်ကရတွေ လျှောက်ပြောနေရင် မ, ပြန်တော့မယ်"





"မမကို ကျွန်တော် ပြောခဲ့ဖူးတယ် မဟုတ်လား မမ ကမ္ဘာကြီးမှာ တခြမ်းက နေ့ဖြစ်နေရင် တစ်ခြမ်းက ညဖြစ်ကို ဖြစ်ရမှာပဲ ဆိုတာလေ၊ ကျွန်တော့်တစ်ခြမ်းမှာ ညဖြစ်နေတုန်း အနေအထားမှာပဲ ကျွန်တော့်ကမ္ဘာကြီးက ရပ်သွားတယ်၊ နေ့ဖြစ်လာဖို့ မျှော်လင့်စရာလည်း လုံးဝရှိတော့ဘူး မမရဲ့၊ ကျွန်တော့်ကမ္ဘာကြီး မှောင်အတိနဲ့ ရပ်တန့်သွားတာဟာ ကျွန်တော် သေသွားတာနဲ့ အတူတူပါပဲ"

မျက်ရည်ကျလာတဲ့ သုခတင့် အပါးမှ ယောလည်းပဲ မျက်ရည်လည်စွဲနှင့် ပြေးထွက်ခဲ့ပါသည်။

သုခတင့်တို့ ခြံတံခါးဝမှာ ကားကို ရပ်တန့်ထား ကားပေါ်ကဆင်းပြီး ကားကိုမှီရပ်နေတဲ့ ကျော်ဒေဝက သူ့ကို မမြင်သလို သူ့ရှေ့က ဖြတ်လျှောက်သွားတဲ့ ယောကို မျက်မှောင်ကုတ်ကုတ်နှင့် ကြည့်လိုက်မိပါသည်။ ဒီကိုပဲ ရောက်နေမှာပဲဆိုပြီး ဒီကိုပဲ လိုက်လာခဲ့တာပါ။ ခြံရှေ့ရောက်တော့ ခြံထဲမဝင်ခင် ကပင် ခြံထဲက ခုံတန်းလျားက သုခတင့်နှင့် မ,ကို မြင်သည်။

မြင်ကွင်းကိုက ရုပ်ရှင်ထဲက Love scene ရှုနေတာပဲလို့ ကျွဲမြီးတွေတို့၊ ဒေါ်တွေပွကာ ခြံရှေ့မှာပဲ ကားရုပ်အား

www.burmeseclassic.com



လိုက်တော့တာ။ အထဲဝင်သွားရင် ဟိုကောင့်ကို ထိုးချင် ကြိတ်ချင်စိတ် ပေါက်မိမှာစိုးလို့။ မ, ခေါင်းငိုက်စိုက်နှင့် ခပ်သုတ်သုတ် ထွက်လာတာမြင်တော့ အံ့အားသင့်နေဆဲ မ,က သူ့ကိုပင်မမြင် ဖြတ်ကျော်သွားသည်။

"မ ..."

ယော ခြေလှမ်းကို ရပ်လိုက်ပါသည်။

"မ, ..."

ကျော်ဒေဝက ဒေါ်ပွပွနှင့် ...

"မ, ဘယ်လိုဖြစ်တာလဲ၊ ဟဲန်းဒ်ဖုန်းဆက်တော့ ပိတ်ထား၊ အိမ်ကိုဆက်တော့ မရှိ၊ ဘယ်မှာရှိမလဲ အကျိုးအကြောင်း လှမ်းမပြော၊ ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ ဒီမှာပဲဆို ပြီး ရမ်းသန်းလိုက်လာရတဲ့သူကို"

ယောက ကျော်ဒေဝဘက် လှည့်လာကာ ညှိုးလျော်အားပြတ်သောရုပ်နှင့် လက်ဖဝါးကလေးတစ်ဖက် ထောင်ကာ တားရင်း ...

"နေပါဦး ကျော်ဒေဝ၊ ခဏနားပါဦး"

"ဘာ ...၊ ခဏ နားရမယ်၊ ခုမှစ,ပြောမလို့ကြံတုန်း ရှိသေးတယ်၊ ခဏနားရမယ် ... ဟုတ်လား၊ ဘာမှမပြော ရသေးဘူးဗျ"

"မပြောပါနဲ့တော့"





"ပြောရမှာပဲ၊ တစ်နေ့ တစ်နေ့ ဒီမောင်ကိစ္စက မပြီးနိုင် တော့ဘူး၊ ဘယ်တော့ ရပ်တန်းက ရပ်မှာလဲ၊ ဒီအတိုင်း ဘယ်လောက်ကြာကြာ စခန်းသွားနေမှာလဲ၊ တစ်ရက်ခြား တစ်ခါလောက်လာ ချက်ပြုတ်လုပ်ကိုင်ပေး၊ ကျွန်ကြီးကျွ နေတာပဲ၊ လွန်လွန်းအား မကြီးဘူးလား၊ ဒီကောင်က လိုက်ချင်လည်းလိုက် မလိုက်ချင်လည်းလိုက်၊ သူ့နောက် က တကောက်ကောက်"

ယောသည် မျက်နှာကလေး မဲ့မဲ့လာပြီး ခဏအကြာ တွင် လမ်းမကြီးလယ်ကောင် ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့ သည်။ သူခတင့်ရဲ့ ခံစားချက်တွေ စကားတွေကို မခံမရပ်နိုင် ခြင်းနှင့် ကတုန်ကယင် ရင်ထဲ ဆူပွက်ယောက်ယက်ခတ်တုန်း ချစ်သူရဲ့ ပြစ်တင်ဝေဖန်စကားကိုလည်း ကြားနာလိုက်ရ၍ ဟန် မဆောင်နိုင်အောင် ဝမ်းနည်းသွားရတော့တာပင်။

"မ, ...၊ ကျွတ်၊ ဟာ ... မငိုနဲ့လေ မ,၊ မ,က ပြဿနာပဲ၊ ကျွန်တော်ကဖြင့် ပြဿနာလုပ်မလို့ ကြံတုန်းရှိသေးတယ်"

"ကျော်ဒေဝရယ်၊ မ,ရဲ့မောင်ကလေးကို မ,ချစ်တာ၊ လုပ် ကိုင်ပြုစုပေးတာ၊ သူ့ဆီလာတာ စိတ်ဆိုးစရာလား၊ ပြဿနာ လုပ်စရာလားဟင်၊ အဲဒါ ... အဲဒါ ... မ,ရဲ့မောင်ကလေး လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒါတို ဒီလောက် ငိုကာရှိုက်ကာ ခံစားသွားသော မ,တို့ ဘော့်အေဝ နားမလည်နိုင်အောင် ရှိရသော်လည်း သူသိပ်ချစ်တဲ့ မ,ငိုနေတာမို့ သူ့စိတ်ကို ဘောလုံးလေလျှော့သလို ရှူးခနဲ လျှော့ချလိုက်ရပါသည်။





## ၁၂

ကန်တော်ကြီးဥယျာဉ်ထဲ ကရဝိတ်ဘက်မှ ကားဝင်ရပ်ပြီးနောက် သုစတင့်သည် ကားပေါ်ကဆင်းကာ ရေစပ်က သစ်သားတွေနှင့် ဆောက်ထားသော အခင်းပြန့်ပြန့်ကြီးဆီ လျှောက်လာသည်။ လက်ရန်းကို ကိုင်ကာရပ်ရင်း ရေပန်းကြီးမှ လွင့်စဉ်လာတဲ့ ရေမှုန်ရေမွှားတွေကို မျက်စိမှိတ် ခေါင်းမော့ ခံယူနေလိုက်မိပါသည်။ အသက်ကို အားရပါးရရှူကာ တစ်ခဏ မျက်စိမှိတ်ထားသည်။ ရေစက်မှုန်တွေ မျက်နှာကို စိုစွတ်ပါစေ။ ဒါမှ မျက်ရည်စို့ချင်နေတာနဲ့ ရောသွားမယ်။

သူ့ရဲ့ ပေါ့်စ်ပို့တ် ဒီနေ့ပဲ ကျလာသည်။ ဖေဖေက ဂျပန်မှာ လိုအပ်သမျှ စာရွက်စာတမ်းအားလုံး ပြည့်စုံအောင် ချက်ချင်းလုပ် ချက်ချင်းပို့ပေးလိုက်ပြီးတဲ့နောက် သူ့ဝါနိုင်တ



www.burmeseclassic.com

www.burmeseclassic.com



အသစ် ပြန်လှောက်တော့ ရက်တိုစီမံချက်ထဲ အချိန်ကိုက်ပါသွားတာမို့ တစ်ပတ်ဆယ်ရက်လောက်နှင့် ကျလာပါသည်။ သူ့စာရွက်စာတမ်းတွေထဲမှာ ဆေးရုံတက်ဖို့ စီစဉ်ပြီးတဲ့ စာရွက်စာတမ်းတွေပါ ပါလာတဲ့အတွက် ဗီဇာကလည်း ရှော့ရှူးမှာပင်။

"သားငယ် ... မင်း ကျန်းမာရေး အနေအထားက အချိန်မဆွဲလေ ကောင်းလေပဲ၊ ချက်ချင်းထွက်ခဲ့ဖို့ လုပ်ပါ"

ဖေဖေကလည်း နေ့စဉ်လို ဖုန်းဆက်နေပါသည်။ ဒါတွေ မမကို သုခတင့် တစ်လုံးမှ မပြောရသေးပါ။ သူသွားဖို့သာ လုပ်နေရတယ်၊ မမနားကခွာပြီး သွားမှမသွားချင်တာ။ သွားဖို့မလိုတော့တဲ့ အခြေအနေများ ဖြစ်လာမလားလို့ မသိစိတ်က အရှုးထ စိတ်ကူးယဉ်နေသေးသည်။ မထူးတဲ့ အခြေအနေမှာ ကြားသိရလို့ မမ စိတ်ဆင်းရဲရုံရှိမဲ့ စကားမျိုး ဘာကြောင့် ပေးသိနေရဦးမှာလဲ။

သုခတင့်က ဘေးကို အမှတ်တမဲ့ ငဲ့ကြည့်လိုက်ပါသည်။ သစ်သားတန်း အခင်းပြင်ကြီးပေါ်မှာ အခင်းခင်းပြီး ဝိုင်းဖွဲ့ထိုင်စားသောက်နေကြတဲ့ အမျိုးသမီးတစ်စု အုပ်စုထဲမှာ အောင်ဖေ ပါနေတာ မြင်လိုက်ရသည်။ သူ့အဒေါ်တွေ အမေတွေ အစ်မတွေ ဖြစ်ပါလိမ့်မည်။ သုခတင့်ကပဲ စ,ကာ အောင်ဖေ့ကို လှမ်းပြုံးပြ နှုတ်ဆက်လိုက်ပါသည်။ ဒီအချိန်မှာ သူ့စိတ်ထဲ ဘယ်သူ့ကိုမှလဲ





ရန်သူ မမှတ်ချင်တော့။ မငြိုးတေးချင်တော့။ ပြဿနာလည်း မရှာချင်တော့။ ကိုယ့်ဘက်ကလျှော့ဖို့လည်း ဝန်မလေးတော့။

"ဟော့ကောင် ... သုခတင့်"

သုခတင့်က တခြားတစ်ဖက်ကို လှည့်ကြည့်လိုက်ပါသည်။ ဒီကောင်တွေ အုပ်စုကို ဆုံဖူး တွေ့ဖူးနေသော်လည်း သူ သေချာနာမည်မသိ။ ဆေးကျောင်းကနှင့် စက်မှုကကောင်တွေ ရောနေတဲ့ အဖွဲ့ဖြစ်သည်။ ငါးယောက်။ ဒီ ငါးယောက်ဟာ အင်မတန်ရွာကျယ်ကျယ် နိုင်တာလည်း သူသိသည်။ သင်္ကြန်တစ်နှစ်တုန်းက သုခတင့်တို့နှင့် ငြိမလို ဖြစ်ဖူးသည်။

"တစ်ယောက်တည်းလား"

"အေး"

"မင်းကို မေးစရာရှိလို့"

"မေးလေ"

"မင်းကို ခုတလော ကျော်ဒေဝနဲ့ တတွဲတွဲ တွေ့နေတယ်၊ သူ့ရည်းစားလည်း ပါတတ်တယ်၊ မင်းတို့ ဘယ်လိုပတ်သက်မှုရှိလဲ၊ မင်း အစက ဒီကောင်နဲ့ လုံးဝမတည့်ဘူး မဟုတ်လား သုခတင့်"

ထိုအုပ်စုသည် အလကားနေရင်း ခြေလှုပ်လက်လှုပ် ရစ်သီရစ်သီ အငြိမ်မနေ။ သူ့တို့ထဲက အရက်နံ့အပြင် စိမ်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



ဆေးနံ့တစ်မျိုးလည်း ရှူရှိုက်လို့ ရနေပါသည်။ အပန်းဖြေဥယျာဉ်ထဲလာပြီး ပြုံနေတဲ့ အကောင်တွေပဲ။

"အခု ကြည်သွားလို့ပေါ့ကွာ"

"သူ့ရည်းစားက မင်းအမျိုးဆိုတာ ဟုတ်လား"

"အေး ... ဟုတ်တယ် ဆိုပါတော့ကွာ"

"သြော် ... ဒါကြောင့် ကြည်သွားတာပေါ့ ... ဟုတ်လား ကျော်ဒေဝလို ကောင်ကို ကိုယ့်အမျိုးထဲက ကောင်မလေးနဲ့ မင်းမို့ သဘောတူတယ်၊ မင်း လျှာလှချည်လားကွ"

"ငါ သဘောတူတူ မတူတူ သူတို့ချင်း ကြိုက်တာပဲဟာ"

"အဲဒီကောင်ကို ငါတို့ သိပ်ကြည့်မရဘူး၊ ပညာလည်းမေးစရာရှိတယ်၊ မင်း နားလည်ပါတယ် သုစတင့်ရာ၊ ကြွေးတွေရှိတယ်ကွ"

"မင်းတို့ဟာ မင်းတို့ ကြည့်ရှင်းပေါ့ကွာ"

"မင်းကို မြင်တော့ ခုပဲရှင်းဖို့ စိတ်ကူးပေါက်လာတာပြောစမ်း၊ ဒီအချိန် ကျော်ဒေဝ ဘယ်မှာလဲ"

"ငါ ဘယ်သိမလဲကွ"

"ဟာ ... ဘာလို့ မသိရမှာလဲ၊ ဒီရက်ထဲ မင်းတို့နှစ်ယောက်ကို တစ်ချိန်လုံးလိုလို အတူသွား အတူစားတာ တွေ့နေရတာပဲ"





"ငါနဲ့ ဒီကောင် အတူသွားနေတာလည်း ငါ့အစ်မကြောင့်ပဲ၊ သူ ဘယ်မှာ ဘယ်အချိန်ရှိမယ် ဆိုတာလောက်အထိတော့ ငါ မသိဘူး"

"မင်း ဒီကောင်ရှိမဲ့နေရာ လှို့နေတာပေါ့၊ ဘာလဲ ... ယောက်ဖထိ မားကြည့်လား ဟေ့ကောင်"

"တော်ပြီကွာ၊ ငါ သွားမယ်၊ သူရှိတဲ့နေရာလည်း ငါမပြောနိုင်ဘူး၊ ငါ့ဟာငါ တစ်ယောက်တည်း အေးအေးဆေးဆေး နားချင်လို့ ဒီကိုလာတာ၊ သွားမယ်ကွာ"

လှည့်ထွက်တဲ့ သုစတင့်ကို သူ့ရည်းစားနံ့က ပခုံးမှ ဆောင့်ဆွဲထားလိုက်ပါသည်။ တင်းခနဲ ဖျဉ်းခနဲ ဖြစ်သွားတဲ့ သုခတင့်က စိတ်ကိုလျှော့ရင်း ...

"ဟေ့ကောင်တွေ ... ငါ ပြဿနာ မဖြစ်ချင်ဘူး ပြောနေတယ်နော်"

"ဘာလဲ ... လူစုပြီးမှ ဖြစ်ချင်တာလား၊ ကျော်ဒေဝ ရှိတဲ့နေရာ ပြောပြလိုက်ကွာ၊ မင်း ပြဿနာမဖြစ်ရတော့ဘူး၊ ဒီကောင် ငါ့ကို လူရှေ့သူရှေ့မှာ ကြောသွားတယ်၊ ရှင်းသွားတယ်ကွ၊ ဒီကောင့်ကို ဆုံးမသင့်တယ်၊ မင်း နေရာပြော"

"မသိဘူးဆိုကွာ၊ သိလည်း ပြောစရာ မလိုဘူးကွာ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ်က မပြောပုံထောက်တော့ ကြည့်ရတာ ဒီအချိန်ဆို မင်းအစ်မ အခန်းထဲ ရောက်နေမှာထင်တယ် ... ဟား ဟား ဟား"

သုခတင့်သည် ခေါင်းကြီးက ထုပုမီးပွင့်သွားသလို ခံစားရရင်း ...

"ဟော့ကောင်၊ ခွေးလိုကောင်၊ မိုက်ရိုင်းလား မင်းက၊ မင်းသတ္တိရှိရင် ငါ့ကို အရင်ဖြေရှင်း"

"ကြိုက်တယ်၊ အဲဒါကို ကြိုက်တယ်၊ ဒီဧရာက ပေါ်တင်ကြီး ဟော့ကောင်၊ နောက်ထဲမှာ လူရှင်းတဲ့နေရာ ရှိတယ်၊ မင်း လာခဲ့၊ လိုက်ခဲ့၊ ယောက်ဖကို သိပ်ကာကွယ်ချင်တဲ့ကောင် ... လာ"

"တောက်"

သူရည့္သန့်တို့ ငါးယောက် တလှစ်လှစ် ပြေးဝင်သွားတဲ့အခါ သုခတင့်နောက်က အပြေးပါသွားတာကိုမြင်တဲ့ အောင်ဓေသည် လူကတစ္ဆေ ဖြစ်လာသည်။ ရေပန်းကြီးရှိတဲ့ ကန်စပ်ကတိုက်နေတဲ့ လေတသုန်သုန်ကြောင့် ပေအစိတ်လောက်ပဲဝေးတဲ့ သုခတင့်တို့ စကားတွေ အားလုံးကို အလုံးစုံ ကြားလိုက်ရပါသည်။ သုခတင့် ပြဿနာမဟုတ်ပဲ ကျော်ဒေဝ ပြဿနာ။





"ဟဲ့ ... ဓေဓေ၊ နင် ဘာရှစ်ထိုးနေတာလဲ၊ ငါတို့[illegible] ကြားတယ်၊ နင် ရန်သွားဖြစ်ဖို့ စိတ်မကူးနဲ့ [illegible] အစ်မတွေ ပါသေးတယ်ဟဲ့"

"မဖြစ်ပါဘူး မမလေးကလည်း"

"သုခတင့် ဆိုတာ နင်တို့စကားတွေထဲမှာ ပါပါနေတာ နင်တို့နဲ့ မတည့်တာမို့လား"

"ဒါပေမဲ့ ခုတော့ ဒီကောင်က ဓေဓေနဲ့ ယောက်ဖလောင်း ဖြစ်နေပြီ"

"နင်တို့ပြောတော့ ဖိုက်တာဆို၊ အခု လူလေးကြည့်တော့ ပိန်ချီချီနဲ့"

"အခုနောက်ပိုင်း ပိန်သွားတာ၊ အစက ပိန်ပေမဲ့ တောင့်တယ်ဗျ"

"ဆေးချတာ နေမှာပေါ့"

"ဟား ... မမကြီးတို့ကလည်း ယောကျ်ားလေးတွေ ပိန်မိန့် ပိန်မိရင် ဆေးပဲတန်းထင်ကြတော့တာပဲ၊ သူ ကျန်းမာရေး မကောင်းနေတာဖြစ်မှာ၊ မျက်ကွင်းတွေလည်း ညိုညှင်းနေတာ ကြည့်ပါလား"

"အဲဒါ နှလုံးရောဂါလက္ခဏာဟဲ့"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ သူတစ်ယောက်တည်း ဖြစ်နေပြီ၊ သူကိစ္စလည်း မဟုတ်ဘူး၊ ဓေဓေ့ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ — နင်တော့ မပါနဲ့နော်၊ ငါတို့ စကာနေ ပြန်မှာ"

"ကျွတ်"

အောင်ဇေမှာ မရိုးမရွ မနေနိုင် မထိုင်နိုင် ဖြစ်နေပါသည်။ ကြားလိုက် သိလိုက်ရက်နဲ့ လျှို့နေလိုက်ရမှာ ရှက်စရာကောင်းသည်။ သွားပါဖို့ကလည်း အစ်မတွေ အမေ အဒေါ်တွေ ဘာတန်းတန်းနှင့်။

"ဒေဒေ့ကို လှမ်းပြောကြည့်ပါလား"

အောင်ဇေက ဒေဒေ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။ ချက်ချင်းပဲ ဖုန်းဖွင့်ကာ ...

"ဟော့ ... ဇေဇေ"

"ဒေဒေ ... မင်း ဘယ်မှာလဲ"

"ငါ On the road ပဲ၊ မြို့ထဲက ပြန်လာတာ တိရစ္ဆာန်ရုံနားကို ရောက်နေတယ်"

"ဟာ ... နီးနီးလေး၊ ဟော့ကောင် ... ကန်တော်ကြီး ကရဝိတ်ဘက်အပေါက်ကို ခုချက်ချင်း လာခဲ့ဟော့ကောင်"

"ဘာဖြစ်လို့လဲ ဇေဇေ"

"ဒီမှာ သုခတင့်ကို သူ့ရည်းစားနဲ့တို့အုပ်စု ဖြီတော့မယ်ကွ၊ ငါးယောက်တောင်၊ အမိကံ့က မင်းကိုမေးတာ၊ မင်းရှိမဲ့နေရာ မေးတာ၊ ဟိုကောင်က မပြောတော့ မိုက်မိုက်ရိုင်း





ရိုင်းတွေ ပြောရင်း သုခတင့်လည်း ဒေါပွလာတာပေါ့၊ အတွင်းဘက် ဝင်သွားပြီ၊ ငါ ထင်တာ တောတန်းလေးဘက်မှာ သွားချမယ်ထင်တယ် ဟော့ကောင်"

"ဟာ ... မင်းလိုက်သွားနှင့်လေ၊ ငါ အခုပဲ လာခဲ့ပြီ"

"ငါ လိုက်လို့မရဘူး၊ ဒီမှာ ငါ့အမေရော အစ်မတွေတစ်အုပ်ကြီးရော"

"ကျွတ် ... အေး ... ငါလာပြီ"

အောင်ဇေသည် ကျော်ဒေဝကို အကြောင်းကြားလိုက်ရလိုက်၍ နည်းနည်း နေသာထိုင်သာ ရှိသွားပါသည်။ နို့မို့ ဒီအစ်မတွေကြောင့် သူ့အနေအထား အောက်သည်။

"အမေတို့ အိမ်ပြန်ကြပါလား၊ ကားကို မမလေး မောင်းသွားတော့ပေါ့၊ ကျွန်တော့်ကို ထားခဲ့"

"အောင်မယ် ... ဘာဖြစ်လို့ ထားခဲ့ရမှာလဲ၊ နင် ရန်ပွဲထဲဒိုင်ဗင်ပစ် ဝင်သွားမှာ မသိတာကြလို့၊ ပြန်ရင်လည်း နင့်ပါ ခေါ်သွားမှာ"

"ကျွတ် ... ဒီအစ်မတွေ သိပ်ရှုပ်တာပဲဗျာ"

အောင်ဇေ ဘာပြောပြော အစ်မတွေက ဇွဲမယူသေး။ သူတို့မောင် ရန်ပွဲထဲ ပါသွားပြီး ကွဲပြဲစုတ်ပြတ်သတ် မသွားဖို့ပဲ အရေးကြီးတာ။ အောင်ဇေ့ကိုပဲ မျက်ခြည်မပြတ် ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထယ်ရာနေတဲ့ အောင်ဖေ ခုနေ နောက်ထဲ အလစ်ပြေးဝင်သွားရင် သူတို့တစ်တွေပါ နောက်ကနေ တစ်တန်းကြီး ပြေးလိုက်လာကြမှာ သေချာသည်။

ထိုစဉ် ကျော်ဒေဝကားက ဂိတ်မှာ ဂိုက်ဆံပေးကာ အောင်ဖေ ရပ်နေရာရှေ့ ဝေါခနဲ ရောက်လာရင်း ...

"ဟော့ကောင် ... ဘယ်မလဲ"

"ဟိုထဲမှာကွ၊ မင်း အထဲထိ မောင်းသွား၊ ဟိုတောတန်းလေးလောက်က လှုပြတ်တယ်၊ အဲဒီမှာ နေမယ်"

အောင်ဖေ မျက်နှာ မကျေမနပ် ပျက်နေတာကို ကျော်ဒေဝက ရိပ်မိကာ ...

"မင်းနေခဲ့၊ မင်းအစ်မတွေနဲ့ ပြဿနာ ပိုရှုပ်မယ်၊ လိုရင် ဆက်မယ်"

"အေး"

ကျော်ဒေဝက ကားကို ဆက်မောင်းဝင်ခဲ့ပါသည်။ တောတန်းလေးဘက် တက်တဲ့အနား ကားကိုတ့ံရပ်ပြီး လှူချည်းပဲ ကုန်းပေါ်ပြေးတက်ခဲ့ပါသည်။ လူတွေမမြင်ရခင်ကပင် ဖုန်းဖိုင်း အုံးခွပ် အဲသံတွေကို ကြားနေရပြီဖြစ်ရာ ကျော်ဒေဝသည် သုခတင့် အတွက် စိုးရိမ်သွားပြီး ...

"သုခတင့်"





အကျယ်ကြီးအော်ကာ အသံပေးလိုက်ပါသည်။ အသံနှင့်အတူ ပြေးရောက်လာတဲ့ ကျော်ဒေဝကြောင့် ရန်ပွဲက ချိုင်းနှံသလို ဖြစ်သွားပါသည်။ သုခတင့် ရှပ်အင်္ကျီပြဲနေပြီဖြစ်ပြီး မျက်နှာမှာလည်း ဒဏ်ရာရထားပြီ။ ငါးယောက် တစ်ယောက်ကို။ ကျော်ဒေဝက သုခတင့်နှင့် ကျောချင်းကပ် ဝင်ပူးရပ်လိုက်ပြီး —

"မင်း ငါ့ကို ခေါ်လိုက်တာ မဟုတ်ဘူး"

"မင်းဘာဘာ၊ အရေးထဲ ငါက မင်းဆီ ဖုန်းဆက်နေရဦးမှာလား"

"မင်းတစ်ယောက်တည်းနဲ့ သေမှာပေါ့ကွ"

"သေလည်း ဘယ်တတ်နိုင်မလဲကွ၊ ငါသေရင် မင်းလည်း တစ်တောရှင်းတာပဲ"

"တောက် ... လဒ၊ ခုထိ ရန်စကား ပြောနေတယ်"

"ဟော့ကောင်တွေ၊ သမီးယောက်ဖ သစ္စာတိုင်မနေနဲ့၊ သုခတင့်၊ မင်း ထွက်သွားချင်ရင်ရပြီ"

"ဘာဖြစ်လို့ ငါက ထွက်သွားရမှာလဲ၊ မထွက်သွားဘူး"

"အေး ... ယောက်ဖကို သိပ်ချစ်တာပေါ့၊ ရတယ်လေ"

တစ်ဖက်က ငါးယောက်၊ သူတို့က နှစ်ယောက် အနေအထားမှ အချိန်တစ်ခဏကြာလျှင် သူရည့်နှင့်တို့ဘက်က ငါးယောက်သည် အချင်းချင်း မျက်ရိပ်ပြ အချက်ပေးကာ ထွက်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရှည့်နှ့်တို့ ပြေးလျှင် သုစတင့်ရော ကျော်ဒေဝပါ ကုန်းကလေးဆေါ်က မြက်ခင်းပေါ် ခြေပစ်လက်ပစ် ပစ်လှဲချလိုက်ကြရပါသည်။ သုစတင့်သည် အသက်ကို မနည်းရှိုက်ကာ ရှိုက်ကာ ရှူနေရသည်။ ရင်ဘတ်ကလည်း အောင့်သည်။ စိုးရိမ်စိတ်ကြီးမားခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ဖြစ်လျှင် ပြင်းပြင်းထန်ထန် ရင်ဘတ်ထဲက အောင့်နာပြီး ကျပ်တက်လာတာ သူ သတိပြုမိပါသည်။

"ဟော့ကောင် ... ရလား"

"အေး ... ရတယ်"

"သုစတင့် ... မင်းကို ငါမေးဦးမယ်"

"မေး"

"မင်းအစ်မကို ငါ ပြန်မပြောပါဘူး၊ မင်း မှန်မှန်ဖြေစမ်း"

"မေးမှာ မေးကွာ၊ ငါက မင်းကို ဘာကြောက်စရာရှိလို့ ညာရမှာလဲ" ,

"မင်း ဆေးဝါးတစ်ခုခုများ ငြိနေသလား သုစတင့်၊ မင်း မျက်ကွင်းတွေ ညိုနေတာ၊ မင်း အသားအရေတွေ မလတ်ဆတ်တာ၊ မင်း အရင်လောက် အမောမခံနိုင်တာ ငါ မြင်နေတယ်"



"ဟော့ကောင် ... မင်း ငါ့ကို ဘာကောင်ထင်နေလဲ [illegible] စားမှတ်နေလား၊ မူးယစ်ဆေးဝါး မပြောနဲ့ မင်း[illegible]တောင် အရက် ဘီယာ မသောက်ဘူး"

"ဒါဖြင့်လည်း ပြီးတာပဲ၊ ဟုတ်ရင် စောစောစီးစီး ထိန်းဖြတ်ဖို့ ပြောမလို့၊ မင်းအစ်မသိရင် ရင်ကျိုးနေမှာ"

"မဟုတ်ပါဘူးကွာ၊ ငါ ဒါတွေ ဘာမှ မရှိပါဘူး"

"ဒါဖြင့် မင်း ဘာဖြစ်နေလဲ သုစတင့်၊ မသိမသာတော့ ရုပ်ပြောင်းနေတယ်၊ မင်းကို ကြည့်ရတာ မမြို့တစ်နဲ့ တုတ်ချောင်းချောင်းနဲ့၊ တစ်ခုခုတော့ တစ်ခုခုပဲ"

သုစတင့်သည် မြက်ခင်းပေါ် ပက်လက်လှန် ခြေကားယား လက်ကားယား အနားယူနေရာမှ မျက်နှာပေါ်က သွေးစသွေးနအချို့ကို လက်ချောင်းတွေနှင့် စိတ်မှန်းဖြင့် စမ်းသပ်သုတ်ဖယ်ရင်း သက်ပြင်းအကြီးကြီး ရှိုက်လိုက်ပါသည်။

"ကျော်ဒေဝ"

"ဘာလဲ"

"မင်း ... မမကို တကယ်သိပ်ချစ်တာ သေချာလား"

"ဟော့ကောင်၊ ရန်စကား ပြောမလာနဲ့"

"မေးတာ ဖြေစမ်းပါ၊ မင်းကိုယ် မင်းထက် ပိုချစ်လား"

"ဟာ ... ဒါတော့ ဘယ်ပြောနိုင်မလဲကွ၊ မင်းရော [illegible]ကိုယ် မင်းထက် ချစ်တဲ့သူ တွေ့ဖူးလို့လား"

www.burmeseclassic.com

"တွေ့ရတယ်လေ၊ အဲဒါ မမ,ပဲ"

"မင်း မငိုနဲ့၊ ငါက အပိုတွေ ချဲ့မပြောတတ်လို့ကွ၊ ဒါပေမဲ့ မ,ကိုတော့ သိပ်ချစ်တယ်၊ ငါ့ကမ္ဘာမှာ အချစ်ဆုံး၊ ဒါတော့ ရဲရဲပြောနိုင်တယ်"

"ငါလည်း အကဲခတ်မိပါတယ်လေ၊ မမကို မင်းလည်း သိပ်ချစ်ပါတယ်၊ အဲဒါကြောင့် မင်းတစ်ယောက်ကိုတော့ ငါ ပြောမယ် ဒါပေမဲ့ ဒီစကားကိုလည်း မမကို ပြန်မပြောရဘူး"

ကျော်ဒေဝက ပက်လက်မှ ခေါင်းကိုစောင်းကာ သုခတင့်ဘက် ကြည့်လိုက်ပါသည်။ နှစ်ယောက်လုံးဟာ သွေးရဲရဲ သံရဲရဲ စုတ်ပြတ်နေတဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေမိကြသည်။

"ဘာလဲပြော"

"ငါ သွားတော့မယ်ကွ"

"ဘယ်သွားမှာလဲ"

"ငါ့အဖေဆီ"

"ဟာ ... ဝမ်းသာလိုက်တာကွာ၊ ဒီစကားက ငါ့အတွက်တော့ မင်္ဂလာသတင်းပဲ ဟော့ကောင်၊ စိတ်ပုပ်တယ်တော့ မထင်နဲ့ကွာ၊ မင်းရှိတာ တော်တော်ရှုပ်တယ်၊ မ,က မင်း



ကို မျှချစ်ပြီး အချိန်ဖွဲ့ပေးနေတာ များလွန်းတယ် [illegible] နပ်ဘူးကွ၊ မင်း ဂျပန်သွားတော့မယ် ဆိုရင်တော့ အကောင်းဆုံးပဲကွာ ... ဟား ဟား"

ဘွင်းဘွင်းကြီး ပြောချဝန်ခံတဲ့ ကျော်ဒေဝ [illegible] ကြောင့် အရင်လိုဆိုရင် ဖနောင့်နဲ့ တစ်ချက်လောက် ထ,ပေါက်မှာမည်ဖြစ်တဲ့ သုခတင့်ဟာ အခုတော့ မျက်ရည်လည်လာပါသည်။

"ဟော့ကောင် ... မင်း ငိုမလို့လား၊ ငိုတော့ မငိုနဲ့ကွာ၊ မင်းကလည်း"

"ငါနို့မို့ဆိုရင်တော့ မသွားချင်ဘူးကွ၊ ဒါပေမဲ့ ငါ့ကျန်းမာရေးက ဆိုးဝါးနေတယ်၊ ဒါကြောင့် ငါ့အဖေဆီမှာ သွားနေရင်း ငါ ခွဲစိတ်ကုသဖို့ ရှိတယ်"

ကျော်ဒေဝက အံ့အားတသင့် လူးလိမ့်ထ,လိုက်ပြီး သုခတင့်ကို လှည့်ကြည့်ကာ ...

"မင်း ဘာဖြစ်နေတာလဲ ဟော့ကောင်"

"ငါ့နှလုံး မကောင်းဘူး၊ ငါ့နှလုံးကြွက်သားတွေ ဖုစ်နေတယ်"

"ဘာ"

"ဒီတော့ နှလုံးသွေး မရဘူး၊ ငါ နေလို့မကောင်းဘူး ငါ့ နှလုံးသွေးကြောကို ချဲ့ရမယ်၊ ဒါပေမဲ့ ဒီပုပ်စရွတ်ငါ့နှလုံး

www.burmeseclassic.com



ကြွက်သားတွေက ဘယ်လောက်ထိ ဆက်ရှင်သန်နိုင်ဦး မလဲ၊ သွေးကြောချဲ့ပေမဲ့ အသက်ကြာကြာ ထပ်ရှည်ပါ့ မလား ဆိုတာ မရေရာဘူး၊ ဖြစ်နိုင်ချေထဲမှာ ခွဲစိတ်ပြီး ချဲ့လိုက်ပေမဲ့ ငါ အချိန်ပိုင်း အတိုလေးပဲ ဆက်ပြီးအသက် ရှင်တော့မယ် ဆိုတာလည်း ဖြစ်နိုင်တယ်”

ကျော်ဒေဝသည် ပါးစပ်အဟောင်းသား ပွင့်ဟနေ ပါသည်။ ပက်လက်လှန်အိပ်ရင်း ပြောနေတဲ့ သုခတင့်ရဲ့ မျက်လုံး စွန်းနှစ်ဖက်ကနေ နားထင်ဘက် စီးသွယ်ကျနေတဲ့ မျက်ရည်စီး ကြောင်းတွေကို မယုံကြည်နိုင်သလို ငေးမောနေမိသည်။

“မင်း အတော်ပေတဲ့ကောင်၊ ဒါကို မြန်မြန်မကုပဲ မင်း အချိန်ဆွဲနေစရာလား”

“ငါ ကားအက်ဆစ်ဒဲန့်ထိဖြစ်မှ စ,သိရတာပါ၊ ချက်ချင်း မထွက်နိုင်သေးတာကတော့ မမကို ငါ မခွဲနိုင်လို့ကွ”

“မင်းဟာက လွန်လွန်းအား ကြီးတယ်၊ တစ်ခါတစ်ခါကျ အမြင်က ကျတ်တယ်၊ လောကကြီးမှာ မင်းတို့မောင်နှမပဲ ချစ်,ချစ်နိုင်လွန်းတယ်၊ မင်းကို ငါ သိပ်ပြီးတော့လည်း အယုံအကြည် မရှိဘူးနော် သုခတင့်၊ မပြောချင်လို့ ကြည့် နေတာ၊ ပြောမကောင်းလို့ မြိုထားတာ”

“ငါသိပါတယ်၊ မင်း ဘာပြောမလဲ ဆိုတာ”





“အေး … သိရင် ဆင်ခြင်ဦး၊ ဒါမျိုး ဖြစ်စရာလား”

“ဖြစ်စရာပေါ့၊ ငါ မမကို ချစ်တယ်၊ အစ်မလိုလည်း ချစ် တာ မှန်တယ်၊ မင်းချစ်သလိုလည်း ချစ်တယ်လေ”

“ဟေ့ကောင် … ငါ တီးမိဦးမယ်၊ မင်း မရိုင်းနဲ့ဟေ့ကောင်၊ မင်းတို့က မောင်နှမလေ လဒရဲ့”

“မမနဲ့ငါ ငယ်ငယ်က တစ်နှစ်ပဲ အတူနေဖူးတယ်၊ ငါ့ အစ်မအရင်းပေါ့၊ အဲဒီတုန်းကလည်း သိပ်ချစ်တယ်၊ အခုမှ မမ မန္တလေးက ရောက်လာတဲ့နေ့ လေဆိပ်မှာတွေ့က တည်းက ငါ မမကို မှတ်မိတယ်၊ မမက မမှတ်မိဘူး၊ အဲဒီတုန်းက မတိုင်ခင်ကတည်းက မမကို ငါ အမျိုးစုံသော ချစ်နည်းနဲ့ အရမ်းချစ်တယ်၊ မင်းတို့ ထင်သလို၊ မမ ထင် သလို ငါက မမရဲ့ မောင်အရင်း မဟော်ပါဘူး ကျော်ဒေဝ”

“ဘာ”

“ငါ့အဖေက မမအဖေ မဟုတ်ပါဘူး၊ တစ်ယောက်ပါ”

ကျော်ဒေဝသည် ရှုပ်ထွေးသွားတဲ့ အခြေအနေကို စိတ်ပျက်စွာ ခေါင်းကိုဖွပစ်လိုက်သည်။

“ငါနဲ့ မမက ဘာဆိုဘာမှ မတော်ဘူး၊ ဒါပေမဲ့ ဒါကို ငါ မမကို ဖွင့်ပြောရဲပါဘူး၊ ပြောလိုက်ရင် ဘာအကျိုးမှ မှ မဟုတ်ဘဲ၊ မင်းကို မမက ချစ်သူတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်တာ ငါရိပ်မိနေတာပဲ၊ ငါပြောလိုက်လို့ ငါ့ကို ချစ်သူတစ်ယောက်လို ချစ်လာမယ်ဆိုရင်တော့ ငါဘယ်သူ့မှ ငဲ့မနေပဲ ဖွင့်ပြောပစ်မှာပဲ၊ ခုတော့ မမက ငါ့ကို ဖြူဖြူစင်စင်ပဲ ချစ်တာ၊ 'မောင်'ဆိုတာ သိသွားတော့ ငါ့မောင်လေးဆိုပြီး ပိုချစ်လာတယ်၊ မမအချစ်က အရမ်းဖြူစင် အေးမြငြိမ်းချမ်းနေတယ်၊ သူ့မောင်အရင်း မဟုတ်ဘူးလို့ သိလိုက်ရင်လည်း မမ ငါ့ကို အလွန်ဆုံးပေးနိုင်တာ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းချစ်ပဲ၊ ဒါကြောင့် ... ငါ ဖွင့်ပြောမနေတော့ပါဘူး၊ ဖေဖေကလည်း ဖွင့်ပြောမနေစေ ချင်တော့ပါဘူး၊ ငါ့ရင်ထဲမှာ မမကိုချစ်တဲ့ အချစ်တွေဟာ မွန်းပိတ်ကျပ်သိပ်နေတယ်၊ အဲသလိုချစ်ရင်းပဲ ငါသေသွားမှာပဲ"

ကျော်ဒေဝက စိတ်ရှုပ်ထွေးစွာ စိတ်ညစ်စွာ သက်ပြင်းချရင်း ...

"မ,က မင်းကို မောင်လေးဆိုပြီး ချစ်နေတဲ့ အချစ်က ငါ့ကိုချစ်တဲ့ အချစ်ကိုလည်း ယှဉ်နိုင်ပါတယ်၊ မင်းအပေါ်တောင် ပိုရင် ပိုပါဦးမယ် သုခတင့်ရာ၊ မင်းစိတ်မကောင်းမဖြစ်ပါနဲ့၊ ငါက သူ့ချစ်သူ၊ မင်းက သူ့မောင်၊ ယှဉ်ရင် မ,က မင်းဘက်ကို အခွင့်အရေးပိုပြီး ဦးစားပေးပါတယ်၊ မင်းကို မ,က သိပ်ချစ်တာပါ၊ မင်း ကျေနပ်ဂုဏ်ယူပါ"





"ငါ သိပါတယ်၊ ဒါကြောင့်လည်း ငါ့ရောဂါရော ငါထွက်တော့မှာရော မမကို ငါ ဖွင့်မပြောရက်ဘူး၊ ငါပြောရင် မမ ငိုမယ် ငါမြင်ယောင်တယ်၊ ငါ့ရှေ့မှာ မမငိုရင် ငါ့အသည်းတွေ ကြေမွရလိမ့်မယ်၊ ငါဘာမှ မပြောဘူး၊ ငါ ထွက်သွားပြီ မရှိတော့ဘူးဆိုတဲ့ အချိန်ကျမှ ငါသွားပြီ၊ ဒီလို ဒီလိုပဲဆိုတာ မမကို မင်း ဖွင့်ပြောလိုက်ပါ၊ အဲဒီအခါကျလည်း မမ ငိုမှာပဲ၊ မင်းပဲ ချော့လိုက်ကွာ၊ မမငိုတာကို ငါ မမြင်ရတော့ဘူးပေါ့၊ ငါဟာ မမရဲ့မောင်အရင်း မဟုတ်ဘူး ဆိုတာကိုတော့ မင်းရင်ထဲပဲ တစ်သက်လုံး သိမ်းထားလိုက်ပါ၊ မမကို မပြောပါနဲ့တော့ ...

မမ ငါ့ကို သူ့မောင်လေး ဆိုပြီးတော့ပဲ တစ်သက်လုံး ချစ်သွားပါစေ၊ ငါ အဲဒီအချစ်ကိုပဲ ယူသွားပါတော့မယ်၊ ငါ့မှာ ဒါပဲ အခွင့်အရေးရှိတယ်လေ၊ ပထမ အမေသေတယ်၊ အဖေရင်း ထင်ခဲ့တဲ့ အဖေက အဖေရင်းမဟုတ်ခဲ့ဘူး၊ အဖေရင်းက သေနှင့်ပြီ၊ နောက် အဘွားသေတယ်၊ အစ်မရင်း အမှတ်နဲ့ ငါ့ကို ချစ်နေတဲ့ မမရဲ့အချစ်ကို ငါ ထပ်ပြီး မဆုံးရှုံးချင်တော့ဘူး ကျော်ဒေဝ"

ကျော်ဒေဝက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အစ်မကို တစ်သက်လုံးချစ်ပါ၊ စောင့်ရှောက်ပါ၊ ဂရုစိုက်ပါ"

"ပြောနေစရာတောင် မလိုပါဘူး သုခတင့်ရာ"

"ငါ့အစ်မကို မင်း မာရေကျောရေလည်း မဟောက်နဲ့"

ကျော်ဒေဝက သုခတင့်ကို မျက်စောင်းကြီးနှင့် ရွယ်မိသည်။

"ပြီးတော့ ငါမရှိတော့တဲ့ အချိန်ကစပြီး မင်း ဘယ်တော့မှ ရန်မဖြစ်နဲ့တော့ကွာ ကျော်ဒေဝ၊ ရန်ပွဲဆိုတာ အန္တရာယ်များပါတယ်၊ မင်း တစ်ခုခုဖြစ်ရင် မမ သိပ်ခံစားရမှာပေါ့၊ ငါကလည်း ရှိချင်မှ ရှိတော့မှာ၊ မမကို မနှစ်သိမ့်နိုင်ဘူး၊ မင်းပဲ မမအတွက် ရှိတော့တာလေ၊ မင်းကိုယ်မင်း ဘာမှ အဖြစ်မခံနိုင်ဘူးလို့ ခံယူထားပါ၊ ဘယ်တော့မှ ရန်တွေ မဖြစ်ပါနဲ့တော့"

ကျော်ဒေဝနှင့် သုခတင့် တို့ညက မီးချုပ်ညဥ့်နက်မှ တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ထ,ပြန်လာကြပါသည်။





၁၃

"ဒီနေ့ နင်တို့အားလုံး ဘာဖြစ်လို့ ကျောင်းမတက်ကြတာလဲ နေနေ"

"မသိဘူး၊ အဲဒီ ဒေဒေ အရှုးထ,တာ"

"ဘာအရူးထ,တာလဲ"

အောင်ဇေက ဝင်ကာ ...

"ကျွန်တော်ရော နေနေ့ရော ဒီကောင်က ဒီနေ့ကျောင်းမတက်ရဘူး ပြောတာပဲ၊ ဘာမှန်းလဲလည်း မသိဘူး၊ ဒီအိမ်မှာ လာထိုင်နေရမယ်တဲ့"

နေနေနှင့် ဇေဇေက ပလေးစတေရှင်တူး အတူဆော့နေကြပါသည်။ ကျော်ဒေဝက ညှော်ခန်းပြတင်းပေါက်ပေါင်ခုံ ပေါ်. တံတောင်ဆစ်ထောက်၊ ကိုယ်ကိုကိုင်း၍ ခြံထဲကို ငြိမ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ ကျော်ဒေဝ မျက်နှာက ပျက်ယွင်းနေသည်လို့ ယော ထင်သည်။

"ဟော့ကောင် ဒေဒေ၊ သုခတင့်ကိုပါ ဖုန်းဆက်ခေါ်လိုက်ပါလားကွ၊ ဆော့ရအောင်၊ အိမ်မှာ လူကြီးတွေလည်း ရှိမှမရှိတာ"

အန်ကယ်ထွန်းနှင့် မေမေက အလုပ်သွားကြပါပြီ။

"သုခတင့် မရှိဘူးကွ"

ကျော်ဒေဝ ထံမှ ဖြေသံထွက်လာသည်။

"ဘယ်သွားလို့လဲ"

"သူ့ ကိစ္စရှိတယ်"

"ဩော် ... မင်းနဲ့ ဖုန်းပြောပြီးပြီလား"

"မနေ့ညကတည်းက သူ ပြောလိုက်တာ"

မနေ့ညက သုခတင့်၊ ယော၊ ကျော်ဒေဝ၊ နေနေ၊ ဒေါင်ဇေတို့ အားလုံး အပြင်မှာ ထွက်စားကြပါသည်။ ယိုးဒယားစာ သုခတင့်က ကျွေးပါသည်။ ဒါဟာ နှုတ်ဆက်ပွဲ။ ဒါကို မ,ရော နေနေနဲ့ ဇေဇေရော မသိ။ မသိတော့ အပြင်ထွက်စားဖြစ်ကြတဲ့ အဖြစ်မှာ ပျော်ရွှင်ရယ်မောနေကြပါသည်။

"ဟော့ကောင် ... ဒေဒေ၊ ညက သုခတင့် ကြည့်ရတာ ဒီကောင် သိပ်မလန်းဘူးကွ"





ဇေဇေက ကစားနေရင်း လှမ်းပြောနေတာ ဖြစ်သည်။ ယောကတော့ ဆက်တီမှာထိုင်ရင်း ဟိုလှည့်ကြည့်လိုက်၊ ဒီလှည့်ကြည့်လိုက်ပင်။

"မမ ... ဒီကောင် နေရောကောင်းရဲ့လား မသိဘူး"

နေနေက မေးလိုက်ပြန်၍ ယောက မျက်ခုံးလေး တွန့်ရင်း ...

"မ,လည်း ထင်တယ်၊ ပိန်လာသလိုပဲ၊ ညှိုးနွမ်းနွမ်းနဲ့"

"ဟုတ်တယ်"

"ခုနောက်ပိုင်း ဆယ်ရက် နှစ်ပတ်လောက် ဒီကောင်နဲ့ ဒေဒေနဲ့ တတွဲတွဲ လုပ်နေတာ၊ ဟိုသွား ဒီသွားနဲ့၊ ဒေဒေ မင်း မသိဘူးလား"

"ဒီကောင်က နှလုံးအားနည်းတယ်လေ"

ကျော်ဒေဝက တိုးတိုးဖြေကာ ရင်ထဲ နင့်ကာနေပါသည်။ သူနှင့် သုခတင့် နှစ်ယောက် ခုရက်ပိုင်း တွဲနေတာဟာ သုခတင့်ကိစ္စတွေ အတွက်ပင်။ ကျော်ဒေဝက ကားမောင်းကာ သုခတင့် လိုအပ်တဲ့ကိစ္စတွေ ဝယ်တာခြမ်းတာတွေ လိုက်ကူညီနေပါသည်။

"ခုတလော ဒေဒေလည်း သုခတင့်နဲ့တွဲပြီး ကျောင်းသွားသလား မမေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘာတွေလုပ်၊ ဘယ်တွေသွားနေကြတာလဲဟေ"

ကျော်ဒေဝက မပြေ။ နေနေနှင့် ဓေဓေသာ တစ်ယောက် တစ်ပေါက် ဆက်ပြောနေပါသည်။

"ကန်တော်ကြီးရန်ပွဲကစ,ပြီး ချစ်နေကြတာ ချစ်နေကြတာ၊ သမီးယောက်ဖ"

"ဒီကောင်က ပေါင်းကြည့်တော့လည်း မဆိုးပါဘူး ဓေဓေရ"

"အေး … ဟုတ်ပါတယ်"

ကျော်ဒေဝက လက်က လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ပါသည်။ ယောက ကျော်ဒေဝကို အကဲခတ်ရင်း …

"ကျော်ဒေဝ ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး၊ ပျင်းလို့ ရပ်နေတာ"

"ဒီမှာလာထိုင်လေ၊ ပျင်းရင် တစ်ခုခု စားမလား"

နေနေက မှဲ့ခွဲ့,ကာ …

"အဲဒီမမလည်း ပျင်းပျင်းရှိရင် ချက်ပြုတ်လုပ်ကိုင်စားဖို့ပဲ၊ သူ ဘယ်လောက်ချက်ကျွေးကျွေး သူ့မောင်လုပ်တဲ့လူကလည်း ဝ,မလာပါဘူး၊ ပိန်တောင်သွားသေး၊ ကိုယ့်ဟာကိုယ်ချက် ကိုယ့်ဟာကိုယ်ပြန်စားနဲ့၊ မမနော် … ယောက်ျားတောင် မယူရသေးဘူး၊ ဝတုတ်မ, ဖြစ်လာဦးမယ်"





"ဒေဒေက ပြောထားတယ် ထင်တယ်၊ လူတော် ချက်ကျွေး လို့မရဘူး၊ ဝ,တာ ဖက်ထားလို့ ရတာယ်လို့ … ဟားဟား"

သူတို့ ပွဲကျနေကြရာမှ …

"ဟော့ကောင် ဒေဒေ … မင်း ဘာဖြစ်နေလဲ၊ မင်း ရယ်စရာလည်း မရယ်ဘူး၊ မနက်ကတည်းက မင်း တစ်ခုခုဖြစ်နေတယ်နော်၊ ငါတို့ သိတယ်၊ မမနဲ့ ဘာဖြစ်လဲ"

ယောက တအံ့တသြလေးနှင့် …

"ဟယ် … မ,နဲ့ ဘာမှမဖြစ်ပါဘူး၊ မ, ဘာမှ မသိပါလား"

"ဟော့ကောင် ဒေဒေ"

ရုတ်တရက် ကျော်ဒေဝသည် ပြတင်းပေါက်ကို ကျောခိုင်းလိုက်ကာ ဒီဘက်ကို ဝုန်းခနဲ လှည့်လာပါသည်။ ကျော်ဒေဝ မျက်နှာပြင်သည် ပျက်ယွင်းနီရဲလျက် …။ ကျော်ဒေဝ မျက်လုံးတွေမှာပင် မျက်ရည်ကြည် ရစ်လည်နေခဲ့သည်။ ယောက လန့်ကာ …

"ကျော်ဒေဝ"

"မ, ကျွန်တော် မနေနိုင်တော့ဘူး၊ ကျွန်တော် အောင့်ထား မြိုထားလို့ မရတော့ဘူး မ,၊ ကျွန်တော် ဖွင့်ပြောရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆေးနှင့် နေနေပါ ကစားရပ်သွားကာ ယောပါ ကျော်ဒေဝကို အံ့အားတသင့် ငေးစိုက်ကြည့်နေမိကြသည်။

"ကျွန်တော် ... ကျွန်တော် ... မခံစားနိုင်တော့ဘူး၊ မပြော လို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲဟင် ကျော်ဒေဝ"

ကျော်ဒေဝသည် တုန်ယင် လှိုက်လှဲနေတဲ့ အသံ နှင့် ...

"သုခတင့်က မပြောဖို့ ပိတ်ထားခဲ့ပေမဲ့ ကျွန်တော် မနေနိုင်တော့ဘူး၊ သူ စိတ်ဆိုးလည်း ဆိုးပါတော့၊ မပြောရင် မ, ကျွန်တော့်ကို အရမ်းစိတ်ဆိုးတော့မှာ"

"ကျော်ဒေဝ"

"မပြောလိုက်မိရင် မ,ကျွန်တော့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး၊ တစ်သက်လုံး စိတ်နာသွားတော့မယ်၊ အခု ... အခု ဆိုရင် မီလောက်ဦးမယ် ထင်တယ် မ,၊ ကျွန်တော်တို့ လိုက်သွားကြရအောင်"

"ဘာလဲဟင်၊ သုခတင့် ... သုခတင့် ဘာဖြစ်သလဲဟင်"

"သုခတင့် ခဏနေရင် လေယာဉ်ပေါ်တက်ပြီး သူ့အဖေဆီ သွားပြီ"

"ဟင်"





ယောပါ မျက်နှာမှာ ဆိုးဆိုးရွားရွား မဲ့ပျက်ကျသွားပါသည်။

"သူက မပြောပါနဲ့ ပိတ်ထားခဲ့တာ၊ သုခတင့် ဆေးကုဖို့ ဂျပန်ကို အခုပဲ ထွက်သွားတော့မှာ မ,"

ယောပါသည် ဆက်တီပေါ်တွင် မယုံနိုင်ခြင်းနှင့် ပျော့ခွေနွမ်းကြေသွားခဲ့ပါသည်။

"ကျော်ဒေဝရယ် ... မီအောင်မောင်းပေးပါနော်၊ မ,မောင်လေးကို မ,နှုတ်ဆက်ပါရစေ၊ သုခတင့်ကို မ,နှုတ်ဆက်ပါရစေ"

ကားပေါ်မှာ ရှိုက်ရင်း ညည်းရင်း ပါလာတဲ့ ယောပါကြောင့် ကျော်ဒေဝလည်း ကားကို အမြန်ဆုံး မောင်းနှင်တာဝင်။

"မ,ကို ဘာလို့ မပြောတာလဲ၊ မ,ကို ဘာလို့ မပြောကြတာလဲ"

"မ,ရယ်၊ သုခတင့်က မ,စိတ်ဆင်းရဲမှာလည်း စိုးလို့ မ,ငိုမှာလည်း စိုးလို့၊ မ,ကို နှုတ်ဆက်သွားရမှာလည်း သူ မခံစားနိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ညက လိုက်ပို့တော့ မ,နဲ့ နေနေ ကားပေါ်က ဆင်းတော့ သူ မ,ကို စိုက်ကြည့်နေတာ အကြာကြီး၊ တားကို ချက်ချင်းလည်း မထွက်ဘူး၊ သူ ကြည့်နေတာကို မ,စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ နှုတ်ဆက်တဲ့ အကြည့်မျိုးကြီးလို့ထင်လို့ နမိတ်မကောင်းမှာစိုးပြီး မ, ဘုရားစာရွတ်ပေးသေးတယ်၊ သူ လမ်းမှာ ကားတစ်ခုခု ဖြစ်နေမှာတောင် သွားစိုးရိမ်နေမိတာ၊ မ,မောင်လေးကို မ,နှုတ်မဆက်လိုက်ရဘူး ...

ပြောရောပေါ့ ကျော်ဒေဝရယ်၊ မ,ကို ပြောရောပေါ့၊ မ,နှုတ်ဆက်ချင်တာပေါ့၊ မ,မောင်လေးနဲ့ မ,က အခုမှ ပြန်ဆုံရတာပါ၊ ဆုံတာတောင် မ,က မမှတ်မိတဲ့ အဖြစ်နဲ့ပါ"

ကျော်ဒေဝ ရင်ထဲ အောင့်လာသည်။ မ,ရဲ့တတွတ်တွတ် အသံလေးက သူ့အသည်းနှလုံးကို ညှစ်ချေနေသည်။

"သူက မ,ကို ဘာဖြစ်လို့ နှုတ်မဆက်ချင်ရတာလဲ၊ ကိုယ့်အစ်မ,ကို၊ မ,နှုတ်ဆက်ချင်မယ်ဆိုတာ သူ သိပါတယ်၊ ပြီးတော့ နေမကောင်းတာလည်း မ,သိရဘူး၊ မ,ကို မပြောကြဘူး၊ ကျော်ဒေဝလည်း မကောင်းဘူး"

"ကျွန်တော်လည်း ဟိုတစ်ရက်ကမှ သိရတာပါ မ,ရယ်"





"ခွဲတောင် ခွဲစိတ်ရမယ်၊ အဲဒါကို မ,ကို ဘာလို့ပေးမသိကြတာလဲ"

ယောက တရှိုက်ရှိုက် ငိုညည်းနေပါသည်။

"သူခတင့် ခများ ကံဆိုးရှာပါတယ်၊ ဟိုတစ်လောကပဲ အဘွားဆုံးထားတာ၊ ဒီနှလုံးရောဂါကြီးက သူ့မှာမှ ဘာဖြစ်လို့ လာဖြစ်ရတာလဲ၊ ဖေဖေကလည်း မ,ဆီ ပြောဖော်တောင် မရဘူး"

"မ,စိတ်မကောင်းမှာ စိုးကြလို့ပါ"

"အဲဒီကတည်းက သူခတင့် ရောဂါဝေဒနာက ဆိုးမှာပါ၊ ဟုတ်တယ် မဟုတ်လားဟင် ကျော်ဒေဝ၊ တအားဆိုးသလား၊ ရိုးရိုးလေးဆိုရင် မ,ကို ပြောမှာပေါ့၊ ရိုးရိုးမဟုတ်လို့ ဆိုးလို့သာ မ,ကို ဖုံးထားကြတာ၊ မ,မောင်လေး ဘာဖြစ်မှာလဲ ကျော်ဒေဝရယ်၊ မ,ကို ရှင်းရှင်းပြောစမ်းပါ"

"ခွဲစိတ်ကုသပြီးရင် ကောင်းရင် ကောင်းသွားမှာပါ မ,ရယ်"

"ကောင်းရင် ! ၊ ကောင်းရင် ကောင်းသွားမှာ ဆိုတာ မကောင်းရင်လည်း မကောင်းဘူးဆိုတာ ရှိလို့ပေါ့၊ ရက်စက်လိုက်တာ သူခတင့်တယ်၊ မ,ကို ဖွင့်မပြောပဲ ခွဲထားရက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောသည် ငိုရင်း ရှိုက်ရင်း ညည်းညူရင်း ရေရွတ်ရင်း မောလာတာ ကားကူရှင်ပေါ် ခွေမိမိုကလေးသာ ပါလာနိုင်ပါတော့သည်။ လေဆိပ်ကို သူတို့ရောက်တဲ့အခါ အထဲဝင်ခွင့်ရဖို့ ဝင်ခွင့်စာရွက်ကို ကျော်ဒေဝ ဆင်းဖြည့်ရ လုပ်ရသေးသည်။ ပြည်ဝထွက်ခွာခန်းမထဲ သူတို့ရောက်လာကြတဲ့အခါ ဗန်ကောက် ထရန်စစ် ဂျပန်ကို ထွက်ခွာမည့် လေယာဉ်ကြီးတွင် လိုက်ပါမည့်သူများ ခန်းမထဲမှာ တစ်ယောက်မှ မရှိတော့ပါ။ အားလုံး လေယာဉ်ပေါ် တက်ပြီးသွားခဲ့ပြီ။

လိုက်ပါပို့ဆောင်သူ မပါ၊ အဖော်မပါ၊ တစ်ယောက်တည်းလေး မကျန်းမမာနဲ့ တိတ်တဆိတ် ထွက်ခွာသွားရှာတဲ့ မောင်လေးရေ။ မ,လေဆိပ်ထဲမှာ ရောက်နေပါတယ်။ မိလိုမိပြားနဲ့ လိုက်လာခဲ့ပေမဲ့ မမီလိုက်တော့ပါလားကွယ်။

"မ, မငိုပါနဲ့ မ,ရယ်၊ လူတွေလည်း ကြည့်နေတယ်"

"ကြည့်ပါစေ၊ ကြည့်ချင်တဲ့သူ ကြည့်ပါစေ ကျော်ဒေဝရယ်၊ မ,ဝမ်းနည်းလွန်းလို့ပါ၊ မ,ကို သူ အဲဒီလောက်လည်း ညှာတာစရာ မလိုပါဘူး၊ မ,က လူကောင်းပါ၊ ခွဲခွာရလို့ ခံစားရတာ သူ့ကို စိတ်ပူရတာတွေ ခံစားရမှာ ဖြစ်ပေမဲ့ ခံစားနိုင်ပါတယ်၊ မ,ကို ခံစားခွင့် ပေးသင့်ပါတယ် သုခတင့်ရယ်"





"သူကိုယ်တိုင်လည်း မ,ကို နှုတ်ဆက်ပြီး မခွဲခွာချင်တာကြောင့်ပါ၊ သူ့ကို နားလည်ပေးလိုက်ပါ"

"ဟင့်အင်း ...၊ မ,ကို ရက်စက်ကြပါတယ်၊ သုခတင့်လည်း ရက်စက်တယ်၊ ကျော်ဒေဝလည်း ရက်စက်တယ်၊ ငိုရမှာဆိုလည်းပဲ ငိုဖို့အခွင့်အရေး မ,မှာရှိပါသေးတယ်"

ယောသည် လေဆိပ်အပြင်ဘက် ကားပါ့ကင်နေရာမှ ကားထဲထိုင်ရင်းသာ ပျံသန်းထိုးတက်သွားတဲ့ လေယာဉ်ကြီးကို မော့ကြည့်နှုတ်ဆက်နိုင်လျက် တိတ်တိတ်ကလေး ရှိုက်နေမိပါသည်။ အဲဒါဟာ မ,ကို ငဲ့ညှာရာ မကျပါဘူး သုခတင့်ရယ်။ မ,ကို နှိပ်စက်သွားရာပဲ ကျပါတယ်။

သူ့ကမ္ဘာတစ်ခြမ်းက ညဖြစ်နေတုန်းမှာပဲ သူ့ကမ္ဘာကြီးဟာ ရပ်သွားခဲ့သတဲ့။ နေ့ပြန်ဖြစ်လာဖို့ လုံးလုံးမျှော်လင့်ချက်မရှိတော့ဘူး ... တဲ့။ သူ့ကမ္ဘာကြီး မှောင်အတိနဲ့ ရပ်တန့်သွားခဲ့တာဟာ သူ သေဆုံးသွားတာနဲ့ အတူတူပဲတဲ့။ သုခတင့် စကားတွေက ယော နားထဲက မထွက်တော့ပါ။ သူ ဘာတွေပဲပြောပြော ငါ့ရဲ့မောင်အရင်းလေး၊ အမိုက်အမဲကလေး၊ အပြစ်မရှိပါစေနဲ့လို့ ဘုရားမှာ အမြဲတမ်းဆုတောင်းပေးနေခဲ့တာပါ မောင်လေးရယ်။

✿



www.burmeseclassic.com

www.burmeseclassic.com



" ... အခု ဂျပန်စံတော်ချိန် နံနက် ၅း၀၀ နာရီ။ နောက် သုံးနာရီကြာရင် မနက်ရှစ်နာရီတိတိမှာ ကျွန်တော် ခွဲခန်းထဲ ဝင်ရတော့မယ် မမရဲ့။ အခု ခွဲခန်းမဝင်ခင် အိပ်မေးလ် အရင်ပို့နေတာ။ ဖေဖေလည်း ခွဲစိတ်ခန်းအပြင်မှာ ရှိမယ်။ မမ ဘာမှ စိတ်မပူနဲ့နော် ...

ဒီမှာ နှလုံးကို အသေးစိတ်တွေ ထပ်ရိုက်ပြီး စစ် ဆေးရသေးတယ်။ ဒီက ဆရာဝန်တွေကလည်း နှလုံးကြွက် သားတွေ ပုပ်နေတာကို အတည်ပြုတယ်။ ကျော်ဒေဝကို ပြောလိုက်ပါ။ ဒီကောင်က ကျွန်တော့်ကို စိတ်ပုပ်တယ် လို့ အမြဲပြောတာ မှန်နေပြီပေါ့။ စိတ်ပုပ်လို့ နှလုံးပုပ်တာ ပေါ့နော် မမ ...

ကျွန်တော် ဖေဖေ့ကို မှာထားတယ်။ ဆရာဝန်ပြော သလို ကောင်းရင်လည်း ကောင်းသွားမယ်၊ မကောင်းရင် လည်း မကောင်းဘူး၊ ဖွင့်ကြည့်ပြီးမှ သိပ်ဆိုးဆိုးဝါးဝါး ဖြစ်နေခဲ့ရင် ခွဲစိတ်ခြင်းအတွင်းမှာကိုပဲ အန္တရာယ်ရှိကောင်း





လည်း ရှိနိုင်တယ် ဆိုတော့ တကယ်လို့များ ကျွန်တော် သေဆုံးခဲ့ရင် ကျွန်တော့်ရဲ့မျက်စိ၊ နား၊ နှာခေါင်း၊ အူ အသည်း၊ ကျောက်ကပ်၊ ကလီစာ အားလုံး လှူဒါန်းလို့ ရသမျှ အင်္ဂါအစိတ်အပိုင်း အားလုံးကို အကျိုးရှိမဲ့ လူနာ တွေဆီ ချက်ချင်းလှူဒါန်းလိုက်ပါလို့ ဆန္ဒပြုတဲ့စာလည်း လက်မှတ်ထိုးထားတယ် ...

နိမိတ်မရှိတာတွေ ပြောတယ်ဆိုပြီး စိတ်မဆိုးနဲ့နော် မမ။ ပြီးတော့ မမ ငိုလည်း မငိုပါနဲ့။ ဒေဒေ ... နေနေ ... ဖေဖေ အားလုံးကို ဟိုးတစ်ချိန်က ရန်ကြွေးတွေ ချေပစ်ဖို့ တောင်းဆိုရင်း အားလုံးကို ချစ်ခင်လွမ်းဆွတ်တဲ့ ...

သုခတင့်"

ကွန်ပျူတာရှေ့မှာ ငြိမ်သက်စွာထိုင်ပြီး အီးမေးလ် ဖတ်နေကြတဲ့ လူသားလေးယောက်စလုံးရဲ့ ပါးပြင်ပေါ် မျက်ရည် ပေါက်များ ဖြည်းညင်းစွာ စီးသွယ်လျောကျ လာခဲ့ပါသည်။

နှုတ်ခမ်းကိုမဲ့ အံကိုကြိတ်ကာ ထိန်းရင်းကပဲ မျက် ရည်ကျရမှာကို ရှက်တဲ့ ကျော်ဒေဝသည်ပင် မျက်ရည်ကို ထိန်း နိုင် မသိမ်းနိုင်ပဲ ရှိခဲ့သည်။

www.burmeseclassic.com



ယောသည် မှောင်သောကမ္ဘာတစ်ခြမ်းက ကောင်ကလေး ဈွန်းမာချမ်းသာပါစေလို့သာ တိုးတိတ်စွာ ဆုတောင်းနေမိခဲ့ပါသည်။

လမင်းမိုမို

www.burmeseclassic.com